# သီလဝိသောဓနီကျမ်း

၂၁၄၀၃.

ဝိနန္ဒာသဘ မည်ကျော်
တတိယ နံ့မော် ဆရာတော်ဘုရားကြီး
ရေးသားအပ်သော

သုဓမ္မဝတီ

# သီလဝိသောဓနီကျမ်း

တတိယအကြိမ်ပုံနှိပ်ခြင်း

THE THUDHAMAWADI PRESS

သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ် ၅၅ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
၁၃၂၀-ခု။

# နိဒါန်း

ဗုဒ္ဓသာသနာဝင် အဆက်ဆက်တို့မှ ဆင်းသက် ရွှေပြောင်း လာသော သမိုင်းကဏ္ဍများကို ကြည့်ရှုလိုက်ပါလျှင် ပရိယတ်နှင့် ပဋိပတ် နှံ့စပ်ကျော်ကြား တော်မူကြသော ဆရာတော်ကြီးများကို တွေ့ကြရပေမည်။ ထိုဆရာတော် ကြီးများသည် လျှပ်ပေါ်လော်လည်၍ မတည်ကြည်သော ဝါဒနွေများကိုလည်း လေးလေးစားစား ရှောင်ရှားတော်မူကြသည်။ လူဒါန်းသော ဒါယကာ ဒါယိ ကာမများ၏ အကြိုက်သို့လည်း အခါတိုင်းလိုက်တော် မမူကြ။ သာသနာ အတွက်ဆိုလျှင်လည်း အသက်သေမလောက်ပင်ဖြစ်စေ အရိုးကြေကြေ အရေ ခန်းခန်း ဇွဲလုံ့လပြမာန်း၍ ကြိုးပမ်းတော်မူကြပါပေသည်။

ဤသီလဝိသောဓနီကျမ်းကြီးကို ပြုစုကြိုးပမ်း၍ လက်ရုံးတန်းတော်မူခဲ့ သော အရှင်ဝိနန္ဒာသဘ ဆရာတော်ဘုရားကြီးသည်လည်း ရာဇဝင်တရိုး မော်ကွန်းထိုးလောက်အောင် သာသနာအတွက် အကျိုးထွက်တော်မူခဲ့သော ဆရာတော်ကြီးတပါးပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံ တော် ကျောင်းထိုင်ဆရာတော်များ အဖွဲ့ချုပ် ဆရာတော်များ ကိုယ်တိုင်က ပြန်လည်ရိုက်နှိပ်လှူဒါန်းရန်အတွက် ညွှန်ကြားချက်ပြုအပ်သော ကျမ်းထူးကြီး တရပ်ပါတကားဟု အားရကြည်နူး အထူးပင်ဝမ်းသာမိပါသည်။ ကျမ်းပြု အရှင်ဆရာတော်ဘုရားကြီးသည်—

"ဒိဋ္ဌသုပန ပိဋ္ဌကေသုအန္တရဟိတေသုပိ ဝိနယပိဋ္ဌကေ ဌိတေ သာသနံ တိဋ္ဌတိ"

ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ ဉာဏဝိဘင်းလာ စကားရပ်များကို တင်းတင်းကြပ်ကြပ် လေးစားတော်မူဟန်ရှိပါသည်။ ဝိနည်းအရာ အဆုံးအဖြတ် အဖြာဖြာတို့၌ လဟုက ဂရုက နှစ်ပါးဆိုင်လာလျှင် "ဝိနည်းပညတ်၌ ဂရုကတ ပြုရသည် သေးဖွဲ့သိမ်မွေ့သောအမှုဟု မထီမဲ့မြင် မပြုရာ" ဟုရင်း အသား မစားသူများကို အပြစ်ပြောသူများအဘို့ "သူကျင့်သည်ကို မစွဲရရှိသေးသည် ကား ပုထုဇဉ်တို့မမှတာ"ဟုရင်း အဂ္ဂိယပ်ထိုးသော ရဟန်းများအဘို့ "ဘုရား စရိတ်ကိုစား၍ လူအမှုကိုထမ်းရကား သေလျှင် ဂိဇ္ဈကုဋ်တောင်ရှိ ပြိတ္တာအ ဘော်အသင်းအပင်းသို့ ဝင်ရချိမ့်သည်"ဟုရင်း ဂရုကကိုသာ အလေးပေး ဆုံး ဖြတ်တော် မူခဲ့ပေသည်။

(၈) ၂၀၅-၈

ကျွန်ုပ်တို့သည် ဇိနတ္ထပကာသနီ ဇာတ်ကြီးဆယ်ဘွဲ့စသော စကားပြေ ကျမ်းကြီးများကို ဘွယ်ဘွယ်ရာရာဘတ်၍ကြည်နူးနိုင်ခဲ့ကြသလောက် တိုတိုရှင်းရှင်းနှင့်လိုရင်းကိုသာချုံး၍ ဝါကျတိုကလေးများကို ခန့်ခန့်ရန့်ရန့် သုံးထားသော ဤကျမ်းကြီး၏ စာပေအရသာကိုလည်း တမျိုးခံစားကြရ ပြန်ပါသည်။ အထူးအားဖြင့် အဆုံးအဖြတ်တိုင်း အဆုံးအဖြတ်တိုင်း အာစရိယဝါဒ ပရမ္ပရ ဂန္ထန္တရ များကို ကြောင်ပုဇ္ဇန်စား ညက်ညက်ဝါးသို့ အားရပါးရ စုံစုံလင်လင်ကြီး ပြသွားသည်မှာ ၄၁-ဝါအရောက် အသက် ၆၀-ကျော်မြောက်မှ ရေးသားသော ကျမ်းကြီးတဆူဖြစ်၍ ဗဟုသုတ ကြွယ်ဝတော်မူခြင်းကို မြတ်နိုးရပါသည်။

ကျမ်းပြုအရှင် ဝိနန္ဒာသဘဆရာတော်ကြီးသည် စတုတ္ထအဝမြို့တည်နန်းတည် မင်းတြားကြီး၏ညီတော်လက်ထက် ဥဘတောဝိဘင်းပြန် အရှင်အာသဘာလောက ဆရာတော်ကြီး၏ တပည့်ဖြစ်သည်။တတိယနံမော် ဆရာတော်ဟုလည်း ကျော်ကြားတော်မူခဲ့သည်။ (ရှမ်းဘာသာဖြင့် နံ၊ ရေ။ မော်၊ တွင်း။.ရေတွင်း ဆရာတော်ဟူလို) မန်ကျည်းချောင်းရွာ ကျောင်းတကာကြီး ဦးမှိုင်း ဆောက်လုပ် လှူဒါန်းအပ်သော ကျောင်းကြီး၌ဒရင်း။ မြစ်သားမြို့နယ် ခြံကြီးကျွေးရွာ မြင်းအုပ် တုရင်ရဲလှကျော်စွာမည်သောသူ ဆောက်လုပ်လှူဒါန်းအပ်သော ဘုံ (၇) ဆင့် အုဋ္ဌပြာသာဒ်ကျောင်းကြီး၌ဒရင်း လှည့်လည် သီတင်းသုံးတော်မူရင်း ရဟန်းဝါ ၄၁-ဝါမြောက်တွင် ဤကျမ်းကြီးကို စီရင်၍ပြီးတော် မူခဲ့လေသည်။ သာသနာသက္ကရာဇ် ၂၃၇၁။ ကောဇာသက္ကရာဇ် ၁၁၉၉-ခုနှစ် သီတင်းကျွတ်လဆန်း ၁၂-ရက် ဗုဒ္ဓဟူးနေ့ တပဟိုရ် အချိန်တွင် ပြီးစီးကြောင်းကိုလည်း မှတ်တမ်းများ တွေ့ရှိရပေသည်။

ဤသို့သော ဂုဏ်ထူးဝိသေသ နယအဖြာဖြာတို့ဖြင့် ပြည့်စုံထူးကဲလှစွာသော ကျမ်းကောင်းကြီးတဆူကို ကျွန်ုပ်တို့ သုဓမ္မဝတီပုံနှိပ်တိုက်ကြီးမှ ပါဠိဆရာကြီး ဦးစံထွန်း အမှူးရှိသော ပါဠိဆရာ ရှစ်-ဦးတို့က ကောင်းစွာသုတ်သင် ပြင်ဆင် ရိုက်နှိပ်ကြသည်ဖြစ်ရာ ဤသီလဝိသောဓနီ ကျမ်းကြီးသည် ပြည်ထောင်စု ဗုဒ္ဓဘာသာ နိုင်ငံတော်ကြီး၏ သီလသာသနာတော်ကြီးကို နေအရောင်လအရောင် ကဲ့သို့ ထွန်းပြောင် ထိန်လင်းအောင် ဆောင်ကြဉ်းလိမ့်မည်ဟု မြှော်လင့်ခြင်း ရှိပါသတည်း။

# မာတိကာ


| ဒွီးရေ | အကြောင်းအရာ | | | | စာမျက်နှာ |
|---|---|---|---|---|---|
| ၁။ | ပဏာမ | .... | .... | .... | ၁ |
| ၂။ | အာပတ်ခုနစ်ပုံ | .... | .... | .... | ၂ |
| | **ပါရာဇိက** | | | | |
| ၃။ | ပါရာဇိက | .... | .... | .... | ၃ |
| ၄။ | မေထုန်ပါရာဇိက | .... | .... | .... | ၃ |
| ၅။ | အဒိန္နာဒါန် ပါရာဇိက | .... | .... | .... | ၃ |
| ၆။ | မနုဿဝိဂ္ဂဟ ပါရာဇိက | .... | .... | .... | ၄ |
| ၇။ | ဥတ္တရိမနုဿဓမ္မပါရာဇိက | .... | .... | .... | ၅ |
| ၈။ | ဝိနိစ္ဆယ | .... | .... | .... | ၅ |
| | **သံဃာဒိသိသ်** | | | | |
| ၉။ | သံဃာဒိသိသ် | .... | .... | .... | ၉ |
| ၁၀။ | ပရိဝါသ် မာနတ် အဗ္ဘာန် | .... | .... | .... | ၁၀ |
| | **ထုလ္လစ္စဉ်း** | | | | |
| ၁၁။ | ထုလ္လစ္စဉ်း | .... | .... | .... | ၁၂ |
| | **ပါစိတ်** | | | | |
| ၁၂။ | နိဿဂ္ဂိပါစိတ် | .... | .... | .... | ၁၃ |
| ၁၃။ | စီဝရဝဂ် | .... | .... | .... | ၁၃ |
| ၁၄။ | ကောသိယဝဂ် | .... | .... | .... | ၁၄ |
| ၁၅။ | ပတ္တဝဂ် | .... | .... | .... | ၁၅ |
| ၁၆။ | သုဒ္ဓပါစိတ် | .... | .... | .... | ၁၇ |
| ၁၇။ | မုသာဝါဒဝဂ် | .... | .... | .... | ၁၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | ဘူတဂါမဝဂ် .... .... .... | ၁၈ |
| ၁၉။ | ဘိက္ခုနောဝါဒဝဂ် .... .... .... | ၁၉ |
| ၂၀။ | ဘောဇနဝဂ် .... .... .... | ၂၀ |
| ၂၁။ | အစေလကဝဂ် .... .... .... | ၂၁ |
| ၂၂။ | သုရာပါနဝဂ် .... .... .... | ၂၂ |
| ၂၃။ | သပါဏကဝဂ် .... .... .... | ၂၃ |
| ၂၄။ | သဟဓမ္မိကဝဂ် .... .... .... | ၂၅ |
| ၂၅။ | ရတနဝဂ် .... .... .... | ၂၆ |

## ပါဋိဒေသနီ

| | | |
|---|---|---|
| ၂၆။ | ပါဋိဒေသနီ .... .... .... | ၂၈ |

## ဒုက္ကဋ်

| | | |
|---|---|---|
| ၂၇။ | သေခိယ ဒုက္ကဋ် .... .... .... | ၂၉ |
| ၂၈။ | ပရိမဏ္ဍလဝဂ် .... .... .... | ၂၉ |
| ၂၉။ | ဥဇ္ဇဂ္ဃိကဝဂ် .... .... .... | ၃၀ |
| ၃၀။ | ခမ္ဘကတဝဂ် .... .... .... | ၃၀ |
| ၃၁။ | သက္ကစ္စဝဂ် .... .... .... | ၃၁ |
| ၃၂။ | ကဗဠဝဂ် .... .... .... | ၃၂ |
| ၃၃။ | သုရုသုရုဝဂ် .... .... .... | ၃၂ |
| ၃၄။ | ပါဒုကဝဂ် .... .... .... | ၃၃ |
| ၃၅။ | ဝတ္တဘေဒ ဒုက္ကဋ် .... .... .... | ၃၄ |
| ၃၆။ | ဒုက္ကဋ် ရှစ်မျိုး .... .... .... | ၃၄ |

## ဒုဗ္ဘာသိ

| | | |
|---|---|---|
| ၃၇။ | ဒုဗ္ဘာသိ .... .... .... | ၄၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


## သီလ ၄-ပါး


| | | |
|---|---|---|
| ၃၈။ | ပါတိမောက္ခသံဝရသီလ .... .... .... | ၄၀ |
| ၃၉။ | အာစာရအနာစာရ .... .... .... | ၄၄ |
| ၄၀။ | အာစာရ .... .... .... | ၄၄ |
| ၄၁။ | ဂေါစရ .... .... .... | ၄၅ |
| ၄၂။ | ဝါစသိက အနာစာရ .... .... .... | ၄၈ |
| ၄၃။ | အာစာရ .... .... .... | ၄၉ |
| ၄၄။ | ဂေါစရ သုံးပါး .... .... .... | ၅၀ |
| ၄၅။ | ဣန္ဒြိယသံဝရသီလ .... .... .... | ၅၂ |
| ၄၆။ | မင်းရွာဆရာတော် .... .... .... | ၅၈ |
| ၄၇။ | အာဇီဝပါရိသုဒ္ဓိသီလ .... .... .... | ၆၁ |
| ၄၈။ | ကုဟန .... .... .... | ၆၅ |
| ၄၉။ | လပန .... .... .... | ၆၆ |
| ၅၀။ | နေမိတ္တိက .... .... .... | ၆၆ |
| ၅၁။ | နိပ္ပေသိက .... .... .... | ၆၇ |
| ၅၂။ | လာဘေနလာဘံနိဇိဂီသန .... .... .... | ၆၇ |
| ၅၃။ | လဇ္ဇီ အလဇ္ဇီ .... .... .... | ၆၈ |
| ၅၄။ | ငရုံဘို ဆရာတော် .... .... .... | ၇၀ |
| ၅၅။ | ကျောက်ဆည် ရဟန်းပျို .... .... .... | ၇၁ |
| ၅၆။ | ဆေးကုအပ် မအပ် .... .... .... | ၇၂ |
| ၅၇။ | ပလိုင်းဆရာတော် .... .... .... | ၇၅ |
| ၅၈။ | အနေသန နှစ်ဆဲ့တပါး .... .... .... | ၇၇ |
| ၅၉။ | ကုဟန နိဒ္ဒေသ .... .... .... | ၇၇ |

| ဦးရေ | အကြောင်းအရာ | | | | စာမျက်နှာ |
|---|---|---|---|---|---|
| ၆၀။ | လပန နိဒ္ဒေသ | .... | .... | .... | ၉၅ |
| ၆၁။ | အရှုံအတင်ဂိုဏ်း | .... | .... | .... | ၁၀၁ |
| ၆၂။ | ဆရာတပည့်စဉ်ဆက် | .... | .... | .... | ၁၀၉ |
| ၆၃။ | ဝိနိစ္ဆယ အမှားအမှန် | .... | .... | .... | ၁၁၄ |
| ၆၄။ | ဥက္ကာစနာဒိ | .... | .... | .... | ၁၃၃ |
| ၆၅။ | ပါရိဘင္ဂျာဒိ | .... | .... | .... | ၁၃၃ |
| ၆၆။ | သာမန္တဇပ္ပ | .... | .... | .... | ၁၃၄ |
| ၆၇။ | ပရိကထာဒိ | .... | .... | .... | ၁၃၅ |
| ၆၈။ | ခိပနာဒိ | .... | .... | .... | ၁၃၆ |
| ၆၉။ | ပရပိဋ္ဌိမံသိက | .... | .... | .... | ၁၃၆ |
| ၇၀။ | နိပ္ပေသိကာဒိ | .... | .... | .... | ၁၃၇ |
| ၇၁။ | တိရစ္ဆာနကထာ | .... | .... | .... | ၁၃၇ |
| ၇၂။ | ပစ္စယသန္နိဿိတသီလ | .... | .... | .... | ၁၃၈ |
| ၇၃။ | ပစ္စဝေက္ခဏာ | .... | .... | .... | ၁၃၉ |
| ၇၄။ | ပစ္စဝေက္ခဏာ အဆုံးအဖြတ် | .... | .... | .... | ၁၄၃ |
| ၇၅။ | ပဋိက္ကူလသညာ | .... | .... | .... | ၁၄၇ |
| ၇၆။ | ဓာတုမတ္တက သညာ | .... | .... | .... | ၁၄၉ |
| ၇၇။ | နယူပဒေသ | .... | .... | .... | ၁၅၁ |
| ၇၈။ | တံဆိပ်ရဆရာတော်များ | .... | .... | .... | ၁၆၉ |
| ၇၉။ | ဥပဇ္ဈာယ် နိသျည်း | .... | .... | .... | ၁၇၂ |
| ၈၀။ | နိဂုံး | .... | .... | .... | ၁၇၇ |

# သီလဝိသောဓနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမ

ဝိသုဒ္ဓသီလံ တမဆေဒ နန္ဒံ၊ ဗုဒ္ဓဉ္စ ဓမ္မံ အမလံ သုတံ ပုံ။
နိရင်္ဂဏံ မေရုသမံ ဂရုံ မေ၊ နမေ လိခိဿာမိ ဝိသောဓနာဟံ။

ဤဂါထာကား တပါဒတပါဒဝယ်ဇဂိုဏ်းတဂိုဏ်း ဇဂိုဏ်းဂရုဂရုအစဉ်အတိုင်း နေသဖြင့် ဘွဲ့အပ်ရကား ၁၁ လုံးဘွဲ့ ဥပေန္ဒဝဇိရာဂါထာ တဋ္ဌုဘာဆန်းတည်း။

အမှသဒ္ဒတ္ထော၊ အမှသဒ္ဒါ၏ အနက်ဖြစ်၍ဖြစ်သော။ အဟံ၊ ဝိနန္ဒာသဘ အမည်ရှိသော ငါမဟာထေရ်သည်။ ဝိသုဒ္ဓသီလံ၊ အထူးသဖြင့် ကိလေသာတို့မှ စင်ကြယ်သော သီလရှိတော်မူထသော။ တမဆေဒနန္ဒံ၊ ပြတ်စဲသော အဝိဇ္ဇာ ရှိသော နှစ်သက်ဘွယ်သော အရိယာတို့၏ ဂုဏ်ရှိတော်မူထသော။ ဗုဒ္ဓဉ္စ၊ ဘုရား မြတ်စွာကိုလည်းကောင်း။ အမလံ၊ ကိလေသာ၏ ဆန့်ကျင်ဘက်ဖြစ်သော။ ဓမ္မဉ္စ၊ တရားတော်ကိုလည်းကောင်း။ နိရင်္ဂဏံ၊ အပါယဂမနိယဖြစ်သော ကိလေသာမရှိသော။ ပုံ၊ ယောကျ်ားမြတ်ဖြစ်သော။ သုတဉ္စ၊ သားသော် သာဝက သံဃာကိုလည်းကောင်း။မေရုသမံ၊မြင်းမိုရ်နှင့်မျှသောကျေးဇူးကိုပြုတတ်သော။ မေ၊ ငါ၏။ ဂရုံစ၊ ဆရာကိုလည်းကောင်း။ နမေ၊ ရှိခိုး၏။ နမိတွာ၊ ရှိခိုးပြီး၍။ ဝိသောဓနိံ ၊ သီလကို သုတ်သင်ရာ သုတ်သင်ကြောင်း ဖြစ်ခြင်းကြောင့် သီလ ဝိသောဓနီမည်သော အဆုံးအဖြတ်ကို။ လိခိဿာမိ၊ ရေးပေအံ့။

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋန္တိ။

သပညော၊ တိဟိတ်ပဋိသန္ဓေ ပညာရှိထသော။ အာတာပီ၊ သမ္မပ္ပဓာန်ဝီရိယဖြင့် ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိထသော။ နိပကော၊ ပါရိဟာရိယပညာရှိထသော။ ဘိက္ခု၊ သံသရာဝဋ်ကို အာဒီနဝဟု ရှုလေ့ရှိထသော။ ယောနရော၊ အကြင်ယောဂီပုဂ္ဂိုလ်သည်။ သီလေ၊ စတုပါရိသုဒ္ဓိသီလ၌။ ပတိဋ္ဌာယ၊ တည်၍။ စိတ္တဉ္စ၊ သမာဓိနှင့်ယှဉ်သော စိတ်ကိုလည်းကောင်း။ ပညဉ္စ၊ ဝိပဿနာပညာကိုလည်းကောင်း။ဘာဝယံ-ဘာဝယန္တော၊ ပွါးစေသည်။ ဟောတိ၊ ဖြစ်၏။ သောနရော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ ဣမံဇဋံ၊ ဤတဏှာတည်းဟူသော အမြွေးကို။ ဝိဇဋယေ၊ ခွါနိုင်ရာ၏။

ဤသို့ ဆုံးမတော်မူအပ်သော သာသနာတော်၌ သဒ္ဓါ၍ ရဟန်းပြုကုန်သော ပုဂ္ဂိုလ်သူမြတ်တို့ သုဓ်သင်စောင့်ရှောက်အပ်သော သီလသည် ပါတိမောက္ခသံဝရသီလ ဣန္ဒြိယသံဝရသီလ အာဇီဝပါရိသုဒ္ဓိသီလ ပစ္စယသန္နိဿိတသီလ အားဖြင့် လေးပါးအပြားရှိ၏ ထိုလေးပါးတို့တွင် အာပတ်ခုနစ်ပုံသို့ မရောက်စေရအောင် သုဓ်သင်စောင့်ရှောက် ထိန်းသိမ်းသော ရဟန်း၏ သီလသည် ပါတိမောက္ခသံဝရသီလမည်၏။ မတော်တဆ ကျရောက်ခဲ့လျှင်လည်း ဒေသနာဂါမ် အာပတ်ဖြစ်အံ့ ဒေသနာဂါမ်ဖြင့် ကုသခြင်း ဝုဋ္ဌာနဂါမ်အာပတ်ဖြစ်အံ့ ဝုဋ္ဌာနဂါမ်ဖြင့် ကုသခြင်း ပါရာဇိကအာပတ်ဖြစ်အံ့ သိတင်းသည်၏အဖြစ် သာမဏေ၏ အဖြစ်ကို ဝန်ခံခြင်းကို ပြုသောပုဂ္ဂိုလ်၏ သီလသည်လည်း ပါတိမောက္ခသံဝရသီလပင်မည်၏။ (ဤ၌ မဂ်ဖိုလ်၏အကျိုးငှါ ကျင့်အပ်သော သိတင်းသည်၏ သီလကို ယူစေလိုသည်)။

## အာပတ်ခုနစ်ပုံ

အာပတ်ခုနစ်ပုံ ဟူသော်ကား။ ၁-ပါရာဇိကအာပတ်တပုံ ၂-သံဃာဒိသိသ်အာပတ်တပုံ ၃-ထုလ္လစ္စည်းအာပတ်တပုံ ၄-ပါစိတ်အာပတ်တပုံ ၅-ပါဋိဒေသနီအာပတ်တပုံ ၆-ဒုက္ကဋ်အာပတ်တပုံ ၇-ဒုဗ္ဘာသီအာပတ်တပုံ အားဖြင့် ခုနစ်ပုံဖြစ်သတည်း။

## ပါရာဇိက

ထိုခုနစ်ပုံတို့တွင် ပါရာဇိကအာပတ်သည် ၁-မေထုန် ပါရာဇိကအာပတ် ၂-အဒိန္နာဒါန် ပါရာဇိကအာပတ် ၃-မနုဿဝိဂ္ဂဟ ပါရာဇိကအာပတ် ၄-ဥတ္တရိမနုဿဓမ္မ ပါရာဇိကအာပတ်အားဖြင့် လေးပါးဖြစ်သတည်း။ ထိုလေးမျိုးတို့တွင်—

## မေထုန်ပါရာဇိက

၁ မဂ်သုံးပါး၌ မေထုန်ကျင့်ခြင်းကြောင့် ဖြစ်သောအာပတ်သည် မေထုန် ပါရာဇိကအာပတ်မည်၏။

မဂ်သုံးပါး ဟူသော်ကား ဝစ္စမဂ် ပဿာဝမဂ် မုခမဂ်အားဖြင့် သုံးပါးတည်း။ မဂ်သုံးပါးမှလွတ်သောသူတို့၏ အက္ခိ နာသ ကဏ္ဏဆိဒ္ဒ ဝတ္ထိကောသ ဝဏ ငါးရပ်တို့တွင် တရပ်ရပ်၌ မေထုန် ကျင့်ခြင်းကြောင့် ဖြစ်သောအာပတ်ကား ထုလ္လစ္စည်းအာပတ်သာ။ ထိုမှကြွင်းသော အလုံးစုံသော လူတို့၏ ဥပကစ္ဆ ုရုကစသော ကိုယ်အလုံး၌ မေထုန်ကျင့်ခြင်းကြောင့် ဖြစ်သောအာပတ်ကား ဒုက္ကဋ်အာပတ်သာ။ ဤမေထုန်အကျင့်၌ မြွေ၏ခံတွင်း မီးကျီးတွင်းကဲ့သို့မှတ်၍ ကြဉ်အပ်၏ မကြဉ်သော ရဟန်းအား ဦးခေါင်း ပြတ်ပြီးသော ယောကျ်ားသည် ဦးခေါင်းကို ကိုယ်နှင့်စပ်ပြန်သဖြင့် အသက်ရှင်ခြင်းသဘော မရှိသကဲ့သို့ မဂ်ဖြင့်မဂ်၌ မေထုန် ကျင့်သော ရဟန်းအား တဖန်ပဋ္ဌင်းခံသော်လည်း ထိုဘဝ ပဋ္ဌင်းမဖြစ်ခြင်း သဘောရှိ၏ သာမဏေ အဖြစ်မျှကိုသာရတော့သည် ဟူလိုသည်။

## အဒိန္နာဒါန် ပါရာဇိက

၂ ခိုးခြင်း နှစ်ဆဲ့ငါးပါးတို့တွင် တပါးပါးသောခိုးခြင်းဖြင့် သူတပါးတို့၏ ငါးမာသက အဘိုးထိုက်သော ဥစ္စာကို ယူခြင်းကြောင့်ဖြစ်သော အာပတ်သည် အဒိန္နာဒါန် ပါရာဇိကအာပတ်မည်၏။ ငါးမာသကမပြည့် တမာသကထက်အလွန် ဖြစ်သောဝတ္ထုကို ခိုးယူခြင်းကြောင့်ဖြစ်သော အာပတ်ကား ထုလ္လစ္စည်းအာပတ်သာ။ တမာသကကစ၍ အောက်ဖြစ်သောဝတ္ထုကို ခိုးယူခြင်း ကြောင့်ဖြစ်သော အာပတ်ကား ဒုက္ကဋ်အာပတ်သာ။

ဤအဒိန္နာဒါန်၌မြွေပွေး မြွေဟောက် ကိုက်သကဲ့သို့မှတ်၍ ကြဉ်အပ်၏မကြဉ် သောရဟန်းအား အညှာမှကြွေလေပြီးသော ဖက်ရွက်လျော်သည် တစုံတခုသော

ပယောဂကိုပြုသဖြင့် ကြပတေ့ စိမ်းရှင်ခြင်း သဘောမရှိသကဲ့သို့ ထိုငါးမာသက
အဘိုးထိုက်သော ဥစ္စာကိုခိုးယူသော ရဟန်းအားလည်း တဖန်ပဋ္ဌင်းခံသော်လည်း
ထိုဘ၀ ပဋ္ဌင်းမဖြစ်ခြင်း သဘောရှိ၏ သာမဏေအဖြစ်မျှကိုသာ ရတော့သည်။
မာသကဟူသည်ကား ပဲတည်း ထိုပဲသည် ပေါကြီးစပါးလေးလုံး စီးသောရွေးဖြင့်
နှစ်ချင်ရွေးသာ ရှိသောဟူ၏။အဓိပ္ပါယ်ကား နှစ်ချင်ရွေးသည် တပဲတည်း ငါးပဲ
သည် တမတ်တည်း ထိုတမတ်သည် အဒိန္နာဒါန် ပါရာဇိကဝတ္ထုတည်း ထိုဝတ္ထု
ကားနီလကဟာပနတည်း။ နီလကဟာပနဟူသည် ရွှေစင်ပင်ဟူလို။ငါးပဲကားရွှေ
စင်ဆယ်ရွေး တည်း ထိုရွှေစင် ဆယ်ရွေးသည် ယခုအခါရွှက်နီမှန် ငွေရွေးနှစ်ရာ
နှင့်နှင်တန်သတည်း ထိုကိုငါတို့ကျပ်ဖြင့် ကျပ်ဖွဲ့သော် တကျပ်ခြောက်မူး ရှစ်ရွေး
နှင့်နှင်တည်း။ ။ငါတို့ဆရာကား လေးရွေးကိုတပဲဘွဲ့သည်ကို နှစ်သက်တော်မူ၏။
မန်လည်ဆရာတော် မင်းအိုဆရာတော် ဘုရားတို့ကား နှစ်ရွေးကိုတပဲဘွဲ့သည်ကို
နှစ်သက်တော်မူ၏။ ။ဝိနယဝိနိစ္ဆယ ဋီကာ၌ကား နီလကဟာပနငါးပဲသည်
ရွှေစင်ပဲဝက်သင့်သောဟူ၏ ထိုအတိုင်းရေတွက်မူ ရွှက်နီမှန် ငွေ-ဂူလေးရွေးသည်
ပါရာဇိကဝတ္ထု မည်၏ဟုမှတ်သင့်၏ ထိုအယူကို ယခုအခါ ကျမ်းတတ်ပုဂ္ဂိုလ်
ကျော်တို့ မနှစ်သက်။ ။ရှေးဆရာတို့ကား ရွှက်နီမှန်ငွေ-ဂူလေးရွေးကိုပါရာဇိက
ဝတ္ထုယူသည်ကား ဂရု တကျပ်ခြောက်မူးရှစ်ရွေးကို ပါရာဇိကဝတ္ထု ယူသည်ကား
လဟုဟူကုန်၏။ ယခုအခါ ကျမ်းတတ်သော ပုဂ္ဂိုလ်ကျော်တို့ ကား-ဂူလေးရွေး
ကို လဟု တကျပ်ခြောက်မူး ရှစ်ရွေးကို ဂရုဟူကုန်၏။ ဆင်ခြင်။ဝိနည်း အဆုံး
အဖြတ်အရာဝယ် ဂရု၌သာ တည်သင့်သည်ဟု ဝိနည်းလက္ခဏာပြသည်။

## မနုဿဝိဂ္ဂဟ ပါရာဇိက

၃ ခြောက်ပါးသော အာဏတ္တိနိယာမကတို့တွင် တပါးပါးဖြင့် လူဇာတ်၏
ကိုယ်ကို သေစေခြင်းကြောင့် ဖြစ်သောအာပတ်သည်။မနုဿဝိဂ္ဂဟ ပါရာဇိက
အာပတ်မည်၏။ တိရစ္ဆာန်ကို သေစေသော ရဟန်းကား ပါစိတ်အာပတ်သာ။

ဤမနုဿဝိဂ္ဂဟ၌ မိမိအသက်ကဲ့သို့ မှတ်၍ကြဉ်အပ်၏ မကြဉ်သော ရဟန်း
အား နှစ်ဖြာကွဲလေပြီးသော ကျောက်ဖျာကို တဖန်စပ်သဖြင့် ကြပတေ့ဖြစ်ခြင်း
သဘောမရှိသကဲ့သို့ ထိုလူကိုသေစေသော ရဟန်းအားလည်း တဖန်ပဋ္ဌင်းခံသော်
လည်းထိုဘ၀ပဋ္ဌင်းမဖြစ်ခြင်းသဘောရှိ၏သာမဏေအဖြစ်မျှကိုသာရတော့သည်။

## ဥတ္တရိမနုဿဓမ္မပါရာဇိက

၄ ဈာနလာဘီပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့၏ ဈာန်ဝိမောက္ခ အစရှိသော တရားကို သူတပါးအား မရပဲရ၏ဟု ပြောဟောခြင်းကြောင့် ဖြစ်သော အာပတ်သည် ဥတ္တရိမနုဿ ဓမ္မပါရာဇိက အာပတ်မည်၏ ရသည်မှန်၍ ပြောဟောမှုကား ပါစိတ်အာပတ်သာ။

ဥတ္တရိမနုဿဓမ္မ၌ လျှာမရှိသောငါးကဲ့သို့ ကြဉ်ရာ၏ ပြောဟောခြင်းကြောင့် ရသောပစ္စည်းကိုလည်း ရဲရဲတောက်သော သံရေကဲ့သို့ငှင်း အဆိပ်နှင့်ရောသော အာဟာရကဲ့သို့ငှင်း ကြဉ်ရာ၏ ထိုပြောခြင်းကိုမကြဉ်သော ရဟန်းအား လည်သီး ပြတ်ပြီးသော ထန်းပင်သည် တဖန်အညွန့်ထွက်ခြင်း သဘောမရှိ သကဲ့သို့ ထိုဈာနလာဘီပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့၏ ဈာန်ဝိမောက္ခစသော တရားကိုမရပဲ ငါရ၏ဟု ပြောဟောသောရဟန်းအား တဖန် ပဉ္စင်းခံသော်လည်း ထိုဘဝပဉ္စင်း မဖြစ် သာမဏေ အဖြစ်မျှကိုသာ ရတော့သည်။

ဤလေးပါးသော ပါရာဇိကတို့တွင် တပါးပါးသော ပါရာဇိကသို့ ရောက်လေ ပြီးသော ရဟန်းသည် မိမိမှတပါးသော ပါရာဇိကသို့ မရောက်သော ရဟန်းတို့နှင့် ကေဒ္ဒေသ ကေကမ္မ၊ သမသိက္ခာတာ၊ ဤသုံးပါးကိုမပြုအပ်။

သာမဏေသည် ရဟန်းနှင့် ထိုသုံးပါးကို မပြုအပ်သကဲ့သို့တည်း ပြုသော်ထိုသူ နှင့်တကွ ပဉ္စဝဂ်စသည်ဖြစ်မှု ကံလည်းပျက်၏ သိလျက်ပြုမူ ပြုသည့်သံဃာဒုက္ကဋ် အာပတ်လည်းသင့်၏ ပဉ္စဝဂ် စသည်ကလွန်မှု ကံမပျက် ပြုသည့်သံဃာ အာပတ် သာ ဆွမ်းစဉ်ပရိတ်ရွတ် စသည်၌ကား ဥက္ခိတ္တကမဟုတ်သည်ဖြစ်၍ မထောင်း တာ သို့သော်လည်း အုတ်အရောရော ကျောက်အရော ရော ဟူ၏သို့ ဖြစ်မည်စိုး၍ ဆရာမြတ်တို့ ငှင်းကိုလည်း ကြဉ်ကုန်သည်။

## ဝိနိစ္ဆယ

ယခုအခါ မေထုန် ပါရာဇိကဝတ္ထုကြောင့် စောဒကပုဂ္ဂိုလ် စုဒိတကပုဂ္ဂိုလ် စောဒနာကာရဏပုဂ္ဂိုလ်သုံးဦးတို့ ဝိနည်းအဆုံးအဖြတ်ခံကြသော်စုဒိတကပုဂ္ဂိုလ် ကို သုသာန်စောင့်စေ သစ္စာဆိုစေ၍ သူမှန်ဖြစ် စီရင်ကြလေသည်ကား ဝိနည်း၌ မလိမ္မာ၍ လူတရားကဲ့သို့ အမှားစီရင် ဆုံးဖြတ်ကြလေသည်သာ ဝိနည်းအဆုံး

အဖြတ်ဝယ် သုသာန်စောင့်စေ သစ္စာဆိုစေ ကျမ်းကိုင်စေဟု ပညတ်သောအရာ မည်သည်တွင်မျှမရှိ လူတရား၌လည်း ကမ္ဘာလေးရပ် တရားကို မဟောသဓပညာ ရှိ ဝိဓုရပညာရှိ သေနကပညာရှိစသော ပညာရှိတို့ မစီရင်ကုန် ထိုတရားလေးရပ် သည် ဟုတ်သည်လည်းရှိ၏ မဟုတ်သည်လည်းရှိ၏ဟု ကျမ်းဂန်လာသည် ထို့ ကြောင့် ဝိနည်းကျမ်းဂန် မလာဘဲ အလာပြု၍ သုသာန်စောင့်စေ သစ္စာဆိုစေ ကမ္မဝါစာရွက်စေ၍ ထိုအမှုများကို စီရင်ကြသည်ကား ဘုရားမပညတ်သည်ကို ပညတ်ပြုခြင်းကြောင့် ဝိနည်းမလာသည်ကို ဝိနည်းလာ ပြုခြင်းကြောင့် အဋ္ဌာ ရသ ဘေဒကရဝတ္ထုသို့ ဝင်ချေသည်။

သာသနာတော်ဝယ် အဓိကရဏလေးပါးတွင် တပါးပါးရောက်လျှင် သမထ ခုနစ်ပါးတွင်တပါးပါးဖြင့်ငြိမ်းခြင်းသည် ကောင်းသောငြိမ်းခြင်းဖြစ်၏ ထိုသမထ ခုနစ်ပါးမှ တပါးဖြင့် ငြိမ်းခြင်းသည် မကောင်းသော ငြိမ်းခြင်းဖြစ်၏ ထိုတွင် လည်း မည်သည့်အဓိကရဏ်းကို မည်သည့်သမထဖြင့် ငြိမ်းရမည်ဟု စူဠဝါပါဠိ အဋ္ဌကထာ လာလျက်ရှိသည် အဓိကရဏ်းလေးပါးမှ တပါးသော အဓိကရဏ်း မည်သည်မရှိ သမထခုနစ်ပါးမှ တပါးသော သမထမည်သည်မရှိ သုသာန်စောင့် သစ္စာဆို ကျမ်းရွက်ခြင်းသည် သမထခုနစ်ပါးတွင် အဘယ် သမထနည်း—

ဥပ္ပန္နုပ္ပန္နာနံ အဓိကရဏာနံ သမထာယ ဝူပမာယ သမ္မုခါဝိနယောဒါတဗ္ဗော သတိဝိနယော ဒါတဗ္ဗော အမုဠ္ဟဝိနယောဒါတဗ္ဗော ပဋိညာယကာရေတဗ္ဗံ ယေဘုယျသိကာယ တဿ ပါပိယသိကာယ တိဏဝတ္ထာရကော။

ဟူ၍သာ ပညတ်တော်မူအပ်သော ပါဠိရှိသည်မဟုတ်လော အဓိကရဏ်း လေးပါးလုံးကိုလည်း သမထခုနစ်ပါးတွင် တပါးပါးဖြင့် ငြိမ်းစေဟူ၍ မပညတ် ဆိုင်ရာဆိုင်သင့်သာ ပညတ်တော်မူသည် အာပတ္တာဓိကရဏ်းကို ငြိမ်းစေအပ် သော သမထကား မည်မျှဟုသိပါစိမ့် ပဋိညာယကာရေတဗ္ဗ သမထ၌ စောဒက ပုဂ္ဂိုလ်၏ ပဋိညာယကာရေတဗ္ဗလော စုဒိတကပုဂ္ဂိုလ်၏ ပဋိညာယကာရေတဗ္ဗ လော စောဒနာကာရဏပုဂ္ဂိုလ်၏ ပဋိညာယကာရေတဗ္ဗလော အဘယ်ကာရေ တဗ္ဗကို ဘုရားပညတ်သနည်း လဇ္ဇီဖြစ်သော စုဒိတက၏ ကာရေတဗ္ဗကိုသာ ပညတ်သည် ငါသည် ဤအမှုကို ပြုမိသည်ဟူ၍လည်း အထင်ရှိသည် မပြုမိဟူ၍ လည်း အထင်ရှိသည် ဝိနည်းအဆုံးအဖြတ် ပေးပါဟု ဝိနည်းမိုရ်ထံအဆုံးအဖြတ်ခံ

လာသော်ပြုမိလျှင်မည်သို့ဖြစ်ပါစေ မပြုမိသော်မည်သို့ဖြစ်ပါစေဟု သစ္စာဆိုရမည် ကျမ်းရှိသလော ထိုအမေး၏ အရကိုလည်း ဒုတိယ သိက္ခာပုဒ် တတိယ သိက္ခာပုဒ် ဖြစ်သော ပါရာဇိကအရာ၌ နေ့သန့်နေစေခြင်း ဘာဝနာ စပ်ခြင်းကိုသာ ဝိနည်း လာသည် မဟုတ်လော သုသာန်စောင့် သစ္စာဆို ကျမ်းရှက်ကို မလာတကား။

ချိန်ထင်ရှားရှိလျက် ချိန်နှင့်မချိန်မှု၍ လက်ရမ်းလက်ဆပေးသော ဈေးသည် ကဲ့သို့ သမထတရားခုနစ်ပါးဟူသော ဘုရားချိန်ရှိလျက် ထိုချိန်ကိုပယ်၍ သုသာန် စောင့် သစ္စာဆို ကျမ်းကိုင်ဟူသော လက်ရမ်းလက်ဆဖြင့် စီရင်ကြသည်ကား မလိမ္မာသော ဈေးသည်နှင့်တူသည် မဟုတ်လော စောဒကစသော ပုဂ္ဂိုလ်သုံးဦး တို့အား စောဒနာသာရဏာ ဝိနည်းကံကို ပြုပြီးမှသာ အဆုံးအဖြတ် တင်အပ်သည် မဟုတ်လော စောဒနာသာရဏာ, ဝိနည်းကံနှင့်ကင်း၍ ဝိနည်းအဆုံးအဖြတ် တင်အပ်သောအရာသည် မည်သည်တွင်မျှမရှိ ယခုအခါ လူတရားကဲ့သို့ ခုံကြား လျှင် အခြားသက်သေ မရှိဆို၍ စောဒနာသာရဏာ ဝိနည်းကံကို မပြုစေဘဲ စုဒိတကပုဂ္ဂိုလ်ကို အချုပ်သစ္စာဆိုစေ၍ သူမှန်ဖြစ်ရသည်ကား ဝိနည်းကံမဟုတ် အနောရထာစောလက်ထက် ဤပရိတ်ကို ဤမျှရွတ်လျှင် မာတုဃာတကကံ ပျောက်၏ စသည် ပေါ်သကဲ့သို့ နောက်ပေါ်ဟူ၍သာ သိရာ၏။

ဆရာမြတ်တို့ကား စောဒကပုဂ္ဂိုလ်ကဟုတ်ပါသည် စုဒိတကပုဂ္ဂိုလ်က မဟုတ် ပါဆိုလျှင် စောဒနာကာရဏာပုဂ္ဂိုလ်ကို ဟုတ်မှန်တိုင်း ထွက်ဆိုအောင် ဥပါယ် တမျဉ်ဖြင့်မေး၍ ရသည်အတိုင်း တည်သင့်သည် စောဒကပုဂ္ဂိုလ်စကား ပလပ် သင့်သည် စောဒနာကာရဏာပုဂ္ဂိုလ်က ဟုတ်ပါသည် စုဒိတကပုဂ္ဂိုလ်က မဟုတ်ပါ ဆိုလျှင် စုဒိတကပုဂ္ဂိုလ် ဝိနည်းသိက္ခာပုဒ်၌ လိမ္မာသည် မလိမ္မာသည် ဝိနည်း သိက္ခာပုဒ်၌ ဂရုဂါရဝပြုသည်မပြုသည် ဝတ္ထုတူ ရောက်ဘူးသည် မရောက်ဘူးသည် ကို သိသာစေဦး လိမ္မာသည် ဂရုဂါရဝပြုသည် မရောက်ဘူးသည်မှန်မူ စုဒိတက ပုဂ္ဂိုလ် ဝန်ခံတိုင်း တည်သင့်သည် စောဒနာကာရဏာ ပုဂ္ဂိုလ်စကား ပလပ်သင့် သည် မလိမ္မာသည် ဂရုဂါရဝမပြုသည် ရောက်ဘူးသည်မှန်မူ စောဒနာကာရဏာ ပုဂ္ဂိုလ်ဆိုတိုင်း တည်သင့်သည် စုဒိတကပုဂ္ဂိုလ်စကား ပလပ်သင့်သည် မဆိုမူ၍ ဝိနည်းအဆုံးအဖြတ် မပေးရာ အလဇ္ဇီဖြစ်၍ နှိပ်သာနှိပ်အပ်သည် မချီးမြှင့်ရာဟု မိန့်တော်မူကုန်သည်။

ငါတို့ကျေးဇူးရှင် ဆင်တဲဆရာတော်ဘုရားကား ဝတ္ထုကိုစဉ်၍ ယုတ္တိနှင့်တကွ ဝတ္ထုသက်လျှင် ဝတ္ထုသက်ရာ ဆုံးဖြတ်တော်မူသည် မန်လည်ဆရာတော်ဘုရား မင်းရွာဆရာတော် ဘုရားတို့ကား ပဋ္ဌင်းခံရင်းမူလ အင်္ဂါငါးပါးကို ရအောင် စစ်ပြီးမှ ဆုံးဖြတ်တော်မူသည် ဤဆရာမြတ်တို့ အဆုံးအဖြတ်ကို သာဓကပြု၍ ဆုံးဖြတ်ရာသည် သစ္စာဆို ကျမ်းရွက်ကို ပြုစေ၍ မဆုံးဖြတ်ရာ မဟာသာဝက ဖြစ်တော်မူသော ရဟန္တာကြီး အရှင်ဒဗ္ဗကို ဆဗ္ဗဂ္ဂီဂိုဏ်းသား မေတ္တိယဘူမဇကတို့ မေထုန်မှုဖြင့် စွပ်စွဲသည်ကာလ အရှင်ဒဗ္ဗနှင့် မေတ္တိယဘူမဇကတို့ကို စောဒနာ သာရဏာ ဝိနည်းကံတင်ပြီးမှ ဆုံးဖြတ်တော် မူသည်ဖြစ်လျက် ယခုအခါ ခုံကြားလျှင် အခြားသက်သေ မရှိဟုဆို၍ စောဒနာကာရဏာပုဂ္ဂိုလ်ကို မစီစစ်ဘဲ စုဒိတက ပုဂ္ဂိုလ်ကိုသာ သစ္စာဆိုစေ၍ သူမှန်ဖြစ် စီရင်သည်ကား ရဲပေစ္စာ့ အလဇ္ဇီကို လဇ္ဇီဟုပြုခြင်း လဇ္ဇီကို အလဇ္ဇီဟု ပြုခြင်းသည် အလွန်ပြစ်ဝန်လေးလှသည် ထို့ကြောင့် ဟုတ်မှန်တိုင်းသိသာမှ အဆုံးအဖြတ်ပေးပါလေ မသိသာလျှင် ရပ်ဆိုင်းစေ ပြီးလွယ်ခြင်း ပြီးခဲခြင်းသည် ပမာဏမဟုတ် မှန်သည်မမှန်သည်သာ ပမာဏ ဖြစ်သည်။

မိုးစွေရှင်သုမန သည်အမှုမျိုး ဖြစ်သည်ကာလ ကွင်းကျယ်နိသျှည်း သုမနကို ကမ္မဝါရွက်စေ၍ သူမှန်ဖြစ် စီရင်သည်ကို အများပင် တံထွေးထွေး၍ ကဲ့ရဲ့ကြသည်။ အောင်ဘက်စံခင်ကြီးတို့ နန္ဒဆိုသူနှင့် သည်အမှုမျိုး ဖြစ်သည်ကာလ ထိုအခါ နန္ဒငယ်သည် ပဝေသနမလောက်ဆို၍ သူမှန်ဖြစ် စီရင်သည်ကို အများပင် တိလမတ္တကိုမျှမမြှော်ဟု တံထွေးထွေး၍ ကဲ့ရဲ့ကြသည်။ သိမ်ဝင် သပိတ်ကို ရေစင်စင်ဆေး၍ သန့်ရှင်းစင်ကြယ်လှသော ရေထည့်၍ သင်္ဃာလယ်သိမ်ဝယ် ထား၍ အပြစ်ရှိလျှင် ရှိလျော့က် မရှိလျှင် မရှိလျော့က် ထင်ပါစေဟု ဓိဋ္ဌာန်၍ စုဒိတကပုဂ္ဂိုလ် အရိပ်ကြည့်ရမည် ခေါင်းမမြင်လျှင် ပါရာဇိက စောင်းရုံရွှံ့ရုံဖြစ်လျှင် ထုလ္လစ္စဉ်း ဒုက္ကဋ်ဟု အချို့သောဆရာတို့ ဆုံးဖြတ်ကြလေသည်ကား ဝိနည်းမှန်ကိုမျှ မသိသော မိုက်လှစွာသော ဆရာတို့ အလေ့အကျက်မျှသာ ထို့ကြောင့် သုသာန်စောင့် သစ္စာဆို ကမ္မဝါရွက် အချုပ်ရွက် အရိပ်ကြည့် စီရင်သော ဗာလ အဗျတ္တတို့၏ အလေ့အကျက်ကို မယူအပ်။

ပါရာဇိကလေးပါး အကျဉ်း ပြီး၏။

# သံဃာဒိသိသ်

သံဃာဒိသိသ် အာပတ်သည် ၁-သုက္ကဝိဿဋ္ဌိ သံဃာဒိသိသ်အာပတ် ၂-ကာယသံသဂ္ဂ သံဃာဒိသိသ်အာပတ် ၃-ဒုဋ္ဌုလ္လဝါစာ သံဃာဒိသိသ်အာပတ် ၄-အတ္တကာမပါရိစရိယ သံဃာဒိသိသ်အာပတ် ၅-သဉ္စရိတ္တ သံဃာဒိသိသ်အာပတ် ၆-ကုဋိကာရ သံဃာဒိသိသ်အာပတ် ၇-မဟလ္လက သံဃာဒိသိသ်အာပတ် ၈-ဒုဋ္ဌဒေါသ သံဃာဒိသိသ်အာပတ် ၉-အညဘာဂိယ သံဃာဒိသိသ်အာပတ် ၁၀-ဘေဒါယပရက္ကမ သံဃာဒိသိသ်အာပတ် ၁၁-ဘေဒါနုဝတ္တက သံဃာဒိသိသ် အာပတ် ၁၂-ဒုဗ္ဗစ သံဃာဒိသိသ်အာပတ် ၁၃-ကုလဒူသက သံဃာဒိသိသ် အာပတ် အားဖြင့် ၁၃-ပါးရှိ၏။ ထိုတွင်—

၁ လွှတ်စေလိုသော စေတနာရှိသည်ဖြစ်၍ လုံးလပြုသဖြင့် မိမိသုက်ကို လွှတ်စေခြင်းကြောင့် ဖြစ်သော အာပတ်သည် သုက္ကဝိဿဋ္ဌိ သံဃာဒိသိသ် အာပတ်မည်၏။

၂ ကိုယ်လက် နှီးနှောလိုသောစိတ်ဖြင့် မာတုဂါမ၏ကိုယ်ကိုသုံးသပ်ခြင်း ကြောင့် ဖြစ်သော အာပတ်သည် ကာယသံသဂ္ဂ သံဃာဒိသိသ်အာပတ်မည်၏။

၃ လုလင်သည်သမဲအား မေထုန်နှင့်စပ်သော စကားဖြင့် ကျီစယ်ပြယ် ဆိုသကဲ့သို့ မာတုဂါမအား မေထုန်နှင့်စပ်သော စကားဖြင့် ကျီစယ်ပြယ်ဆိုခြင်း ကြောင့် ဖြစ်သော အာပတ်သည် ဒုဋ္ဌုလ္လဝါစာ သံဃာဒိသိသ်အာပတ်မည်၏။

၄ မိမိအား မေထုန်ပေးစိမ့်သောငှါ မေထုန်ပေးခြင်း၌ အကျိုးကိုပြခြင်း ကြောင့် ဖြစ်သောအာပတ်သည် အတ္တကာမပါရိစရိယ သံဃာဒိသိသ်အာပတ် မည်၏။

၅ မယားဖြစ်စေလို၍ကြားခြင်း လင်ဖြစ်စေလို၍ကြားခြင်း ဟု ဆိုအပ် သော အောင်သွယ်မှုကို ပြုခြင်းကြောင့် ဖြစ်သောအာပတ်သည် သဉ္စရိတ္တသံဃာ ဒိသိသ်အာပတ်မည်၏။

၆ မိမိသည်တောင်းအပ်သောဟတ္ထကမ်ဖြင့်ပမာဏထက်လွန်သောတကာ မရှိသော ကုဋိကိုပြုခြင်းကြောင့် ဖြစ်သောအာပတ်သည် ကုဋိကာရ သံဃာဒိ သိသ် အာပတ်မည်၏။

၇ ထိုအတူ တကာရှိသောကြီးသောကျောင်းကို အရာမကြားစေဘဲ စီရင်ခြင်းကြောင့် ဖြစ်သော အာပတ်သည် မဟလ္လက သံဃာဒိသိသ် အာပတ်မည်၏။

၈ ဒိဋ္ဌ သုတ မုတ မရှိဘဲ၊ တနည်းကား-ထိုသုံးပါးသော အကြောင်းကြောင့် ပရိသင်္ကိတ မရှိဘဲ ရဟန်းတပါးအား အန္တိမဝတ္ထုဖြင့်စွဲဆိုခြင်းကြောင့် ဖြစ်သော အာပတ်သည် ဒုဋ္ဌဒေါသ သံဃာဒိသိသ် အာပတ်မည်၏။

၉ အမည်တူ၍ မေထုန်အကျင့် စသည်ကိုယူ၍ရဟန်းတပါးအား စွဲဆိုခြင်းကြောင့် ဖြစ်သော အာပတ်သည် အညဘာဂိယ သံဃာဒိသိသ် အာပတ်မည်၏။

(ထိုကျောင်း၌ နေသောတိဿအမည်ရှိသောရဟန်းမေထုန်ကျင့်ပါလေသည်ကို ဤကျောင်း၌ နေသော တိဿရဟန်းမေထုန်ကျင့်သည် စွပ်စွဲသည် ဟူလို)။

၁၀ သင်းကားမခွဲ သင်းကွဲကြောင်းကို ပြုခြင်းကြောင့်ဖြစ်သောအာပတ်သည် ဘေဒါယပရက္ကမ သံဃာဒိသိသ် အာပတ်မည်၏။

၁၁ သင်းကွဲကြောင်းကို ပြုသောရဟန်း၏ အလိုသို့ လိုက်ခြင်းကြောင့် ဖြစ်သော အာပတ်သည် ဘေဒါနုဝတ္တက သံဃာဒိသိသ် အာပတ်မည်၏။

၁၂ ရဟန်းတို့သည် ပညတ်တော်မူအပ်သောသိက္ခာပုဒ်ဖြင့် ဆုံးမသည်ကို မနာခံခြင်းကြောင့် ဖြစ်သော အာပတ်သည် ဒုဗ္ဗစ သံဃာဒိသိသ် အာပတ်မည်၏။

၁၃ ဒါယကာတို့အား သစ်သီးပေးခြင်းစသောကုလဒူသကကံကြောင့်ဖြစ်သော ပဗ္ဗာဇနီယကံကိုစွဲ၍ ဖြစ်သောအာပတ်သည် ကုလဒူသက သံဃာဒိသိသ် အာပတ်မည်၏။

## ပရိဝါသ်-မာနတ်-အဗ္ဘာန်

ဤတဆဲ့သုံးပါးသော သံဃာဒိသိသ် အာပတ်တို့တွင် တပါးပါးသော သံဃာဒိသိသ် အာပတ်သို့ ရောက်သောရဟန်းသည် ထိုရောက်သော အာပတ်ကိုဖုံးလွှမ်းမှု ဖုံးလွှမ်းသောရက်အတိုင်း ပဋိစ္ဆန္န-ပရိဝါသ်နေအပ်၏ ရက်စေ့ပြီးသော် ခြောက်ရက် ပဋိစ္ဆန္နမာနတ်နေ၍ အဗ္ဘာန်သွင်းအပ်၏ မဖုံးလွှမ်းမှု ပရိဝါသ်မနေဘဲ

ခြောက်ရက် အပ္ပဋိစ္ဆန္နမာနတ်နေ၍ အဗ္ဘာန်သွင်းအပ်၏ ထိုကြောင့်သံဃာဒိသိသ် အာပတ် တဆဲ့သုံးပါးတို့တွင် တပါးပါးသို့ ရောက်သောရဟန်းသည် တဦး သောမိမိနှင့် သဘာဂဖြစ်သော ရဟန်း၏ အထံသို့ကပ်၍ "အဟံဘန္တေ သမ္ဗဟု လာ သံဃာဒိသေသာ အာပတ္တိယော အာရောစေမိ" ဟူ၍၎င်း "အဟံဘန္တေ သမ္ဗဟု အာပတ္တိယော အာဝိကရောမိ"ဟူ၍၎င်း ကြားအပ်၏ ဤသို့ အာပတ်သို့ ရောက်သော ရက်၏ အရုဏ်တွင်း၌ ကြားသည်ရှိသော် ထိုသင့်သောအာပတ်ကို ဖုံးလွှမ်းသည် မမည်ဖြစ်၍ အပ္ပဋိစ္ဆန္နမာနတ် ခြောက်ရက်သာနေ၍ အဗ္ဘာန်သွင်း လေအပ်၏။

ပရိဝါသ်သည် ပဋိစ္ဆန္နပရိဝါသ်, သုဒ္ဓန္တ ပရိဝါသ်, သမောဓာနပရိဝါသ် အား ဖြင့် သုံးပါးရှိသည်တွင် သုဒ္ဓန္တ ပရိဝါသ်သည် စူဠသုဒ္ဓန္တပရိဝါသ်, မဟာသုဒ္ဓန္တ ပရိဝါသ်ဟုနှစ်ပါးရှိသည် ထိုနှစ်ပါးတွင် စူဠသုဒ္ဓန္တ ပရိဝါသ်ထိုက်လျှင် စူဠသုဒ္ဓန္တ ပရိဝါသ် နေရမည် မဟာသုဒ္ဓန္တ ပရိဝါသ်ထိုက်လျှင် မဟာသုဒ္ဓန္တ ပရိဝါသ် နေရ မည်။ သမောဓာနပရိဝါသ်သည်လည်း ဩဓာနသမောဓာန ပရိဝါသ်, အဂ္ဃသမော ဓာန ပရိဝါသ်, မိဿကသမောဓာန ပရိဝါသ်ဟု သုံးပါးရှိသည် ထိုသုံးပါးတို့တွင် ဩဓာနသမောဓာန ပရိဝါသ်ထိုက်လျှင် ဩဓာနသမောဓာန ပရိဝါသ်ကိုနေရမည် အဂ္ဃသမောဓာန ပရိဝါသ်ထိုက်လျှင် အဂ္ဃသမောဓာန ပရိဝါသ်ကို နေရမည် မိဿကသမောဓာန ပရိဝါသ်ထိုက်လျှင် မိဿကသမောဓာန ပရိဝါသ်ကို နေရ မည်။ ထိုတွင် စူဠသုဒ္ဓန္တ ပရိဝါသ်ထိုက်သည်ကို မဟာသုဒ္ဓန္တ ပရိဝါသ်နေသော် စင်ကြယ်၏ မဟာသုဒ္ဓန္တ ပရိဝါသ်ထိုက်သည်ကို စူဠသုဒ္ဓန္တပရိဝါသ်နေသော် မစင် ကြယ် ကြွင်းသည်ပရိဝါသ်တို့၌ကား ထိုက်တိုင်းနေမှ စင်ကြယ်သည် ထိုက်တိုင်းမ နေက မစင်ကြယ်။

ပဋိစ္ဆန္နပရိဝါသ်မှာ အာပတ်တမည်တည်း သက်သက်ကို တရက်သာဖုံးလွှမ်း သည် နှစ်ရက်သာ ဖုံးလွှမ်းသည်စသည်ဖြင့်ယူ။ အဂ္ဃသမောဓာန ပရိဝါသ်မှာ အာပတ်တမည်တည်း သက်သက်ကို အကြိမ်ကြိမ်သင့်သည်တွင် တကြိမ်သင့် ခါ-တရက် တကြိမ်သင့်ခါ-နှစ်ရက်တကြိမ်သင့်ခါ-သုံးရက် စသည်ဖြင့် ဖုံးလွှမ်း သည်ကို ပေးသည်ဟုယူ။ မိဿက သမောဓာန ပရိဝါသ်မှာအမည်များ အာပတ် ပြားသင့်သည်တွင် တမည်အာပတ်ကို တရက် တမည်အာပတ်ကို နှစ်ရက် တမည်

အာပတ်ကို သုံးရက် စသည်ဖြင့်ဖုံးလွှမ်းသည်ကို ပေးသည်ဟုယူ။ ယခုအခါ နေကြသည်ကား မည်သည့်အာပတ် ငါ့မှာသင့်သည်ဟူ၍လည်းမသိ မည်သည့် အပြစ်ကြောင့် နေရသည်ဟူ၍လည်းမသိ ဆောင်းလအခါ ရောက်လျှင် ပရိဝါသ် နေစဉ် ဆွမ်းစားစတမ်းသာ နေကြလေသည်။

သံဃာဒိသိသ် တဆဲ့သုံးပါးအကျဉ်း ပြီး၏။

---

# ထုလ္လစ္စဉ်း

ထုလ္လစ္စဉ်းအာပတ်သည် ကျဉ်းသောမဂ်ဝရှိသော သတ္တဝါ၏မဂ်၌ မေထုန်မှု ပြုခြင်း, အိမ်ခွေး မြေခွေးတို့သည်စား၍ ထက်ဝက်ကြွင်းသော သတ္တဝါ၏အင်္ဂါ ဇာတ်၌ မေထုန်မှုပြုခြင်း, လူတို့၏မျက်ကွင်း နှာခေါင်းပေါက် နားပေါက် သိုအိမ် ဓားငယ်ဖြင့်ပြုအပ်သော အမာဝ ဤငါးရပ်တို့တွင် တရပ်ရပ်၌ မေထုန်မှုပြုခြင်း, နိဗ္ဗိဝဖြစ်သောဆင် မြင်း နွား ကျွဲ မြည်း ကုလားအုဌ် စသည်တို့၏ နှာခေါင်း သိုအိမ်တို့၌ မေထုန်မှုပြုခြင်း, သတ္တဝါတို့၏ အင်္ဂါဇာတ်ကို မိမိအင်္ဂါဇာတ်ဖြင့် မသွင်းဘဲ တို့ရုံတို့ခြင်း, မေထုန်ရာဂဖြင့် မိန်းမနိမိတ်ကို မိမိမုခဖြင့်တို့ခြင်း, မိမိ အင်္ဂါဇာတ်ကို အမာဝတခုဖြင့်သွင်း၍ အမဝတခုဖြင့်နှုတ်ခြင်း, နှုတ်ခမ်းဖြင့်မဖုံး သော ပြင်သို့ထွက်သောသွား၌ မေထုန်မှုပြုခြင်း, သဇီဝဖြစ်သော သတ္တဝါ၏ နှုတ်ခမ်းမှ ပြင်သို့ထွက်သောလျှာ၌ မေထုန်မှုပြုခြင်း,သင်္ဃိကဖြစ်သော ဂရုဘဏ် ဂရုပရိက္ခရာကို မိမိအစိုးရ၏ဟူသော အမှတ်ဖြင့် သူတပါးအားပေးခြင်း, တ-မာ သကထက်အလွန် ငါးမာသကအောက် ယုတ်သောဥစ္စာကို ထေယျစိတ်ဖြင့် ခိုးမိခြင်း, သမန်းစစ်သက်န်း ကေသကမ္ဗလ ခင်ပုပ်မွေး ခင်ပုပ်တောင်တို့ဖြင့် ရက်သော သက်န်းစသည်ကိုဝတ်ခြင်း, ဝစ္စမဂ်၏ အဝ၌ တွင်စုတ်ခြင်း, မိမိအင်္ဂါ ဇာတ်ကို ဖြတ်ခြင်း, ကုန်သွယ်ခြင်း, ကြွေးမြီချခြင်း, လူသားကိုစားခြင်း, ဒုတိယပါရာဇိက၏ သာမန္တအမှုကိုပြုခြင်း, တတိယပါရာဇိက၏ သာမန္တအမှုကို ပြုခြင်း, စတုတ္ထပါရာဇိက၏ သာမန္တအမှုကို ပြုခြင်း, ဟူသောအကြောင်းကြောင့် ဖြစ်သော အာပတ်များသည်ထုလ္လစ္စဉ်း အာပတ်ချည်းတည်း ဤမှတပါးသော ထုလ္လစ္စဉ်းအာပတ်လည်း အများပင်ရှိသေး၏။

ထုလ္လစ္စဉ်းအာပတ် အကျဉ်း ပြီး၏။

# နိဿဂ္ဂိ ပါစိတ်

ပါစိတ်သည် နိဿဂ္ဂိပါစိတ် သုဒ္ဓပါစိတ်အားဖြင့် နှစ်ပါးတို့တွင် နိဿဂ္ဂိပါစိတ် စီဝရဝဂ်၌တဆယ် ကောသိယဝဂ်၌တဆယ် ပတ္တဝဂ်၌တဆယ် အားဖြင့် သုံးဆယ် ဖြစ်သတည်း။ ထိုတွင်—

## စီဝရဝဂ်

စီဝရဝဂ်၌ တဆယ်သော်ကား—

၁ အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုသော သင်္ကန်းကို ဆယ်ရက်ထက်အလွန် သုံးဆောင်ခြင်းကြောင့် ဖြစ်သော အာပတ်။

၂ တိစီဝရိက် အဓိဋ္ဌာန်တင်သော သင်္ကန်းနှင့် တညဥ့်မျှလည်းကင်း၍ နေခြင်းကြောင့် ဖြစ်သော အာပတ်။

၃ မလောက်သော သင်္ကန်းကို ဖြည့်ခြင်းငှါ တလထက်အလွန် အဓိဋ္ဌာန် မတင်ဝိကပ္ပနာမပြု သင်္ကန်းကို ထားခြင်းကြောင့် ဖြစ်သော အာပတ်။

၄ ဝတ်ပြီးရုံပြီးသော သင်္ကန်းကို အဆွေမတော်သော ရဟန်းမိန်းမအား ဖွပ်စေခြင်းကြောင့် ဖြစ်သော အာပတ်။

၅ အဆွေမတော်သောရဟန်းမိန်းမ၏ သင်္ကန်းကိုခံခြင်းကြောင့် ဖြစ်သော အာပတ်။

၆ အဆွေမတော်သူအား တောင်းခြင်းကြောင့် ဖြစ်သော အာပတ်။

၇ သင်္ကန်းကိုခိုးသူ လုသောအခါ သင်္ကန်း ပျောက်သောအခါ ဘိတ်သော သင်္ကန်းကို သင်းပိုင် ကိုယ်ဝတ်ထက်အလွန် သာယာခြင်းကြောင့် ဖြစ်သော အာပတ်။

၈ ဤမည်သောအရှင်ကိုလှူအံ့ဟု သင်္ကန်းဘိုးစီရင်စဉ် ဤသို့သော သင်္ကန်း ကိုလှူပါဟု စီရင်မိ ဆိုမိခြင်းကြောင့် ဖြစ်သော အာပတ်။

၉ နှစ်ဦးသော တကာတို့၏ အသီးသီးလှူမည် သင်္ကန်းဘိုးစီရင်စဉ် နှစ်ဦး တပေါင်းတည်းပြု၍ ဤမည်သော သင်္ကန်းကို လှူပါဟု စီရင်မိခြင်းကြောင့်ဖြစ် သော အာပတ်။

၁၀ တကာသက်န်းဘိုး အပ်ခဲ့သော ကပ္ပိယကာရကထံ နှစ်ကြိမ် သုံးကြိမ် ထက်အလွန် တောင်းခြင်းကြောင့်ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

## ကောသိယဝဂ်

ကောသိယဝဂ်၌ တဆယ်ဟူသည်ကား—

၁ ပိုးချည်နှင့်ရောသော သိုးမွေးအခင်းကို ပြုစေခြင်းကြောင့် ဖြစ်သော အာပတ်။

၂ အမည်းသက်သက်ဖြစ်သော သိုးမွေးအခင်းကို ပြုစေခြင်းကြောင့် ဖြစ်သော အာပတ်။

၃ သိုးနက်မွေး နှစ်ဘို့တဘို့ သိုးဖြူမွေး သုံးဘို့တဘို့ သိုးကြားမွေး လေးဘို့တဘို့သာ မယူမူ၍ သိုးနက်မွေးကို လွန်စေခြင်းကြောင့် ဖြစ်သော အာပတ်။

၄ သိုးမွေးအခင်းကို တခါလုပ်လျှင် ခြောက်နှစ်တို့ပတ်လုံး မသုံးဆောင်ဘဲ ခြောက်နှစ်မစေ့မီ ပြုခြင်းကြောင့်ဖြစ်သော အာပတ်။

၅ နိသီဒိုန်သစ် ပြုသောရဟန်းသည် နိသီဒိုန်ဟောင်း၏ ထက်ဝန်းကျင်မှ ဘုရားရှင်အထွာ အတိုင်းအရှည်ကိုယူ၍ နိသီဒိုန်သစ်ဝယ် အဆင်းပျက်ခြင်းငှါ မထည့်ဘဲ နိသီဒိုန်သစ်ကို ပြုစေခြင်းကြောင့်ဖြစ်သော အာပတ်။

ဤအခင်းငါးပါးသည်ရက်၍မပြု ညီညွတ်သောမြေပြင်ဝယ် ပအုန်းရည်ကော်ရည်ဖြင့်ဖျန်း၍ သိုးမွေးတို့ကို အပေါ်၌ ဖြူးပက်၍လုပ်သည် နိသီဒိုန်ကားအခင်း၏ နံပါးတဘက်၌ အဆာနှစ်ကြောင်းခွဲ၍ လုပ်သည် နှစ်ကြောင်းခွဲလျှင် အဆာသုံးခုဖြစ်၏။ ထိုအဆာဖြင့် တင်ပြန်ခွေ ထက်ဝယ်ကိုဖုံးအုပ်၍အဆာ၏ နောက်အခင်း၌ နေ၍ ရှေးဆရာမြတ်တို့ ဆွမ်းစားကုန်သည်ဟုငါတို့ဆရာ မိန့်သည်။

၆ ခရီးသွားစဉ် ရသောသိုးမွေးထုပ်ကို သုံးယူဇနာထက်အလွန် မိမိလက်ဖြင့် ဆောင်ခြင်းကြောင့်ဖြစ်သော အာပတ်။

၇ အဆွေမတော်သော ရဟန်းမိန်းမအား သိုးမွေးတို့ကို ဖွပ်စေဆိုးစေ ဖြေစေခြင်းကြောင့် ဖြစ်သော အာပတ်။

၈ ရွှေငွေကိုကိုယ်တိုင်ခံခြင်း သူ့ကိုခံစေခြင်း အနီး၌ချထားသဖြင့်လှူသော ရွှေငွေကို ငါတို့မအပ်ဟု မပယ်ဘဲတိတ်တဆိတ် နေခြင်းကြောင့် ဖြစ်သော အာပတ်။

၉ အထူးထူး အပြားပြားသော ကပ္ပိယဖြစ်သော ရူပိယဝတ္ထုဖြင့် ရောင်းဝယ်ခြင်းကြောင့် ဖြစ်သော အာပတ်။

၁၀ အထူးထူး အပြားပြားသော ကပ္ပိယဖြစ်သော ဖျင်ပုဆိုးစသော ဝတ္ထုဖြင့် ရောင်းဝယ်ခြင်းကြောင့် ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

## ပစ္စတ္တိယ

ပတ္တဝဂ်၌ တဆယ်ဟူသည်ကား—

၁ တရားသဖြင့်ရသော အဓိဋ္ဌာန်တင်လောက်သော သပိတ်ကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ ဆယ်ရက်ထက်လွန်၍ သုံးဆောင်ခြင်းကြောင့် ဖြစ်သော အာပတ်။

၂ မိမိမှာ ငါးဘွဲ့ပြည့်အောင် မကွဲသေးသော သုံးဆောင်ရသော သပိတ်ရှိသေးလျက် သံဃာအား သပိတ်ဘိတ်သူထံ သပိတ်သစ်ကို တောင်းခြင်းကြောင့် ဖြစ်သော အာပတ်။

၃ ထောပတ် ဆီဦး ဆီ ပျား တင်လဲ ဤဆေးငါးပါးတို့တွင် တပါးပါးကို အကပ်ခံသော ရက်မှစ၍ ခုနစ်ရက်သာ သုံးဆောင်ကောင်းလျက် ခုနစ်ရက်ကို လွန်စေခြင်းကြောင့် ဖြစ်သော အာပတ်။

၄ နယုန်လပြည့်ကျော် တရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့တိုင် ဤ တလအတွင်းသည် မိုးရေခံသင်္ကန်း ရှာအပ်သော ခေတ်တည်း ဝါဆိုလဆန်းတရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့တိုင် ဤ လခွဲအတွင်းသည် မိုးရေခံ သင်္ကန်းကို ချုပ်ဆိုး၍ ဝတ်အပ်သော ခေတ်တည်း ဤခေတ် အပိုင်းအခြားမှ ပြင်အဘို့၌ ရှာခြင်းကြောင့်ဖြစ်သော အာပတ်။

၅ မိမိအား ဝတ်ကြီးဝတ်ငယ် ပြုလိမ့်မည်ရည်၍ ကိုယ်တိုင် သင်္ကန်းကိုပေးပြီးမှ ဝတ်ကြီးဝတ်ငယ်ကိုမပြု၍ ပေးသောသင်္ကန်းကို လုခြင်းကြောင့် ဖြစ်သော အာပတ်။

၆ ချည်ကို ကိုယ်တိုင်တောင်း၍ ရက်ကန်းသည်တို့ကို ရက်စေခြင်းကြောင့် ဖြစ်သော အာပတ်။

၇ ရဟန်းဘို့ရည်၍ သက်န်းရက်စေရာ၌ ဤသက်န်းသည် ငါ့ဘို့ရက်သော သက်န်းတည်း အလျားရှည်ပါစေ အနံကြီးပါစေ အသားထူပါစေ ညီညွတ်စွာခင်းပါ ညီညွတ်စွာနယ်ကန်ပါ ညီညွတ်စွာဖြေပါ သင်တို့အား ငါလည်းတစုံတခုသော ပေးဘွယ်ကိုလည်း ပေးနိုင်ငြားအံ့လည်းမသိဟု စီရင်မိခြင်းကြောင့် ဖြစ်သော အာပတ်။

၈ သီတင်းကျွတ်လဆန်း ငါးရက်နေ့ရသော အစ္စေကစီဝရကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ သက်န်းကာလတိုင်အောင် ထားအပ်၏။ ကထိန်မခင်းသော် တလနှင့် ဆယ်ရက် ခင်းသော် ငါးလနှင့် ဆယ်ရက် ထားအပ်၏ ဟူလို။ ထိုထက်အလွန် ထားခြင်းကြောင့် ဖြစ်သော အာပတ်။

၉ ဝါဆိုပြီး၍ တန်ဆောင်မုန်း လပြည့်နေ့၌ ရွံရှာဘွယ် ဘေးဘျမ်းရှိသော တောကျောင်းတို့၌ နေလျက် အလိုရှိသည်ရှိသော် သုံးထည်သော သက်န်းတို့တွင် တထည်ထည်သော သက်န်းကို ရွာအတွင်း၌ ထားအပ်၏ ထိုရဟန်းတို့အား ထိုသက်န်းနှင့် ကင်း၍နေခြင်းငှါ အကြောင်းရှိသော် ခြောက်ညဉ့်သာ ကင်း၍နေအပ်သည် ထိုထက်အလွန်ကင်း၍ နေခြင်းကြောင့်ဖြစ်သော အာပတ်။ (တိစီဝရိက် အဓိဋ္ဌာန်တင်သော သက်န်းကိုဆိုသည်)။

၁၀ ညွှတ်လေပြီးသော သံဃိကလာဘ်ကို မိမိသို့ညွှတ်စေခြင်းကြောင့် ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

ဤသုံးဆယ် အတိုင်းအရှည်ရှိသော အာပတ်တို့တွင် တပါးပါးသို့ ရောက်သော ရဟန်းသည် ရသောဝတ္ထုကို စွန့်ပြီးမှ ဒေသနာကြားအပ်၏ ဝတ္ထုကိုမစွန့်ဘဲ ဒေသနာကြားသော် ထိုအာပတ်မထ။ယခုအခါ ရွှေငွေရှိကုန်သော ရဟန်းတို့သည် ထိုရွှေငွေကို မစွန့်ဘဲ ဒေသနာကြားကုန်သည်ကား ကံမဟုတ်သည်ကို ကံပြုခြင်းကြောင့် သင့်ရာသော ဒုက္ကဋ်အာပတ်သာထပ်၍ သင့်ရာသည် အာပတ်ဟောင်းမပြေ အာပတ်ကိုယ်နှင့်သေသော် ရဟန်း၏ဂတိကား နိရယဂတိနှင့် ပေတဂတိနှစ်ပါးသာ မြဲသည်ဖြစ်၍ သတိရှိကြစေ။

မျှခေတ်

ဦးလှမောင် M.A., M.S., B.L.

ဒေါ်ခင်တင်မြင့် B.A.(Hons), B.Ed.

တွင်းဂကြည့်တိုက်

## သုဒ္ဓပါစိတ်

သုဒ္ဓပါစိတ်အာပတ်သည် မုသာဝါဒဝဂ်၌တဆယ် ဘူတဂါမဝဂ်၌ တဆယ် ဘိက္ခုနီဩဝါဒဝဂ်၌ တဆယ် ဘောဇနဝဂ်၌ တဆယ် အစေဠကဝဂ်၌တဆယ် သုရာပါနဝဂ်၌တဆယ် သပါဏကဝဂ်၌ တဆယ် သဟဓမ္မိကဝဂ်၌ တဆဲ့နှစ် ရတနဝဂ်၌ တဆယ်အားဖြင့် ကိုးဆဲ့နှစ်ပါးအပြားရှိ၏။ ထိုတွင်—

### မုသာဝါဒဝဂ်

မုသာဝါဒဝဂ်၌ တဆယ်ဟူသည်ကား—

၁ မုသားဆိုခြင်းကြောင့် ဖြစ်သော အာပတ်။

၂ ရဟန်းပဉ္စင်းကို ဆဲရေးခြင်းကြောင့် ဖြစ်သော အာပတ်။

၃ ရဟန်းပဉ္စင်းကို ချောပစ်ခြင်းကြောင့် ဖြစ်သော အာပတ်။

၄ သင်္ဂါယနာတင်သောပါဠိ မတင်သောပါဠိကိုလူသာမဏေအား ပုဒ်ပြိုင် အညီချခြင်းကြောင့် ဖြစ်သော အာပတ်။

၅ လူသာမဏေနှင့်တမိုးတရံတည်းသောကျောင်း၌ နှစ်ညဥ့်သုံးညဥ့်ထက် အလွန် အတူအိပ်ခြင်းကြောင့်ဖြစ်သော အာပတ်။

၆ မာတုဂါမနှင့် တမိုးတရံတည်းသော ကျောင်း၌ တညဥ့်မျှ အတူအိပ် ခြင်းကြောင့်ဖြစ်သော အာပတ်။

၇ ပါဠိအဋ္ဌကထာကို မာတုဂါမအား ငါးဝါစာ ခြောက်ဝါစာထက် အလွန် ဟောခြင်းကြောင့် ဖြစ်သော အာပတ်။

၈ ရရှိးကေန်မှန်သော ဈာနလာဘီ ပုဂ္ဂိုလ်တို့၏ ဈာန်ဝိမောက္ခ စသော တရားကို ငါရ၏ဟု ပြောဆိုခြင်းကြောင့် ဖြစ်သော အာပတ်။ (ဤ၌အရိယာ ကို မယူလင့်)။

၉ ရဟန်းတယောက်၏ သံဃာဒိသိသ် အာပတ်ကို လူသာမဏေအား ကြားခြင်းကြောင့်ဖြစ်သော အာပတ်။

၁၀ မြေကိုမိမိတူးခြင်း သူ့ကိုတူးစေခြင်းကြောင့်ဖြစ်သော အာပတ်အား ဖြင့် တဆယ် ဖြစ်သတည်း။

## ဘူတဂါမဝဂ်

ဘူတဂါမဝဂ်၌ တဆယ်ဟူသည်ကား—

၁ ဘူတဂါမ်ကို ဖျက်ဆီးခြင်းကြောင့် ဖြစ်သော အာပတ် (ဗီဇဂါမ်ကို ဖျက်ဆီးသော်ကား ဒုက္ကဋ်သာ)။

၂ တပါးဖြင့်မေးသည်ကို တပါးဖြင့်ဖြေခြင်းဟု ဆိုအပ်သော အဖျင်းဖျင်း သောစကားကိုဆိုခြင်း မေးသည်ကို တိတ်ဆိတ် နေခြင်းကြောင့် ဖြစ်သော အာပတ်။

၃ ကဲ့ရဲ့ခြင်း ရှုတ်ချခြင်းကြောင့်ဖြစ်သော အာပတ်။

၄ သံဃိကဖြစ်သော ညောင်စောင်း အင်းပျဉ် ဘုံလျှို ကပ်ကျစ်များကို လွင်တီးခေါင်၌ ခင်းပြီး ခင်းစေပြီးလျှင် မသိုမှီးဘဲ မပန်ဘဲ သွားခြင်းကြောင့် ဖြစ်သော အာပတ်။

၅ သံဃိက ကျောင်း၌ရှိသော အခင်းဆယ်ပါးတွင် တပါးပါးကိုခင်းပြီး ခင်းစေပြီးလျှင် ထားမြဲတိုင်းမထားဘဲ သွားခြင်းကြောင့် ဖြစ်သော အာပတ်။

၆ သံဃိကကျောင်း၌ ရှေးနေလင့်သောရဟန်းကို တိုးဝှေ့၍ နေခြင်း ကြောင့်ဖြစ်သော အာပတ်။

၇ ရဟန်းတယောက်ကို အမျက်ထွက်သည် နှလုံးမသာသည် ဖြစ်၍ သံဃိကကျောင်းမှ ငင်ထုတ်ခြင်းကြောင့် ဖြစ်သော အာပတ်။

၈ အထက်မျက်နှာကြက် အပိတ်မရှိသောကျောင်း၏ အထက်၌ထားအပ် သော ပုရစ်မတပ်သောအပေါက်၌ အခြေစွပ်သော ညောင်စောင်း အင်းပျဉ်ကို ဖိ၍နေခြင်း ဖိ၍အိပ်ခြင်းကြောင့် ဖြစ်သော အာပတ်။

၉ တံခါးရှိသောကျောင်းကို ပြုစေလိုသော ရဟန်းသည် တံခါးပေါင်၏ ထက်ဝန်းကျင်မှ နှစ်တောင်ထွာ အတိုင်းအရှည်ရှိသော အရပ်တိုင်အောင် တံခါး ရွက်နှင့်တကွ တံခါးဘောင်ကိုမြဲမြံစွာထားခြင်းငှါ လေသာပြတင်းကို အပြေအပြစ်ပြု ခြင်း အမိုး၏ နှစ်စဉ် သုံးစဉ် နှစ်ထပ်သုံးထပ် ပြုစိမ့်သောငှါ မြက်သစ်ပင် မရှိရာ အရပ်၌ရပ်လျက် စီရင်အပ်၏ နှစ်စဉ်သုံးစဉ် နှစ်ထပ်သုံးထပ်ထက် အလွန်ကား စိမ်းသောမြက်သစ်ပင် မရှိရာအရပ်၌လည်း စီရင်ခြင်းကြောင့်ဖြစ်သောအာပတ်။

၁၀ သိလျက် ပိုးရှိသောရေကိုမြက်ထက် မြေထက်သို့ သွန်ခြင်း နည်းသော ရေရှိသောအိုင်၌ မြက်ကိုသွန်ခြင်း မြေကိုသွန်ခြင်းကြောင့်ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

## ဘိက္ခုနီ နေဝါဒဝဂ်

ဘိက္ခုနီဩဝါဒဝဂ်၌ တဆယ်ဟူသည်ကား—

၁ ဘိက္ခုနီ နေဝါဒကသမ္မုတိမရဘဲ ရဟန်းမိန်းမတို့ကို ဂရုဓမ္မဖြင့်ဆုံးမခြင်းကြောင့် ဖြစ်သောအာပတ်။

၂ သမ္မုတိရသော်လည်း နေဝင်ပြီးမှဆုံးမခြင်းကြောင့်ဖြစ်သောအာပတ်။

၃ ရဟန်းမိန်းမ နာသောအခါမှတပါး ရဟန်းမိန်းမတို့၏ ကျောင်းသို့ကပ်၍ရဟန်းမိန်းမတို့ကို ဆုံးမခြင်းကြောင့်ဖြစ်သော အာပတ်။

၄ မထေရ်ဖြစ်ကုန်သော ရဟန်းတို့သည် ဆွမ်းအစရှိသော အာမိသကိုငဲ့သဖြင့် ရဟန်းမိန်းမတို့ကို ဆုံးမကုန်၏ဟု ဆိုမိခြင်းကြောင့် ဖြစ်သောအာပတ်။

၅ ဖလယ်ကြသည်မှတပါး အဆွေမတော်သော ရဟန်းမိန်းမအား သင်္ကန်း ပေးခြင်းကြောင့်ဖြစ်သော အာပတ်။

၆ အဆွေမတော်သော ရဟန်းမိန်းမ၏ သင်္ကန်းကို မိမိချုပ်ခြင်း သူ့ကိုချုပ်စေခြင်းကြောင့်ဖြစ်သော အာပတ်။

၇ ရဟန်းမိန်းမနှင့် ညီညွတ်တိုင်ပင်၍ အခွန့်ရှည်စွာ တကြောင်းတည်းသော ခရီးသို့ သွားခြင်းကြောင့်ဖြစ်သော အာပတ်။ (ဤ၌ ကြက်ပျံတကျမသွားအပ်)။

၈ ရဟန်းမိန်းမနှင့် ညီညွတ်တိုင်ပင်၍ လှေတစင်းတည်း အထက်အောက်စီးခြင်းကြောင့်ဖြစ်သော အာပတ်။ (ဖီလာကားစီးအပ်၏ လူမိန်းမနှင့်ကားအောက်အထက်သော်လည်း စီးအပ်၏ဟု ဆရာတို့မိန့်သတည်း)။

၉ ရှေး၌လူတို့ စီရင်အပ်သည်မှတပါး ရဟန်းမိန်းမတို့စီရင်သော ဆွမ်းကို စားခြင်းကြောင့်ဖြစ်သော အာပတ်။

၁၀ ရဟန်းမိန်းမနှင့် နှစ်ကိုယ်ရည် တယောက်သည် တယောက်ချင်းနား ကွယ်ရာ မျက်စိကွယ်ရာအရပ်၌ နေခြင်းကြောင့်ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

## ဘောဇနဝဂ်

ဘောဇနဝဂ်၌ တဆယ်ဟူသည်ကား—

၁ ညွှဲ့သည်တို့အား စားစိမ့်သောငှါ ထားသောဆွမ်းကို တထပ်ထက် အလွန်မဖျားမနာဘဲ စားခြင်းကြောင့်ဖြစ်သော အာပတ်။

၂ ဂိလာန သမယ စသော ခုနစ်ပါးသောသမယမှတပါး ဂဏဘောဇဉ်ကို စားခြင်းကြောင့်ဖြစ်သော အာပတ်။

၃ ဂိလာနသမယ စသော သုံးပါးသောသမယမှတပါး ပရံပရ ဘောဇဉ် ကို စားခြင်းကြောင့်ဖြစ်သော အာပတ်။

၄ လက်ဆောင်အလို့ငှါ စီရင်အပ်သော ကတွတ်မုံ့ ကျဲသဲမုံ့ ရိက္ခာအလို့ငှါ စီရင်အပ်သောကြွက်ကျစ်မုံ့တို့ဖြင့်အိမ်သို့ကပ်သော ရဟန်းကိုဘိတ်ရာ၌နှစ်သပိတ် သုံးသပိတ်ထက် အလွန်ခံခြင်းကြောင့်ဖြစ်သော အာပတ်။ (အလွန်ခံလျှင် လက် ဆောင်ပေးဘို့ ရိက္ခာဆောင်ဘို့ မရှိမည်ကြောင့်ဆိုသည်)။

၅ ဆွမ်းစားဆဲ ကပ်လာသောဘောဇဉ်ကို တန်ပြီဟု မြစ်မိသောရဟန်း သည် ပဝါရိတ်သင့်သည်မည်၏ ထိုပဝါရိတ်သင့်သော ရဟန်းသည် ဇ္ဇာရိယာပုထ် ပျက်ပြီးနောက် ထိုနေ့အသစ် ကပ်ကပ်သမျှသော ဘောဇဉ်ကို အတိရိတ်ဝိနည်း ကံမပြုမူ စားအပ်သည် မပြုဘဲစားခြင်းကြောင့်ဖြစ်သော အာပတ်။

၆ စောဒနာလိုသည်ဖြစ်၍ ပဝါရိတ်သင့်သောရဟန်းကို အတိရိတ် ဝိနည်း ကံမပြုသော ခဲဘွယ်ဘောဇဉ်ဖြင့် ခဲလော့ စားလော့ဟု ဘိတ်ခြင်းကြောင့်ဖြစ် သောအာပတ်။

၇ နေလွဲသောအခါ၌ ယာဝကာလိကဖြစ်သော ခဲဘွယ်ဘောဇဉ်ကို မျို ခြင်းကြောင့်ဖြစ်သော အာပတ်။

[အဖျော်ဟု ဆိုအပ်သော ယာမကာလိက, ထောပတ် ဆီဦး ဆီ ပျား တင်လဲ-ဟု ဆိုအပ်သော သတ္တာဟကာလိက, ကွမ်းလဘက်အစရှိသော ယာဝ

ဇီဝကဝတ္ထုကို အကြောင်းမရှိဘဲ မျိုးရာ၌ကား ဒုက္ကဋ်သာ နေလဲ့မှုအကြောင်း တပဲမရှိဘဲ ကွမ်းလဘက် စားကုန်သော ရဟန်းသာမဏေတို့ကား အတိလဟုက ပုဂ္ဂိုလ်ချည်းတည်းဟု ပိုက်သင်ပထမကျော် ဘုန်းတော်ကြီးဘုရား ဥဿျစ်ကုန်းဘုန်းကြီး အမေးတွင် မိန့်သည်]။

၈ သန္နိဓိသင့်သော ခဲဘွယ် ဘောဇဉ်ကို စားခြင်းကြောင့် ဖြစ်သော အာပတ်။ (ရဟန်းကိုယ်တိုင်အကပ်ခံ၍ တနေ့သိုမှီးသည့် ယာဝကာလိကဝတ္ထုကို သန္နိဓိ သင့်သည်ဟုဆိုသည်)။

၉ မွန်မြတ်သောဘောဇဉ်နှင့် ရောနှော၍အပ်သောအစာတို့ကို တောင်း၍ စားခြင်းကြောင့်ဖြစ်သော အာပတ်။ (ထောပတ်နှင့် ရောသောအစာကို ပေးပါစသည်ဖြင့် တောင်းသည်ဟူလို)။

၁၀ ရေဒန်ပူမှတပါး သူမကပ်သောဝတ္ထုကို ရေမျိုတဘက်သို့ သွင်းခြင်းကြောင့်ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

## အစေဋ္ဌကဝဂ်

အစေဋ္ဌကဝဂ်၌တဆယ်ဟူသည်ကား—

၁ အစေဋ္ဌက ပရိဗ္ဗာဇကတို့အား မိမိလက်ဖြင့် ခဲဘွယ်ဘောဇဉ်ကိုပေးခြင်းကြောင့်ဖြစ်သော အာပတ်။ (အစေဋ္ဌကကား အဝတ်မဝတ်သောတက္ကဒွန်းတည်း။ ပရိဗ္ဗာဇကကား ရဟန်းယောင်မူသော ပရိဗိုဇ်တည်း)။

၂ ရွာနိဂုံးသို့ဆွမ်းအလို့ငှါ ဝင်သောရဟန်းသည် အိမ်သို့ကပ်၍ပြောဟောလိုရာ မပြောရာဟု အဘော်ရဟန်းကို နှင်လိုက်ခြင်းကြောင့်ဖြစ်သော အာပတ်။

၃ စည်းစိမ်ခံဘော် ရှိသောအိမ်၌ တိုက်ခန်းတွင်းသို့ဝင်၍ နေခြင်းကြောင့်ဖြစ်သော အာပတ်။ (လင်မယားနှစ်ယောက်စုံရှိသည့် တိုက်ခန်းဆိုသည် ထိုသူတို့ဆန္ဒရှိခိုက် ရဟန်းသွားခဲ့ရကား ဤသိက္ခာပုဒ်ဖြစ်သည်)။

၄ နား မျက်စိကွယ်သော တိုက်နံရံစသည်တို့ဖြင့် ဖုံးလွှမ်းအပ်သောနေရာ၌မာတုဂါမနှင့်တကွ နေခြင်းကြောင့်ဖြစ်သော အာပတ်။

၅ နား မျက်စိကွယ်ရာအရပ်၌ မာတုဂါမနှင့် နှစ်ကိုယ်ရည် တယောက်သည် တယောက်ချင်း နေခြင်းကြောင့်ဖြစ်သော အာပတ်။

၆ စီဝရဒါနသမယ စီဝရကာလသမယမှတပါး နက်ဖြန်ကျောင်းမှာဆွမ်းလှူလာပါမည်ဟု ဘိတ်အပ်သောဆွမ်းရှိလျက် ထင်ရှားရှိသောရဟန်းကို ငါ့ရှင် ငါ့ကိုယ်စား ဘုဉ်းပေးပါလေဟု မမှာမထားဘဲ သွားခြင်းကြောင့် ဖြစ်သော အာပတ်။

၇ လေးလသာဆေးဖြင့် ဘိတ်သည်ကို လေးလထက်အလွန် တောင်းခြင်းကြောင့်ဖြစ်သော အာပတ်။

၈ ပြည်မှထွက်သော စစ်သည်ကိုရှုခြင်းငှါ သွားခြင်းကြောင့် ဖြစ်သော အာပတ်။

၉ စစ်သည်ဘောင်၌ နာသောမိဘအား လုပ်ကျွေးလိုခြင်းစသော တစုံတခုသော အကြောင်းကြောင့် စစ်သည်ဘောင်၌ နေသောရဟန်းအား နှစ်ညဉ့် သုံးညဉ့်သာ နေအပ်၏ ထိုထက်အလွန် နေခြင်းကြောင့်ဖြစ်သော အာပတ်။

၁၀ ထိုအကြောင်းကြောင့် စစ်သည်ဘောင်၌ နေသောရဟန်းသည် စစ်တိုက်ရာအရပ် ဗိုလ်ချင့်ရာအရပ် စစ်ဆင်ရာအရပ်ဆင်အနိကမြင်းအနိကကိုရှုကြည့်ရာအရပ်သို့သွားခြင်းကြောင့်ဖြစ်သောအာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

## သုရာပါနဝဂ်

သုရာပါနဝဂ်၌တဆယ်ဟူသည်ကား—

၁ သုရာမေရယ သေ ဘင်း ဘိန်းစသော မဇ္ဇဟုဆိုအပ်သောယစ်ခြင်းကိရိယာကို ဖြစ်စေတတ်သော သုံးပါးသောယစ်မျိုးကို သောက်စားခြင်းကြောင့် ဖြစ်သော အာပတ်။

၂ လက်ချောင်းဖြင့် လက်ကတီးစသည်၌ ထိုး၍ ကစားခြင်းကြောင့် ဖြစ်သော အာပတ်။

၃ ဖမျက်ထက် လွန်သောရေ၌ ရယ်ရွှင် ကစားခြင်းကြောင့် ဖြစ်သော အာပတ်။

၄ ပုဂ္ဂိုလ်ကို မရိုမသေခြင်း ဓမ္မကို မရိုမသေခြင်းကြောင့် ဖြစ်သော အာပတ်။

၅ ရဟန်းပဥ္စင်းကို ချောက်ခြင်း ကြောက်စေခြင်းကြောင့် ဖြစ်သော အာပတ်။ (လူသာမဏေကို ချောက်သော်ကား ဒုက္ကဋ်သာ)။

၆ ဆီမီး ညှိလိုခြင်းစသော အကြောင်းမှတပါး မနာဖျားဘဲ လှုံလိုသည် ဖြစ်၍ မီးကိုမိမိညှိခြင်း သူ့ကို ညှိစေခြင်းကြောင့် ဖြစ်သောအာပတ်။ (ယခုအခါ ရဟန်းတို့ကိုယ်တိုင် မီးမှုတ်ခြင်း စသည်ကိုပြု၍ ဆောင်းလတမ့်ဟု မီးလှုံကြ သည်ကား ဗာလအဇ္ဈတ္တတို့ ဓလေ့သာ)။

၇ ပူသောအခါ အိုက်သောအခါ နာသောအခါ အမှုလုပ်သောအခါ အခွန့်ရှည်သော ခရီးကိုသွားသောအခါ လေနှင့်တကွ မိုးလာသောအခါမှတပါး လခွဲမပြည့်မီ ရေချိုးခြင်းကြောင့် ဖြစ်သော အာပတ်။ (ဤကား မဇ္ဈိမဒေသ အရပ်မှာသာ ယူအပ်၏)။

၈ ကပ္ပဗိန္ဒုမထိုးဘဲ အသစ်ဖြစ်သော သင်္ကန်းကို သုံးဆောင်ခြင်းကြောင့် ဖြစ်သောအာပတ်။ (ကပ္ပဗိန္ဒုကို သင်္ကန်း၏လေးထောင့်တို့တွင် တထောင့်ထောင့် ၌သာ ဒေါင်းမျက်ကွင်းပမာဏ တလုံးသာ ကြေးညို သစ်ရွက်ညို ရွှံ့ညို ဤသို့ အဆင်းညိုသုံးပါးတို့တွင် တပါးပါးဖြင့် ထိုးအပ်၏ ထောင့်တိုင်း မထိုးအပ် နှစ်လုံး သုံးလုံးလည်း မထိုးအပ်)။

၉ သီတင်းသုံးဘော် ငါးယောက်တို့တွင် တယောက်ယောက်၌ ဝိကပ္ပနာ ပြုသော သင်္ကန်းကို ထိုသူတို့ ပစ္စုဒ္ဓိရ်မပြုဘဲ သုံးဆောင်ခြင်းကြောင့် ဖြစ်သော အာပတ်။

၁၀ ရဟန်းတယောက်၏ သပိတ်သင်္ကန်း စသည်ကို ရယ်ရွှင်လိုသော အားဖြင့် ဝှက်ခြင်းကြောင့်ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

## သပ္ပါဏကဝဂ်

သပါဏကဝဂ်၌ တဆယ်ဟူသည်ကား—

၁ တိရစ္ဆာန်ဖြစ်သောသတ္တဝါကို သေစေခြင်းကြောင့်ဖြစ်သောအာပတ်။

၂ ပိုးရှိသောရေကို ပိုးရှိမှန်းသိလျက် သုံးဆောင်ခြင်းကြောင့် ဖြစ်သော အာပတ်။

၃ ပါဠိလာတိုင်း ငြိမ်းလေပြီးသော အဓိကရုဏ်းကို အမှုဖြစ်စေခြင်းငှါ လှန်ပြန်ခြင်းကြောင့် ဖြစ်သော အာပတ်။

၄ ရဟန်းတယောက်၏ သံဃာဒိသိသ် အာပတ်ကိုဖုံးလွှမ်း ကွယ်ဝှက်ခြင်းကြောင့်ဖြစ်သော အာပတ်။

၅ အနှစ်နှစ်ဆယ် မပြည့်သောသူကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံခြင်းကြောင့် ဖြစ်သော အာပတ်။ (ကမ္မဝါဆရာပြုသူ ဂိုဏ်းဆရာပြုသူတို့ကား ဒုက္ကဋ်သာ ထိုသူလည်း ပဉ္စင်းမဖြစ်)။

၆ ခိုးသူဖြစ်သော လှည်းကုန်သည်နှင့် တိုင်ပင်ညီညွတ်၍ အဓွန့်ရှည် တကြောင်းတည်းသော ခရီးသို့ ကြက်ပျံတကျပင်လည်း သွားခြင်းကြောင့် ဖြစ်သော အာပတ်။

၇ မာတုဂါမနှင့် တိုင်ပင်ညီညွတ်၍ အဓွန့်ရှည် တကြောင်းတည်းသော ခရီးသို့ ကြက်ပျံတကျပင်လည်း သွားခြင်းကြောင့်ဖြစ်သော အာပတ်။

၈ မိန်းမတို့၏ အတွေ့ဟုဆိုအပ်သော ဥပါဒိဏ္ဏကဖဿနှင့် ဘုံလျှိုပုတီးစသော အနုပါဒိဏ္ဏကဖဿသည် ဖဿ၏အဖြစ်ဖြင့် အတူတူဖြစ်လျက် မာတုဂါမတို့၏ အတွေ့၌ ရဟန်းတို့ မအပ်ဟူသည်မလျော်ဟု နှလုံးသွင်းသောအားဖြင့် ဥပါဒိဏ္ဏကဖဿနှင့် အနုပါဒိဏ္ဏကဖဿကို အတူတူပြု၍ မာတုဂါမ၏ အတွေ့သည် ရဟန်းတို့အား အပ်၏ဟုယူသော အရိဋ္ဌမည်သော ရဟန်းကဲ့သို့ ဈာန် မဂ် ဖိုလ်၏ အန္တရာယ်ဖြစ်သော ဓမ္မဟု ဟောတော်မူအပ်သော မေထုနဓမ္မကို မှီဝဲသော ရဟန်းအား အပြစ်မရှိဟု ယူခြင်းကြောင့်ဖြစ်သော အာပတ်။

၉ ထိုသို့သဘောရှိသောအယူရှိသော ရဟန်းတို့နှင့် ထိုအယူကိုမစွန့်မခြင်း သံဝါသ, သမ္ဘောဂ, သဟသေယျ ပြုခြင်းကြောင့်ဖြစ်သော အာပတ်။

၁၀ ထိုအတူအယူရှိသော သာမဏေကို ရဟန်းတို့သည် အဇ္ဈတ္တေအာဝုသော-စသည်ဖြင့် နာသနကံကို ပြုပြီးနောက် ဖြားယောင်းခြင်း လုပ်ကျွေးစေခြင်း တမိုးတရံတည်းအိပ်ခြင်းကြောင့် ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

## သဟာဓမ္မိကဝဂ်

သဟာဓမ္မိကဝဂ်၌ တဆယ့်နှစ်ဟူသည်ကား—

၁ သီတင်းသုံးဘော်ဖြစ်ကုန်သောရဟန်းတို့သည်ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဖြင့် သင်၏အမူအရာသည် မသင့်ဟု ဆိုအပ်သည်ရှိသော် သင်တို့မှတပါး သော ဝိနည်း၌လိမ္မာသော ဝိနည်းဓိုရ်ဖြစ်သော ရဟန်းကို မေးဦးမည် မမေးရ သေးသမျှ သင်တို့အဆိုကို ငါမကျင့်ဟု ပယ်ခြင်းကြောင့် ဖြစ်သော အာပတ်။ (သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဥှိတဗ္ဗံ-ဟု ဟောတော်မူသောကြောင့် ယင်းသို့မဆိုအပ် သိအောင်သာပြုအပ်သည်အဖန်တ လဲလဲသာ မေးအပ်သည် အဖန်တလဲလဲသာ ကြံအပ်သည်ဟူလို)။

၂ . ဥပုသ်နေ့သို့ရောက်၍ သိမ်၌ပါတိမောက် ပြအပ်သည်ရှိသော် ဤခုဒ္ဒါနု-ခုဒ္ဒက သိက္ခာပုဒ်တို့ဖြင့် အဘယ်မူစအံ့နည်း အလွန်ကုက္ကုစ္စဖြစ်ခြင်းငှါ အလွန် ပင်ပန်းခြင်းငှါအလွန် ယုံမှားခြင်းငှါသာ ဖြစ်ကုန်၏ဟု ဆို၍ သိက္ခာပုဒ်တော်ကို ကဲ့ရဲ့ခြင်းကြောင့် ဖြစ်သော အာပတ်။

၃ လခွဲတကြိမ် ပါတိမောက်ပြသည်ရှိသော် ငါ့ရှင်တို့ ဤပါဠိသည် ဝိနည်း ပါဠိမှလာ၏ ဝိနည်းပါဠိ၌ အကျုံးဝင်၏ လခွဲတကြိမ်သာ ပြအပ်သည်၏ အဖြစ်သို့ ရောက်၏ဟူ၍ ယခုမှငါသိသည်ဟုဆိုသဖြင့် မသိရောင်မူသောရဟန်းအား ရဟန်း တို့သည် မောဟာရောပနကံသို့ တင်အပ်၏ ထိုမောဟာရောပနကံသို့တင်ခြင်း ကြောင့်ဖြစ်သော အာပတ်။

၄ အမျက်ထွက်သည် နှလုံးမသာသည်ဖြစ်၍ ရဟန်းကို ပုတ်ခတ်ခြင်း ကြောင့်ဖြစ်သော အာပတ်။ (လူသာမဏေကို ပုတ်ခတ်မူ ဒုက္ကဋ်အာပတ်သာ)။

၅ အမျက်ထွက်သည် နှလုံးမသာသည်ဖြစ်၍ ရဟန်းကို လက်ဝါးပျက် မိုးခြင်းကြောင့်ဖြစ်သော အာပတ်။ (လူသာမဏေကို လက်ဝါးပျက်မိုးမူ ဒုက္ကဋ် အာပတ်သာ)။

၆ ရဟန်းတပါးကို ဒိဋ္ဌသုတပရိက်ကိတမရှိဘဲ သံဃာဒိသ်အာပတ်ဖြင့်စွပ်စွဲ င်းကြောင့်ဖြစ်သော အာပတ်။

(၈) ၂၀၅-၄

၇ နှလုံးမသာ စိမ့်သောငှါ ရဟန်းတပါးအား ကုက္ကုစ္စကို ဖြစ်စေခြင်းကြောင့်ဖြစ်သော အာပတ်။ (သင်ပဥ္စင်းခံသည်ကာလ အနှစ်နှစ်ဆယ် ပြည့်မည် မထင် စသည်ဖြင့် ဆိုသည်ဟူလို)။

၈ ကလဟ ဝိဝါဒ ဖြစ်ကုန်သော ရဟန်းတို့၏ အနီး၌ ထိုသူတို့စကားကို နားအံ့ဟု တည်ခြင်းကြောင့် ဖြစ်သော အာပတ်။

၉ တရားနှင့်လျော်သော လေးပါးသောကံတို့၏ ဆန္ဒကိုပေးပြီး၍ နောက်မှ ရှုတ်ချကဲ့ရဲ့ခြင်းကြောင့် ဖြစ်သော အာပတ်။

၁၀ သံဃာ၌ ဝိနည်းအဆုံးအဖြတ် ပြုလတ်သော် ဆန္ဒမပေးမူ၍ နေရာမှ ထသွားခြင်းကြောင့်ဖြစ်သော အာပတ်။

၁၁ သမဂ္ဂသံဃာနှင့်တကွ သင်္ကန်းပေးပြီး၍ နောက်မှ အဆွေခင်ပွန်းရှိရာ အရပ်သို့ သံဃိက လာဘ်ကို ညွတ်စေကုန်၏ဟု ရှုတ်ချခြင်းကြောင့် ဖြစ်သော အာပတ်။

၁၂ သံဃာကို ညွတ်လေပြီးသော သံဃိကလာဘ်ကို ပုဂ္ဂိုလ်အား ညွတ်စေခြင်းကြောင့်ဖြစ်သော အာပတ်အားဖြင့် တဆဲ့နှစ်ပါးဖြစ်သတည်း။

## ရတနဝဂ်

ရတနဝဂ်၌ တဆယ်ဟူသည်ကား—

၁ ရေမြေကို အစိုးရသော မုဒ္ဒါဘိသိက်ခံသော မင်း၏အိပ်ရာခန်းတိုက်မှ မင်းမထွက်မီ မိဖုယားမထွက်မီ ရှေး၌မကြားဦးဘဲ အိပ်ရာခန်းတိုက်၏ တံခါးခုံကို လွန်စေခြင်းကြောင့်ဖြစ်သော အာပတ်။

၂ အာရာမ်တွင်း ကျောင်းတွင်းမှ တပါးသောအရပ်၌ ကျခဲ့သော ရတနာ ဆယ်ပါးကိုရင်း ရတနာဟု သမုတ်အပ်သော သုံးဆောင်ဘွယ် ဝတ္ထုကိုရင်း မိမိ ကောက်ခြင်း သူ့ကိုကောက်စေခြင်းကြောင့်ဖြစ်သော အာပတ်။ (အာရာမ်တွင်း ကျောင်းတွင်း၌ ဖြစ်မူကား အကြင်အခါ ဥစ္စာရှင်လာအံ့ ထိုအခါပေးအံ့ဟု နှလုံးပိုက်၍ သူ့ကိုသော်လည်း ကောက်၍ထားစေအပ်၏။ စေအပ်သူမရှိသော် ကိုယ်တိုင်ပင်လည်း ကောက်ထားအပ်၏ ထားသည်ကာလ အမှတ်သညာကိုပြု

အပ်၏ နောင်တောင်းလာသည်ကာလ အမှတ်ကိုမေး၍ ညီသော်ပေးအပ်၏ မညီသော် စူးစမ်းဆင်ခြင်ဦးဟု ဆိုအပ်၏)။

၃ အဆောတလျင်ပြုအပ်သော ကိစ္စရှိသည်မှတပါး နေလွဲရှာဝင်လိုသော ရဟန်းသည် ထင်ရှားရှိသောရဟန်းကို "အဟံဘန္တေ ဝိကာလေ ဂါမ ပဝေသနံ အာပုစ္ဆာမိ" စသည်ဖြင့် ပန်၍ဝင်အပ်၏ မပန်ဘဲ ဝင်ခြင်းကြောင့် ဖြစ်သော အာပတ်။ (နေမလွဲသေးသော်ကား ပန်ဘွယ်မရှိ အကြင်ကျောင်း၌ ဥပဇ္ဈာယ်ဆရာရှိ၏ နိသျည်း ဆရာသော်လည်းရှိ၏ ထိုကျောင်း၌ နေသောရဟန်းသည် ထိုဆရာတို့ကိုမပန်ဘဲ မည်သည့်အခါမဆို မည်သည့်အရပ်မဆိုမသွားအပ် ထိုဆရာတို့လည်း နေလွဲရှာဝင်လိုမူ ထင်ရှားရှိသောရဟန်းကို ပန်မှဝင်အပ်သည် နေလွဲအခါမဟုတ် ရွာမဟုတ် မပန်ရပြီ ယခုအခါ ဘုရားရှင် ရုပ်တုတော်မှာ ပန်၍သွားကြလေသည်ကား ရယ်ဘွယ်သာ ဘုရားမှာ ပန်ရမည်ဝိနည်းမဆို သန္တိကံအနာပုစ္ဆိတွာ ဟူ၍ရင်း, ဥပဇ္ဈာယံအနာပုစ္ဆိတွာ ဟူ၍ရင်း, အာစရိယံအနာပုစ္ဆိတွာ ဟူ၍ရင်း ဤသာဝိနည်းလာသည်)။

၄ အရိုးဖြင့်ပြီးသော အပ်ကျည် ဆင်စွယ်ဖြင့်ပြီးသောအပ်ကျည် သားချိုဖြင့်ပြီးသောအပ်ကျည်ကို ပြုခြင်းကြောင့်ဖြစ်သော အာပတ်။ (ဤ၌ပြုစေမိမူ ခွဲပြီးမှဒေသနာ ကြားအပ်သည် မခွဲဘဲကြားသော် ထိုအာပတ်မစင်ကြယ်)။

၅ အသစ် ညောင်စောင်းအင်းပျဉ်ကို ပြုစေခြင်းငှါ အလိုရှိသော ရဟန်းသည် မြတ်စွာဘုရား လက်ရှစ်သစ်အခြေရှိသော ညောင်စောင်းအင်းပျဉ်ကိုသာ ပြုစေအပ်၏ အောက်အပေါင်မှတပါး ထိုအတိုင်းအရှည်ကို လွန်စေခြင်းကြောင့် ဖြစ်သော အာပတ်။ (ဤ၌လည်း ပြုစေမိမူ ဖြတ်ပြီးမှ ဒေသနာ ကြားအပ်သည် မြတ်စွာဘုရား လက်ရှစ်သစ်သည် မြတ်စွာဘုရားတမိုက်ရှိ၏ မြတ်စွာဘုရား တမိုက်သည် မဇ္ဈိမပုရိသသုံးမိုက်ဖြစ်၏ တတောင်ဟူလို။ မဇ္ဈိမပုရိသ တတောင်သည် ပကတိပုရိသ တတောင်ထွာဖြစ်၏ ထို့ကြောင့် ဘုရားမြတ်စွာ လက်ရှစ်သစ်သည် ပကတိပုရိသ တတောင်ထွာရှိ၏ဟုသိ)။

၆ လဲဖြင့်သွတ်၍ကြက်သော ညောင်စောင်း အင်းပျဉ်ကို ပြုစေခြင်းကြောင့်ဖြစ်သော အာပတ်။ (ဤ၌လည်းပြုစေမိမူ လှန်စေ ဖျက်စေပြီးမှ ဒေသနာကြားအပ်သည်)။

၇ နိသီဒိုန်သစ်ပြုလိုသော ရဟန်းသည် မြတ်စွာဘုရား အထွာတော်ဖြင့် အလျားနှစ်ထွာ အနံတထွာခွဲ အဆာတထွာ ပမာဏရှိသော နိသီဒိုန်ကိုသာပြုအပ်၏။ ထိုထက်လွန်ခြင်းကြောင့်ဖြစ်သော အာပတ် (ဤ၌လည်း လွန်မိမူ ဖြတ်ပြီးမှ ဒေသနာကြားအပ်၏ လွန်ခြင်းကြောင့်သာ သင့်သည် ယုတ်မူ အပြစ်မရှိ မြတ်စွာဘုရားအထွာသည် မဇ္ဈိမပုရိသသုံးထွာဖြစ်၏။ မဇ္ဈိမပုရိသ နှစ်ထွာသည် ပကတိပုရိသ သုံးထွာဟူသိ)။

၈ အမာလွှမ်း ပြုလိုသော ရဟန်းသည် မြတ်စွာဘုရား အထွာတော်ဖြင့် အလျားလေးထွာ ပမာဏရှိသော အမာလွှမ်းကိုသာ ပြုအပ်၏ ထိုထက်လွန်ခြင်း ကြောင့်ဖြစ်သော အာပတ်။ (ဤ၌လည်း ဖြတ်ပြီးမှ ဒေသနာ ကြားအပ်၏ လွန်ခြင်းကြောင့် သင့်သည် ယုတ်မူမထောင်းသာ အပြစ်မရှိ)။

၉ မိုဃ်းရေခံသင်္ကန်းကို ပြုလိုသောရဟန်းသည် မြတ်စွာဘုရား အထွာတော်ဖြင့် အလျားခြောက်ထွာ အနံနှစ်ထွာခွဲ ပမာဏရှိသော မိုဃ်းရေခံသင်္ကန်းကိုသာပြုအပ်၏ ထိုထက် လွန်ခြင်းကြောင့်ဖြစ်သော အာပတ်။ (ဤ၌လည်းယုတ်မူ မထောင်းသာ လွန်သော်သာသင့်သည် လွန်မိလျှင်ဖြတ်ပြီးမှ ဒေသနာကြား)။

၁၀ မြတ်စွာဘုရား သင်္ကန်းတော် ပမာဏရှိသော သင်္ကန်းကို ပြုမိခြင်း ကြောင့်ဖြစ်သော အာပတ်။ (ဤ၌လည်း လွန်သော်သာသင့်သည် ယုတ်မူမသင့် လွန်စေမိသော် ဖြတ်ပြီးမှ ဒေသနာကြားသင့်သည် မြတ်စွာဘုရား သင်္ကန်းတော် ပမာဏကား မြတ်စွာဘုရား အထွာတော်ဖြင့် အလျားကိုးထွာ အနံခြောက်ထွာ ရှိသောဟူ၏)။

ဤသို့လျှင်အလုံးစုံ သုဒ္ဓပါစိတ်အာပတ်သည် မုသာဝါဒဝဂ်၌ တဆယ်စသော အားဖြင့် ကိုးဆဲ့နှစ်ပါး အပြားရှိ၏။

ပါစိတ်အကျဉ်း ပြီး၏။

## ပါဋိဒေသနီ

ပါဋိဒေသနီ အာပတ်သည်—

၁ ရွာတွင်းသို့ဝင်သော အဆွေမတော်သောရဟန်းမိန်းမ၏လက်မှ ခဲဘွယ် ဘောဇဉ်ကို မိမိလက်ဖြင့်ခံခြင်း စားခြင်းကြောင့်ဖြစ်သော အာပတ်။

၂ ဒါယကာတို့၏ အိမ်တို့၌ ဘိတ်အပ်သည်ဖြစ်၍ ဆွမ်းစားရာ၌ ရဟန်းမိန်းမတို့သည် ဤအရှင်၏ သပိတ်၌ဟင်းကို ဤအရှင်၏သပိတ်၌ ထမင်းကို လှူကုန်လော့ဟုစီရင်သည်ကို မပယ်ခြင်းကြောင့်ဖြစ်သော အာပတ်။

၃ သေခသမ္မုတိကိုရသော အမျိုးတို့၌ ရှေး၌မဘိတ်ဘဲ မနာမဖျားဘဲ ခဲဘွယ်ဘောဇဉ်ကို မိမိလက်ဖြင့်ခံ၍ ခဲခြင်းကြောင့်ဖြစ်သော အာပတ်။

၄ ရှိရှာဘွယ်ရှိ၏ဟု သမုတ်အပ်သော ဘေးဘျမ်းရှိသော တောကျောင်းတို့၌ ရှေး၌မကြားအပ်သော ခဲဘွယ်ဘောဇဉ်ကို အာရာမ်တွင်း၌ မိမိလက်ဖြင့်ခံ၍ မနာမဖျားဘဲ ခဲခြင်းစားခြင်းကြောင့်ဖြစ်သော အာပတ်အားဖြင့် လေးပါးဖြစ်သတည်း။

ဤသို့လျှင် အလုံးစုံ ပါဋိဒေသနီအာပတ်သည် အန္တရဃရပဝိဋ္ဌ ပါဋိဒေသနီအစရှိသောအားဖြင့် လေးပါးဖြစ်သတည်း။

ပါဋိဒေသနီအကျဉ်း ပြီး၏။

---

## သေခိယဒုက္ကဋ်

ဒုက္ကဋ်အာပတ်သည် သေခိယ၌လာသော ဒုက္ကဋ်နှစ်ဆဲ့ငါးပါး ခန္ဓက၌လာသော ဝတ်ကြီးတဆဲ့လေးပါး ဝတ်ငယ်နှစ်ဆဲ့နှစ်ပါးအားဖြင့် ဖြစ်သောဒုက္ကဋ်ဆိုအပ်ပြီးသော သိက္ခာပုဒ်တို့၏ အတွင်း၌လာသော ဒုက္ကဋ်အစရှိသောအားဖြင့်များသော အပြားရှိ၏ ထိုတွင် သေခိယ၌ လာသောဒုက္ကဋ် ခုနစ်ဆဲ့ငါးပါးဟူသည်ကား ပရိမဏ္ဍလဝဂ်၌တဆယ် ဥဇ္ဇဂ္ဃိကဝဂ်၌တဆယ် ခမ္ဘကတဝဂ်၌တဆယ် သက္ကစ္စဝဂ်၌တဆယ် ကဗဠဝဂ်၌တဆယ် သုရုသုရုဝဂ်၌တဆယ် ပါဒုကဝဂ်၌တဆဲ့ငါးပါးအားဖြင့် ခုနစ်ဆဲ့ငါးပါး ဖြစ်သတည်း။ ထိုတွင်—

### ပရိမဏ္ဍလဝဂ်

ပရိမဏ္ဍလဝဂ်၌ တဆယ်ဟူသော်ကား—

၁ ထက်ဝန်းကျင်မှညီညွတ်စွာ သင်းပိုင်ကို မဝတ်ခြင်း။

၂ ထက်ဝန်းကျင်မှ ညီညွတ်စွာ ကိုယ်ရုံသက်န်းကိုမရုံခြင်း။

၃ ကပတ်သိမ် ကပတ်ကွင်းချိပ်လျက် လက်လိပ်ဆင်စွယ်တင် မရုံဘဲ ရွာတွင်းသို့ဝင်ခြင်း။

၄ ထို့အတူ ရွာတွင်း၌နေခြင်း။

၅ ဣန္ဒြေကိုကောင်းစွာ စောင့်စည်းသည်ဖြစ်၍ ရွာတွင်းသို့မဝင်ခြင်း။

၆ ထို့အတူ ရွာတွင်း၌မနေခြင်း။

၇. အောက်သို့ချသော မျက်လွှာရှိသည်ဖြစ်၍ ရွာတွင်းသို့မဝင်ခြင်း။

၈ ထို့အတူ ရွာတွင်း၌ မနေခြင်း။

၉ သက်န်းကိုပင့်၍ ရွာတွင်းသို့ဝင်ခြင်း။

၁၀ ထို့အတူရွာတွင်း၌ နေခြင်းကြောင့်ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း ။

## ဥဇ္ဇဂ္ဃိကဝဂ်

ဥဇ္ဇဂ္ဃိကဝဂ်၌တဆယ်ဟူသည်ကား—

၁ ထန်စွာရယ်၍ ရွာတွင်း၌သွားခြင်း။

၂ ထို့အတူ ရွာတွင်း၌နေခြင်း။

၃ ငယ်သောအသံရှိသည်ဖြစ်၍ ရွာတွင်းသို့မသွားခြင်း။

၄ ထို့တူအတူ ရွာတွင်း၌မနေခြင်း။

၅ ကိုယ်ကိုလှုပ်၍ ရွာတွင်း၌သွားခြင်း။

၆ ထို့အတူ ရွာတွင်း၌နေခြင်း။

၇ မောင်းကိုလှုပ်၍ ရွာတွင်း၌သွားခြင်း။

၈ ထို့အတူ နေခြင်း။

၉ ဦးခေါင်းကိုလှုပ်၍ ရွာတွင်း၌သွားခြင်း။

၁၀ ထို့အတူနေခြင်းအားဖြင့် တဆယ်ဖြစ်သတည်း။

## ခမ္ဘကတဝဂ်

ခမ္ဘကတဝဂ်၌ တဆယ်ဟူသည်ကား—

၁ ခါး၌လက်ထောက်၍ ရွာတွင်း၌သွားခြင်း။

၂ ထို့အတူနေခြင်း။

၃ ဦးခေါင်းနှင့်တကွ ခြုံ၍ ရွာတွင်း၌သွားခြင်း။

၄ ထိုင်အတူနေခြင်း။

၅ ခြေညှိုးထောင်၍သွားခြင်း, ဖဗ္ဗောင့်ထောင်၍ သွားခြင်းဟု ဆိုအပ်နသော တဆွံ့နင်းသဖြင့် ရွာတွင်း၌သွားခြင်း။

၆ လက်အာယောဂပတ် ပုဆိုးအာယောဂပတ် ဘွဲ့သဖြင့် ရွာတွင်း၌ နေခြင်း။

၇ ဆွမ်းသပိတ်သို့ကျသည် မကျသည်ကို အမှတ်မမူ မရိုမသေခံခြင်း။

၈ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍ ဆွမ်းကို မခံခြင်း။

၉ ပဲနောက်ဟင်းနှင့် မျှရုံသောဆွမ်းကို မခံခြင်း။

၁၀ သပိတ်အနားရေးနှင့် မျှရုံသောဆွမ်းကို မခံခြင်းကြောင့်ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

## သက္ကစ္စဝဂ်

သက္ကစ္စဝဂ်၌ တဆယ်ဟူသော်ကား—

၁ ဆွမ်း၌ သပိတ်၌ သတိကိုမထားမူ၍ မရိုမသေစားခြင်း။

၂ သပိတ်၌သာ အမှတ်မမူ၍ဆွမ်းကို စားခြင်း။

၃ တစ တစ အစဉ်အတိုင်းယူ၍ ဆွမ်းကိုမစားခြင်း။

၄ ပဲနောက်ဟင်းနှင့် မျှရုံသောဆွမ်းကို မစားခြင်း။

၅ ဆွမ်းဦးမှနှိပ်၍ ဆွမ်းကိုစားခြင်း။

၆ များစွာလိုချင်သည်ကိုစွဲ၍ ဟင်းကိုရင်း, ဟင်းလျာကိုရင်း ဆွမ်းဖြင့် ဖုံးလွှမ်းခြင်း။

၇ မနာမဖျားဘဲ မိမိအကျိုးငှါ ဟင်းကိုရင်း, ဆွမ်းကိုရင်း တောင်း၍ စားခြင်း။

၈ ကဲ့ရဲ့လိုသောအမှတ်ရှိသည်ဖြစ်၍ ဆွမ်းစားစဉ် သူတပါးတို့၏ သပိတ်ကို ကြည့်ခြင်း။

၉ ကြီးလွန်းသော ဆွမ်းလုပ်ကိုပြုခြင်း။
၁၀ အ၀န်းညီသော ဆွမ်းလုပ်ကို မပြုခြင်းကြောင့်ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

## ကဗဠ၀ဂ်

ကဗဠ၀ဂ်၌ တဆယ်ဟူသည်ကား—

၁ ဆွမ်းလုပ်ကို မဆောင်မီ ခံတွင်း၀ကို ရှေးဦးစွာဘွင့်နှင့်ခြင်း။
၂ ဆွမ်းစားစဉ် လက်ချောင်းကို ခံတွင်းသို့သွင်းခြင်း။
၃ ခံတွင်း၌ ဆွမ်းလုပ်ရှိလျက် စကားပြောဟောခြင်း။
၄ ဆွမ်းလုပ်ကိုမြှောက်၍ စားခြင်း။
၅ ဆွမ်းလုပ်ကို ဖြတ်၍စားခြင်း။
၆ မျောက်ကဲ့သို့ပါးစောင်၌ထား၍စားခြင်း။
၇ လက်ကိုခါ၍စားခြင်း။
၈ ဆွမ်းလုံးကိုကြဲ၍ စားခြင်း။
၉ လျှာကိုထုတ်၍စားခြင်း။
၁၀ စပေါက်စပက် စပ်စပ်ပြု၍ စားခြင်းကြောင့်ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

## သုရုသုရု၀ဂ်

သုရုသုရု၀ဂ်၌ တဆယ်ဟူသည်ကား—

၁ ရှုပ်ရှုပ်ပြု၍စားခြင်း။
၂ လက်ကိုလျက်၍ စားခြင်း။
၃ သပိတ်ကိုလျက်၍စားခြင်း။
၄ နှုတ်ခမ်းကိုလျက်၍စားခြင်း။
၅ အာမိသကပ်သောလက်ဖြင့် သောက်ရေခွက်ကိုကိုင်ခြင်း။
၆ ဆွမ်းလုံးရှိသော သပိတ်ဆေးရေကို ရွာတွင်း၌စွန့်ခြင်း။
၇ ထီးလက်၌ရှိသော မနာမဖျားသောသူအား တရားဟောခြင်း။
၈ လှံကန်လက်၌ရှိသော မနာမဖျားသောသူအား တရားဟောခြင်း။

၉ သန့်လျက်လက်၌ရှိသော မနာမဖျားသောသူအား တရားဟောခြင်း။

၁၀ လက်၌လက်နက်ရှိသော မနာမဖျားသောသူအား တရားဟောခြင်းကြောင့် ဖြစ်သော အာပတ်အားဖြင့် တဆယ်ဖြစ်သတည်း။

## ပါဒုကဝဂ်

ပါဒုကဝဂ်၌ တဆဲ့ငါးပါးဟူသည်ကား—

၁ ခြေနင်းစီးသော မနာမဖျားသောသူအား တရားဟောခြင်း။

၂ ဘိနပ်စီးသော မနာမဖျားသောသူအား တရားဟောခြင်း။

၃ ယာဉ်ထက်နေသော မနာမဖျားသောသူအား တရားဟောခြင်း။

၄ အိပ်ရာ၌နေသော မနာမဖျားသောသူအား တရားဟောခြင်း။

၅ လက်အာယောဂပတ် ပုဆိုးအာယောဂပတ် ဘွဲ့လျက်နေသော မနာမဖျားသောသူအား တရားဟောခြင်း။

၆ ဦးရစ်ပေါင်းသော မနာမဖျားသောသူအား တရားဟောခြင်း။ (ဤ၌ ယခုအခါ ပေါင်းသည်ကား ခေါင်းထဲသာ၊ ဦးရစ်ပေါင်းဟူသည်ကား ဆံရင်းဆံထုံးကို မမြင်ရအောင်ပေါင်းထုပ်ကဲ့သို့ အုပ်၍ပေါင်းသည်ကို ဆိုသည်)။

၇ ဦးခေါင်းနှင့် တကွ ခြုံရုံသော မနာမဖျားသောသူအား တရားဟောခြင်း။

၈ မြေကနေ၍ နေရာ၌ နေသော မနာ မဖျားသောသူအား တရားဟောခြင်း။

၉ နိမ့်သောနေရာ၌နေ၍ မြင့်သောနေရာ၌နေသော မနာမဖျားသောသူအား တရားဟောခြင်း။

၁၀ ရပ်လျက်နေ၍ ထိုင်သော မနာမဖျားသောသူအား တရားဟောခြင်း။ (ရပ်သောသူသည် ထိုင်သောသူအား မဟောကောင်း ထိုင်သောသူသည် ရပ်သောသူအား ဟောကောင်း၏ ရပ်၍နာသောနတ်အား ဘုရားရှင်ကိုယ်တော်ထိုင်လျက် မင်္ဂလသုတ်ကို ဟောတော်မူသကဲ့သို့မှတ် မြတ်သော ဣရိယာပုထ်ဖြင့် ဟောလျှင် ယုတ်သောဣရိယာပုထ်ဖြင့် နာအပ်သည်ချည်း ရပ်သည်ကားအယုတ် ထိုင်သည်ကားအမြတ် ဣရိယာပုထ်တူမူ အပ်သည်ချည်း)။

၁၁ နောက်ကလိုက်သောသူသည် ရှေ့သွားသော မနာမဖျားသောသူအား တရားဟောခြင်း။

၁၂ ခရီးမဟုတ်သော အရပ်ကသွားသော မနာမဖျားသောသူအားတရား ဟောခြင်း။

၁၃ ရပ်လျက် ကျင်ကြီး, ကျင်ငယ်စွန့်ခြင်း။

၁၄ စိမ်းသောမြက်သစ်ပင်ရှိရာအရပ်၌ မနာမဖျားဘဲ ကျင်ကြီး,ကျင်ငယ် စွန့်ခြင်း။

၁၅ ရေ၌ ကျင်ကြီး, ကျင်ငယ်စွန့်ခြင်း တံထွေးထွေးခြင်းကြောင့်ဖြစ်သော အာပတ်အားဖြင့် တဆဲ့ငါးပါးဖြစ်သတည်း။

ဤသို့လျှင် အလုံးစုံသော သေခိယခန္ဓက၌ လာသော ဒုက္ကဋ်သည် ခုနစ်ဆဲ့ ငါးပါးဖြစ်သတည်း။

## ဝတ္တဘေဒဒုက္ကဋ်

ဝတ်ကြီးတဆဲ့လေးပါးဝတ်ငယ်နှစ်ဆဲ့နှစ်ပါး၌ ပညတ်တိုင်းမကျင့်သော ဒုက္ကဋ် မှာ ထိုမှာအတိုင်းသိရာ၏။

## ဒုက္ကဋ်ရှစ်မျိုး

တနည်းလည်း ဒုက္ကဋ်သည် ပုဗ္ဗပယောဂဒုက္ကဋ် သဟပယောဂဒုက္ကဋ် အနာ မာသဒုက္ကဋ် ဒုရူပစိဏ္ဏဒုက္ကဋ် ဝိနယဒုက္ကဋ် ဉာတဒုက္ကဋ် ဉတ္တိဒုက္ကဋ် ပဋိဿဝဒုက္ကဋ် အားဖြင့် ရှစ်ပါးတည်း။ ထိုတွင် ခိုးသည်မှရှေးအဘို့၌ သင့်သော ဒုက္ကဋ်သည် ပုဗ္ဗပယောဂဒုက္ကဋ်မည်၏။ မေထုန်မှုမဖြစ်မီ ရှေးအဘို့၌သင့်သော အာပတ်သည် လည်း ဤ၌ဝင်ကောင်း၏။ ခိုးသည်နှင့်တကွသော ဒုက္ကဋ်သည် သဟပယောဂ ဒုက္ကဋ်မည်၏။ ရတနာဆယ်ပါး, စပါးမျိုးခုနစ်ပါး, လက်နက်ဟူသမျှ, တူရိယာ မျိုး, မိန်းမရုပ်စသည်များကို သုံးသပ်မိခြင်းကြောင့် သင့်သောဒုက္ကဋ်သည် အနာ မာသဒုက္ကဋ်မည်၏။ အသီးရှိသောသစ်ပင်ကို သုံးသပ်မိခြင်းကြောင့် သင့်သော ဒုက္ကဋ်သည် ဒုရူပစိဏ္ဏဒုက္ကဋ်မည်၏။ ဆွမ်းခံစဉ်မြူကျသော ဆွမ်းရှိသောသပိတ်ကို တဖန်အကပ်မခံခြင်း မြူလူးသောခဲဘွယ်ကို မဆေးဘဲစားခြင်းကြောင့် သင့်သော

ဒုက္ကဋ်သည် ဝိနယဒုက္ကဋ်မည်၏။ သင်းခွဲခြင်းငှါ လုံ့လပြုသော ရဟန်းအားမဆိုခြင်းကြောင့် သင့်သောဒုက္ကဋ်သည် ဉာတဒုက္ကဋ်မည်၏။ သဃ်ာသည် ဉတ်ကမ္မဝါဖြင့် ဆုံးမသောအခါ ဉတ်၏အဆုံး၌ သင့်သော ဒုက္ကဋ်သည် ဉတ္တိဒုက္ကဋ်မည်၏။ ဤကျောင်း၌ ဝါဆိုအံ့ဟု ဝန်ခံပြီးမှ ဝါမဆိုခြင်းကြောင့် သင့်သော ဒုက္ကဋ်သည် ပဋိဿဝဒုက္ကဋ်မည်၏။ ဤသို့လျှင် ရှစ်ပါးဖြစ်ပါသတည်း။

ဤမှတပါးလည်း ငှက်ပျောမြှင်ဖြင့်ရင်း, ပြိတ်မြှင်ဖြင့်ရင်း, သင်ပန်းမြှင်ဖြင့်ရင်း, ပေမြှင်ဖြင့်ရင်း, ရက်သောသင်္ကန်းကိုဝတ်ခြင်း အလုံးစုံညိုသော သင်္ကန်းကိုဝတ်ခြင်း အလုံးစုံရွှေသော သင်္ကန်းကိုဝတ်ခြင်း အလုံးစုံနီသော သင်္ကန်းကိုဝတ်ခြင်း အလုံးစုံဖြူသောသင်္ကန်းကို ဝတ်ခြင်း အလုံးစုံမောင်းသောသင်္ကန်းကိုဝတ်ခြင်း အလုံးစုံမည်းသော သင်္ကန်းကိုဝတ်ခြင်း လူသားမှတပါး ဆင်သား, မြင်းသား, မြွေသား, ခွေးသား, ခြသေ့်သား, ကျားသား, ဝံသား, သစ်သား, အောင်းသား, ဤအသား ကိုးပါးတို့ကို စားခြင်း အသားဆယ်ပါးမှ တပါးအပ်သောအသားတို့၌လည်း ဘယ်အသားနည်းဟု မမေးဘဲစားခြင်း မိမိအားရည်၍ သတ်သောအသားကို စားခြင်း ဤအလုံးစုံသည် ရဟန်းအား ဒုက္ကဋ်အာပတ် သင့်သည်သာလျှင်တည်း။ သိသော်ကား ဆိုဘွယ်မရှိပြီ သို့သော်လည်း မေး၍ စားခြင်းသည် ဘုရားဝတ်တော်တည်းဟု အဋ္ဌကထာမိန့်သည်....ရှေးဆရာမြတ်တို့ကား ခံသည်ကာလ အသားဟူသမျှကိုပင် အဘယ်နည်းဟု မေးတော်မူကုန်သည် ကပ္ပိယမံသပါဘုရားဟု ဆိုမှ ခံတော်မူကုန်သည် ယခုအခါ အလှူပေးအံ့ဟု သတ်စေသောအသားသည် ဤမည်သော ရဟန်းဘို့ဟု မရည်ရကား အပ်သောဟု အချို့ဆရာယူသည် လှူအံ့သောစေတနာသည် အလှူခံအား စွဲ၍ဖြစ်သော စေတနာဖြစ်၍ ဥဒ္ဒိဿကမံသပင်ဖြစ်သည် မအပ်ဟု အချို့ဆရာယူသည် ဂရုဖြစ်ရာသာ အသင့်ဟုသိ။

ရေအိမ်ဝင်ရာ၌ ရှေးဦးစွာရဟန်းကိုမြစ်ခြင်း ရေဆိပ်သို့သက်ရာ၌ ရှေးဦးစွာရဟန်းကိုမြစ်ခြင်း ဆွမ်းခံရာ၌ ရှေးဦးစွာရဟန်းကိုမြစ်ခြင်း ရေအိမ်သို့ အဆောတလျင်သင်းပိုင်ကိုပင့်၍ဝင်ခြင်း ထိုအတူထွက်ခြင်း ချောင်းမည့်ဘဲ ရေအိမ်သို့ဝင်ခြင်း ကျည်းဟည်းလျက်ကျင်ကြီးကိုဖြစ်စေခြင်း ဒန်ပူခဲလျက် ကျင်ကြီးကျင်ငယ်သွားခြင်းကျင်ကြီးတွင်းကျင်ငယ်တွင်း၏အပ၌ ကျင်ကြီးကျင်ငယ်စွန့်ခြင်း ကြမ်း

သောကနုဒဏ်ဖြင့် သုတ်ခြင်း ဆူးရှိသောကနုဒဏ် အစောင်းထက်သော ကနုဒဏ်ဖြင့်သုတ်ခြင်း ကနုဒဏ်ကိုကျင်ကြီးကျင်ငယ်တွင်း၌ချခြင်း ကုဋိအိမ်ဝယ်ကျင်ကြီးကျင်ငယ် သင့်သည်ကိုမြင်လျက် မဆေးခြင်း ရေအိမ်၌ရင်း ကျောင်း၌ရင်း ပရိဝုဏ်၌ရင်း အမှိုက်ရောပြွမ်းလျက် တံမြက်မလှည်းခြင်း ရေရှိလျက် ကျင်ကြီးသွားပြီးသော ဒွါရကို ရေမဆေးခြင်း ဆေးသော်လည်း ပက်ပက်မြည်စေ၍ဆေးခြင်း ဤအလုံးစုံသည် ဒုက္ကဋ်အာပတ် သင့်သည်ချည်းတည်း။ ကျင်ကြီးသွားပြီးမေထုန်မှုပြုပြီးသော အခါတို့၌ ဒွါရနိမိတ်ဝကို ရေဆေးခြင်းသည် ကမ္ဘာဦးသူလူပညာရှိ၏ ဓမ္မတာတည်း။ ထိုဓမ္မတာသဘော မယူမူ၍ ကျင်ကြီးသွားပြီးဒွါရကို မဆေးသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေဟု အာစမနသိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူသည် သန့်သက်ရေဆောင်ရန် သန့်သက်ပုံးမရှိသော် သပိတ်နှင့်သော်လည်း အပ်သောဟူ၏ ထိုသို့လျက် ယခုအခါ သန့်သက်ရေ မဆောင်ကုန်သောရဟန်း သန့်သက်ရေ မဆေးကုန်သောရဟန်း ရေအိမ်မှ သန့်သက်ရေမထားကုန်သော ရဟန်းတို့ကား အလဇ္ဇီသာ။

ငါတို့ကျေးဇူးရှင် ဆင်တဲဆရာတော်ဘုရားကား သန့်သက်ပုံးနှင့် သန့်သက်ရေ ကနုဒဏ်အစုံ ကိုယ်တိုင်ဆောင်ယူ၍ သွားသည် ကုဋိအိမ်မှာ သန့်သက်မထားရ သန့်သက်ရေဝတ်တည်ပါရစေ ခွင့်ပန်သည်ကိုလည်း ခွင့်ပေးတော်မမူ ဆံတားဆရာတော် ရေအိမ်တက်သည်ကို ဝန်ထောက်မင်းကျောင်းဆရာသန့်သက်ရေ ကနုဒဏ်ကိုင်၍ ဝတ်ပြုလိုက်သည်ဟူ၍လည်းမိန့်သည် ရေအိမ်၌ သန့်သက်ရေထားခြင်း ပုံးနှင့်သန့်သက်ရေဆောင်ခြင်း နှစ်ပါးတွင် ဆောင်ခြင်းသည် ဆရာမြတ်တို့ ဓလေ့တော်လည်းဖြစ်သည် သန့်သက်ရေဝယ် ရေသစ်ဖြစ်၍ ပိုးရှိသောရေ၌လည်း ယုံမှားကင်းရကားအသင့်။

ရေအိမ်၌ ကျင်ငယ်ကြောင်းသရောက် သန့်သက်ကြောင်း သရောက်ကိုလည်း ထားအပ်၏ ကျင်ကြီးမှု သန့်သက်မှုပြုသောအခါ မထိပါးရအောင် ကိုယ်ဝတ်သင်္ကန်း တင်ထားစရာကြိုးတန်း ဝါးတန်း ကြိမ်တန်းတို့တွင် တခုခုသောတန်းကို ထားအပ်၏ ထိုတန်း၌ ကိုယ်ဝတ်သင်္ကန်းကိုထား၍ ကျင်ကြီးနင်းပျဉ်သို့ရောက်မှ သင်းပိုင်ကိုပင့်၍ ကျင်ကြီးမှုပြုအပ်၏ ပြီးလျှင်သန့်သက်ကြောင်းဝယ် ရေသန့်ခြင်းကိုပြုအပ်၏ ပြီးလျှင်သုတ်စရာ ပုဆိုးကိုလည်း ထိုတန်း၌ထားအပ်၏ ထိုပုဆိုး

ဖြင့်သုတ်ပြီးမှ ရေအိမ်၌ ရှိသောမစင်စု၌ရင်း ပိုးလောက်စု၌ရင်း အသုဘသညာကို ပွားစေခဲ့ပြီးမှ ဆင်းအပ်၏ ထိုကြောင့် မြောက်နန်းကျောင်း ဆရာတော်ကို အမတ်မျိုးဖြစ်၍ အရှင်ဘုရား လူဖြစ်တပြီး ဤသို့သောအမတ် စည်းစိမ်ကိုရလေ၏ဟု အမတ်တို့လျှောက်သည်ကို သင်တို့အမတ်စည်းစိမ်သည် ငါရေအိမ်ထက် ပွားစေအပ်သော အသုဘသညာတစိပ်ကို မှီမည်လောဟု မိန့်တော်မူကြောင်းကို ပြောစဉ်ရှိသည်။

သိတင်းကြီးမတိုက်တွန်းဘဲ ပါတိမောက်ပြခြင်း,ခွင့်မပန်ဘဲ သိတင်းကြီးအား ပြဿနာ မေးခြင်း, သိတင်းကြီးနှင့် တခန်းတည်းနေသော ရဟန်းသည် သိတင်းကြီးကိုမပန်ဘဲ သရဇ္ဈာယ်ခြင်း,ဆီမီးညှိခြင်း,လေသွန်တံခါး စသည်ကို ဘွင့်ခြင်း, ပိတ်ခြင်း,အဝတ်မကပ်ဘဲ သိတင်းကြီးကိုရှိခိုးခြင်း,အဝတ်မကပ်ဘဲခရီးသွားခြင်း, အဝတ်မကပ်ဘဲ စားခြင်း, အလွှမ်းသုံးပါးတွင် တပါးပါးမရှိဘဲ မိမွေးတိုင်းရေချိုးခြင်း, အလွှမ်းသုံးပါးကား ပုဆိုးအလွှမ်း ရေအလွှမ်း အအုံအလွှမ်းတည်း။အဝတ်မကပ်ဘဲ မိမိချေးတွန်းခြင်း,သူ့ကိုတွန်းစေခြင်း, ရေချိုးသောအခါ ကိုယ်ကို နံရံ၌ပွတ်ခြင်း,သည်တိုင်၌ပွတ်ခြင်း,သစ်ပင်၌ပွတ်ခြင်း,မှတ်ကျောက်မှုန့်ဖြင့် ပွတ်ခြင်း, တယောက်သည်ကျောနှင့် တယောက်သည်ကျောပွတ်ခြင်း,အနာမရှိဘဲ ရွာတွင်း၌ဘိနပ်စီးခြင်း, ထီးဆောင်းခြင်း, အလုံးစုံညိုသောဘိနပ် အလုံးစုံရွှေသောဘိနပ် အလုံးစုံနီသောဘိနပ် အလုံးစုံဖြူသောဘိနပ် အလုံးစုံမည်းသောဘိနပ် သားရေမှ တပါးဖြင့်ပြုသော ဘိနပ်များကိုစီးခြင်း, မိန်းမအင်္ဂါဇာတ်ကို တပ်သောစိတ်ဖြင့် ကြည့်ခြင်း, ဆွမ်းလောင်းသောသူ၏ မျက်နှာကိုကြည့်ခြင်း, ငြူစူသောစိတ်ဖြင့် ရဟန်းတပါး၏ သပိတ်ကိုကြည့်ခြင်း, မိမိမျက်နှာကို ကြေးမုံစသည်၌ကြည့်ခြင်း, ဘုရားရှင် လက်ရှစ်သစ်ထက်လွန်သော မြင့်သောနေရာ၌ အိပ်ခြင်းနေခြင်း,မဟာသဃန တဆဲ့ကိုးပါးတို့တွင် တပါးပါး၌အိပ်နေခြင်း,ဥက္ခိတ္တကရဟန်းကို ရှိခိုးခြင်း, လူကိုရှိခိုးခြင်း,မိစ္ဆာအယူရှိသော ရဟန်းကိုရှိခိုးခြင်း,ကမ္မာရဟ ရဟန်းကိုရှိခိုးခြင်း, ဆွမ်းစားဆဲ ကျင်ငယ်ကျင်ကြီးမှုပြုဆဲ ရဟန်းကို ရှိခိုးခြင်း, အဝတ်မကပ်သော ရဟန်းကိုရှိခိုးခြင်း, အစရှိသောအမှုကို ပြုသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်သာတည်း။

ပဏ္ဏုကုက်ဥဘတောဗျည်းနှင့် နေရာတူနေခြင်း, သုံးဝါထက်အလွန် ကြီးမြတ်သော ရဟန်းနှင့်နေရာတူနေခြင်း, ပန်းကုံးပန်းဆိုင်းတို့ကို မိမိပြုခြင်း, သူ့ကိုပြု

စေခြင်း, ဘုရားရှင်မြစ်တော်မူအပ်သော ကယဝိက္ကယစသည်ကြောင့် ရသော ပစ္စည်းကို သုံးဆောင်ခြင်း, ဒါယကာတို့အား သစ်သီးပေးခြင်း ပန်းပေးခြင်း စသည်ကိုပြုခြင်း, ဒါယကာတို့အား ပျူငှါ လောက ဝတ်ပြုခြင်း, ကျွန်ုပ် ဗျာ စသော နှိမ့်ချသောစကားဖြင့် ဒါယကာတို့အားပြောခြင်း, ဝိနည်း၌ မသိမလိမ္မာ ဘဲ သူ့ကိုဥပဇ္ဈာယ်ပြု၍ သာမဏေပြုခြင်း, ပဥ္စင်းခံခြင်း, နိဿယ်း နည်းပေးတတ် သော ပုဂ္ဂိုလ်ကိုမမှီဘဲနေခြင်း, သီတင်းသုံးဘော် ငါးယောက် မိဘစသောသူတို့ မှတပါး ဆေးပေးခြင်း, အာပတ်ရှိလျက် ဥပုသ်ပြုခြင်း, နေ့အခါ တံခါးမပိတ် ဘဲ အိပ်ခြင်း, ရတနာ ဆယ်ပါးကို သုံးသပ်ခြင်း, စပါးကိုသုံးသပ်ခြင်း, မိန်းမ ရုပ်ကိုသုံးသပ်ခြင်း, လက်နက်ကိုသုံးသပ်ခြင်း, မိန်းမတို့ဆင်သော တန်းဆာကို သုံးသပ်ခြင်း, တူရိယာငါးပါးကို သုံးသပ်ခြင်း, အသီးရှိသော သစ်ပင်ကိုသုံးသပ် ခြင်း, ဆံကို လက် ဘီး စသည်ဖြင့် ဖီးခြင်း, တခွက်တည်း ရဟန်းနှစ်ယောက် စားခြင်း, ရဟန်းနှစ်ယောက် တညောင်စောင်းတည်း အိပ်ခြင်း, တခင်းတည်း အိပ်ခြင်း, တရုံတည်းအိပ်ခြင်း, တခင်းတရုံတည်းအိပ်ခြင်း, မဇ္ဈိမပုရိသလက်ရှစ် သစ် ပကတိပုရိသ တဆဲ့နှစ်သစ်ထက်အလွန် ရှည်သောဒန်ပူကိုစားခြင်း, မဇ္ဈိမ ပုရိသလက်လေးသစ် ပကတိပုရိသ ခြောက်သစ်အောက် ယုတ်သော တိုသော ဒန်ပူကိုစားခြင်း, မိမိ-ကခြင်း, သူ့ကို-ကစေခြင်း, မိမိ-သီခြင်း, သူ့ကို-သီစေခြင်း, မိမိ-တီးမှုတ်ခြင်း, သူ့ကို-တီးမှုတ်စေခြင်း, ကသည် သီသည် တီးမှုတ်သည်ကို ကြည့်ရှုနားထောင်ခြင်း, သဘင်ခံခြင်း, သစ်ပင်စသည်ကို မိမိစိုက်ခြင်း, သူ့ကို စိုက်စေခြင်း, မိမိရေသွန်းခြင်း, သူ့ကိုရေသွန်းစေခြင်း, တံတိုင်းပ-နံရံပတို့၌ ကျင်ကြီးစွန့်ခြင်း, ကျင်ငယ်စွန့်ခြင်း, အမှိုက်ပစ်ခြင်း, ကာလအားဖြင့် နှစ်လ ပမာဏအားဖြင့် လက်နှစ်လုံးထက် အလွန်ရှိသော ဆံမုတ်ဆိတ် ကျင်စွယ်ကို မသုတ်သင်ခြင်း, လက်သည်း ခြေသည်းကို အသားထက်ရှည်စေခြင်း, လက် သည်း ခြေသည်းကို အပြေအပြစ်ပြုခြင်း, ကျဉ်းမြောင်းရာ အရပ်၌ ရောက်သော အမွေးကိုပယ်ခြင်း, ဆံဖြူကိုနှုတ်ခြင်း, နှုတ်စေခြင်း, ဤအလုံးစုံသည် ဒုက္ကဋ် အာပတ်သာတည်း။

အင်းကတေစသည်ဖြင့် အပြေအပြစ် ပြုအပ်သော အရပ်၌ ဘိနပ်စီးခြင်း, သံဃိကဖြစ်သော ညောင်စောင်းအင်းပျဉ်၌ မဆေးမပွတ်မသုတ်သောခြေ စွတ် သောခြေတို့ဖြင့် နင်းခြင်း, အင်းကတေစသည်ဖြင့် အပြေအပြစ်ပြုအပ်သော နံရံ

ကိုသုံးသပ်ကိုင်ခြင်း, ဒုကူဠ်ဖြင့် အာယောဂပတ်ဘွဲ့၍နေခြင်း,သကၤန်းကိုမကောင်းသဖြင့် ဝတ်ရုံခြင်း, ခါးပန်းမဘွဲ့ဘဲ ရွာသို့ဝင်ခြင်း, မအပ်မရာသော အကျင့်ကို ဆောက်တည်စေခြင်း, ဝတ္ထုသဘောတူသင့်သော အာပတ်ကိုဒေသနာကြားခြင်း, ဝါလတိုင်လျက် ဝါမကပ်ခြင်း, သတ္တာဟကရဏီယ မပြုရာသည်၌ သတ္တာဟကရဏီယ ပြု၍သွားခြင်း, ဝဿစ္ဆေဒကိုဖြစ်စေခြင်း, ပျက်ချော်မှုပြုခြင်း, သံဃာဒိသိသ်အာပတ် မသင့်ဘဲ ပရိဝါသ်မာနတ်နေခြင်း, ဘေးမရှိဘဲ သစ်ပင်ကိုတက်ခြင်း, ရေစစ်မပါဘဲ ယူဇနာခွဲခရီးကိုသွားခြင်း, ရေစစ်ငှါးသောရဟန်းအား ရေစစ်မပေးခြင်း, နေလွှဲအခါ၌ ပိပါသပစ္စယမရှိဘဲ ယာမကာလိက သောက်ခြင်း, (ထန်းရေကြည်ကို ကုသိနာရုံဘုန်းကြီးဘုရား ယာမကာလိကယူသည် င-မြာငယ်သူဌေးဆရာ ယာဝကာလိကယူသည် ပလိုင်းရှင်သုဇာတဘုရား သုရာမျိုးစေ့ယူသည်)။

ဂေလညပစ္စယမရှိဘဲ သတ္တာဟကာလိက ယာဝဇီဝကဝတ္ထုကို မျိုခြင်း, နေလွှဲသောအခါ၌ အနာမရှိဘဲ ကွမ်း လဘက်စားခြင်း, ဆေးရှူခြင်း, အရုပ်ဟူသမျှကို ရေးခြင်း, ထုခြင်း, သူတပါးပရိသတ်ကို ဖြားယောင်းခြင်း, လက်၌သပိတ်ရှိလျက် တံခါးရွက်ကိုဖွင့်ခြင်း, မိမိကိုယ်ကိုသတ်ခတ်ခြင်း, ဆွမ်းစားသောရဟန်း သာမဏေကိုထစေခြင်း, သီတင်းကြီးလာသည်ကို နေရာမှမထခြင်း, မိမိ၏ရှက်ဘွယ်ကိုပြခြင်း, လောကက္ခာယတစသော ဗေဒင်ကျမ်းကို မိမိသင်ခြင်း, သူ့ကိုသင်စေခြင်း, အကျိုးမရှိသော သုံးဆဲ့နှစ်ပါးသော တိရစ္ဆာန်ကထာကို ပြောဟောခြင်း, ပအုပ်ဖြင့်ဆွမ်းစားခြင်း, ရေစက်ရှိသော သပိတ်ကို မသုတ်ဘဲ နေလှမ်းခြင်း, နေမလှမ်းဘဲ သပိတ်သကၤန်းကို သိုမှီးခြင်း, အလွန်ပူအောင်လှမ်းခြင်း, အခင်းမရှိသောမြေ၌ရင်း ညောင်စောင်းအင်းပျဉ် ကြမ်းစွန်း မြေကျည်စွန်း ခြေဖဝါးတီးတို့၌ရင်း သပိတ်ကိုထားခြင်း, စားဘတ်အရိုးစသည်ကို သပိတ်၌ထားခြင်း, သပိတ်၌လက်ဆေးခြင်း, လုပ်ဆေးရေကို သပိတ်နှင့်ခံခြင်း, မအပ်သောသပိတ် ဟူသမျှကို သုံးဆောင်ခြင်း, လက်ကတော့ ကိုယ်ဝတ်မတင်ဘဲ ဆောင့်ကြောင့်မထိုင်ဘဲ လက်အုပ်မချီဘဲဒေသနာကြားခြင်း, ဥပုသ်ပဝါရဏာပြုခြင်း, ဆရာဥပဇ္ဈာယ်တို့အား ရှိခိုးခြင်းစသော ဝတ်ကိုမပြုခြင်း, ပရိဝါသ်နေခြင်းစသော ကမ္မာရဟအရာ၌တည်စဉ် ရဟန်းသာမဏေတို့၏ ဝတ်ကိုသာယာခြင်း, ကမ္မာရဟပုဂ္ဂိုလ်တို့ ကျင့်ရာသောဝတ်ကို မဖြည့်မကျင့်ခြင်း, လူတို့သည်ဝတ်သကဲ့

သို့သော အခြင်းအရာတို့ကို ဝတ်ခြင်း, မင်းမှူး မင်းမတ်တို့ကဲ့သို့သော အသုံးအဆောင် အမူအရာကိုပြုခြင်း, ထီးမိုးရိုးရှည်ကွမ်းခွက် ကွမ်းကျပ်ပြခံကိုင် သိုင်းကိုင် စသည်များနှင့် သွားခြင်း, ဝုဋ္ဌာနကံအာပတ်ကို ဒေသနာကံပြုခြင်း, ဒေသနာကံအာပတ်ကို ဝုဋ္ဌာနကံပြုခြင်း, အာပတ်သင့်မှန်းမသိဘဲ ဒေသနာကြားခြင်း, ကံမဟုတ်သည်ကို ကံပြုခြင်း, စသောအလုံးစုံသော အရာသည် ဒုက္ကဋ်အာပတ်သင့်သည်သာတည်း။ ဤမှတပါးသော ဒုက္ကဋ်အာပတ်လည်း အများပင်ရှိသေးသည် "အသပ္ပါယဋ္ဌာနေသု ဒုက္ကဋံ" ဟူသောကြောင့် ရဟန်းနှင့်မလျော်သော အမူဟူသမျှကိုပြုခြင်းသည် ဒုက္ကဋ်သာတည်း။

ဒုက္ကဋ်အကျဉ်း ပြီး၏။

## ဒုဗ္ဘာသိ

ဒုဗ္ဘာသိအာပတ်သည် ရယ်မြူးလိုသောစိတ်ဖြင့် သူတပါးအား ဆယ်ပါးသော အက္ကောသဝတ္ထုတို့တွင် တပါးပါးသော အက္ကောသဝတ္ထုတို့ဖြင့် ဆဲရေးခြင်း, သင်၏ဥပဇ္ဈာယ်သည် ထင်းတုံးကဲ့သို့ လာ၏ စသည်ဖြင့် ရယ်မြူးလို၍ ဆိုခြင်းတည်း။ အမျက်မာနဒေါသ၏ အစွမ်းအားဖြင့် သူတပါးအားဆိုခြင်း, မကောင်းသော နားမချမ်းသာသော ရှုန့်ရင်းသော စကားကိုပြောဆိုခြင်း,တပ်သောရာဂစိတ်ဖြင့် မိန်းမကိုချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း, ရာဂစိတ်မရှိဘဲလည်း အပျော်အပါး ကျီစားလိုသဖြင့်ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်း, အပျော်အပါး ကျီစားလိုသဖြင့် ကြမ်းကြုတ်သော စကားကိုဆိုခြင်း, အလုံးစုံသော သမဏသာရုပ္ပမရှိသော စကားဟူသမျှကို ပြောဆိုခြင်း, ဤအလုံးစုံသည် ရဟန်းအား ဒုဗ္ဘာသိအာပတ် သင့်သည်သာလျှင်တည်း။ ဤမှတပါးလည်းရှိသေး၏။

ဒုဗ္ဘာသိအာပတ်အကျဉ်း ပြီး၏။

## သီလ ၄-ပါး
## ပါတိမောက္ခ သံဝရသီလ

ဤသို့လျှင် အလုံးစုံသော အာပတ်သည် ပါရာဇိကအာပတ် သံဃာဒိသိသ် အာပတ် ထုလ္လစ္စဉ်းအာပတ် ပါစိတ်အာပတ် ပါဋိဒေသနီအာပတ် ဒုက္ကဋ်အာပတ်

ဒုဗ္ဘာသိအာပတ်အားဖြင့် ခုနစ်ပုံဖြစ်သတည်း။ ထိုတွင် ထုလ္လစ္စည်း အစရှိသော ငါးပုံသော အာပတ်တို့တွင် တပုံပုံသော အာပတ်သို့ရောက်သော ရဟန်းသည် တနည်းကား—တပုံပုံတွင် တပါးပါးသို့ရောက်သောရဟန်းသည်ဒေသနာကံဖြင့်ထို အာပတ်ကို အဆောတလျင်ကုစားအပ်၏။ သံဃာဒိသိသ်အာပတ်သို့ရောက်လျှင် ဝုဋ္ဌာနကံဖြင့် ထိုအာပတ်ကို အဆောတလျင်ကုစားအပ်၏။ ပါရာဇိကသို့ ရောက်သော်ကား မကုစားကောင်းပြီ ရဟန်းမဟုတ်သည်၏ အဖြစ်ကို ဝန်ခံခြင်း သာမဏေ၏အဖြစ်ကို ယူခြင်း သီတင်းသည်၏အဖြစ်ကို ယူခြင်း အာရာမ်စောင့် ဥပါသကာ၏အဖြစ်ကို ယူခြင်းသည်သာလျှင် ထိုအာပတ်ကို ကုစားသည်မည်သတည်း။ဤသို့လျှင် အလုံးစုံသော အာပတ်သည် ပါရာဇိကလေးပါး သံဃာဒိသိသ် တဆဲ့သုံးပါး အနိယတနှစ်ပါး နိဿဂ္ဂိယပါစိတ်သုံးဆယ် သုဒ္ဓပါစိတ်ကိုးဆဲ့နှစ်ပါး ပါဋိဒေသနီလေးပါး သေခိယခုနစ်ဆဲ့ငါးပါး အဓိကရဏသမထခုနစ်ပါး အားဖြင့် ဥဘတောဝိဘင်း၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်သည် နှစ်ရာ့နှစ်ဆဲ့ ခုနစ်ပါးဖြစ်သတည်း။ မဟာဝါခန္ဓက စူဠဝါခန္ဓက ပရိဝါပါဠိတော်တို့၌ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်နှင့်ကား များသောအပြားရှိ၏။ ထိုပြဆိုခဲ့ပြီးသော နှစ်ရာ့နှစ်ဆဲ့ခုနစ်ပါးသော သိက္ခာပုဒ် များသောအပြားရှိသောသိက္ခာပုဒ်တို့ကို ထိန်းသောပုဂ္ဂိုလ်၏ သီလသည် ပါတိမောက္ခသံဝရ သီလမည်၏။

တနည်းကား—သင်္ဂါယနာတင် ရဟန္တာဆရာတို့သည် ပေယျာလမုခအားဖြင့် ပြတော်မူအပ်သော ကုဋေကိုးထောင် ကုဋေတရာ့ရှစ်ဆယ် ငါးသန်း သုံးသောင်း ခြောက်ထောင်သော သံဝရဝိနယ သိက္ခာပုဒ်တို့ကို စောင့်ရှောက်သော ပုဂ္ဂိုလ်၏သီလသည် ပါတိမောက္ခ သံဝရသီလမည်၏။ ။ထို့ကြောင့်—

နဝ ကောဋိ သဟဿာနိ၊ အသီတိ သတကောဋိယော။
ပညာသ သတ သဟဿာနိ၊ ဆတ္တိံသာစ ပုနာပရေ။
ဧတေ သံဝရဝိနယာ၊ သမ္ဗုဒ္ဓေန ပကာသိတာ။
ပေယျာလ မုခေန နိဒ္ဒိဋ္ဌာ၊ သိက္ခာ ဝိနယ သံဝရေ။

ဟူသော ဤနှစ်ဂါထာတို့ကို အဋ္ဌကထာမိန့်သည်။

သိက္ခာဝိနယ သံဝရေ၊ ဝိနည်းသိက္ခာပုဒ်ကို စောင့်ရှောက်ရာ၌။ သမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ပကာသိတာ၊ ပြတော်မူအပ်ကုန်သော။ ယေ သံဝရဝိနယာ၊

(၈) ၂၀၅-၆

အကြြင်သံဝရဝိနည်းတို့သည်။ နဝကောဋ္ဌိသဟဿာနိ၊ ကုဋ္ဌေကိုးထောင်တို့သည် ၎င်း။ အသီတိသတကောဋ္ဌိယော၊ ကုဋ္ဌေတရာ့ရှစ်ဆယ် တို့သည်၎င်း။ ပညာသ သတသဟဿာနိ၊ ငါးသန်းတို့သည်၎င်း။ ပုန၊ တဖန်။ အပရော၊ တပါးတို့။ ဆတ္တိံသာစသဟဿာနိ၊ သုံးသောင်း ခြောက်ထောင်တို့သည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတေ သံဝရဝိနယာ၊ ထိုသံဝရဝိနည်းတို့ကို။ သင်္ခါဟကာရေဟိ၊ သင်္ခါယနာဆရာတို့သည်။ ပေယျာလမုခေန၊ ပေယျာလမုခအားဖြင့်။ နိဒ္ဒိဋ္ဌာ၊ ပြတော်မူအပ်ကုန်၏။

ဤသို့အကျဉ်းအမြွက်မျှပြအပ်သော အရေအတွက်သင်္ချာရှိသော သိက္ခာပုဒ် အပေါင်း၌ မတွေ့မဝေသိသော ဝိနယဓရ ဝိနယကောဝိဒ ဗဟုဿုတ လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူကုန်သော အရှင်မြတ်တို့၏အထံ၌ ယူအပ်သောသိက္ခာ ယူအပ်သောနိဿျည်း ရှိသည်ဖြစ်၍ ပညတ်တော်၌ မရက်မစက် မြတ်နိုးစုံမက် ခြင်း အလွန်ရှိသေခြင်းနှင့်တကွ သိက္ခာပုဒ်ကိုဖြည့်ကျင့်ရာသည်။တနည်းလည်း— ထိုအရေအတွက်ရှိသော သိက္ခာပုဒ်အပေါင်း၌ ယစ်မသည် မိမိ၏ အဥကို စောင့်သကဲ့သို့ စာမရီမည်သောသားသည် မိမိအမြီးကိုစောင့်သကဲ့သို့ တယောက် ထည်းသော မိခင်သည် ထိုတယောက်ထည်းသော သားကို မိမိအသက်ပမာ စောင့်သကဲ့သို့ တဘက်သောမျက်စိရှိသော ယောကျ်ားသည် ထိုတဘက်သော မျက်စိကို စောင့်သကဲ့သို့ စောင့်ရှောက်ခြင်းကို ပြုရာ၏။

သီဟိုဠ်ကျွန်း၌ ဆင်သမန္တယ်ဖြင့် ခိုးသူတို့ချည်ထားသော တယောက်သော ရဟန်းသည် တောမီးလောင်၍ လာသည်ရှိသော် ပညတ်တော် မူအပ်သော ဘူတဂါမ သိက္ခာပုဒ်သည် မပျက်စေလင့်ဟု နွယ်ကိုမဖြတ်မူ၍ ဝိပဿနာကိုသာ အားထုတ်၍နေလေသော် ရဟန္တာအဖြစ်သို့ရောက်လေ၍ တောမီးအန္တရာယ်ဖြင့် ပရိနိဗ္ဗာန်ပြုလေသော ရဟန်းကဲ့သို့ အသက်ကိုသော်လည်း မငဲ့မူ၍ သိက္ခာပုဒ် မပျက်စီး မတိမ်းယိမ်းစိမ့်သောငှါ အားထုတ်ရာ၏။ ယခုအခါ အသက်ကိုထား၍ နေသာ စားသာ အိပ်သာ သွားသာလျက်လည်း ကစေခြင်း သီစေခြင်း တီးစေ ခြင်း မှုတ်စေခြင်း သဘင်ခံခြင်း ဆေးကုခြင်း ရောင်းခြင်း ဝယ်ခြင်း ရွှေခံခြင်း ငွေခံခြင်း အင်္ဂါယပ်မှု ပြုခြင်းစသော သာသနာတော်၏ တံကျင်သဘွယ်ဖြစ် သော အမှုမျိုးတို့၌ လေ့လာကုန်သော ရဟန်းတို့ကား အလဇ္ဇီသာဖြစ်၏။ သာ

သနာတော် မတည်ဟုသိလင့်။ ။လဇ္ဇီတရာကို အလဇ္ဇီတယောက်ထည်း တခဏ ခြင်း အလဇ္ဇီဖြစ်အောင် စွမ်းနိုင်ရာသည် ဟူသောကြောင့်ရင်း လဇ္ဇီပုဂ္ဂိုလ်သာ သာသနာကို စောင့်လတ္တံ့ဟူသောကြောင့်ရင်း အလဇ္ဇီပုဂ္ဂိုလ် အထောင် အသောင်းပင် ရှိသော်လည်း သာသနာမထွန်း လဇ္ဇီ ပုဂ္ဂိုလ်သည် ယုတ်စွအဆုံး ငါးယောက်မျှပင်ရှိသော်လည်း သာသနာတော်တည်ထွန်းသည် ဟူသောကြောင့် ပညတ်တော်အတိုင်းတည်အောင် ပညတ်တော်ကို မယိုမပိုရအောင် ကျင့်ဆောင် ရာသည်။ ။ထို့ကြောင့်မြတ်စွာဘုရားသည်—

ဣဓ ဘိက္ခု ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ။အာစာရ ဂေါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိသိက္ခာပဒေသု။

ဟု ဟောတော်မူအပ်ပြီ။

ဣဓ၊ ဤငါဘုရားသာသနာတော်၌။ ဘိက္ခု၊ သဒ္ဓါ၍ ရဟန်းပြုသော ပုဂ္ဂိုလ်သည်။ ပါတိမောက္ခသံဝရသံဝုတော၊ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသည် ဖြစ်၍။ အာစာရဂေါစရသမ္ပန္နော၊ အကျင့်ဆွမ်းခံဝတ်နှင့် ပြည့်စုံသည်ဖြစ်၍။ ဝါ၊ကောင်းသောအလေ့အကျက်နှင့် ပြည့်စုံသည်ဖြစ်၍။အဏုမတ္တေသု၊အဏုမြူမျှ ဖြစ်ကုန်သော။ဝဇ္ဇေသု၊ အပြစ်တို့၌။ ဘယဒဿာဝီ၊ ဘေးဟုရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သိက္ခာပဒေသု၊ သိက္ခာပုဒ်ကြီးငယ်တို့၌။ သမာဒါယ၊ ဆောက် တည်၍။ သိက္ခတိ၊ ရှိသေစွာကျင့်၏။

အဓိပ္ပါယ်ကား— သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု။သံသာရေ၊သံသရာ၌။ ဘယံ၊ ဘေးကို။ ဣက္ခတိ၊ ရှုတတ်၏။ ဣတိ၊ ထိုကြောင့်။ ဘိက္ခု၊ ဘိက္ခုမည်၏။ ဟူသော အနက်အားလျော်စွာ ဖြစ်ခြင်းငှါ အလိုရှိသော ရဟန်းသည် သာသနာ တော်၌ ပြဆိုခဲ့သော ပါတိမောက္ခသံဝရ သီလနှင့်ပြည့်စုံသည်ဖြစ်၍ အနာစာရကို ပယ်၍ အာစာရ၌သာတည်၍ အဏုမြူမျှလောက်သော သေးဖွဲ့ သိမ်မွေ့လှစွာ သော ငယ်သောအပြစ်တို့၌လည်း အမြင့်ထိပ်ပြင် ယူဇနာတသိန်းခြောက်သောင်း ရှစ်ထောင် လုံးပတ် ထိုသုံးလီရှိသော မြင့်မိုရ်တောင်နှင့်အတူ ဘေးဟုရှုလေ့ရှိ သည်ဖြစ်၍ သိက္ခာပုဒ်ကြီးငယ်တို့၌ အဆိပ်ထန်လှစွာသော တခဏခြင်းသေစေ တတ်သော သတ္တဝါကို မထိမပါးဝံ့သကဲ့သို့ ပညတ်တော်ကို စဉ်းငယ်မျှမထိမပါး မလွန်ကြူးသည်ဖြစ်၍ ရှိသေစွာကျင့်အပ်၏။

## အာစာရ အနာစာရ

တို၌အာစာရ ဂေါစရအာ ဖြင့် နှစ်ပါးတို့တွင် အာစာရသည် အာစာရ အနာစာရဟု နှစ်ပါးရှိသည် ထိုတွင်-ကိုယ်၌ဖြစ်သော လွန်ကြူးခြင်း နှုတ်၌ဖြစ်သော လွန်ကြူးခြင်းကိုယ်နှုတ်နှစ်ပါး၌ ဖြစ်သောလွန်ကြူးခြင်းသည် အနာစာရမည်၏။ မလျောက်ပတ်သော အကျင့်ဟူလိုသည်။ တနည်းကား- အလုံးစုံလည်းဖြစ်သော ဒုဿီလအမှုသည် အနာစာရမည်၏။ သာသနာတော်၌ အချို့သော ရဟန်းသည် ဝေဠုဒါန၊ မိမိအားကြည်ညိုစေခြင်းငှါ ဒါယကာတို့အား ဝါးပေးခြင်း။ ပတ္တဒါန၊ မိမိအားကြည်ညိုစေခြင်းငှါ ဒါယကာတို့အားသစ်ရွက်ပေးခြင်း။ပုပ္ဖဒါန၊ မိမိအား ကြည်ညိုစေခြင်းငှါ ဒါယကာတို့အား ပန်းပေးခြင်း။ ဖလဒါန၊ မိမိအားကြည်ညို စေခြင်းငှါ ဒါယကာတို့အား သစ်သီးပေးခြင်း။ စုဏ္ဏဒါန၊ မိမိအားကြည်ညိုစေ ခြင်းငှါ ဒါယကာတို့အား ရေချိုးကသယ်မှုန့်ပေးခြင်း။ ဒန္တကဋ္ဌဒါန၊ မိမိအား ကြည်ညိုစေခြင်းငှါ ဒါယကာတို့အား ဒန်ပူပေးခြင်း။ စာတုကမျတာ၊ မိမိကိုယ်ကို ကျွန်ုပ် ဗျာ စသည်ဖြင့် နှိမ့်ချလျက် ဒါယကာတို့အား ချီးမြှောက်၍ စကားဆို သည်၏အဖြစ်။ တနည်းကား- မိမိကိုယ်ကို ချစ်စေလို၍ ကျွန်ုပ် ဗျာ စသည်ဖြင့် ဒါယကာတို့အား စကားပြောဆိုသည်၏ အဖြစ်။ မုဂ္ဂသုပျတာ၊ ပဲနောက်ဟင်း နှင့်တူသော စကားရှိသည်၏အဖြစ် အချို့ပဲကားနပ်၏ အချို့ပဲကား စုန်းကြူး သကဲ့သို့ ရဟန်း၏စကား သည်လည်း အချို့စကားကား မှန်၏ အချို့စကားကား မမှန်ရှိ၏ ဟူလို။ ပါရိဘဋ္ဋျတာ၊ ရွာသူ သားငယ်တို့ကို ထိန်းယသည်၏အဖြစ်။ ဇင်္ဃပေသနိယဝ၊ သလုံးမြင်းခေါင်းဖြင့်သွား၍ ဒါယကာတို့ အစေအပါးကို ခံသည်အဖြစ်။တနည်းကား-ထိုသူတို့၏ သတင်းစကားကို အရပ်တပါးသို့ ပါးလိုက် ကြားမှာလိုက်သည်ကို အသွားဆောင် အပြန်ဆောင်သည်၏ အဖြစ် ဤဝါးပေး ခြင်း အစရှိသော တပါးပါးသော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူအပ် မြစ်တော် မူအပ်သော မကောင်းသော အသက်မွေးခြင်းဖြင့် အသက်မွေး၏ ဤရဟန်းကို အနာစာရ ရဟန်းဟူ၍သာ ဆိုအပ်၏။ ဝိနည်းတရားနှင့် မလျော် ကျင့်သော ရဟန်းဟူလိုသည်။

## အာစာရ

ကိုယ်၌ဖြစ်သောအမှုကို မလွန်ကြူးခြင်း နှုတ်၌ဖြစ်သော အမှုကို မလွန်ကြူး ခြင်း ကိုယ်နှုတ် နှစ်ပါး၌ဖြစ်သောအမှုကို မလွန်ကြူးခြင်းသည် အာစာရမည်၏။

တနည်းကား-အလုံးစုံလည်းဖြစ်သော သုသီလအမှုသည် အာစာရမည်၏။သာသနာတော်၌အချိုးသော ရဟန်းသည် မိမိအားကြည်ညိုစေခြင်းငှါ ဒါယကာတို့အား ဝါးပေးခြင်း သစ်ရွက်ပေးခြင်း ပန်းပေးခြင်း သစ်သီးပေးခြင်း ရေချိုးကသယ်မှုန့်ပေးခြင်း ဒန်ပူပေးခြင်း မိမိကိုယ်ကို နှိမ့်ချလျက် ကျွန်ုပ် ဗျာ စသည်ဖြင့် ဒါယကာတို့အား စကားဆိုခြင်း ပဲနောက်ဟင်းကဲ့သို့ မမှန်တချက် မှန်တချက်သောစကားကိုပြောဆိုခြင်း ရှာသူသားငယ်တို့ကို ထိန်းယမွေးမြူခြင်း ဒါယကာတို့၏ အစေအပါးကိုခံခြင်း ဤသို့သော မြတ်စွာဘုရားသည် ကဲ့ရဲ့တော်မူအပ်သော အသက်မွေးခြင်းဖြင့် အသက်မမွေး ဤရဟန်းကို အာစာရ ရဟန်းဟူ၍ ဆိုအပ်၏။ ဝိနည်းတရားနှင့် လျော်စွာကျင့်သော ရဟန်းဟူလိုသည်။

## ဂေါစရ

ဂေါစရသည်လည်း ဂေါစရ အဂေါစရဟု နှစ်ပါးရှိသည် ထိုတွင် ဆွမ်းခံသွားခြင်းငှါ အပ်သော အရပ်သည် ဂေါစရမည်၏။ ဆွမ်းခံသွားခြင်းငှါ မအပ်သော အရပ်သည် အဂေါစရမည်၏။ တနည်းကား- အိမ်သို့ အမြဲဆွမ်းစားလိုသဖြင့် ကပ်ခြင်းငှါ အပ်သောအရာသည် ဂေါစရမည်၏။အိမ်သို့ အမြဲဆွမ်းစားလိုသဖြင့် ကပ်ခြင်းငှါ မအပ်သောအရာသည် အဂေါစရမည်၏။ တနည်းလည်း- ပြည့်တန်ဆာမ စသည်တို့နှင့် မိတ္တသန္ထဝ၏အစွမ်းဖြင့် ထိုသူတို့၏ အိမ်တို့သို့ကပ်၍ နိစ္စဘတ် ဆွမ်းခံခြင်း ဆွမ်းစားခြင်းကို မပြုခြင်းသည် ဂေါစရ။ပြုခြင်းသည် အဂေါစရမည်၏။ အလှူခံခြင်းငှါ ရံဖန်သော်ကား သတိကို ဖြစ်စေ၍ ကပ်အပ်၏ သာသနာတော်၌ အချိုးသောရဟန်းသည် ပြည့်တန်ဆာမတို့သို့ နိစ္စဘတ် ဆွမ်းခံသွားခြင်း ဝေသိယာ ဂေါစရကိုင်း လင်ကင်းသော မိန်းမတို့သို့ နိစ္စဘတ် ဆွမ်းခံသွားခြင်း ဝိဓဝါဂေါစရကိုင်း (မုတ်ဆိုးမ ဟူလိုသည်) အိမ်မထောင် ဘူးသေးသော မိန်းမကြီးတို့သို့ နိစ္စဘတ် ဆွမ်းခံခြင်း ထုလ္လကုမာရီ ဂေါစရကိုင်း (လင်မရသော ဟိုင်းမကြီးဟူလိုသည်) ပဏ္ဍုက်တို့သို့ နိစ္စဘတ် ဆွမ်းခံသွားခြင်း ပဏ္ဍကဂေါစရကိုင်း ရဟန်းမိန်းမတို့သို့ နိစ္စဘတ် ဆွမ်းခံသွားခြင်း ဘိက္ခုနီဂေါစရကိုင်း သေတင်းကုပ်သို့ နိစ္စဘတ် ဆွမ်းခံသွားခြင်း ပါနဂေါစရကိုင်း ပြု၍နေ၏။ မင်းနှင့်ရင်း မင်း၏ အမတ်နှင့်ရင်း မိတ်ဆွေခင်ပွန်း ဘွဲ့လျက်နေ၏။ တိတ္ထိတို့နှင့်ရင်း ထိုတိတ္ထိတို့၏ တပည့်နှင့်ရင်း မိတ်ဆွေခင်ပွန်း ဘွဲ့လျက်နေ၏။သိက္ခာ

သုံးပါးနှင့် မလျော်သော လူတို့နှင့် မိတ်ဆွေခင်ပွန်းဘွဲ့သော အားဖြင့်ဖြစ်သော ဂိဟိသံသဋ္ဌနှင့် ရောနှောသည် ဖြစ်၍နေ၏။ အကြင်အမျိုးတို့သည် သာသနာတော်၌ မသဒ္ဒါကုန် ထိုအမျိုးတို့ကို မှီဝဲဆည်းကပ်တတ်၏။ အကြင်အမျိုးတို့သည် ရဟန်းယောကျ်ား ရဟန်းမိန်းမ သီတင်းသည်ယောကျ်ား သီတင်းသည်မိန်းမတို့အား ဆဲရေး ရေးရွတ်တတ်ကုန်၏။ ထိုအမျိုးတို့ကို မှီဝဲဆည်းကပ်တတ်၏။ အကြင်အမျိုးတို့သည် ရဟန်းယောကျ်ား ရဟန်းမိန်းမစသည်တို့၏ အကျိုးမဲ့ကို အလိုရှိတတ်ကုန်၏ စီးပွားမဲ့ကို အလိုရှိတတ်ကုန်၏။ မချမ်းသာသည်ကို အလိုရှိတတ်ကုန်၏။ ယောဂလေးပါး၏ မကုန်ခြင်းကို အလိုရှိတတ်ကုန်၏ ထိုအမျိုးကို မှီဝဲဆည်းကပ်တတ်၏။ ဤရဟန်းကို အဂေါစရရဟန်းဟူ၍ ဆိုအပ်၏။ မအပ်သော အရာ၌လှည့်လာကျက်စားသော ရဟန်းဟူလို။

သာသနာတော်၌ အချို့သော ရဟန်းသည် ပြည့်တန်ဆာမအိမ်၌ မိတ္တသန္ထဝ၏ အဖြစ်ဖြင့် နိစ္စဘတ် ဆွမ်းမခံ မုတ်ဆိုးမအိမ်၌ မိတ္တသန္ထဝ၏ အဖြစ်ဖြင့် နိစ္စဘတ်ဆွမ်းမခံ လင်မရသောဟိုင်းမ၏အိမ်၌ မိတ္တသန္ထဝ၏ အဖြစ်ဖြင့် နိစ္စဘတ်ဆွမ်းမခံ ပဏ္ဍုက်၏ အိမ်၌ မိတ္တသန္ထဝ၏ အဖြစ်ဖြင့် နိစ္စဘတ်ဆွမ်းမခံ ဘိက္ခုနီမကျောင်း၌ မိတ္တသန္ထဝ၏ အဖြစ်ဖြင့် နိစ္စဘတ် ဆွမ်းမခံ သေတင်းကုပ်၌ မိတ္တသန္ထဝ၏ အဖြစ်ဖြင့် နိစ္စဘတ် ဆွမ်းမခံ မင်း မင်း၏ အမတ်နှင့် အကျွမ်းတဝင် မိတ်ခင်ပွန်း မဘွဲ့ တိတ္ထိ-တိတ္ထိတို့၏ တပည့်နှင့် အကျွမ်းတဝင် မိတ်ခင်ပွန်းမဘွဲ့ လူတို့နှင့် အကျွမ်းတဝင် မိတ်ခင်ပွန်းမဘွဲ့ အကြင်အမျိုးတို့သည် သာသနာတော်၌ သဒ္ဒါကြည်ညိုကုန်၏ ခရီးလမ်းဆုံ၌ တူးအပ်သော ရေကန်ကဲ့သို့ သက်ဝင်ခြင်းငှါ ခန့်ကုန်၏ သက်န်းရောင်တို့ဖြင့် တောက်ပကုန်၏။ ရဟန်းတို့၏ ဝတ်ရုံခြင်းကြောင့်ဖြစ်သော သင်္ကန်းလေ ကွေးခြင်း ဆန့်ခြင်းကြောင့်ဖြစ်သော လေတို့ဖြင့် ထက်ဝန်းကျင်လှိုင်ကုန်၏ ရဟန်းယောကျ်ား စသည်တို့၏ အကျိုးစီးပွားကို အလိုရှိကုန်၏ ချမ်းသာကို အလိုရှိကုန်၏ ယောဂလေးပါး ကုန်ခြင်းကို အလိုရှိကုန်၏။ ထိုအမျိုးတို့ကို မှီဝဲဆည်းကပ်တတ်ကုန်၏ ဤရဟန်းကို ဂေါစရရဟန်းဟု ဆိုအပ်၏။ ဤသို့သော အာစာရ ဤသို့သော ဂေါစရနှင့်ပြည့်စုံသော ရဟန်းကို အာစာရ ဂေါစရ သမ္ပန္န ရဟန်းဟူ၍ ဆိုအပ်၏။

ဤတွင် ပြည့်တန်ဆာမ မုတ်ဆိုးမ ဟိုင်းမ ပဏ္ဍုက် ဘိက္ခုနီ သေတင်းကုပ် ဤခြောက်ရပ်တို့သည် ကာမဂုဏ်မှီဝဲရာ ဖြစ်သောကြောင့် ရဟန်းဖြစ်သူသည်

ထိုသူတို့၏ အိမ်၌ မိတ္တသန္ထဝ၏ အစွမ်းဖြင့် နိစ္စဘတ်ဆွမ်း မခံအပ် မစားအပ်။ ရှေးပြည်ဝင်ပျို့ကိုစီရင်သော ဆရာကား"ဆွမ်းခြောက်ပါးကို မစားအပ်စွာရှောင် လေရာဟု အာဏာဒေသန ဝိနယတွင် ဟု"ဆိုလေသည်ကို ပညာနည်းသူတို့က ထိုခြောက်ယောက်သော သူတို့၏ ဆွမ်းကို အလျှင်းပင် မခံအပ် မစားအပ်ဟု မှတ်ကြ ယူကြကုန်၏ မသင့်။ ။ထိုသူတို့၏ အိမ်တို့သို့ ကပ်၍ နိစ္စဘတ်သော မခံအပ် နိစ္စဘတ်သာ မစားအပ် ရုံဘန်ကား စိတ်ကိုဆောက်တည်သဖြင့် ခံအပ် စားအပ်၏ ခရီးဆုံ စသည်၌ လောင်းသော ဆွမ်း ကျောင်းသို့ လာ၍ပို့သော ဆွမ်းကိုကား ခံအပ် စားအပ်သည်သာဟု မှတ်လေ။

မင်း-မင်း၏အမတ် တိတ္ထိ-တိတ္ထိတို့၏တပည့် လူ ဤငါးယောက်သော သူတို့နှင့် ရောပြွမ်း သက်ဝင် ကျွမ်းဝင်ပြုခြင်းသည်ကား ထိုငါးဦးသောသူတို့သည် ရဟန်း တရား၏ မှီရာလည်းမဟုတ် ပစ္စည်းလာဘ်လာဘ တည်းဟူသော အကျိုးကို လည်း ပြီးစေတတ်သည် အယူပျက်ခြင်း၏ အကြောင်းလည်း ဖြစ်သည်ဖြစ်၍ မအပ်ဟု မြစ်တော်မူသည် မသဒ္ဓါကုန်မကြည်ညိုကုန်သော အမျိုးတို့သို့ ကပ်ခြင်း ရဟန်း ယောကျ်ားစသည်တို့အား ဆဲရေးရေရွတ်တတ်ကုန်သော အမျိုးစသည် တို့သို့ ကပ်ခြင်းသည်ကား သဒ္ဓါတရား၏ယုတ်ခြင်း သန္တောသ၏ မဖြစ်ခြင်း အကြောင်းချည်းဖြစ်၍ မိန့်တော်မူသည်။

တနည်းလည်း-အနာစာရသည် ကာယိက အနာစာရ ဝါစသိက အနာစာရ ဟူ၍ နှစ်ပါးအပြားရှိ၏ ထိုနှစ်ပါးတို့တွင် ကာယိကအနာစာရ ဟူသည်ကား ဤသာသနာ၌ အချို့သော ရဟန်းသည် သံဃာအစည်းအဝေးသို့ ရောက် ၍လည်း မရိုမသေမထေရ်ဖြစ်ကုန်သော သီတင်းကြီးရဟန်းတို့ကို တိုးဝှေ့ထိပါး လျက်လည်းရပ်၏ တိုးဝှေ့ထိပါးလျက်လည်း ထိုင်၏ သီတင်းကြီးတို့၏ ရှေ့မှ မူလည်းရပ်၏ သီတင်းကြီးတို့၏ ရှေ့မှမူလည်း ထိုင်၏ သီတင်းကြီးထက်မြင့်သော နေရာ၌လည်းနေ၏ သံဃာအလယ်၌ရင်း သီတင်းကြီး၏ ရှေ့၌ရင်း ဦးခေါင်းနှင့် တကွ ခြုံလျက် ထိုင်၏ ရပ်လျက်မူလည်း သီတင်းကြီးတို့အား စကားပြော ဟော၏ လက်ရုံးကိုဆန့်လျက်လည်း သီတင်းကြီးတို့အား စကားပြောဟော၏ ဘိနပ်မစီးဘဲ စင်္ကြံသွားကုန်သော သီတင်းကြီးရဟန်းတို့၏ အနီး၌မူလည်းဘိနပ် စီးလျက် စင်္ကြံသွား၏ နိမ့်သောစင်္ကြံ၌ စင်္ကြံသွားကုန်သော သီတင်းကြီးရဟန်း

တို့၏အနီး မြင့်သောစကြံ၌မူလည်း စင်္ကြံသွား၏ မြေ၌ စင်္ကြံသွားကုန်သော သီတင်းကြီးရဟန်းတို့၏အနီး အခင်းရှိသော စင်္ကြံ၌မူလည်း စင်္ကြံသွားကုန်၏ သီတင်းကြီးဖြစ်ကုန်သော ရဟန်းတို့ကို တိုးဝှေ့၍မူလည်းအိပ်၏ တိုးဝှေ့၍မူ လည်းထိုင်၏ သီတင်းငယ်ရဟန်းတို့ကို ဤနေရာသည် ငါ့အား လျောက်ပတ် သော နေရာတည်းဟုဆို၍ နေရာဖြင့်မြစ်၏။

စရုံးအိပ်၌လည်း သီတင်းကြီးရဟန်းတို့ကို မပန်ဘဲ ထင်းကိုမီးတွင်း၌ထည့်၏ စရုံးအိမ်၌တံခါးကိုပိတ်၏ ရေဆိပ်၌လည်း သီတင်းကြီးရဟန်းတို့ကို တိုးဝှေ့၍ နေ၏ သီတင်းကြီးရဟန်းတို့ ရှေ့မှသော်လည်း ကြည်းမှရေသို့သက်၏ တိုးဝှေ့၍ သော်လည်းရေ၌ချိုး၏ တိုးဝှေ့၍သော်လည်း ရေမှကြည်းသို့တက်၏ ရွာတွင်းသို့ ဝင်သောရဟန်းသည်လည်း သီတင်းကြီးရဟန်းတို့ကို တိုးဝှေ့ထိပါး၍သော်လည်း သွား၏ သီတင်းကြီးရဟန်းတို့၏ ရှေ့မှမူလည်းသွား၏ ခရီးသွားစဉ် နံပါးမှဖဲ၍ သီတင်းကြီးရဟန်းတို့၏ရှေ့မှမူလည်းသွား၏အမျိုးတို့၏ အကြင်တိုက်ခန်းတို့သည် လျှို့ဝှက်အပ်ကုန်၏ တိုက်နံရံ စသည်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်၏ ထိုတိုက်ခန်းတို့ သို့လည်း အဆောတလျင်ဝင်၏ အကြင်တိုက်ခန်း၌ အမျိုးမိန်းမကြီးတို့သည် ၎င်း အမျိုးမိန်းမငယ်တို့သည်၎င်း နေကုန်၏။ ထိုတိုက်ခန်းတို့သို့လည်း အဆော တလျင်ဝင်၍ သူငယ်၏ ဦးခေါင်းကိုမူလည်း သုံးသပ်၏ ဤအလုံးစုံသည် ကာယိ က အနာစာရတည်း။ ကိုယ်၌ဖြစ်သော ရဟန်းတို့နှင့် မလျောက်ပတ်သော အကျင့် ဟူလို။ ယခုအခါ မိဘတို့၏ရှေ့၌ သူငယ်၏ ဦးခေါင်းကို သုံးသပ်စကား ဆိုလေ့ရှိကုန်သော ရဟန်းတို့ကား အနာစာရ ရဟန်းချည်းတည်း။

## ဝါစသိက အနာစာရ

ဝါစသိက အနာစာရဟူသည်ကား ဤသာသနာတော်၌ အချို့သောရဟန်း တို့သည် သံဃာအစည်းအဝေးသို့ ရောက်၍လည်း မရှိမသေ မထေရ်ဖြစ်ကုန်သော သီတင်းကြီးရဟန်းတို့ကို မပန်မကြားဘဲ တရားဟော၏ သီတင်းကြီးရဟန်း ခွင့်မပေးဘဲ ပါဠိရွတ်၏ သီတင်းကြီးရဟန်း ခွင့်မပေးဘဲ သူမေးသောပြဿနာကို ဖြေ၏။သီတင်းကြီးရဟန်းခွင့်မပေးဘဲ ပါတိမောက်ပြ၏ သီတင်းကြီးရဟန်းအား မတ်တတ်စကားပြော၏ မောင်းကိုချီ၍ စကားပြော၏ ရွာတွင်းသို့ ဝင်၍လည်း ဤအမည်ရှိသောမိန်းမ ဤမည်သော အနွယ်ရှိသောမိန်းမ အဘယ်သို့ရှိသနည်း

ယာဂုရှိသလော ဆွမ်းရှိသလော ခဲဘွယ်ရှိသလော အဘယ်ကိုသောက်ရကုန်အံ့နည်း အဘယ်ကို စားရကုန်အံ့နည်း ငါ့အား အဘယ်ကိုလှူအံ့နည်း ဤသို့စသည်ပြောဆို၏။ဤအလုံးစုံသည် ဝါစသိကအနာစာရတည်း။(နှုတ်၌ဖြစ်သောရဟန်းတို့နှင့် မလျောက်ပတ်သောအကျင့်ဟူလို) ယခုအခါ မယ်ယဟူ၍ငင်း မယ်တွန်းဟူ၍ငင်း နှင်းသူဟူ၍ငင်း မယ်ယာဟူ၍ငင်း မာတုဂါမတို့နှင့် မိတ္တသန္ထဝပြု၍ပြောဆိုလျက် ပစ္စည်းကိုတောင်းကုန်သော ရဟန်းသည်လည်း အနာစာရချည်းတည်း ဒါယကာယောကျ်ားတို့နှင့်လည်း ထို့အတူ မိတ္တသန္ထဝပြုလျက်ကျင့်လေသမျှသည် အနာစာရချည်းတည်း သတိရှုကြစေ။တဦးအတု တဦးလိုက်၍ပြောဆိုကျင့်ဆောင်တတ်သည် ကာယိက အနာစာရကို ထိန်းသိမ်း စောင့်ရှောက်သော ရဟန်းသည် ကာယိကအာစာရ ရဟန်းမည်၏။ ဝါစသိက အနာစာရကိုထိန်းသိမ်းစောင့်ရှောက်သော ရဟန်းသည် ဝါစသိက အာစာရ ရဟန်းမည်၏ဟုထိုမှ ပဋိပက္ခဖြစ်သောနည်းကို သိအပ်၏။

## အာစာရ

တနည်းကား— ရဟန်းဖြစ်သော သူသည် ဝိနည်းတရား သုတ်တရားတို့၌ရိုသေခြင်း ကျိုးနွံခြင်း ရှိသည်ဖြစ်၍နေ၏ ဟိရီတရား ဩတ္တပ္ပတရားတို့နှင့်ပြည့်ပြည့်စုံသည်ဖြစ်၍နေ၏ သေခိယသိက္ခာပုဒ်နှင့်အညီ ကောင်းစွာဝတ်သည်ဖြစ်၍သေခိယသိက္ခာပုဒ်နှင့်အညီ ကောင်းစွာရုံသည်ဖြစ်၍ အတ္တဘောကို ဖြစ်စေ၏ကြည်ညိုဘွယ်ကို ဆောင်တတ်သော ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်းရှိသည်ဖြစ်၍ အတ္တဘောကို ဖြစ်စေ၏ ကြည်ညိုဘွယ်ကို ဆောင်တတ်သောရှေ့ရှုကြည့်ခြင်း တစောင်းကြည့်ခြင်း ရှိသည်ဖြစ်၍ အတ္တဘောကို ဖြစ်စေ၏ကြည်ညိုဘွယ်ကို ဆောင်တတ်သောကွေးခြင်း ဆန့်ခြင်း ရှိသည်ဖြစ်၍ အတ္တဘောကို ဖြစ်စေ၏ ရထား ထမ်းပိုး တပြန်မျှလောက်သော အရပ်ကို ရှေ့ရှုကြည့်လျက်အောက်သို့ချသော မျက်လွှာရှိသည်ဖြစ်၍ ပြည့်စုံသော ဣရိယာပုထ်ရှိသည်ဖြစ်၍အတ္တဘောကိုဖြစ်စေ၏ စက္ခုစသော ခြောက်ပါးသော ဣန္ဒြေတို့၌လုံသော တံခါးရှိသည်ဖြစ်၍ ဆွမ်းစသော ပစ္စည်းလေးပါး၌ အတိုင်းအရှည်ကို သိသည်ဖြစ်၍အတ္တဘောကို ဖြစ်စေ၏ ညဉ့်ဦးယာမ် မိုးသောက်ယာမ်ပတ်လုံး မအိပ် မစက်ထက်သော ဘာဝနာစိတ်နှင့် ယှဉ်လျက် နိုးကြားခြင်းနှင့် မပြတ်ယှဉ်သည်ဖြစ်၍

ဘာဝနာ၌ မပြတ် အောက်မေ့ခြင်း သတိ ဘာဝနာကို မပြတ် ဆင်ခြင်ခြင်း သမ္ပဇညနှင့် ပြည့်စုံသည်ဖြစ်၍ အတ္တဘောကို ဖြစ်စေ၏ အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း တဆဲ့နှစ်ပါးသော သန္တောသ တရားနှင့် ပြည့်စုံခြင်း အားထုတ်သော ဝီရိယရှိခြင်း မပျင်းမရိခြင်း ကိုယ်တလွန့်လွန့်မရှိခြင်းကို ဖြစ်စေ၍ အတ္တဘောကို ဖြစ်စေ၏ အာဘိသမာစာရိကသီလတို့၌အရိုအသေပြုလေ့ရှိသည်ဖြစ်၍အလေးပြုခြင်းငှါ သင့်သောအကြောင်းတို့၌ အရိုအသေပြုခြင်းများသည်ဖြစ်၍ အတ္တဘောကို ဖြစ်စေ၏။ ဤအလုံးစုံသည်လည်း အာစာရမည်၏။

## ဂေါစရ သုံးပါး

ဂေါစရသည် ဥပနိဿယ ဂေါစရ,အာရက္ခဂေါစရ,ဥပနိဗန္ဓဂေါစရ-ဟု သုံးပါးအပြားရှိသေး၏ ထိုတွင်– အပ္ပိစ္ဆတာအစရှိသော ဆယ်ပါးသော ကထာ၏ အကြောင်းဖြစ်သော ကျေးဇူးနှင့်ပြည့်စုံသော အကြင်ကလျာဏ မိတ္တာဖြစ်သော ပုဂ္ဂိုလ်ကိုမှီ၍ မကြားမနာရဘူးသေးသော သုတ္တဂေယျစသည်ကို ကြားနာရ၏ ကြားနာရပြီးသော သုတ္တဂေယျစသည်ကို ဖြူစင်စေ၏ ဖြစ်သောယုံမှားသကၤာကို လွန်မြောက်နိုင်၏ မှားသောမိစ္ဆာအယူကို ဖြောင့်စေဖြူစေနိုင်၏ မကြည်ညိုသော စိတ်ကို ကြည်ညိုစေ၏ အကြင်ပုဂ္ဂိုလ်၏ မူလည်း အတုလိုက်၍ ကျင့်သောပုဂ္ဂိုလ်သည် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ-တည်းဟူသော သူတော်ကောင်းတရား ငါးပါး၏ ပွါးခြင်းသည်ဖြစ်၏ ဤကလျာဏမိတ္တာ ဖြစ်သောပုဂ္ဂိုလ်သည် ဥပနိဿယ ဂေါစရမည်၏။ (သီလစသည်တို့၏ မှီရာဖြစ်၍ ဖြစ်သော ဂေါစရသည် ဥပနိဿယဂေါစရမည်၏ဟုသိ)။

သာသနာတော်၌ ရဟန်းသည် ရွာတွင်းသို့ ဝင်သည်ရှိသော် အိမ်တိုင်းအိမ်တိုင်းသွားလျက် အောက်သို့ချသော မျက်လွှာရှိလျက် ရထားထမ်းပိုးတပြန်မျှ ရှေ့သို့ရှုလျက် စောင့်စည်းသော ဣန္ဒြေရှိသည်ဖြစ်၍ သွား၏။ ဆင်ကိုမကြည့် မြင်းကိုမကြည့် ရထားကိုမကြည့် ခြေသည်ကို မကြည့် မိန်းမကိုမကြည့် ယောကျ်ားကိုမကြည့် အထက်ကိုမကြည့် အောက်ကိုမကြည့် တူရူကိုမကြည့် ထောင့်ကိုမကြည့် အရပ်တပါးကို မကြည့်သည်ဖြစ်၍ သွား၏။ ဤသို့ စောင့်ရှောက်ခြင်းသတိသည် အာရက္ခဂေါစရ မည်၏။ (သတိသာလျှင်ဖြစ်သော ဂေါစရသည် အာရက္ခဂေါစရ မည်၏ဟုသိ)။

ရုပ်အပေါင်း၌ ငါ၏ကိုယ်မဟုတ် ရုပ်အပေါင်းမျှသာဟု ရှုလေ့ရှိသည်ဖြစ်၍ နေသောရဟန်း၏သတိသည် ကာယာနုပဿနာ သတိပဋ္ဌာန်မည်၏။ သုခ အစ ရှိသော ဝေဒနာသုံးပါးတို့၌ ငါ၏ကိုယ်မဟုတ် ဝေဒနာအစုမျှသာဟု ရှုလေ့ ရှိသည်ဖြစ်၍နေသော ရဟန်း၏သတိသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်မည်၏။ သရာဂအစရှိသော တဆဲ့ခြောက်ပါးသော စိတ်၌ ငါ၏ကိုယ်မဟုတ် စိတ်အစု မျှသာဟု ရှုလေ့ရှိသည်ဖြစ်၍နေလေ့ရှိသော ရဟန်း၏သတိသည် စိတ္တာနုပဿနာ သတိပဋ္ဌာန်မည်၏။ နီဝရဏပဗ္ဗစသော ငါးပါးသော ပဗ္ဗတို့၌ ငါ၏ကိုယ်မဟုတ် နီဝရဏစသော ဓမ္မအစုမျှသာဟု ရှုလေ့ရှိသည်ဖြစ်၍ နေလေ့ရှိသော ရဟန်း၏ သတိသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်မည်၏။ ဤလေးပါးသော သတိပဋ္ဌာန်၌ ဘာဝနာစိတ်ကို ဘွဲ့ခြင်းသည် ဥပနိဗန္ဓဂေါစရမည်၏။ (သတိပဋ္ဌာန်ဟု ဆိုအပ် သော ဂေါစရသည် ဥပနိဗန္ဓဂေါစရ မည်၏ဟုသိ)။ ဤသို့သော အာစာရ ဤသို့သော ဂေါစရနှင့်ပြည့်စုံသောရဟန်းကို အာစာရဂေါစရ သမ္ပန္နရဟန်းဟု ဆိုအပ်၏။ ရဟန်းဟူက ပေါ့ပေါ့တန်တန် မနေရာ။ ဤသို့ပြဆိုခဲ့ပြီးသော အရာ များနှင့် ညီအောင်ကျင့်ရာသည်ကျင့်မှလည်း သမဏမည်သင့်ချေသည်။ တပေါ၊ ရဟန်းကျင့်ဝတ်နှင့်လည်း ပြည့်စုံမှ။ သုတ၊ ကျင့်အပ်သော သမဏဓမ္မကိုလည်း သိမှ။ ယောနိ၊ ရဟန်းမျိုးလည်းမှန်မှ။ ဤအင်္ဂါသုံးပါး စုံညီမှ ရဟန်းဟူရချေ သည်။ မစုံသော် မဟူရချေ။ ပုဏ္ဏားလည်း - တပေါ၊ပုဏ္ဏားမျိုးတို့ အကျင့်ကို လည်း ကျင့်မှ။ သုတ၊ ဗေဒင်၌လည်း တတ်မှ။ ယောနိ၊ အမိလည်းပုဏ္ဏားမျိုး အဘလည်း ပုဏ္ဏားမျိုးမှန်မှ။ ဤအင်္ဂါသုံးပါးညီမှ ဗြာဟ္မဏ ဟူရချေသည်၊ မစုံသော် မဟူရချေ ဤအတူသိလင့်။ ထိုကြောင့်—

တပေါ သုတိ ယောနိ ဟူသည် သုံးအင်တည်မှ အမည်ဗြာဟ္မဏ ဟူစရသို့ ဗုဒ္ဓသည်းချာ တော်တို့မှာလည်း အင်္ဂါသုံးတန် ဂုဏ်တံခွန်ကိုစိုက်ဝှန်စွင့်စွင့် လွှားစ တင့်မှ သမဏတည်းဟု ပညာရှိတို့ဆိုချေသည်။

အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ ဟု ဟောတော်မူသောကြောင့် အဏုမြူ အတိုင်းအရှည်ရှိကုန်သော စေတနာမရှိသည်ဖြစ်၍ ရောက်အပ်သော သေခိယ သိက္ခာပုဒ် စေတနာရှိသည်ဖြစ်၍ ရောက်အပ်သော အကုသိုလ်စိတ္တုပ္ပါဒ် အစရှိ သည်အပြားရှိကုန်သော အပြစ်တို့၌ ယူဇနာတသိန်း ခြောက်သောင်း ရှစ်ထောင်

အတိုင်းအရှည်ရှိသော မြင့်မိုရ်တောင်နှင့်အတူ ရှုလေ့ရှိလျက် ဤအမှုကိုပြုသော် ဒုဗ္ဘာသီအာပတ် ဒုက္ကဋ်အာပတ်မျှသာဟု နှလုံးမသွင်းဘဲ ဒုဗ္ဘာသီအာပတ် ဒုက္ကဋ်အာပတ်ကိုပင် ပါရာဇိကအာပတ်ခန့်လောက် ရွံကြောက်ခြင်းနှင့်တကွ ကျင့်ဆောင်လေ့လာရာသည်။ သမာဒါယ သိက္ခတိ သိက္ခာပဒေသုဟု-ဟောတော်မူသောကြောင့် အလုံးစုံသော သိက္ခာပုဒ်ကြီးငယ်တို့၌ ကျင့်အပ်သောတရားသာ ရှိ၏။ ထိုကျင့်အပ်သော အလုံးစုံသောတရားကို ကောင်းစွာ ဆောက်တည်၍ အသက်ကိုမငဲ့ ဒါယကာတို့မျက်နှာကိုမငဲ့ လာဘ်လာဘကိုမငဲ့ သီတင်းသုံးဘော်တို့၏ မျက်နှာကိုမငဲ့ ဘုရားရှေ့မျက်နှာတော်ကိုသာငဲ့၍ ဝိနည်းတော်မျက်နှာကို သာငဲ့၍ သုတ္တန်မျက်နှာတော်ကိုသာငဲ့၍ ကျင့်ဆောင်ရာသည် ယခုအခါ မိတ်ခင်ပွန်းမျက်နှာကိုသာငဲ့၍ အန္တိမသို့ရောက်ကြောင်းကို ဝတ္ထုအတည်းအကြပ် အမှတ်ယုတ္တိနှင့် ထွက်ဆိုလျက် စုဒိတကကို သစ္စာဆိုစေ၍ သူမှန်ဖြစ်စီရင်သူတို့ကား အလဇ္ဇီသာ ဤတွင် ပါတိမောက်၌ အကျုံးဝင်သော သိက္ခာပုဒ်ကြီးငယ်ကို စောင့်ရှောက်ခြင်းသာ ပါတိမောက္ခ သံဝရသီလ မည်ကောင်းလျက် အာစာရ ဂေါစရ သမ္ပန္နကိုလည်း ဤပါတိမောက္ခ သံဝရသီလအရာမှာ သွင်းလေသည်ကား အာစာရ ဂေါစရသမ္ပန္နဖြစ်မှ ပါတိမောက္ခသံဝရသီလ ပြည့်စုံရာသောကြောင့် သွင်းလေသည်ဟုသိ။

ပါတိမောက္ခသံဝရသီလံ နိဋ္ဌိတံ။

---

## ဣန္ဒြိယသံဝရသီလ

ဣန္ဒြိယသံဝရသီလ၌ စက္ခုအစရှိသော ခြောက်ပါးသော ဣန္ဒြေကို မပျက်စေရအောင် ထိန်းသိမ်းစောင့်ရှောက်သော ရဟန်း၏သီလသည် ဣန္ဒြိယသံဝရသီလမည်၏။

အကျယ်ကား— ထိုပါတိမောက္ခသံဝရသီလ၌ တည်သောရဟန်းသည် စက္ခုဝိညာဏ်ဖြင့် ရူပါရုံကိုမြင်၍ ဣတ္ထိနိမိတ် ပုရိသနိမိတ် သုဘနိမိတ် အစရှိသော ကိလေသဝတ္ထု ဖြစ်၍ဖြစ်သော အာရုံကိုမယူ လက်ခြေစသော အခြင်းအရာကို ယူလေ့ရှိသည်မဖြစ် အကြင်စက္ခုန္ဒြေကို မစောင့်ခြင်းတည်းဟူသော အကြောင်းကြောင့် စက္ခုန္ဒြေကို မစောင့်သည်ဖြစ်၍ နေသောရဟန်းကို အဘိဇ္ဈာ ဒေါမနဿ

ဟုဆိုအပ်သော ယုတ်မာသော အကုသိုလ်တရားတို့သည် နှိပ်စက်ကုန်ရာ၏။ ထိုစက္ခုန္ဒြေကို သတိတည်းဟူသော တံခါးရွက်ဖြင့်ပိတ်ခြင်း စောင့်ရှောက်ခြင်းငှါ ကျင့်၏ စက္ခုန္ဒြေကိုစောင့်၏ စက္ခုန္ဒြေ၌ စောင့်ရှောက်ခြင်းငှါ ကျင့်၏။ ဤသို့ အကြင်သီလကို ဟောတော်မူအပ်၏ ထိုသီလသည် ဣန္ဒြိယသံဝရသီလမည်၏။

ထိုပါတိမောက္ခသံဝရသီလ၌ တည်သော ရဟန်းသည် သောတဝိညာဏ်ဖြင့် အသံ၌ဖြစ်သော ကိလေသဝဋ္ဋ ဖြစ်၍ဖြစ်သောအာရုံ လက်ခြေစသော အခြင်းအရာကိုမယူ အကြင် သောတိန္ဒြေကို မစောင့်ခြင်းဟူသော အကြောင်းကြောင့် သောတိန္ဒြေကို မစောင့်သည်ဖြစ်၍ နေသောရဟန်းကို အဘိဇ္ဈာဒေါမနဿဟု ဆိုအပ်သော ယုတ်မာသော အကုသိုလ်တရားတို့သည် နှိပ်စက်ကုန်ရာ၏ ထို သောတိန္ဒြေကို သတိတည်းဟူသော တံခါးရွက်ဖြင့်ပိတ်ခြင်း စောင့်ရှောက်ခြင်းငှါ ကျင့်၏ သောတိန္ဒြေကို စောင့်၏။ သောတိန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ရောက် ၏ ဤသို့အကြင်သီလကို ဟောတော်မူအပ်၏ ထိုသီလသည်လည်း ဣန္ဒြိယသံဝရ သီလမည်၏။ ယခုအခါ ကစေ သီစေ တီးမှုတ်စေသောရဟန်း ကသည် သီသည် တီးမှုတ်သည်ကို ကြည့်ရှုနားခံသောရဟန်း ပျိုကဗျာ လင်္ကာ ရတု သီချင်းစသည် ၌ လေ့လာသော ရဟန်းတို့ကား ဣန္ဒြိယသံဝရသီလ အလျင်းပင်မရှိလေ ကခြင်း သီခြင်း တီးမှုတ်ခြင်းသည် သာသနာတော်၏ တံကျင်သဘွယ်ဖြစ်သည် သာသနာ တော် ဆုတ်ယုတ်ခြင်း၏ အကြောင်းလည်း ဖြစ်သည်ဖြစ်၍ ထိုကခြင်း သီခြင်း တီးမှုတ်ခြင်းနှင့် စပ်သောရဟန်းတို့သည် အလဇ္ဇီရဟန်းချည်းတည်း။ ထိုရဟန်း တို့အား ပစ္စည်းထောက်ပင့် ချီးမြှင့်ကုန်သော ဒါယကာတို့သည်လည်း အလဇ္ဇီ ပဂ္ဂဟ အလဇ္ဇီနုဂ္ဂဟဖြစ်ခဲ့လျှင် အပြစ်ကြီးလေးစွာ သာသနာဖျက်လည်းဖြစ်လေ စွာ့ သတိရှိကြစေ တကာဆရာ နှစ်ဦးအကျိုးနည်း။

ထိုပါမောက္ခသံဝရသီလ၌ တည်သောရဟန်းသည် ဃာနဝိညာဏ်ဖြင့် ဂန္ဓာရုံ ကိုနမ်း၍ ထိုဂန္ဓာရုံ၌ဖြစ်သော ကိလေသဝဋ္ဋ ဖြစ်၍ဖြစ်သောအာရုံ လက် ခြေစသော အခြင်းအရာကိုမယူ အကြင်ဃာနိန္ဒြေကို မစောင့်ခြင်းဟူသော အကြောင်းကြောင့် ဃာနိန္ဒြေကို မစောင့်သည်ဖြစ်၍နေသောရဟန်းကို အဘိဇ္ဈာ ဒေါမနဿ ဟု ဆိုအပ်သော ယုတ်မာသော အကုသိုလ်တရားတို့သည် နှိပ်စက် ကုန်ရာ၏။ ထိုဃာနိန္ဒြေကို သတိတည်းဟူသော တံခါးရွက်ဖြင့်ပိတ်ခြင်း စောင့်

ရှောက်ခြင်းငှါကျင့်၏ ဃာနိန္ဒြေကိုစောင့်၏ ဃာနိန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ ရောက်၏ ဤသို့ အကြင်သီလကို ဟောတော်မူအပ်၏။ ထိုသီလသည်လည်း ဣန္ဒြိယသံဝရသီလမည်၏။

ထိုပါတိမောက္ခ သံဝရသီလ၌တည်သော ရဟန်းသည် ဇိဝှါဝိညာဏ်ဖြင့်ရသာ ရုံကို လျက်၍ ထိုရသာရုံ၌ ဖြစ်သော ကိလေသဝဋ္ဋ ဖြစ်၍ ဖြစ်သောအာရုံ လက်ခြေစသော အခြင်းအရာကိုမယူ အကြင်ဇိဝှိန္ဒြေကို မစောင့်ခြင်းဟူသော အကြောင်းကြောင့် ဇိဝှိန္ဒြေကို မစောင့်သည်ဖြစ်၍ နေသောရဟန်းကို အဘိဇ္ဈာ ဒေါမနဿ ဟု ဆိုအပ်သော ယုတ်မာသော အကုသိုလ်တရားတို့သည် နှိပ်စက် ကုန်ရာ၏ ထိုဇိဝှိန္ဒြေကို သတိတည်းဟူသော တံခါးရွက်ဖြင့် ပိတ်ခြင်း စောင့် ရှောက်ခြင်းငှါကျင့်၏ ဇိဝှိန္ဒြေကိုစောင့်၏ ဇိဝှိန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ ရောက် ၏ ဤသို့ အကြင်သီလကို ဟောတော်မူအပ်၏ ထိုသီလသည်လည်း ဣန္ဒြိယသံဝရ သီလမည်၏။

ထိုပါတိမောက္ခ သံဝရသီလ၌ တည်သောရဟန်းသည် ကာယဝိညာဏ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကိုတွေ့၍ ထိုဖောဋ္ဌဗ္ဗရုံ၌ ဖြစ်သော ကိလေသဝဋ္ဋ ဖြစ်၍ဖြစ်သော အာရုံ လက်ခြေစသော အရာကိုမယူ အကြင်ကာယိန္ဒြေကို မစောင့်ခြင်းဟူသော အကြောင်းကြောင့် ကာယိန္ဒြေကို မစောင့်သည်ဖြစ်၍ နေသော ရဟန်းကို အဘိဇ္ဈာဒေါမနဿ ဟု ဆိုအပ်သော ယုတ်မာသော အကုသိုလ်တရားတို့သည် နှိပ်စက်ကုန်ရာ၏ ထိုကာယိန္ဒြေကို သတိတည်းဟူသော တံခါးရွက်ဖြင့် ပိတ်ခြင်း စောင့်ရှောက်ခြင်းငှါ ကျင့်၏ ကာယိန္ဒြေကိုစောင့်၏ ကာယိန္ဒြေ၌ စောင့်ရှောက် ခြင်းသို့ရောက်၏။ ဤသို့ အကြင်သီလကို ဟောတော်မူအပ်၏ ထိုသီလသည် လည်းဣန္ဒြိယသံဝရသီလမည်၏။

ထိုပါတိမောက္ခ သံဝရသီလ၌ တည်သော ရဟန်းသည် မနောဝိညာဏ်ဖြင့် ဓမ္မာရုံကိုသိ၍ ထိုဓမ္မာရုံ၌ဖြစ်သော ကိလေသဝဋ္ဋဖြစ်၍ဖြစ်သော အာရုံ လက် ခြေစသော အခြင်းအရာကိုမယူ အကြင် မနိန္ဒြေကို မစောင့်ခြင်းဟူသော အကြောင်းကြောင့် မနိန္ဒြေကို မစောင့်သည်ဖြစ်၍ နေသော ရဟန်းကို အဘိဇ္ဈာ ဒေါမနဿဟု ဆိုအပ်သော ယုတ်မာသော အကုသိုလ်တရားတို့သည် နှိပ်စက်ကုန် ရာ၏ ထိုမနိန္ဒြေကိုသတိတည်းဟူသောတံခါးရွက်ဖြင့်ပိတ်ခြင်း စောင့်ရှောက်ခြင်း

ငှါကျင့်၏ မနိန္ဒြေကိုစောင့်၏ မနိန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ ရောက်၏ ဤသို့ အကြင်သီလကို ဟောတော်မူအပ်၏ ထိုသီလသည်လည်း ဣန္ဒြိယသံဝရသီလ မည်၏။

စက္ခုနာရူပံ ဒိသွာ နိမိတ္တဂ္ဂါဟီ ဟောတိ-ဟု ဟောတော်မူသော်လည်း စက္ခုဖြင့် ရူပါရုံကို မြင်သည်ဟူသော အနက်ကို မမှတ်အပ် "စက္ခုနာ ရူပံ ဒိသွာတိ ကာရဏဝသေန စက္ခုတိလဒ္ဓဝေါဟာရေန ရူပဒဿနသမတ္ထေန စက္ခုဝိညာဏေန ရူပံ ဒိသွာ" ဟု အဋ္ဌကထာ၌ မိန့်သောကြောင့် စက္ခုဝိညာဏ်ဖြင့်သာ ရူပါရုံကို မြင်သည်ဟူသော အနက်ကို မှတ်အပ်သည်။စက္ခုနာ ရူပံ ဒိသွာတိ- ဟူသည်ကား။ကာရဏဝသေန အသာဓာရဏဖြစ်သော အကြောင်း၏ အစွမ်းဖြင့်။ စက္ခုတိ၊စက္ခုဟူ၍။ လဒ္ဓဝေါဟာရေန၊ ရအပ်သော ဝေါဟာရရှိသော။ရူပဒဿနသမတ္ထေန၊ရူပါရုံကို မြင်ခြင်းငှါစွမ်းနိုင်သော။စက္ခုဝိညာဏေန၊စက္ခုဝိညာဉ်ဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိသွာ မြင်၍။ အဓိပ္ပါယ် - စက္ခုပသာဒသည် စက္ခုဝိညာဏ်ဟူသော အကျိုးနှင့်သာ ဆက်ဆံသည် ထိုမှတပါးသောတရားတို့နှင့် မဆက်ဆံရကား အသာဓာရဏ ကာရဏဖြစ်၏ ထိုအသာဓာရဏ ကာရဏဖြစ်သည်၏ အစွမ်းအားဖြင့်စက္ခုဝိညာဏ်သည်သာလျှင်ရူပါရုံကိုမြင်ခြင်းငှါ စွမ်းနိုင်သည်စက္ခုပသာဒကား ရုပ်ဖြစ်၍ မြင်ခြင်းငှါ မစွမ်းနိုင် ဤအတူ "သောတေနသဒ္ဒံ သုတွာ, ဃာနေနဂန္ဓံဃာယိတွာ, ဇိဝှါယ ရသံ သာယိတွာ, ကာယေနဖောဋ္ဌဗ္ဗံဖုသိတွာ, မနသာ ဓမ္မံဝိညာယ"တို့၌ သိအပ်၏ ယဝဟူသော မျိုးစေ့သည် မိမိအနံ့ဟူသော အကျိုးနှင့်သာ ဆက်ဆံသည် တပါးနှင့် မဆက်ဆံ သကဲ့သို့ရင်း ဘေရီဟူသော အကြောင်းသည် မိမိအသံဟူသော အကျိုးနှင့်သာ ဆက်ဆံသည် စည်တီးလူနှင့် မဆက်ဆံသကဲ့သို့ရင်း စက္ခုနာ ရူပံ ဒိသွာ စသည်တို့၌လည်း ဤတူသိပါလေ။

စက္ခုနာ၊ စက္ခုဖြင့်။ ရူပံ၊ ရူပါရုံကို။ ဒိသွာ၊ မြင်၍ဟု ပေးမူကား— မဉ္စာ ဥက္ကုဋ္ဌိ ကရောန္တိကဲ့သို့ နိဿိတ၏ နိဿယ၌ တင်သကဲ့သို့ ဥပစာရဟုသိလေ။ ညောင်စောင်းထက်၌လူကြွေးကြော်သည်ကို ညောင်စောင်း ကြွေးကြော်သည်ဟု နိဿိတဖြစ်သော လူ၏အမည်ကိုနိဿယဖြစ်သောညောင်စောင်း၌ တင်သကဲ့သို့ နိဿိတဖြစ်သော စက္ခုဝိညာဏ်၏အမည်ကို နိဿယဖြစ်သော စက္ခု၌တင်စား၍ စက္ခုဝိညာဏ်မြင်သည်ကို စက္ခုမြင်၏ ဟူလိုသော်။ရှေးဆရာတို့ကား စက္ခုပသာ

ဒသည် စိတ်မရှိသောကြောင့် ရူပါရုံကိုမမြင် စိတ်သည် စက္ခု မရှိသောကြောင့် ရူပါရုံကိုမမြင် ဒွါရ၏အာရုံနှင့် ထိခြင်းဖြစ်သော်ကား တနည်းတုံ–စက္ခုပသာဒအား ရူပါရုံထင်လာသည်ရှိသော်ကား စက္ခုပသာဒတည်းဟူသော မှီရာရှိသောတနည်းတုံ–စက္ခုပသာဒကို မှီ၍ဖြစ်သော စက္ခုဝိညာဏ်ဖြင့် မြင်၏ဟုဆိုကုန်၏။ ဤထက်အကျယ်လိုမူ ဝိသုဒ္ဓိမဂ်မှာကြည့်။

စက္ခုဝိညာဏ်ဖြင့် ရူပါရုံကိုမြင်၍ ကိလေသဝတ္ထုဖြစ်၍ ဖြစ်သောအာရုံမယူရာ၌ သိန်းဃိုဠ်ကျွန်းဝယ် စေတိယပဗ္ဗတ၌နေသော မဟာတိဿထေရ်ကဲ့သို့ကျင့်ရာ၏။ ကြားရဘူးသည်ကား– စေတိယတောင်မှ အနုရာဓမြို့သို့ ဆွမ်းခံသွားခြင်းငှါလာသော မဟာတိဿထေရ်ကို တယောက်သော အမျိုးချွေးမသည် လင်နှင့်တကွ ငြင်းခုံ၍ ကောင်းစွာတန်းဆာဆင်ခြင်း ပြုပြင်ခြင်း ရှိသည်ဖြစ်၍ နတ်သမီးကဲ့သို့ထင်စေလျက် စောစောကလျှင် အနုရာဓမြို့မှထွက်၍ မိဘအိမ်သို့ သွားသည်ရှိသော် ခရီးအကြား၌ မဟာတိဿထေရ်ကိုမြင်၍ ထိုမဟာတိဿထေရ်၌ ရာဂစိတ်ဖြင့် ဘောက်ပြန်သောစိတ်ရှိသည်ဖြစ်၍ ပြင်းစွာသောရယ်ခြင်းကိုရယ်၏။ မထေရ်သည် ဤအသံကား အဘယ်အသံနည်း ဤသူကား အဘယ်သူနည်းဟုကြည့်လတ်သော် ထိုမိန်းမ၏သွားရိုး၌ အရိုးဟူသော အင်္ဂါကသညာကိုရ၍ တနည်းကား– သွားရိုး၌ အသုဘသညာကိုရ၍ အရဟတ္တဖိုလ်သို့ရောက်လေ၏။ မထေရ်သည် ထိုမိန်းမသွားရိုးကိုမြင်၍ အားထုတ်အပ်သော အင်္ဂါကကမ္မဋ္ဌာန်းကို အောက်မေ့သည်ရှိသော် ထိုအရပ်၌ ရပ်လျက်ပင် သောတာပတ္တိမဂ်အစရှိသော အရိယာပုဂ္ဂိုလ်တို့၏ မြတ်သော တရားခုနစ်ပါးကို ပြီးစေလျက် တချက်တနေရာတည်း အရဟတ္တဖိုလ်သို့ ရောက်လေ၏ဟူလို။

ထိုမိန်းမလင်သည်ကား ခရီးစဉ်အတိုင်း လိုက်လတ်သော် မထေရ်ကိုမြင်၍ အရှင်ဘုရား တယောက်သောမိန်းမကို မြင်လိုက်ပါသလောဟု မေး၏ ထိုယောကျ်ားကို မထေရ်သည် တကာ မိန်းမဟူ၍လည်းကောင်း ယောကျ်ားဟူ၍လည်းကောင်း ငါမသိ။ စင်စစ်ကားအရိုးစုသည် ဤခရီးမ၌ သွားလေ၏ဟု ဆို၏။ ဤမဟာတိဿထေရ်ကဲ့သို့ စက္ခုန္ဒြေကို ထိန်းသိမ်းစောင့်ရှောက်သောရဟန်းအား အဘိဇ္ဈာဒေါမနဿဟု ဆိုအပ်သော အကုသိုလ်ဓမ္မသည် ထိုပုဂ္ဂိုလ်အား မနှိပ်စက်သည်ဖြစ်၏ မိမိ၏ဝတ်မှ ထွက်မြောက်ခြင်းအကျိုး မိမိကို

ကြည်ညိုကုန်သော သီတင်းသုံးဘော် ပစ္စည်းဒါယကာတို့၏ ဒိဋ္ဌဓမ္မအကျိုး သမ္ပရာယိက အကျိုးနှစ်ပါး၏ ပွါးခြင်းသည် ဖြစ်လတ္တံ့ရကား သဒ္ဓါ၍ ရဟန်းပြုသော ပုဂ္ဂိုလ်တို့သည် အတိုင်းထက်အလွန် စက္ခုန္ဒြေ စောင့်ထိန်းရာသည်။ ကြွင်းသော ဣန္ဒြေငါးပါးတို့၌လည်း ဤအတူထိန်းသိမ်းရာသည်။

ဤ ဣန္ဒြိယသံဝရသီလသည် အလွန်သိမ်မွေ့လှ၏ ညအခါအိပ်မက်၍ သုက်လွှတ်သောရဟန်း မာတုဂါမ၌ သံဝါသမှုပြုမက်မိသော ရဟန်းတို့သည် အာပတ်ကား မသင့်၏ရှင့် ယင်းသို့မသင့်သော်လည်း ဣန္ဒြိယသံဝရသီလ ပျက်ချေသည် ထိုကြောင့် သုတ္တောဝါ ဇာဂရိတော ဝါ စသည်ဖြင့် သမ္ဗုဒ္ဓနှင့် မကင်းမူ၍ အိပ်ရာနိုးရာသည်ကို ဟောတော်မူသည် ငါတို့ကျေးဇူးရှင်ဘုရားကား မာတုဂါမနှင့် စကားပြောသည်ကာလ မျက်နှာကိုမော်တော်မမူ အောက်သို့မျက်လွှာကို စိုက်စိုက်ချ၍ ပြောတော်မူသည် ယခုအခါ မျက်နှာမော်လျက် မာတုဂါမများနှင့် အကျွမ်းတဝင် မိတ္တသန္ထဝပြု၍ ပြောဟောကြသည်ကား ဣန္ဒြိယသံဝရသီလနှင့် ဝေးစွာသော အကြောင်းသာတည်းဟု သိ။

ဒွါရခြောက်ပါးကို ထိန်းလျှင် ထိုဒွါရခြောက်ပါး၌ ဖြစ်သော စိတ္တုပ္ပါဒ်တို့ကိုလည်း ထိန်းသည်မည်၏။ ထိုဒွါရခြောက်ပါးကို မထိန်းလျှင် ဒွါရခြောက်ပါး၌ ဖြစ်သော စိတ္တုပ္ပါဒ်တို့ကို ထိန်းသော်လည်း ထိန်းသည်မမည် ဥပမာကား— မြို့တံခါးတို့ကို မပိတ်အပ်ကုန်သည်ရှိသော်မြို့တွင်း၌ တည်သော အိမ်တံခါးတို့ကိုပိတ်သော်လည်း ပိတ်သည်မမည်သကဲ့သို့ စက္ခုအစရှိသောခြောက်ပါးသောဒွါရတို့ကို သတိဟူသော တံခါးရွက်ဖြင့် မပိတ်အပ်သောရဟန်းအား ထိုဒွါရခြောက်ပါးကို မှီ၍ဖြစ်သော ဆစတ္တာလီသစိတ်သတ္တသဋ္ဌိစိတ်တို့ကို ပိတ်သော်လည်းပိတ်သည်မမည် သည်ကိုရည်၍ "တံခါးခြောက်ဝကိုလုံပါစေ ရှစ်ဆဲ့တပါး မျောက်ကြမ်းများကို ထွက်အံ့သောငှါ မဘွင့်ရာရှင့်"ဟု ပညာရှိတို့ဆိုကုန်သည်။ မြို့တံခါးကို ပိတ်အပ်ကုန်သည်ရှိသော် မြို့တွင်း၌တည်သော အိမ်တံခါးတို့ကို မပိတ်အပ်ကုန်သော်လည်း ပိတ်သည်မည်သကဲ့သို့ စက္ခုအစရှိသော ခြောက်ပါးသော ဒွါရတို့ကို သတိဟူသော တံခါးရွက်ဖြင့် ပိတ်သော ရဟန်းအား ထိုဒွါရခြောက်ပါးကို မှီ၍ ဖြစ်သော ဆစတ္တာလီသစိတ် သတ္တသဋ္ဌိစိတ်တို့ကိုမပိတ်အပ်သော်လည်း ပိတ်သည်မည်သည်ဖြစ်၏။ အဓိပ္ပါယ်ကား— အာရုံနှင့်ဒွါရ အဘိမုခီဘူတ ဖြစ်လတ်သော်

(၈) ၂၀၅-၈

အာရုံသည် ဒွါရတွင်းသို့မဝင်ရအောင် လုံ့လပြု ဆိုလိုသည်။ မြို့တွင်း၌တည်သော အိမ်ကိုသာပိတ်၍ မြို့တံခါးကဝင်၍ ခိုးသူတို့အိမ်၌ရှိသော ဘဏ္ဍာတို့ကိုယူခြင်းငှါ လွယ်သည် မြို့တွင်း၌တည်သော အိမ်တံခါးကို မပိတ်အပ်သော်လည်း မြို့တံခါးကို ပိတ်လျှင် မြို့ပ၌တည်သော ခိုးသူတို့သည် အိမ်၌ရှိသော ဘဏ္ဍာတို့ကို မြို့တွင်းသို့ ဝင်၍ ယူခြင်းငှါ မလွယ်သကဲ့သို့ ဒွါရခြောက်ပါးကို ပိတ်လျှင် ထို၌တည်သော စိတ်ကို အာရုံသည်ဝင်၍ မွေ့နှောက်ခြင်းငှါ ခဲသည်ဟူလို။ထို့ကြောင့်— "ယထာ နဂရေ စတူသုဒွါရေသု အသံဝုတေသု" စသည်ဖြင့် ဟောတော်မူသည်။ ဤသို့ သော ပါဠိအနုသာသနီကိုလျှောက်၍ ရူပါရုံနှင့် စက္ခုပသာဒ သဒ္ဒါရုံနှင့် သောတ ပသာဒ ဂန္ဓာရုံနှင့် ဃာနပသာဒ ရသာရုံနှင့် ဇိဝှါပသာဒ ဖောဋ္ဌဗ္ဗာရုံနှင့် ကာယ ပသာဒ ဓမ္မာရုံနှင့် မနောဒွါရ အဘိမုခီဘူတဖြစ်လတ်သောအခါ ထိုထိုအာရုံသည် ထိုထိုဒွါရ၏အတွင်းသို့ မဝင်ရအောင် ထိုထိုဒွါရ၏ အတွင်း၌တည်သော ဆစတ္တာ လီသစိတ် သတ္တာသဋ္ဌိစိတ်ကို မမွေ့မနှောက်ရအောင် အဆောတလျှင် သတိတည်း ဟူသောတံခါးရွက်ဖြင့် ထိုထိုဒွါရကိုပိတ်၍ ရဟန်းဖြစ်သောသူသည်ကျင့်ရာသည်။

## မင်းရွာ ဆရာတော်

မင်းရွာ ဆရာတော်ဘုရားကား ဆွမ်းဘုဉ်းပေးစိမ့်သောငှါ ကပ်လာသော များစွာသောဆွမ်း များစွာသော ဟင်းလျာတို့ကို ခွက်နှင့်ချည်း အသီးအသီး ရှိသည်တို့ကို အာရုံမပြုဘဲ မျက်စိမှိတ်၍ နှိုက်တော်မူသည် နှိုက်မိသောဆွမ်းခွက် နှိုက်မိသောဟင်းလျာကို မျက်စိဖြင့်ကြည့်ပြီးလျှင် ထိုနှိုက်မိသော ခွက်၌ရှိသော ဆွမ်းဟင်းလျာကိုသာ ဘုဉ်းပေးတော်မူသည် အခြားတို့၌ရှိသော ဆွမ်းဟင်း လျာကို ဘုဉ်းပေးတော်မမူ ဤခွက် ထိုခွက် ကောင်းနိုးရာရာရှာ၍ စားသည်ကို လောလုပ္ပစာရဟူသတည်း။ ဆွမ်းကိစ္စပြီးလျှင် လုပ်ရေဆေး၍ လက်မသည်းခွံမျှ လဘက်ကိုစားတော်မူ၍ ကွမ်းနှစ်ယာသုံးပြီးလျှင် လုပ်ရေကျင်း၍ ထိုနေ့စားခြင်း ကိစ္စကို ငြိမ်းစေတော်မူသည်။ ဤသို့ သတိတည်းဟူသော တံခါးရွက်ဖြင့်ပိတ်ခြင်း ကို အားထုတ်တော်မူသည်။ သူတပါးအား ကဲ့ရဲ့စကားဆိုမည်ထား၍ ကဲ့ရဲ့စကား ပြောလာသူတို့၏ အသံကိုမျှလည်းမညိတ် မင်းရွာပုဂ္ဂိုလ် သို့စဉ်သိမ်းဆည်းသည် ဟု ရွှေတောင်ဆရာတော်ဘုရားကြီး မိန့်တော်မူဘူးသည်။ သဒ္ဓါတရားနှင့် ပြည့်စုံ သူတို့ နည်းယူပါစေဟု ဆရာမြတ်တို့စလေ့စလာကို ရေးသားလိုက်သည်။

တနည်းလည်း-ကောင်းစွာဆိုပိတ်အပ်သော တံခါးရှိသောရွာကို အပဒ္ဒဝတည်သော ခိုးသူတို့သည် လွယ်ကာဝင်၍ အိမ်ဒ္ဒဝတည်သော ဘဏ္ဍာကို မဖျက်ဆီးနိုင်သကဲ့သို့ စက္ခုအစရှိသော ခြောက်ပါးသောဒွါရတို့ကို သတိတည်းဟူသောတံခါးဖြင့် ကောင်းစွာ ဆိုပိတ်အပ်သော ရဟန်း၏ ထိုထိုဒွါရ၌ ဖြစ်သောစိတ်ကိုလည်း အပဒ္ဒဝတည်သော အာရုံကြောင့်ဖြစ်သော အဘိဇ္ဈာစသော အကုသိုလ်ဓမ္မတို့သည် လွယ်ကာဝင်၍ မဖျက်ဆီးနိုင် သီလသာရ သမာဓိသာရကိုမျှ မနှဲ့ မဖြိုနိုင် ကောင်းစွာမိုးအပ်သောအိမ်ကို ရွာသော မိုးသည်းရေမိုးသည်းပေါက်တို့သည် လွယ်စွာ မထွင်း မချဉ်းနိုင်သကဲ့သို့ ကောင်းစွာ ပွားစေအပ်သော ကာယဂတာသတိနှင့် ယှဉ်သောရဟန်း၏ဘာဝနာစိတ်သည်လည်း ရာဂအစရှိသော ကိလေသာတို့သည် လွယ်ကာမထွင်း မချဉ်းနိုင်ဟု ဘုရားရှင်ဟောတော်မူအပ်သော ရူပေသု သဒ္ဒေသု စသောတရားကို နှလုံးပိုက်၍ ရဟန်းဖြစ်သောသူသည် အချင်းခပ်သိမ်း သတိသမ္ပဇညနှင့် ပြည့်စုံ စေရာသည်။ ပေါ့ပေါ့တန်တန်မနေရာ သည်ကို ရည်၍ ဇနကပျို့၌—

ထောင်နှင့်ငါးရာ ရန်မိစ္ဆာကို ပယ်ခွါနုတ်ဖြုတ် ငြိမ်းစေတတ်သား မြတ်သဘာဝ သာမဏဟု မည်ရခေါ်တွင် ရှင်တို့အရည် ကိုယ်နှုတ်တည်သည် ကြည်ဘွယ်ဘနန်း ရှင်ရဟန်း သင်္ကန်းဖျော့တော့ ဝတ်ပြီးလျော့ဟု ပေါ့ပေါ့လွယ်ကာ မမှတ်ရာရှင့် ကိလေသာညွန်နှဲ့ ပေါ်ထဲလိမ်းကျံ ကိုယ်လုံးမံလျက် မကြံစည်သာ ဤခန္ဓာကား အရာမက ဒုက္ခတိုးပွါး ဘေးရန်များ၏ ငါးပါးဥာဏ ဒဿနကို အရရှယ်ချုံ ရှင်သို့သူလည်းအယူမမှားစေကောင်းဘူး။အရည်းပိပိ ဆည်းကပ်မှိသည် လွှမ်းညီခကျော်သဲ စောရန်ကဲ ရဲရဲရောင်ထင်ရှင့်ဆင်းပြင်ကား ရွှေစင်မြတ်ပုံကြေးမုံ အလား ကြည်ဘွယ်သားနှင့် တိုင်းကားကျယ်ပြန့် ပြည်အဝှန်းကို စွန့်ပေသတတ် သူတော်မြတ်ဟု ပိဏ္ဍပါတ်လောင်း လူအပေါင်းတို့ ဆွမ်းကောင်း ဟင်းလေး ရွေးကာ ချယ်ချယ် မြိန်ဘွယ်ဘွယ်တိ ဆယ်နှင့်ခြောက်ပါး လှူသည်များကို သောက်စားတံုလစ် ဆွမ်းဆီယစ်၍ နှမ်းညစ်မျက်နှာ ရှုံ့ရှာဟောက်ဟက် ခင်းနှီးထက်ဝယ် မျဉ်းစက်မွေ့လျော် ပျော်တစင်းစင်း နိုးတုံလျှင်းလည်း အပျင်းခိုခိုကိုယ်တလွန့်လွန့် ဆန့်တငင်ငင် ဘယ်တင်ညာပြောင်း တောင်စောင်း မြောက်လူး မှူးတူးယန်းတန်း သန်းတဝေဝေ မပြေအိပ်မှုန် ဖုန်တမှိန်းမှိန်းကိုယ်လက်ဖိန်းလျက် အာရုံကွက်၍ ဝိတက်ဘောက်ပြား ကြိုးတကြားမျှ မပွားဘာဝနာ ဆိတ်ညံရာ

ရှင့် ပညာသတိ ရှိနိုင်လေလေ စိတ်မသေ့နှင့် အထွေအထွေ ဤသို့ရေသား ထဲမွေ ကိုယ်တွင်း ရန်မက်ကင်း၍ ထမင်းရေစာ ဖြည့်တင်းခါ၌ လျှာတကောက်ကောက် မစွန့်ပေါက်ဘဲ ရေသောက်ခဲသင့် ချင့်လတ်ရွေသာ သုံးဆောင်ရာ၏ လွန်စွာ မစားစကောင်းဘူး။

သဗ္ဗညုဉာဏ် ခါတန်ပွင့်ခန်း ကြိုးနှယ်တန်းလျက် ရဟန်းအကျင့် အဆင့်ဆင့်၌ သက်နှင့်တရှိ သတိမြမြံ ကြံမလျှော့ရာ မမေ့သာတည်း အာကာမိုးခေါင် ပြဟ္မာ့ဘောင်သို့ ရောက်အောင်သံပ ရှယ်ထောက်ချလျက် အစမြေရေ မီးနှင့်လေမှ ညိုရွှေနီဖြူ ဟူသာထိုပြင် ကောင်းကင်အလင်း ကသိုဏ်းကွင်းနှင့် ချစ်ခြင်းကျင်နာ မုဒိတာက မည်သာတွက်ကျုံး တဆဲ့သုံးကို ပန်းကုံးတပြီ ကြွေနှယ်စီလျက် ခန္တီငါဒိ နှလုံးရှိသား ကိလေသာနှောင် ကျော့ညွတ်ထောင်ကို ရှောင်တခွါခွါ ဖြေခက်စွာသား တဏှာမြေးရှက် ကာမလက်မှ ထွက်ပြီးစွာထွန် ခပ်သိမ်းရန်ကို ပယ်လှန်နုတ်ချေ ငြိမ်းတတ်စေလော့ အထွေအပြား ဟောမြွက်ကြားသည် တရားနက်နက် လေးလတ်တည်း။

မစိုမပို မာန်တချိုနှင့် ငါသို့သသူ ရဟန်းဟူလည်း တုမယှဉ်ဘိ မိပတိဟု မိုးရှိမထန် မာန်တဟုံးဟုံး မကြုံးပရာ မောက်စောက်စွာသည် မိစ္ဆာဘောက်ပြန် ဇာတိမာန်ကြောင့် ဈာန်ရမဘဲမြင့်မြဲရှည်ကျူး ကြာတင်ဘူးသား ကျေးဇူးမပွား ဖြစ်ဟန်များလည်း စိတ်ထားကြည်ယုံ နှလုံးတုံလျက် ဆယ်စုံကမ္မ ပထမြောက်မြား ဘိညာဉ်ငါးနှင့် ရှစ်ပါးသမာပတ် မလွတ်ရမူ လုံ့လပြု၍ ဂရုကတ နေ့ညသိပ်သိပ် ပုတီးစိပ်သို့ နှိပ်နှိပ်ကွပ်ကွပ် သတိကြပ်လျက် မလပ်စရာ ဘာဝနာအား ပြန့်ပွားလေ့ကျက် ဝတ်နှစ်ချက်လည်း မပျက်ရစေ ဆောက်တည်လေဟု ထွေထွေလာလာ ဖွေကရှာလျှင် နှုတ်သာခွန်းပြည်း အနည်းနည်းဖြင့် ကွပ်တည်းချီချ ဘော်ထုတ်ပြ၍ ဆုံးမဆင့်ဆင့် ပေးလတ်တည်း—

ဟု-နာရဒရသေ့ ဇနကမင်းအား ဆုံးမကြောင်းကို တွင်းသင်းဝန် ဆိုသည့် လင်္ကာ အနက်ကောင်းလှ၍ ကဗျာပင်ဖြစ်သော်လည်း မှတ်ယူကျင့်ပါစေဟု ထုတ်ရေးလိုက်သည် သီချင်းသံကို ဘာဝနာရှု၍ မဂ်ဖိုလ်ရသည့် ဝတ္ထုကိုထောက်။

ဣန္ဒြိယသံဝရ သီလံနိဋ္ဌိတံ။

# အာဇီဝပါရိသုဒ္ဓိသီလ

အာဇီဝပါရိသုဒ္ဓိသီလ၌—

ကတမော စ ဘိက္ခဝေ သမ္မာအာဇီဝေါ ဣဓဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇီဝံပဟာယသမ္မာ အာဇီဝေန ဇီဝိတံ ကပ္ပေတိ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာအာဇီဝေါ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတမောစ၊ အဘယ်သည်လျှင်။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝ မည်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ ဘုရားတပည့်သည်။ မိစ္ဆာအာဇီဝံ၊ မိစ္ဆာအာဇီဝကို။ ပဟာယ၊ ပယ်၍။ သမ္မာအာဇီဝေန၊ သမ္မာအာဇီဝဖြင့်။ ဇီဝိတံ၊အသက်ကို။ ကပ္ပေတိ၊ မွေး၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤမိစ္ဆာအာဇီဝကိုပယ်၍။ သမ္မာအာဇီဝဖြင့် အသက်မွေးခြင်းကို။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏ ဟု မဟာသတိပဋ္ဌာနသုတ်၌ ဟောတော်မူသောကြောင့် ဒါယကာတို့ သဒ္ဓါအောင် သစ်သီးပေးခြင်းစသော အမှုကိုပြု၍ ရသောပစ္စည်းကို ကြဉ်၍ တရားသဖြင့်ရသောပစ္စည်းကိုသာ သုံးဆောင်ပရဘုတ်လေ့ရှိသောရဟန်းသည် အာဇီဝပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသော ရဟန်းမည်၏ ဟု သိအပ်၏။

တနည်းကား-အာဇီဝဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်ကုန်သော ခြောက်ပါးသောသိက္ခာပုဒ်တို့ကို စောင့်ရှောက် ထိန်းသိမ်းခြင်းကြောင့် ဖြစ်သောရဟန်း၏ သီလသည် အာဇီဝပါရိသုဒ္ဓိ သီလမည်၏။ ခြောက်ပါးဟူသည်ကား—

၁ အကြင် ရဟန်းသည် အာဇီဝဟူသော အကြောင်းကြောင့် ယုတ်မာသော အလိုရမ္မက်ရှိသည်ဖြစ်၍ အလိုဆိုးနှိပ်စက်သည်ဖြစ်၍ မိမိ၌ထင်ရှားမရှိဘဲ မဟုတ်မမှန်ဘဲ ဈာနလာဘီပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်တို့၏မြတ်သောဈာန် ဝိမောက္ခစသော တရားကိုငါရ၏ဟု သူတပါးအားပြော၏။ထိုရဟန်းအား ပါရာဇိကအာပတ်သင့်၏ ထိုအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သော အာပတ်မည်၏။

၂ အကြင်ရဟန်းသည် အာဇီဝဟူသော အကြောင်းကြောင့် အောင်သွယ်ခြင်းသို့ရောက်၏ ထိုရဟန်းအား သံဃာဒိသိသ်အာပတ်သင့်၏ ထိုအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သောအာပတ်မည်၏။

၃ အကြင်ရဟန်းသည် အာဇီဝဟူသော အကြောင်းကြောင့် တကာ. အကြင်ရဟန်းသည် သင်၏ကျောင်း၌နေ၏ ထိုရဟန်းသည် ရဟန္တာတည်းဟူသူတပါးကို ညွှန်းသကဲ့သို့ဆို၏ ထိုစကား၏အနက်ကို ထိုဒါယကာ သိလေသော် ထိုဆိုသောရဟန်းအား ထုလ္လစ္စဉ်းအာပတ်သင့်၏။ ထိုအာပတ်သည် အာဇီဝဟူသော အကြောင်းကြောင့် သင့်သောအာပတ်မည်၏။

၄ အကြင် ရဟန်းသည် အာဇီဝဟူသော အကြောင်းကြောင့် ထောပတ်နှင့်ရောသော မွန်မြတ်သော ဘောဇဉ်ကိုရင်း ဆီဦးနှင့်ရောသော မွန်မြတ်သော ဘောဇဉ်ကိုရင်း, ပျားနှင့်ရောသော မွန်မြတ်သော ဘောဇဉ်ကိုရင်း, တင်လဲနှင့်ရောသော မွန်မြတ်သော ဘောဇဉ်ကိုရင်း, ငါးနှင့်ရောသော မွန်မြတ်သောဘောဇဉ်ကိုရင်း, အမဲနှင့်ရောသော မွန်မြတ်သော ဘောဇဉ်ကိုရင်း,နို့ရည်နှင့်ရောသော မွန်မြတ်သော ဘောဇဉ်ကိုရင်း, နို့ဓမ်းနှင့်ရောသော မွန်မြတ်သော ဘောဇဉ်ကိုရင်း, ကိုးပါးသော သံသဋ္ဌဖြစ်သော ပဏီတဘောဇဉ်တို့တွင် တပါးပါးသော သံသဋ္ဌဘောဇဉ်ကို မနာမဖျားဘဲ မိမိအကျိုးငှါ ထောပတ်နှင့်ရောသော မွန်မြတ်သော ဘောဇဉ်ကိုပေးပါ ဆီဦးနှင့်ရောသော မွန်မြတ်သော ဘောဇဉ်ကိုပေးပါ ဤသို့စသည်ဖြင့် တောင်း၍စားအံ့ ထိုရဟန်းအား ပါစိတ်အာပတ်သင့်၏။

၅ အကြင်ရဟန်မိန်းမသည် အာဇီဝဟူသော အကြောင်းကြောင့် ထောပတ်နှင့်ရောသော မွန်မြတ်သော ဘောဇဉ် အစရှိသော ကိုးပါးသော သံသဋ္ဌဘောဇဉ်တို့တွင် တပါးပါးသော ဘောဇဉ်ကို မနာမဖျားဘဲ မိမိအကျိုးငှါ တောင်း၍စားအံ့ ထိုရဟန်း မိန်းမအား ပါဋိဒေသနီအာပတ်သင့်၏။

၆ အကြင်ရဟန်းသည် မနာမဖျားဘဲ မိမိအကျိုးငှါ ဟင်းကိုရင်း ဆွမ်းကိုရင်း တောင်း၍စားအံ့ ဒုက္ကဋ်အာပတ်သင့်၏။

ဤသိက္ခာပုဒ် ခြောက်ပါးတို့တွင် တပါးပါးသော သိက္ခာပုဒ်ကို မလွန်ကြူးမူ၍ စောင့်ရှောက်သော ရဟန်း၏သီလသည်လည်း အသက်မွေး စင်ကြယ်ခြင်း

ဟူသော အကြောင်းကြောင့် အာဇီဝပါရိသုဒ္ဓိသီလမည်၏ ဟူလို။ အဆွေမတော်သော ယောကျ်ားမိန်းမသို့ကပ်၍ သက်နိုးကိုတောင်းခြင်းကြောင့် ပညတ်တော်မူအပ်သော အညာတက အပဝါရိတသိက္ခာပုဒ်၌ သက်နိုးကိုသာ မတောင်းအပ် သက်နိုးမှတပါးကိုကား တောင်းအပ်၏ဟု မယူလင့် အဆွေမတော်သူ မဘိတ်သူ ဖြစ်လျှင် မြင်မြင်သမျှသော ဝတ္ထုကိုပင် မတောင်းအပ်ဟုသိ။ အညာတက ဝိညတ္တိသိက္ခာပုဒ် ပဏီတဘောဇနဝိညတ္တိသိက္ခာပုဒ် သူပေါဒနဝိညတ္တိ သိက္ခာပုဒ် အားဖြင့် သုံးပါးသော သိက္ခာပုဒ်တို့သည် ဝိညတ်ကြောင့်သင့်သော သိက္ခာပုဒ်ချည်းဖြစ်၍ အတူတူဖြစ်လျက် သုံးပါးပြလေသည်ကား သူပေါဒနဝိညတ္တိသိက္ခာပုဒ်မှာ ဟင်းနှင့်ထမင်း နှစ်ပါးသက်သက် မရောသည်ကိုသာမှတ်၍ ပညတ်တော်မူသည် ပဏီတဘောဇန ဝိညတ္တိသိက္ခာပုဒ်မှာ ထောပတ်သက်သက် ထမင်းသက်သက်ကိုသာ မတောင်း နှစ်ပါးစုံ အရောဖြစ်သော ဝတ္ထုကိုမှတ်၍ ပညတ်တော်မူသည် အညာတကဝိညတ္တိသိက္ခာပုဒ်မှာ ထိုသိက္ခာပုဒ်နှစ်ပါးမှ လွတ်သမျှသော ဝတ္ထုကိုမှတ်၍ ပညတ်တော်မူသည်ဟုသိ။ ဤတွင်ထွေးတတ်သည်။

ယခုအခါ ဧည့်သည်ရဟန်း ရောက်လျှင် အဂန္တုကဆွမ်း ရွာတွင်းမှာဘိတ် ကြသည်ကား အညာတကဝိညတ္တိသိက္ခာပုဒ်ကို မသိ၍သာဘိတ်ကြသည် ဘိတ်သူ လည်းမအပ် စားသူလည်းမအပ်။

မန်လည်ဆရာတော်ကြီးကား အာဂန္တုက ရောက်သည်ရှိသော် ကျောင်းက ဆန် ဟင်းလျာ ထင်း မီး ရေ အစုံကိုပေး၍ ရွာသူတို့ကိုချက်စေရန် လက်မှုကိုသာ တောင်းအပ်သည် ဝတ္ထုကို မတောင်းအပ်ချေဟု မိန့်တော်မူသည် ညောင်ကန်ရွာ တွင်ဝုစုပဗ္ဗဇိတ ရဟန်းကြီးတပါးလည်း သမက် သူစိမ်းဖြစ်၍ သမီး၌ သားမြေး၌ သာ တောင်းသည် သမက်အားဝိညတ်ပြုခြင်း နိမိတ်ပြုခြင်း ဩဘာပြုခြင်း မရှိဟု ရှင်ဥတ္တမသာရပြောသည်။

ငါတို့ကျေးဇူးရှင်ဘုရားသည် သာမဏေအဂ္ဂဆိုသူ လူလက်ထက် သိက္ခမ်း သူတို့မှ ကြား၍ရခဲ့သော ပိန်းရိုးပိန်းပွင့်တို့ကို အကုန်စွန့်ရသည် တူးရှင်းခြေ ဘုန်းကြီးတို့လည်း ဝိနည်းကိုအလေးပြုသဖြင့် မြင်မြင်ဝါးဝါးသော ရဟန်းတို့၏ ပစ္စည်းကိုသုံးတော်မမူကုန် အယုတ်သဖြင့် ရေကိုမျှလည်း သောက်တော်မမူကုန် ရေရခက်သည့်အရပ်များသို့ ရောက်သည်ကာလ သိက္ခာပုဒတော် ညှိုးမည်စိုး၍

ကရားနှင့်သွားလေရာရာ ရေဆောင်တော်မူကုန်သည် ရွှေရင်မြော် ရေကန်များသည် ရှေးဘုန်းကြီးများ ရွှေငွေ အဘိုးပေး၍ တူးစေသောကန်ဟု ရှေးဆရာမြတ်တို့သည် ထိုရေကန်ကိုမသုံးကုန်။

ဗဟင် ရှင်မုနိန္ဒဃောသ ဘုရားကြီးလည်း ကျောင်းနား ဘုရားနား စသည်တို့၌ရှိသော ဇရပ်တန်ဆောင်းဟူသမျှ သစ်ပင်ဟူသမျှ ရေတွင်းရေကန်ဟူသမျှကို တည်းခိုသုံးတော်မမူ ရဟန်းများဆောက်သောစရပ် ရဟန်းများစိုက်အပ်သော သစ်ပင် ရဟန်းများတူးစေအပ်သော ရေတွင်း ရေကန်ဖြစ်မည်မသိရဟန်းဟူသမျှသည်း ဝိနည်း၌မလိမ္မာ လိမ္မာသည်တမုံ့ဟူလည်း သိက္ခာပုဒ်၌ ရိုသေခဲ့သည်ဟု မိန့်တော်မူကြောင်းကို ချောင်းကောက် ရှင်ဂုဏာဘာသ ပြောဘူးသည်။ ငါတို့ကျေးဇူးရှင် ဘုရားလည်း တကာ ကြော့အောင် ဆောက်သည့်ကျောင်းတွင် ထောင်ပျဉ်တချပ် အကွဲပါသည်ကို ဝိမလာစာရ ရဟန်းလဲစေရာတွင် ကျောင်းကို အလှူမခံရှိ၍ ထိုပျဉ်တချပ်ကို နုတ်ပစ်ရာတွင်မှ အလှူခံတော်မူသည် ဤသို့လျှင် ရှေးဆရာမြတ်တို့သည် အာဇီဝပါရိသုဒ္ဓိသီလ ပြည့်အောင် အားထုတ်တော်မူကုန်သည်။ ယခုအခါကျောင်း၌ စီရင်ခြင်းစသည်ကို ပြုကြသည်ကား မအပ်စူးစူးဟု သိလေ။

ဇောတိရာမဆိုသည့်ဘုန်းကြီးလည်း ရဟန်းတို့ ရွှေခံခြင်း ငွေခံခြင်း တောင်းခြင်း စသည်ကိုပြု၍ ရသောပစ္စည်းဖြင့် ဖြစ်စေအပ်သောဇရပ်, တန်ဆောင်း, ကျောင်း,သစ်ပင် ဟူသမျှ၌မှန်းတည့်ရိပ်ကိုမျှ ရဟန်းကောင်းတို့ မခိုအပ်သကဲ့သို့ ထိုအတူရဟန်းတို့ဖြစ်စေအပ်သော စေတီကိုလည်း ရှိမခိုးအပ် စေတီမဟုတ် အုဋ်စုအုဋ်ပုံ မျှသာဟုဆို၏ ထိုဇောတိရာမဘုန်းကြီး၏တပည့် တကာဖြစ်ကုန်သော နောက် သားတို့သည် စေတီဟူသမျှကိုပင် အုဋ်စုအုဋ်ပုံ ဆိုစကုန်၏။

ထို ဇောတိရာမဘုန်းကြီးစကားကို ပညာရှိတို့ဝန်မခံကုန် အကြောင်းကား— ဥဒ္ဒိဿကစေတီဖြစ်ခြင်းသာလိုရင်း ဝတ္ထုလိုရင်းမဟုတ် ဇရပ်တန်ဆောင်းစသည်မှာ စေတီမဟုတ် ပရိဘောဂဝတ္ထုမျှသာဖြစ်၍ ယင်းသို့သောဝတ္ထုကို ရဟန်းကောင်းတို့မမှီဝဲအပ်ဟု ပယ်လေသည်။ ထိုစေတီကိုမပယ်ရာ ပြုသူသာအာပတ်မလွတ် ရှိခိုးသူကား လွတ်သည်ဟူကုန်၏။

# ကုဟန

တနည်းကား—မဟာနိဒ္ဒေသ ပါဠိတော်၌ ဟောတော်မူအပ်သော ကုဟန, လပနအစရှိသော အမှုမှကင်းသောအားဖြင့် ရအပ်သောပစ္စည်းဖြင့်သာ အသက်မွေးလေ့ရှိသောရဟန်း၏သီလသည်လည်းအာဇီဝပါရိသုဒ္ဓိသီလမည်၏ဟုသိအပ်၏ ထိုတွင် လာဘ်ကိုတောင့်တသောရဟန်း၏ သူတပါးတို့ ကြည်ညိုလေအောင်ရပ်ခြင်း သွားခြင်း ထိုင်ခြင်း လျောင်းခြင်းကိုပြုခြင်းသည် ကုဟနမည်၏။ ပူဇော်သက္ကာရကို တောင့်တသော ရဟန်း၏ ဣရိယာပုထ်ကိုဖြစ်စေခြင်းသည် ကုဟနမည်၏။ ကျော်စောသံကို တောင့်တသော ရဟန်း၏ ဣရိယာပုထ်ကို ဖြစ်စေခြင်းသည် ကုဟနမည်၏။ ယုတ်မာသော အလိုရမ္မက်ရှိသောရဟန်း၏ ဣရိယာပုထ်ကို ဖြစ်စေခြင်းသည် ကုဟနမည်၏။ အလိုဆိုးဖြင့် နှိပ်စက်သော ရဟန်း၏ ဣရိယာပုထ်ကို ဖြစ်စေခြင်းသည် ကုဟနမည်၏။ ဤသို့ငါရပ်သော် ဤသို့ငါသွားသော် ဤသို့ငါထိုင်သော် ဤသို့ငါလျောင်းသော် မြင်မြင်သမျှတို့ ကြည်ညိုလိမ့်မည်မှတ်၍ ဖြစ်စေသည်ကိုဆိုသည်။ ပစ္စည်းကိုမှီဝဲခြင်းဟု ဆိုအပ်သော ပလ္လွားခြင်းဖြင့် ဣရိယာပုထ်ကို ရှိသေစွာထားခြင်း ဈာန်မဂ်၏ အနီးဖြစ်သော စကားကို ဆိုခြင်းဟူသော အံ့ဩစေခြင်းဖြင့် ဣရိယာပုထ်ကို ရှိသေစွာထားခြင်း ဣရိယာပုထ်ကိုပြုခြင်းဣရိယာပုထ်ကိုကောင်းစွာပြုခြင်းသည်ကုဟနမည်၏။ ဤသို့ငါပြုပြင်သည်ရှိသော် မြင်မြင်သမျှသော သူတို့သည် ငါ့ကို ကြည်ညိုလတံ့ဟု မျက်နှာကို တွန့်သောရဟန်း မျက်နှာတွန့်ခြင်းကို ပြုလေ့ရှိသောရဟန်း၏ အဖြစ်သည်လည်း ကုဟနမည်၏။ ဤသို့ငါဖြစ်စေသည်ရှိသော် သူခပ်သိမ်းတို့ ငါအားအံ့ဩကြကုန်လတံ့ဟုနှလုံးပိုက်၍ အံ့ဩစေခြင်း အံ့ဩခြင်းကို ဖြစ်စေခြင်း အံ့ဩစေတတ်သော အဖြစ်သည် ကုဟနမည်၏။ ဤကုဟန ဟူသောအကြောင်းကြောင့် ရသောပစ္စည်းဖြင့် အသက်မွေးသော ရဟန်းသည် မိစ္ဆာဖြစ်၏။

ယခုအခါ ထီးမိုးရိုးရှည်ကိုင် ပြခံကိုင် ဖူနီ ဖာနီထမ်း ပအုပ်ကိုင် တပည့်တပန်း နောက်လိုက်အများနှင့် မင်းမူးမင်းမတ် စစ်ကပ် တပ်ကဲတို့ကဲ့သို့ အတင့်အတယ်သွားကုန်သော ရဟန်းတို့အား ကုဟနသာ။

တောင်တွင်းကျော် ရှင်ဉာဏသဒ္ဓမ္မဘုရားကား မင်းကေရာဇ်ဆရာတော်ဖြစ်လျက် အသွားရှိလျှင် ခြင်းနှင့်သပိတ်ကိုထည့်၍ ခြင်းထမ်းသူတော်ဝတ် သိတင်း

သည်တယောက်သာ ပါသောဟူ၏။ ၎င်း ဆရာတော်ဘုရား၏တပည့် ထူပါရုံဆရာတော် ရှင်ပုညရာမ ဘုရားလည်း ဤအတူသာ သွားသောဟူ၏။ ဤသို့ဆိုအပ်ပြီးသော ကုဟနမှုကင်းသော တရားသဖြင့်သူလှူ၍ ရသောပစ္စည်းကိုသာ သုံးဆောင်ပရိဘုတ်သော ရဟန်း၏သီလသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏ဟု သိရာ၏။

## လပန

လာဘ်ကို တောင့်တသောရဟန်း,ပူဇော်သက္ကာရကို တောင့်တသောရဟန်း, အကျော်အစောကို တောင့်တသောရဟန်း, ယုတ်မာသော အလိုရမ္မက်ရှိသော ရဟန်း, ယုတ်မာသော အလိုရမ္မက်ဖြင့် နှိပ်စက်သော ရဟန်း, ကျောင်းသို့လာရောက်သော ဒါယကာတို့ကို ရှေးဦးစွာ နှုတ်ဆက်ပြောဆိုခြင်း မေးသည်ကို မရက်မစက် ပြောဆိုခြင်း အခွင့်ပေး၍ပြောဆိုခြင်း ချီးမြှောက်၍ ပြောဆိုခြင်း ထက်ဝန်းကျင်သော အဘို့ဖြင့် ချီးမြှောက်၍ ပြောဆိုခြင်း အထက်အထက်၌ ရစ်ပတ်၍ပြောဆိုခြင်း ထက်ဝန်းကျင်သော အဘို့ဖြင့် ရစ်ပတ်၍ပြောဆိုခြင်း ချီးမြှောက်၍ပြုခြင်း ထက်ဝန်းကျင် ချီးမြှောက်၍ပြုခြင်း အဖန်တလဲလဲ ချစ်ဘွယ်ဆိုခြင်း ကျွန်ုပ် ဗျာ စသည်ဖြင့် မိမိကိုယ်ကို နှိမ့်ချ၍ဆိုခြင်း ပဲနောက်ဟင်းကဲ့သို့ မမှန်တချက် မှန်တချက်ဆိုခြင်း ရွာသူသားငယ်ကို ထိန်းယခြင်းသည် လပနမည်၏။ ဤ လပနဟူသော အကြောင်းကြောင့် ရသောပစ္စည်းဖြင့် အသက်မွေးသော ရဟန်းသည် မိစ္ဆာဇီဝဖြစ်၏ ထိုမိစ္ဆာဇီဝကိုပယ်၍ လပနမှုကင်းသော တရားသဖြင့်ရသော ပစ္စည်းကိုသာသုံးသော ရဟန်း၏ သီလသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။

## နေမိတ္တိက

လာဘ်ကို တောင့်တသောရဟန်း ပူဇော်သက္ကာရကို တောင်းတသောရဟန်း အကျော်အစောကို တောင်းတသောရဟန်း ယုတ်မာသော အလိုရမ္မက်ရှိသော ရဟန်း ယုတ်မာသော အလိုရမ္မက်ဖြင့် နှိပ်စက်သောရဟန်း ဒါယကာတို့အား ပစ္စည်းလှူစိမ့်သောငှါ ပြုအပ်သော ကာယစောပနကိရိယာ ဝါစာစောပနကိရိယာသည် နေမိတ္တိကတာမည်၏ ဒါယကာတို့အား ပစ္စည်းလှူစိမ့်သောငှါ နိမိတ်ပြုခြင်း မိမိအလိုကိုပြုခြင်း အရိပ်အရောင်ကိုပြုခြင်း ပစ္စည်း၏အနီးပြု၍ဆိုခြင်း ပစ္စည်းကြောင့် ဆိုခြင်းဟူသမျှသည် နေမိတ္တိကတာမည်၏။ ဤနေမိတ္တိကတာကြောင့်

ရသောပစ္စည်းဖြင့် အသက်မွေးခြင်းသည် မိစ္ဆာဇီဝမည်၏ ထိုမိစ္ဆာဇီဝမှ ကြဉ်၍ တရားသဖြင့်ရသော ပစ္စည်းဖြင့်သာ အသက်မွေးသော ရဟန်း၏သီလသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။

## နိပ္ပေသိက

လာဘသက္ကာရ ကိတ္တိသဒ္ဒကိုမှီသောရဟန်း ပါပိစ္ဆဣဿာပကတ ရဟန်း၏ ဒါယကာတို့အား ဆဲရေးခြင်း ရှုတ်ချခြင်း ကဲ့ရဲ့ခြင်း နှုတ်ဖြင့်ပစ်ပယ်၍ ဆိုခြင်း ကောင်းစွာချီးမြှောက်၍ဆိုခြင်း ပြက်ရယ်ပြုခြင်း လွန်စွာပြက်ရယ်ပြုခြင်း ကျေးဇူးမဲ့သို့ရောက်စေခြင်း ခပ်သိမ်းသောအဘို့ဖြင့် ကျေးဇူးမဲ့သို့ ရောက်စေခြင်း အရွာရွာ အပြည်ပြည် အနှံ့အပြား ကျေးဇူးမဲ့သို့ ရောက်အောင်ဆောင်ခြင်း မျက်မှောက်ချီးမွမ်း၍ မျက်ကွယ်ကဲ့ရဲ့ခြင်း ဤအလုံးစုံသည် နိပ္ပေသိကတာမည်၏ ဤနိပ္ပေသိကတာကြောင့် ရသောပစ္စည်းဖြင့် အသက်မွေးခြင်းသည် မိစ္ဆာဇီဝမည် ၏ထိုမိစ္ဆာဇီဝမှကြဉ်၍ တရားသဖြင့် ရသောပစ္စည်းဖြင့် အသက်မွေးသောရဟန်း ၏သီလသည် အာဇီဝပါရိသုဒ္ဓိ သီလမည်၏။

## လာဘေနလာဘနိဇိဂီသနာ

လာဘ်ကို တောင့်တသောရဟန်း၏ လာဘ်တပါးဖြင့် လာဘ်တပါးကို ရှာသည်၏အဖြစ် ပူဇော်သက္ကာရကို တောင်းတသောရဟန်း၏ လာဘ်တပါးဖြင့် လာဘ်တပါးကို ရှာသည်၏အဖြစ် ကျော်စောသံကို တောင့်တသော ရဟန်း၏ လာဘ်တပါးဖြင့် လာဘ်တပါးကို ရှာသည်၏အဖြစ် ယုတ်မာသော အလိုရမ္မက်ရှိသော ရဟန်း၏ လာဘ်တပါးဖြင့် လာဘ်တပါးကို ရှာသည်၏အဖြစ် ယုတ်မာသောအလိုရမ္မက်ဖြင့် နှိပ်စက်သောရဟန်း၏ လာဘ်တပါးဖြင့် လာဘ်တပါးကို ရှာသည်၏အဖြစ်သည် လာဘေနလာဘံနိဇိဂီသနတာမည်၏။ လာဘသက္ကာရကို တောင့်တသော ရဟန်း၏ ဤအိမ်မှရသော အာမိသကို ဤအမည်ရှိသော အိမ်သို့ ဆောင်၏ ဤအမည်ရှိသော အိမ်၌ ရသောအာမိသကိုလည်း ဤအိမ်သို့ ဆောင် ၏ ဤသို့သဘောရှိသော ရပြီးသောအာမိသဖြင့် မရသေးသော တပါးသော အာမိသကို အလိုရှိခြင်း ရှာခြင်း အဖန်တလဲလဲ ရှာခြင်း တောင့်တခြင်း တောင့် တ၍ရှာခြင်းတောင့်တ၍ အဖန်တလဲလဲ ရှာခြင်း ဤအလုံးစုံသည် လာဘေနလာ ဘံနိဇိဂီသနတာမည်၏ ဤလာဘ် တပါးကိုရှာ၍ ရသောပစ္စည်းဖြင့် အသက်မွေး

ခြင်းသည် မိစ္ဆာဇီဝ မည်၏ ထိုမိစ္ဆာဇီဝမှကြဉ်၍ တရားသဖြင့်ရသော ပစ္စည်းဖြင့်သာ အသက်မွေးသော ရဟန်း၏သီလသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။ ဤကား မဟာနိဒ္ဒေသပါဠိတော်ထွက်ကို ပြသတည်း။

ဆွမ်းပို့လာသည်ကို ငှက်ပျောသီးပေးလိုက်ခြင်း ငှက်ပျောသီးပို့လာသည်ကို ကြံပေးလိုက်ခြင်း စသည်များလည်း လာဘ်တပါးဖြင့် လာဘ်တပါးကို ရှာသော ဟူစကြ၏ ဆင်ခြင်။ ဤသို့ပြဆိုခဲ့သမျှသောအကြောင်းကြောင့် ရရသမျှသော လာဘ်သည် မိမိသာမအပ်သည်မဟုတ် သီတင်းသုံးဘော် ငါးယောက်လုံးပင် မအပ်ဖြစ်၍ ဆင်ခြင်ရာသည် ယခုအခါဗာလအဗျတ္တဖြစ်ကုန်သောရဟန်းတို့သည် တယောက်အတု တယောက်လိုက်၍ ဤပုဂ္ဂိုလ်ကား ဝိနည်းသိက္ခာပုဒ်၌အလေးအမြတ် အရိုအသေ ပြုလေ့ရှိသော ပုဂ္ဂိုလ်ပေတည်း ဤပုဂ္ဂိုလ်ကား ဝိနည်းသိက္ခာပုဒ်ကို အလေးအမြတ်မပြုသော ပုဂ္ဂိုလ်တည်းဟု နှလုံးမပိုက်ဘဲ မန်ကျည်းသီးရိုက် စလိုက်စလက်ဖြစ်ကြခြင်း စာပေတတ်မြောက်ခြင်းသည် ပမာဏမဟုတ် တကာများသည်သာ ပမာဏဟု အမှတ်ပြုလျက် ဒါယကာတို့နှင့် မိတ်ဆွေခင်ပွန်းအကျွမ်းတဝင် ပြုကြခြင်း ဒါယကာဖြစ်သူလည်း မိတ်ဆွေခင်ပွန်းအလျောက် မလျောက်ပတ်သော သင်္ဃာကိုသာ အကြည်တညိုရှိသေခြင်း စသည်များသည် သာသနာတော်ကို ဒဏ်ထားသောအမှုချည်းဖြစ်၍ အပြစ်ကြီးလှသည်။

## လဇ္ဇီ အလဇ္ဇီ

အလဇ္ဇီကို ချီးမြှောက်ခြင်း လဇ္ဇီကို ရှုတ်ချခြင်းကိုမပြုရာ အလဇ္ဇီကို နှိပ်ရာသည် လဇ္ဇီကိုချီးမြှင့်ရာသည် သို့မှသာသနာ၌ ကြံ့ကျိုးရှိကြမည် သတိရှိကြစေ။ သိလျက် သိက္ခာပုဒ်ကို လွန်ကြူး၍ကျင့်ခြင်း သင့်သောအာပတ်ကို လျှို့ဝှက်ခြင်း အဂတိသို့လားခြင်း ဤသုံးပါးသည် အလဇ္ဇီလက္ခဏာတည်း ထို့ကြောင့် ပရိဝါပါဠိ၌—

သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊ အာပတ္တိံ ပရိ ဂူဟတိ။
အဂတိ ဂမနဉ္စ ဂစ္ဆတိ၊ ဒေိသော ဝုစ္စတိ အလဇ္ဇီပုဂ္ဂလော။

ဟု ဟောတော်မူအပ်ပြီ။

သဉ္စိစ္စ၊ စေတနာနှင့်တကွ စေ့ဆော်၍။ အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇတိ၊ ရောက်၏။ အာပတ္တိံ၊ ရောက်သောအာပတ်ကို။ ပရိဂူဟတိ။ လျှို့ဝှက်တတ်၏။

အဂတိဂမနဥ္စ၊ အဂတိသို့လားခြင်းသို့လည်း။ ဂစ္ဆတိ၊ ရောက်၏။ ဒေိသော၊ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို။ အလဇ္ဇီပုဂ္ဂလော၊ အလဇ္ဇီပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

လွန်ကြူးလိုသော စေတနာမရှိဘဲ သတိမေ့လျော့၍ သင့်သောရဟန်း သင့်သည်ကို မလျှိုဝှက် ကံအလျောက် ထင်စွာပြုသောရဟန်းတို့ကား အလဇ္ဇီမဟုတ် အဂ္ဂိယပ်မှုကို မပြုအပ်ဟုသိလျက် ပြုသောရဟန်း ကုလဒူသကအမှု အနေသန အမှုကို မပြုအပ်ဟုသိလျက် ပြုသောရဟန်း သဘင်ခံမှု ရောင်းမှု ဝယ်မှု ရွှေခံမှု ငွေခံမှုကိုမပြုအပ်ဟုသိလျက် ပြုသောရဟန်းစသည်တို့ကိုသာ အလဇ္ဇီဟုသိရာ၏။ ပေါရာဏကမ္မမှတပါး နဝကမ္မ၌သာ စလေ့စလာများသော ရဟန်းကိုလည်း ဆရာတို့ အလဇ္ဇီပင်ဆိုကြသည် ဆင်ခြင်။

ပေါရာဏကမ္မကား— သင်္ကန်းချုပ်ခြင်း သင်္ကန်းဆိုးခြင်း သပိတ်ဖုတ်ခြင်း ဆံရိပ်ခြင်း လက်သည်းခြေသည်းလှီးခြင်း သေနာသနဝတ် ဥပဇ္ဈာယဝတ် အာစရိယဝတ် ပိဏ္ဍစာရိကဝတ် စသည်တည်း ဤမှတပါး ပန်းချီမှု ပန်းရံမှု စူးမှု ဆောက်မှု စသော အလုံးစုံသော ဂိဟိကမ္မဟူသမျှသည် နဝကမ္မချည်းတည်း။

ဤလက္ခဏာနှင့်ဆင်ခြင်၍ ဤပုဂ္ဂိုလ်ကား အလဇ္ဇီဖြစ်သည် ဤပုဂ္ဂိုလ်ကား လဇ္ဇီဖြစ်သည်ဟု သိလေ ရှုးသောသူသည် ငါအရှုးဟု မသိသကဲ့သို့ သူမိုက်သည်လည်း ငါအမိုက်ဟုမသိသကဲ့သို့ အလဇ္ဇီသည်လည်း ငါအလဇ္ဇီဟုမသိ ယင်းသို့ ဖြစ်ခြင်းသည် မိမိ၏မောဟပြောသောကြောင့်သာတည်း။ထိုကြောင့်သတိတရား သမ္ပဇညတရားနှစ်ပါးနှင့် မိမိကိုယ်ကိုပြည့်စုံအောင် ဥဿာဟပြု၍ အလဇ္ဇီမဖြစ် သေးသောသူသည် အလဇ္ဇီမဖြစ်ခြင်းငှါ အားထုတ်ရာ၏ အလဇ္ဇီဖြစ်ပြီးသောသူ သည်လည်း ထိုအလဇ္ဇီသဘောကိုပင် ပယ်ခြင်းငှါ အားထုတ်ရာ၏။ လဇ္ဇီမဖြစ် သေးသော သူသည်လည်း လဇ္ဇီဖြစ်ခြင်းငှါ အားထုတ်ရာ၏ လဇ္ဇီဖြစ်ပြီးသော သူသည်လည်း ထိုလဇ္ဇီအဖြစ်မပျက်ခြင်း ပြန့်ပြောခြင်းငှါ အားထုတ်ရာ၏။ အရှင် သာရိပုတ္တရာ အရှင်မောဂ္ဂလာန် အဂ္ဂသာဝက နှစ်ပါးတို့သည် ရှေးဦးစွာ သိဥ္စည်းပရိဗိုဇ်တို့၏ အတ္တသာရ မရှိသည်၏အဖြစ်ကို သိ၍ ဘုရားရှင်သို့ကပ်ကုန် လေသည်။ ရေမြိန်ရှင်ဂုဏာသီရိဘုရားလည်း ဂါမဝါသီ ရဟန်းတို့ထံကပ်၍ ရှစ်ဝါ ရပြီးမှ ထိုဂါမဝါသီတို့၏ အတ္တသာရမရှိသည်၏ အဖြစ်ကိုသိ၍ ထိုဂါမဝါသီ

သိက္ခာကိုသိ၍ ထိုဂါမဝါသီ သိက္ခာကိုစွန့်၍ မြို့ကြီး ရှင်စန္ဒပညာထံ အသစ် သိက္ခာကိုယူ၍ ကျမ်းဂန်အများ သင်ကြားလေသည် ငါတို့ပုဗ္ဗာရုံ ရှင်သာရဒဿီ ဘုန်းကြီးဘုရားလည်း ထိုအတူပြု၍ စွန်ဘုန်းကြီးဘုရားထံ ကျမ်းဂန် အရောင် တင်လေသည်။

အလဇ္ဇီလည်း အမြဲမရှိ လဇ္ဇီလည်း အမြဲမရှိ မကျင့်ခိုက် အလဇ္ဇီ ကျင့်ခိုက် လဇ္ဇီဖြစ်၍ အလဇ္ဇီဖြစ်သူလည်း ရှေးသူမြတ်တို့နည်း လဇ္ဇီဖြစ်အောင်လဇ္ဇီဖြစ်သူ လည်း အလဇ္ဇီမဖြစ်ရအောင် အားသုတ်ကြပါ။ ယယ်ကမစင်ကိုစားသည် တမ့ံဟု ကြီးလျှင် မစင်ကိုမစားရာ ယယ်ကမိမွေးတိုင်း တည်သည်တမ့ံဟု ကြီးလျှင် မိမွေးတိုင်း မတည်ရာ ရှက်ချိန်ရောက်လျှင် ရှက်အပ်သည် ကြောက်ချိန်ရောက် လျှင် ကြောက်အပ်သည် ရှေးကရောင်းခြင်း ဝယ်ခြင်း အဂ္ဂိယပ်မှုပြုခြင်း သဘင် ခံခြင်း ဒါယကာတို့နှင့် မိတ်ဆွေဖွဲ့ခြင်း အလဇ္ဇီကို အဘော်ပြုခြင်း ဗာလရဟန်း အဗျတ္တရဟန်းတို့ကိုမှီဝဲခြင်း ဘာဝနာချွတ်ခြင်းစသည်ကို ပြုလေပြီတမ့ံဟု အစဉ် မပြုရာ သူတော်ကောင်း ရဟန်းတို့မည်သည် သီလစသောရဟန်းတရား ချွတ်မည် ကိုသာစိုးသည် လောကဝတ်ချွတ်မည်ကို တစိုးတစိမျှ မစိုး။

## ငရုံ့ဘို ဆရာတော်

ငရုံ့ဘို ရှင်ကလျာဏ ဘုရားကြီးသည် တပည့်တပန်းတို့အား ကျမ်းဂန် တတ်မြောက် လိမ်မာအောင်ပို့ချ၍ ရဟန်းတရား၌လည်း အလေးအမြတ် အရို အသေပြု၍ ကျင့်ဆောင်တော်မူသည် သုစိတ္တာလင်္ကာရဆိုသည့် ကျမ်းကိုလည်း မာဂဓဘာသာပါဠိ စီရင်တော်မူသည် မန်လည်ဆရာတော် ဘုရားကြီး စသော တပည့်အများလည်း ထင်ရှားလှသည် ယင်းသို့သော ဂုဏ်ရှင်ဖြစ်တော်မူသော ငရုံ့ဘိုဘုရားကြီးသည် ငါအိုမင်းပြီ သိက္ခာပုဒ်တော်လည်း များပြားလှသည် တချို့ကျင့်မိ တချို့မကျင့်မိရှိ၍ ထိုအာပတ်ကိုယ်နှင့်သေလျှင် နိရယ ပေတဂတိ နှစ်ရပ်၌ ဖြစ်တတ်သည်ဟု သိက္ခာကို စွန့်၍ သီတင်းသည် သူတော်ဝတ်နှင့် ကျောင်းစွန်တဲဆိုးမှာ ဘာဝနာမှုဖြင့်နေသည်ဟု မာန်လည်ဆရာတော်ဘုရားကြီး မိန့်ကြောင်းကို မဲထီးဆရာတော် ပြောဘူးသည်။ ပဉ္စင်းခံသည်ကာလ သမ္ပတ္တိငါး ပါးတွင် ပရိသ သမ္ပတ္တိ ခဲသည်ဟု သင်္ကာကိုဖျောက်ခြင်းငှါသီတင်းသည်အဝတ်နှင့် နေသည်ဟု ငါတို့ကျေးဇူးရှင်ဆင်တဲဆရာတော်ဘုရားကြီးပြောဘူးသည်။ဆပ်ပြာ

ကုန်းတွင် တိုက်တည်၍ စာချနေတော်မူစဉ် ဆွမ်းခံလမ်းလယ်ကြားဝယ် အုဌ်တံတားတည်စေမိသည် လယ်ရှင်နှစ်ဦးတို့ တရားဖြစ်ကြ၍ ကြေးငွေ အများကုန်ကျသည်၌ သင်္ကာရှိ၍ထိုသင်္ကာကို ဖျောက်ခြင်းငှါ သီတင်းသည် လူဝတ်နှင့်ဘာဝနာကိုအားထုတ်သည်ဟု အိုးထိန်းတောင် သက်တော်ရှည် ဘုန်းကြီးပြောဘူးသည်။

## ကျောက်ဆည်ရဟန်းပျို

ကျောက်ဆည် ရှင်ဝရဓမ္မဆိုသည့် ငါတို့ဆရာ့ဆရာ ဘုန်းတော်ကြီး ဘုရားလည်း ပဉ္စင်းပျိုလက်ထက် ပခန်းနီရှင်ကဝိသာရ ဘုန်းကြီးဘုရားထံ စာသင်သွားသည်ကာလ လမ်းခုလတ်ဝယ် ထားသည်ကင်းနားသို့ ရောက်လျှင် လူတယောက် သူ့တွင်ပါသည့် အထုပ်ကိုပေး၍ ဆောင်ခဲ့သည် ရဟန်းဝန်ကိုသူယူ၍ ကင်းလွန်မှဝန်ကိုအပ်ရာတွင် သတိရ၍ ငါကင်းခိုးဖြစ်ချေပြီဟု သင်္ကာရှိ၍ ငါ၌ အကယ်၍ ရဟန်းတရားမရှိတုံအံ့ ငါ့အား ခရီးအကြားဝယ် အပြစ်မကပ်စေလင့် အကယ်၍ရှိတုံအံ့ ငါ့အားသိက္ခာကျစေတော့ နောက်မှသိက္ခာယူမည်ဟု ထိုသူ့အထံဝယ် သိက္ခာချလေသည် ပခန်းနီသို့ရောက်မှ အပြစ်မရှိ သိက္ခာမစွန့်လင့်ဟု ပခန်းနီဘုန်းကြီးဘုရား သိက္ခာတင်လေသည်ဟု ငါတို့ဆရာမိန့်ဘူးသည် ဤသို့သော သုတပုဗ္ဗကိုမှတ်သား၍အကျိုးကိုမြင်လျှင် သူပြစ်တင်အံ့သည်၌ မကြောက်မရှက် အားထုတ်ကြပါကုန်။ ရဟန်းဖြစ်သောသူသည် ဒါယကာတို့ မိမိအား သဒ္ဓါကြည်ညိုစေခြင်းအကျိုးငှါ သစ်သီးပေးခြင်း ဝါးပေးခြင်း ရေချိုးခါပွတ်သပ်ရန် ကသယ်မှုန့်ပေးခြင်း မျက်သစ်ရေပေးခြင်း မြေဖြူ မြေနီပေးခြင်း ဒန်ပူပေးခြင်း စသည်ကိုမပြုရာ ပြု၍ရသောပစ္စည်းအားဖြင့်လည်း အသက်မမွေးရာ ပေးခြင်းကြောင့်ကား ဒုက္ကဋ်အာပတ်သင့်၏ အသက်မွေးခြင်းကြောင့်ကား အာဇီဝပါရိသုဒ္ဓိသီလပျက်၏။ ရဟန်းဖြစ်သောသူသည် ဒါယကာတို့မိမိအား သဒ္ဓါကြည်ညိုစေခြင်းအကျိုးငှါ ရွာသူသားငယ်တို့ကို ထိန်းယခြင်း ပဲနောက်ဟင်းနှင့်တူသော စကားကိုပြောဆိုခြင်း အိမ်ခင်း လယ်ခင်း ယာခင်းစသော ဝတ္ထုကျမ်းအတတ်ကို ပြောဟောခြင်း အစေအပါးခံ တမန်သည်အမှုကိုပြုခြင်း လူတို့ပါးမှာလိုက်သော သတင်းစကားကိုဆောင်ခြင်း လာဘ်ကိုငဲ့၍ တံစိုးပေးခြင်း ဆွမ်းတို့ကွမ်းတို့ပြန်ခြင်း ဆေးကုခြင်း သည်မှတပါး ဘုရားစက်ဆုပ်တော်မူအပ်သော နွားမွေးခြင်း လယ်လုပ်ခြင်းစသော ဂိဟိကမ္မကိုမပြုရာ။

## ဆေးကုအပ်–မအပ်

အမိအဘ အမိအဘကို လုပ်ကျွေးသောသူ မိမိ၏ ဝေယျာဝစ္စကရ ပဏ္ဍုပလာသ ဘိက္ခုနိဿတက ရဟန်းယောကျ်ား ရဟန်းမိန်းမ သာမဏေယောကျ်ား သာမဏေမိန်းမ သိက္ခမာန် ဤတကျိပ်တယောက်သော သူတို့မှတပါး အခြားသော ပြင်ပဖြစ်သော သူတို့အား မိမိဆေးဖြင့်မကုကောင်း မိကြီး ဘကြီး မိထွေး ဘထွေး အရီး ဦးရီး အစ်မ အစ်ကို နှမ ညီ ဤတကျိပ်သော သူတို့အား ထိုသူတို့၏ ဆေးဖြင့်ကုကောင်းသည် မိမိဆေးဖြင့် မကုကောင်း ဤနှစ်ကျိပ်တယောက်သော သူတို့မှ တပါးသောသူအား ကုသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ကုခြင်းကြောင့် ရသော ပစ္စည်းကို သုံးဆောင်ခြင်းကြောင့်ကား အာဇီဝ ပါရိသုဒ္ဓိသီလပျက်၏အထက်က တကျိပ် တယောက်သော သူတို့အား ဆေးမကုမူ၍ နေခြင်းငှါမအပ် ဥပဇ္ဈာယ်ဆရာ နိသျည်းဆရာ သရဏဂုံဆရာ ကမ္မဝါဆရာစာသင်ဆရာဟုဆိုအပ်သော ငါးပါးသောဆရာ ဥပဇ္ဈာယ်ယူတပည့် နိသျည်းယူတပည့် သရဏဂုံယူတပည့် ပဥ္စင်းခံတပည့် စာသင်တပည့်ဟု ဆိုအပ်သော ငါးပါးသော တပည့်တို့၌လည်းသီတင်းသုံးဘော်ငါးယောက်အဝင်ဖြစ်၍ဆေးမကုဘဲနေခြင်းငှါ မအပ်မိမိ၏ ပစ္စည်းလေးပါးတကာသည် အမိအဘအရာ၌ကားအကယ်၍ တည်၏ ရှင့် သို့ဖြစ်သော်လည်း ဆေးမကုကောင်းချေ ငါတို့ဆရာ့ဆရာ ရှင်ဝရဓမ္မမှာ ကျောင်းအမဖြစ်သူ ဆေးတောင်းသည်ကိုမပေးအပ်ဟုပယ်သည်တွင် ပစ္စည်းဒါယကာမဖြစ်ပါသည် တောင်းပြန်၍ ပစ္စည်းတကာမ ဖြစ်လေလေ မပေးအပ်လေလေဟု မိန့်သည်ကို ကြားလိုက်ရသည် ထိုမထေရ်ကား ဝိနည်း၌ ရှိသေလှသည်။

ပျူပုဟာလောကဝတ် ပြုရာ၌လည်း ကန်ကြီး ပုဂ္ဂိုလ်ထံ ငါတို့ နံမော် ကျောင်းတကာသမီး မိဖျော်နှင့် မြေးငရွဲတို့ ဆွမ်းလှူရောက်သော် ဆွမ်းတို့ မှံ့ ငှက်ပျောပြန်သည်ကို ငါတို့ဆရာနှင့်မတူဟု ဆွမ်းဝတ်ကိုလည်း ဖြတ်လေသည် ဝတ္ထုကိုလည်း စွန့်စေရလေသည် ဗေဒင်ဟော မေးရာ၌ ငါတို့ မင်္ဂလာဘုံကျော်မှာ စာသင်နေစဉ် ဝန်ရှင်တော်မင်းကြီး ဇာတာကို ဝန်ကတော်ကြီးကိုယ်တိုင် လာ၍ ပြလာသည်ကို ရဟန်းနှင့် ဗေဒင်ကျမ်း မဆိုင်ဟု ပယ်တော်မူသည် ပါခဲ့သည့် လက်ဆောင်ကိုလည်း ဝန်ကတော် သွားပြီးနောက် စွန့်ရလေသည် ရှေ့ဆောင်လာသည့် တပည့်နေ့ကိုလည်း လွှန်စွာငေါက်ငန်းတော်မူသည် ငါတို့ကျေးဇူးရှင်

ဘုရား ရှင်အဂ္ဂမဟေမှလည်း ဆေးကုသည့် ရေပြစ်ပုဂ္ဂိုလ်က လှူသည့် ဝတ္ထုကိုအကုန် စွန့်ပစ်လေသည် ထိုပုဂ္ဂိုလ်နေရာကိုလည်း ရေဆေးလေသည် အင်္ဂလိမာလ ထေရ် ရွတ်သည့်ပရိတ်သည် ဝေဇ္ဇကမ္မ မလွတ်ဟူသောကြောင့် အပင့်အဘိတ် မခံ နိမန်မရောက်ဘဲ ရဟန်းတို့ အလိုလိုသွား၍ ပရိတ်မရွတ်အပ် ပရိတ်ချည် မပေးအပ် ပရိတ်ရေ မပေးအပ်ယခုအခါရဟန်းတို့ ဆေးပေးကြသည် အကွယ် အကာပေးကြသည် အမေးသွားကြသည်ကား အလဇ္ဇီသာ။

ဘုရားရှင်ကိုယ်တော် ဆွမ်းဘုဉ်းပေးစဉ်ရောက်သော ပသေနဒီကောသလ မင်းကြီး စားလိုသော အာသာဖြင့် မေးသည်ကို သိတော်မူ၍ သပိတ်တော်မှ ဆွမ်းကိုထုတ်၍ ပေးတော်မူသည်မှာ ဝေဘန်ဆဲ ရောက်လာသောသူအား ဝေဘန် စိမ့်သည်ကို တပည့်သားတော်တို့အား ပညတ်တော်မူရင်းအတိုင်း စားဆဲသည် ဝေဘန်ဆဲ ကဲ့သို့ဖြစ်၍ ပေးတော်မူသည် ကုလဒူသက မဖြစ်ဟု သိရာ၏။ (ဤတွင် အရှင်ကေရာဇ်တို့၌ ပြုအပ်သော ပုဗ္ဗဒါနစသည် ကုလဒူသကမဖြစ် ဆင်းရဲသားတို့၌သာ ဖြစ်သည်ဟု မောင်းထောင် ဆရာတော် မိန့်တော်မူသည် ဆင်ခြင်)။

သာလွန်မင်းတရားကို သားတော် ရှင်တရုပ် လုပ်ကြံသည်ကာလ မင်းတရား ကြီး ကိုယ်တော် လေးထပ်ကျောင်းသို့ရောက်၍ တပည့်တော်များကို ထီးရိုး တောင်ဝှေးစွဲ၍ ဆီးကာပါစေ ဆိုသည်ကို ငါရဟန်းသားဖြစ်သည်ဟု လေးထပ် ကျောင်း ဆရာတော်ကြီး မိန့်ကြောင်းကို ရာဇဝင်မှာ ဆိုသည် စံကျောင်းဆရာ တော်သာ ဆီးကာပါဟူသော စကားသည် အသက်ရှည်ကြောင်းကို တောင်းပန် သော စကားဖြစ်သည်ဟု နှလုံးပိုက်၍ ဆီးကာစေသည်ဟူ၍လည်း စာတန်းရှိ သည် စံကျောင်း သူတော်ကို ခေါ်ဟု လေးထပ်ဆရာတော် မိန့်သံလည်းပါသည် လေးထပ်ဆရာတော်ကား ဝိနည်းတော် ကုလဒူသက သိက္ခာပုဒ်ကို ရှိသေသော အားဖြင့် အဆီးအကာ စေတော်မမူ ထိုမှုငြိမ်း၍ မင်းတရားကြီးသည် နန်းတော် သို့ရောက်မှ စံကျောင်းဆရာတော်မှာ ပစ္စုပ္ပန်ဆရာ လေးထပ်ဆရာတော်မှာသံသ ရာဆရာတော်ဟု မင်းတရားကြီး အမိန့်တော် ရှိကြောင်းကိုလည်း ပြောစဉ်ရှိ သည် ဤသို့သော လေးထပ်ဆရာတော်၏ အလေ့အလာကို ထောက်၍ မင်းကေ ရာဇ်တို့၌ ပင်သော်လည်း ကုလဒူသက အမှုကို မပြုကောင်းချေ လေးထပ်ဆရာ

(ဂ) ၂၀၅-၁၀

တော် ရဟန်းပြီလှပေသည် စံကျောင်းဆရာတော် စစ်သူကြီး ပြီလှပေသည်ဟု မိန့်တော် မူကြောင်းကိုလည်း ပြောစဉ်ရှိသည်။

နောင်တော် အနောက်ဘက်လွန် မင်းတရားသားတော်နှင့် ညီတော် မင်းရဲ ကျော်စွာသမီးတော်ကို စုံဘက်ရာမင်္ဂလာပရိတ်ရွတ်ပွဲတွင်လေးထပ်ဆရာတော်နှင့် ဂုဏ်ဆရာတော်တပည့် သင်္ဃာတော်ကိုသာပင့်သည် စံကျောင်းဆရာတော်ဂုဏ်ဆ ရာတော်တပည့်သံဃာကိုမပင့်ဟူ၍လည်း ပြောစဉ်ရှိသည်"သာလကာတလင်ပန်း ပင်ပန်းကာတယောက်မ"ဟူသော စကားသည် စံကျောင်း ဆရာတော်ပင်ဖြစ်ခဲ့ သည်ဟူ၍လည်း ပညာရှိတို့ ဆိုကြောင်းကို ပြောစဉ်ရှိသည် ထိုကြောင့် လောက၌ ငွဲ့သဖြင့် လောကဝတ်မှုကိုပြုရာ လောကဝတ် ကျေးဇူးလည်းတခြား ဓမ္မဝတ် ကျေးဇူးလည်း တခြားဖြစ်သည် လောကဝတ် ကျေးဇူးရှိသည် တမ့်ဟူ၍လည်း သံသရာကြောင်းမှာ သူမတားချေ သံသရာ ကျေးဇူးရှိသည် တမ့်ဟူ၍လည်း လောကဝတ်ကြောင်းမှာ သူမတားချေ ဆီရာ ဆိုင်ရာသာ သူတားချေသည် သီလကို အပျက်မခံလင့် လောကဝတ်ကို အပျက်ခံ ဘုရားရှင်လည်း အသက်ကို စွန့်ရာ၏ သီလကိုမစွန့်ရာဟု ဟောတော်မူချေသည် ရဟန်းအဖြစ်ကိုရခဲ့သည်ဟူရာ ၌ အသက်မငဲ့မူ၍ သီလကို ချစ်သောရဟန်း၏ အဖြစ်ကိုသာ ရခဲ့သည် ရဟန်း ဖြစ်ဆန်းကာကို ရခဲ့သည် မဟုတ်။

သာသနာတော် ဆုတ်ယုတ်ကြောင်းဖြစ်သော အမှု၌ မွေ့လျော်ခြင်း စကား ၌ မွေ့လျော်ခြင်း အိပ်ခြင်း၌မွေ့လျော်ခြင်း အပေါင်း အဘော်၌ မွေ့လျော်ခြင်း ကိလေသာ ခေါင်းပါးကြောင်း၌ မဆင်ခြင်ခြင်း ဤတရားငါးပါး တို့သည် သူတော်တရားဟု ဆိုအပ်သော သာသနာတော် ဆုတ်ယုတ်အံ့သော အကြောင်း ဖြစ်၍ မပြုမကျင့်ရာ မင်းနှင့်မိတ်ဘွဲ့ခြင်း မိန်းမယောကျ်ား ဟူးဟူး ညားညား တို့နှင့် မိတ်ဘွဲ့ခြင်း အမှုအခင်းများခြင်း စကားပြောဟော တသောသောနေခြင်း ခြွေရံပရိသတ်အများမွေးခြင်း အိပ်ကြူးခြင်း ကိလေသာပွါးကြောင်းမကောင်း သော အကြံအစည်ရှိခြင်းကို ဖျောက်ရာသည်။

သာလကာဆိုသည်ကား မပင်မပန်း ချမ်းချမ်းသာသာ လွယ်ကာရသည်ကို ဆိုသည် ထိုကြောင့် ဟတ္ထိပါလတွင် "မညှိုးရုံခါ သာလကာဟု ငါ့မှာခေါ်ပင့်

ငါ့ကိုလင့်၍ ငါနှင့်ထိုက်တန် ထိုမိမွန်လည်း”ဟု စပ်လေသည် ဆုတောင်းခဏ်း တွင်လည်း“ခပ်ဆည်းသောခါ သာလကာတည့် ကောင်းစွာနှစ်သက် ရွှေရလျက်” ဟု စပ်လေသည် လေးထပ်ဆရာတော်ကား မပင်မပန်း ချမ်းသာစွာနှင့် တလင် ပန်းရသည် စံကျောင်းဆရာတော်ကား ပင်ပန်းကာ တယောက်မသာ ရသည် ဝေလာကတော် လွန်ချေသည် ဆိုလိုသည်ဟု စာတမ်းရှိသည် တယောက်မမျှ အချီးအမြှောက်ကို မခံရ မင်္ဂလာပွဲ ပင့်ရာပင် မပါချေဟူ၍လည်း ဆိုရန်ရှိသည် ပစ္စုပ္ပန်ဆရာဟူ၍၎င်း စစ်သူကြီး ပြီလှပေသည်ဟူ၍၎င်း ဆိုတော်မူသော အရုစိ သံထွက်ကို ထောက်သော် အနည်းငယ်သော နှုတ်အချီးအမြှင့်မျှကိုသာ ရချေ သည်ဖြစ်၍ ပင်ပန်းကာ တယောက်မလည်း ယူရန်ရှိသည်။

## ပလိုင်းဆရာတော်

ရတနာသိခ် မြို့တည် နန်းတည် အလောင်းမင်းတရားကြီး လက်ထက်လည်း အတုလ ဆရာတော်သည် ပြည်ထောင်ဘက် ဆရာတော်ဖြစ်၍ အတုလ ဆရာ တော်မှာ ပစ္စုပ္ပန်ဘို့ ပလိုင်းဆရာတော် ကြက်သွန်ခင်း ဆရာတော် စချစ်ဆရာ တော်တို့မှာ သံသရာဘို့ဟု မင်းတရားမိန့်တော်မူကြောင်းကိုလည်း ပြောကြသည် ထိုတွင် ပလိုင်းဆရာတော်သည် ကျမ်းဂန်လည်း တတ်လှသည် စာရိတ္တလည်း မြတ်လှသည် နှလုံးတော်လည်း မြတ်လှသည် သည်းခံခြင်းလည်းရှိလှသည် တရ တခါ တပည့်တော် မုရိုးဒုံ ပုဂ္ဂိုလ်ကို နှုတ်ဆုံးမတော်မူသည်တွင် မချေ မင် ဝသီ အပါပါဆို၍ နေရာမှတပါး လွှားသည်ကို စိတ်ဆိုးပြီး အမျက်ပြေမှ ဆုံးမရတော့ မည်ဆို၍ တုဏှိဘာဝ နေတော်မူသည်ဟု ပြောကြသည်။ ကြက်သွန်ခင်းဆရာ တော်သည် ကျမ်းဂန်လည်း သင့်မြတ်လှသည် မင်းကေရာဇ်ကိုမျှ အလိုမလိုက် ဒုတ်ရိုက်သာ ပြောလေ့ရှိသည် စရစ်ဆရာတော်၏ ဆရာလည်းဖြစ်သည် ခုတင် ပဋ္ဌိပတ်၌ လေ့လာလှသည် နှလုံးတော်နှုတ်ထွက် မာသည်ပြောကြသည် စရစ် ဆရာတော်မှာ နှလုံးတော် မြတ်ထွတ်လှသည် ကျမ်းဂန်သင့်မြတ်လှသည် ပြော ကြသည် အတုလ ဆရာတော်မှာ ကျမ်းဂန်သင့်ရုံသာရှိသည် နှုတ်-အာဝဇ္ဇန်း ကောင်းလှသည် ကျမ်းဂန်မှာ မမိတချက် မိတချက်ရှိသည် စာရိတ္တလည်း မွန်မြတ် စွာဟု ပြောကြသည် နောက်သားတို့ နည်းယူ၍ ကျင့်ပါစေဟု ယထာသုဝ ရသည့် အတိုင်း မယိုမပိုဆိုလိုက်သည် ဆရာမြတ်တို့ နည်းကိုယူကြပါ။

အဆွေမတော်သောသူ မဘိတ်သောသူမှာ တောင်းခြင်းကြောင့် ရသော ပစ္စည်း အနေသန နှစ်ဆဲ့တပါးတို့တွင် တပါးပါးသော အကြောင်းကြောင့် ရသောပစ္စည်း မိမိ၌ ရဟန်းကျေးဇူးမရှိဘဲ ရှိယောင်မူသဖြင့် ပြောဆိုခြင်းကြောင့် ရသောပစ္စည်း ကုဟန လပန စသည်တို့ကြောင့် ရသောပစ္စည်း ကုလဒူသက ရှစ်ပါးတို့တွင် တပါပါးသော အမှုကြောင့် ရသောပစ္စည်းဖြင့် အသက်မွေးသော် ရဟန်းသည် မိစ္ဆာဇီဝဖြစ်၏ ထိုမှကြဉ်၍ တရားသဖြင့်ရသော ပစ္စည်းဖြင့်သာ အသက်မွေးသော ရဟန်းသည် သမ္မာအာဇီဝဖြစ်၍ အာဇီဝ ပါရိသုဒ္ဓိ သီလနှင့် ပြည့်စုံသည်မည်၏ အသက်မွေး စင်ကြယ်သည်ဟူလို။

ထိုကြောင့် ရဟန်းဖြစ်သောသူသည် အဆွေအမျိုးမတော်သည့်သူ အလိုရှိလျှင်တောင်းပါဟု မဘိတ်မပန်သူတို့မှာ တိုက်ရိုက်တောင်းခြင်း ရစ်ဝဲကျီစယ် ပရယ်ဟန်ပြု၍ရသောပစ္စည်းသည် မိမိလည်းမအပ် သီတင်းသုံးဘော် ငါးယောက်တို့အားလည်း မအပ် ဓမ္မသေနာပတိဖြစ်တော်မူသော အရှင်သာရိပုတ္တရာကား အဆွေအမျိုးစပ်တော်သူ အလိုရှိလျှင်တောင်းပါဟု ဘိတ်မန်သူတို့၌ ပြော၍ ရသော ပစ္စည်းကိုမှုလည်း သုံးတော်မမူ ဝိညတ်ကြောင့်ရသော ပစ္စည်းဟူသမျှကို အပ်သောအရာ မအပ်သောအရာ၌ပင် စက်ဆုပ်တော်မူသည် ရွာတွင်း၌ ဆွမ်းခံဝတ်ဖြင့် ရသောပစ္စည်း အလိုလိုဖြစ်သော ပစ္စည်းကိုသာ သုံးတော်မူသည် ဓမ္မာသောက မင်းတရားသားတော် ကောဏ္ဍမထေရ်သည်လည်း ဝိညတ်ကြောင့် ရသော ပစ္စည်းဟူသမျှ၌ အပ်သောအရာ မအပ်သောအရာ၌ပင် စက်ဆုပ်တော်မူသည်။ တရံအခါ ကင်းမြီးကောက်ခဲသည့် အနာကြောင့် ကုရန်ထောပတ် တလက်ဆွမ်းကို ညီတော်သုမိတ္တ ဆွမ်းခံဝတ်ဖြင့် ရှာသည်ကိုမရ၍ အဆွေအမျိုးတော်သူ ဘိတ်သူတို့၌ ပြော၍ရသောထောပတ်ဖြင့်လည်း ထိုအနာကိုမသုတ် မလိမ်းမကျံမူ၍ အနာယင်းသဖြင့် ပရိနိဗ္ဗာန်ပြုရချေသည် ဤသို့လျှင် ရဟန္တာတို့စဉ်လျက် ဝိညတ်ကြောင့်ရသောပစ္စည်း၌ အလွန်ရွံရှာတော် မူကုန်သည်။ ငါတို့ကား ပြည့်သော လေးသော ကိလေသာဝန်ရှိလျက် ထိုဝန်ပေါ့ခြင်းငှါ အဘယ်ကြောင့် ဝိညတ်ကြောင့် ရသောပစ္စည်းကို မကြဉ်ရှိရအံ့နည်း ရဟန္တာပုဂ္ဂိုလ်၏ ဝိညတ်ကိုကြဉ်ခြင်းသည် ဝိပါကအကျိုး အာနိသံသအကျိုး မရှိတကားဟု နှလုံးပိုက်၍ ဝိညတ်ကြောင့် ရသောပစ္စည်းကို ကြဉ်သင့်လှသည်။

အိုင်သာ ရှင်ဥက္ကံသမာလာသည် ငါတို့ဆင်တဲဆရာတော်ထံ ကင်္ခါကိုသင်ဘူးသည့် တပည့်ဖြစ်၍ ဝိနည်း၌ရိုသေလှသည် ကျောင်းသားလူတပည့်တို့ ဝေစုရဝတ္ထုကိုမျှ ဆွေမျိုးဉာတိ မစပ်လျှင် မတောင်းရဟု နိုင်နင်းစွာ ကမြစ်သည်ယခုအခါ မြင်မြင်သမျှသူ၌ မိတ်ဆွေဘွဲ့၍ နှလုံးအကျွမ်းဝင်လျှင် တောင်းကြသည်ကား အလဇ္ဇီသာ။

## အနေသန နှစ်ဆဲ့တပါး

အနေသန နှစ်ဆဲ့တပါး ဟူသည်ကား—ဒါယကာတို့အား လာဘ်ရခြင်းအကျိုးငှါ ဝါးပေးခြင်း, အပွင့်ပေးခြင်း, အသီးပေးခြင်း, ဒန်ပူပေးခြင်း, မျက်သစ်ရေပေးခြင်း, ခေါင်းလျှော်စရာ ကင်းပွန်းတရော် ပေးခြင်း, ချေးတွန်းစရာကသယ်မှုန့် ကုက္ကိုမှုန့်ပေးခြင်း, သုံးစရာ မြေနီ မြေဖြူပေးခြင်း, မိမိကိုယ်ကိုနှိမ့်ချ၍ ကျွန်ုပ် ဗျာ စသည်ဖြင့် တကာတို့အား ပြောဆိုခြင်း,ပဲနောက်ဟင်းကဲ့သို့မမှန်တချက် မှန်တချက် ပြောဆိုခြင်း, ရွာသူသားငယ်တို့ကို ထိန်းယခြင်း, လူတို့မှာကြားလိုက်သော သတင်းစကားကို ဆောင်ခြင်း, ဆေးကုခြင်း, တမန်သည်မှုပြုခြင်း ဆွမ်းတို့ပေးခြင်း, ယာကြန်ကို ကြားခြင်း, လယ်ကြန်ကို ကြားခြင်း, ယောကျ်ားမိန်းမတို့၏ လက္ခဏာကြန်ကိုကြားခြင်း,မိတ္တသန္ထဝပြု၍ နိစ္စဘတ်ဆွမ်းမခံအပ်သော ပြည့်တန်ဆာမစသော ခြောက်ပါးသောဌာနတို့၌ နိစ္စဘတ်ဆွမ်းခံခြင်း, မင်း၏ အမတ် စသည်တို့နှင့် အကျွမ်းတဝင် မိတ်ခင် ပွန်းဘွဲ့ခြင်း, သာသနာတော်၌ မကြည်ညိုသောသူ အစရှိသည်ကို မှီဝဲခြင်းအားဖြင့် နှစ်ဆဲ့တပါးဖြစ်သတည်း။

## ကုဟနနိဒ္ဒေသ

စျာန်၏အနီးဖြစ်သောစကား မဂ်၏အနီးဖြစ်သောစကားကို ကိုယ်ရသကဲ့သို့ပြောဟောခြင်း ငါကား ဤအမည်ရှိသော ဆရာ၏တပည့်တည်း ငါ၏ဆရာကားဤမည်သော ဆရာ၏ တပည့်တည်း စသည်ဖြင့် မိမိလာသောအနွယ်၏ ကောင်းသောအဖြစ်ကို တကာတို့အားသိစေခြင်း, ငါသည် ညဥ့်ဦးယာမ်၌ ဤမည်သောဘာဝနာကို အားထုတ်၏ မိုးသောက်ယာမ်၌ကား ဤမည်သော ဘာဝနာကိုအားထုတ်၏ သန်းခေါင်ယာမ်၌သာအိပ်၏ဟု ဟုတ်သောအတိုင်းမူလည်း ဖြစ်စေ

မဟုတ်သောအားဖြင့်မူလည်းဖြစ်စေ တကာတို့အား သိစေခြင်း, ငါသည် ဤမည်သောကျမ်းဂန်ကို ဤမည်သောဆရာထံသင်ဘူး၏ စသည်ဖြင့် တကာတို့အား သိစေခြင်း,ငါသည် ဤမည်သော ကျမ်းဂန်ကိုဆောင်၏ သူ့အားချ၏ ဓုတင်ကို လေ့လာ၏စသည်ဖြင့် တကာတို့အားသိစေခြင်း,စသည်သည် မိမိ၌ရဟန်းကျေးဇူး ရှိသည်၏ အဖြစ်ကို ပြသည်မည်၏။ ဤသို့ငါပြုပြင်သည်ရှိသော် လူတို့ငါ့ကို ကြည်ညိုလတ့ံဟု နှလုံးပိုက်၍ တကာတို့လူသော မွန်မြတ်သောပစ္စည်းကိုပယ်၍ ခေါင်းပါးညစ်ညူးသော ပစ္စည်းကို သူသိသူမြင် အထင်အရှား သုံးဆောင်ခြင်း, ညစ်ညူးသော ပစ္စည်းကိုပယ်၍ မွန်မြတ်သောအဝတ်သင်္ကန်းကို ဝတ်ခြင်း, ထီးမိုး ရိုးရှည် ဆောင်းခြင်း, စသည်သည် ကုဟနမည်၏ မိမိ၏သီလစသော ကျေးဇူး၏ စင်ကြယ်သည်၏အဖြစ်ကို တကာတို့အား ပြောဟောခြင်း သည် လပနမည်၏။

သီတင်းသီလရှိသော ရဟန်းတို့အား,ကြည်ညိုကုန်သော ဒါယကာတို့၏ သဒ္ဓါကိုဖျက်၍ မိမိအား ကြည်ညိုစေခြင်းငှါ ပြုအပ်သော သစ် ဝါးပေးခြင်း စသော အမှုသည် ကုလဒူသကမည်၏။ သူတပါးတို့ ချီးမွမ်းခြင်းကိုတောင့်တ၍ သမာဓိကိုရသကဲ့သို့ ဣရိယာပုထ်ကိုဖြစ်စေခြင်း အာရမ္မဏူပနိဇ္ဈာန် လက္ခဏူပနိဇ္ဈာန်ကို ရသကဲ့သို့ ဣရိယာပုထ်ကိုဖြစ်စေခြင်း ပရိသတ်အလယ်၌ ပုတီးကိုင်၍ နှုတ်သီး တလှုပ်လှုပ်ပြုခြင်း စသည်များသည် မထင်ရှားသောသူအား ထင်ရှားသော အရာ၌ ရှုစေသည်မည်ရကား အာပါထ ကဇ္ဈာယီမည်၏။ ထိုကြောင့် ထိုအခြင်း ဖြင့်ရသော ပစ္စည်းဖြင့် အသက်မွေးသော ရဟန်းသည် မိစ္ဆာဇီဝ ဟူသတည်း။ ကုဟနဝတ္ထုကို မဟာနိဒ္ဒေသပါဠိ၌ ဟောတော်မူသည်ကား "ကတမံ ပစ္စယပဋိ သေဝနသင်္ခါတံ ကုဟနဝတ္ထု" အစရှိသည်တည်း။ အဓိပ္ပါယ်ကား— ပစ္စည်းကို မှီဝဲခြင်းဟုဆိုအပ်သော ကုဟနဝတ္ထုသည် အဘယ်နည်းဟူမူကား ဤဘုရား သာသနာတော်၌ တကာတို့သည်ရဟန်းတို့ကို သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာအနာလွတ်ကြောင်း ဖြစ်သော ဆေးအဆောက်အဦးတို့ဖြင့် ဘိတ်ကုန်၏ ယုတ် မာသောအလိုရှိသော အလိုဆိုးဖြင့် နှိပ်စက်သော ရဟန်းသည် သင်္ကန်း ဆွမ်း ကျောင်း အိပ်ရာ နေရာ အနာလွတ်ကြောင်းဖြစ်သော ဆေးကို အလိုရှိလျက် သင်္ကန်းကိုပယ်၏ဆွမ်းကိုပယ်၏ကျောင်းအိပ်ရာကိုပယ်၏ အနာလွတ်ကြောင်းဖြစ် သော ဆေးကိုပယ်၏ ထိုယုတ်မာသော အလိုရမ္မက်ရှိသော ရဟန်းသည် ဤသို့

ဆို၏ ရဟန်း မည်သည်ကား- အဘိုးများစွာထိုက်သော သင်္ကန်းဖြင့် အဘယ်မှုအဖွဲ့ နည်း ရဟန်းမည်သည်ကား သုသာန်မှုရင်း တံမြက်ချေးစုမှုရင်း အိမ်ဈေးမှုရင်း စွန့်အပ်သောပုဆိုးကြမ်းတို့ကို ကောက်၍ပေါင်း၍ ဒုကုဋ်ချုပ်၍ အကြင်ဝတ်ရာ၏ ဤသို့သုသာန်စသည်မှ ရသော အဝတ်ကို ဝတ်ခြင်းသည်သာလျှင် ရဟန်းအားလျောက်ပတ်၏။

ရဟန်းမည်သည်ကား— အဘိုးများစွာထိုက်သော ဆွမ်းဖြင့် အဘယ်မှုစအဖွဲ့နည်း ရဟန်းဖြစ်သောသူသည် ဆွမ်းခံဝတ်ဖြင့် ရအပ်သော ပေါင်းအပ်သော ဆွမ်းဖြင့် အသက်မွေးခြင်းကို အကြင်ပြုရာ၏ ဤသို့ ဆွမ်းခံဝတ်ဖြင့် အသက်မွေးခြင်းသည်သာလျှင် ရဟန်းအားလျောက်ပတ်၏ ရဟန်းမည်သည်ကား- အဘိုးများစွာထိုက်သော ကျောင်း အိပ်ရာ နေရာဖြင့် အဘယ်မှုစအဖွဲ့နည်း ရဟန်းဖြစ်သောသူသည် သစ်ပင်ရင်း၌သာလျှင် အကြင်အိပ်လေ့ နေလေ့ရှိသည်မှုလည်း ဖြစ်ရာ၏ လွင်တီးခေါင်၌သာလျှင် အကြင်နေလေ့ရှိသည်မှုလည်း ဖြစ်ရာ၏ ဤသို့ သစ်ပင်ရင်း၌သော နေလေ့ရှိခြင်း လွင်တီးခေါင်၌သာနေလေ့ ရှိခြင်းသည်သာလျှင် ရဟန်းအား လျောက်ပတ်၏ ရဟန်းမည်သည်ကား- အဘိုးများစွာထိုက်သော အနာလွတ်ကြောင်း ဖြစ်သောဆေးအဆောက်အဦးဖြင့် အဘယ်မှုစအဖွဲ့နည်း ရဟန်းဖြစ်သောသူသည် နွားသေးပုပ်ဖြင့်ရင်း ဖန်ခါးပိုင်းဖြင့်ရင်း ဖေါ်အပ်သောကိစ္စကို အကြင်ပြုရာ၏ ထိုနွားသေးပုပ် ဖန်ခါးပိုင်းဖြင့် ဖေါ်အပ်သော ဆေးသည်သာလျှင် ရဟန်းအားလျောက်ပတ်၏ ဤသို့ဆို၏ ထိုရဟန်းသည် ပစ္စည်းကို များစွာလိုချင်သည်၏ အဖြစ်ကိုစွဲ၍ညစ်နွမ်းသော သင်္ကန်းကိုဝတ်၏ ကြမ်းသော ဆွမ်းကိုစား၏ ဆိုးရွားဟောင်းပျက်သော ကျောင်း၌နေ၏ ကြမ်းသော အနာလွတ်ကြောင်းဖြစ်သော ဆေးကိုမှီဝဲ၏ ထိုရဟန်းကို ဒါယကာတို့သည် ဤရဟန်းကား အလိုနည်း၏ ရောင့်ရဲလွယ်၏ ကိလေသာတို့မှဆိတ်၏ လူတို့နှင့်မရောမနှော အားထုတ်အပ်သော သူတော်တရားရှိ၏ ကိလေသာကို ခါတွက်တတ်သော ဓုတင်စကားကိုဆိုတတ်၏ ဓုတင်ပဋိပတ်ကိုကျင့်၏ ဤသို့သိကုန်၏ သိကုန်၍ သိကုန်သောကြောင့် ထိုခြိုးခြံယောင်မှုသော ခြိုးခြံယောင်ဆောင်သော ရဟန်းကို ဒါယကာတို့သည် လွန်စွာလွန်စွာသင်္ကန်း ဆွမ်း ကျောင်း ဆေးတို့ဖြင့် ဘိတ်ကုန်၏။

ထိုခြိုးခြံသကဲ့သို့ ပစ္စည်းကိုလိုချင်၍ ကျင့်သောရဟန်းသည် ဤသို့ဆို၏ သုံးပါးသော တရားတို့၏ မျက်မှောက်ရှိသည်၏ အဖြစ်ကြောင့် သဒ္ဓါတရားနှင့်ပြည့်စုံသောအမျိုးသားသည် များစွာသောကုသိုလ်ကိုပွား၏ သဒ္ဓါတရား၏မျက်မှောက်ရှိသည်၏အဖြစ်ကြောင့်သဒ္ဓါတရားနှင့်ပြည့်စုံသောအမျိုးသားသည်များစွာသောကုသိုလ်ကိုပွား၏ ပေးလှူအပ်သော အလှူဝတ္ထု၏ မျက်မှောက်ရှိသည်၏ အဖြစ်ကြောင့် သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးသားသည် များစွာသော ကုသိုလ်သည်ပွား၏ အလှူကိုခံထိုက်သော အလှူခံပုဂ္ဂိုလ်၏ မျက်မှောက်ရှိသည်၏ အဖြစ်ကြောင့် သဒ္ဓါတရားနှင့် ပြည့်စုံသောအမျိုးသားသည် များစွာသော ကုသိုလ်သည်ပွား၏ သင်တို့အားလည်း ငါ၌ ကြည်ညိုခြင်း ဟူသော ဤသဒ္ဓါတရားရှိ၏ ပေးလှူအပ်သော အလှူဝတ္ထုသည်လည်း သင်တို့အားရှိ၏ အလှူခံထိုက်သော အလှူခံပုဂ္ဂိုလ်ဟုဆိုအပ်သော ငါသည်လည်း သင်တို့အားရှိ၏ ငါသည်အကယ်၍ သင်တို့အလှူကိုမခံအံ့ ဤသို့မခံသည်ရှိသော် သင်တို့သည် ကုသိုလ်မှ ယုတ်ကုန်သည်ဖြစ်ကုန်လတံ့ ငါ့အား ဤအလှူဝတ္ထုဖြင့်အလိုမရှိ ထိုသို့အလိုမရှိသော်လည်း သင်တို့အား သနားသဖြင့်သာလျှင် ငါခံအံ့ ဤသို့ဆို၏။

ထိုပစ္စည်းဖြင့်များစွာ လိုချင်သည်၏ အဖြစ်ကိုစွဲ၍ဖြစ်သောရဟန်းသည်မလိုယောင်မူလျက် သင်္ကန်းကို များစွာခံ၏ ဆွမ်းကိုများစွာခံ၏ ကျောင်းကိုများစွာခံ၏ ဆေးကိုများစွာခံ၏ ဤသို့သဘောရှိသော အကြင်မျက်မှောင်တွန့်ခြင်းသည် အကြင်ပလွှားခြင်းတို့ဖြင့် ဖြစ်သည်၏ အဖြစ်သည် အကြင်ပလွှားခြင်းသည် ဖြစ်စေအပ်သည်၏အဖြစ်သည် ဤပစ္စည်းဟူသောအကြောင်းကြောင့်ပလွှားခြင်းကို ပစ္စည်းကိုမှီဝဲခြင်းဟု ဆိုအပ်သော ကုဟနဝတ္ထုဟူ၍ ဆိုအပ်၏ဟုလိုသည်။ (မဟာနိဒ္ဒေသပါဠိတော်အရ အဓိပ္ပါယ်)။

ဤတရားကိုနှလုံးပိုက်၍ သဒ္ဓါ၍ရဟန်းပြုသော ပုဂ္ဂိုလ်တို့သည် ပစ္စည်းကိုလိုချင်လျက် မလိုချင်ယောင်မူ၍တကဲ့ဟန်စကားမပလွှားကြပါလေနှင့် ရဟန်းတို့အား ပစ္စည်း၏ ခေါင်းပါးခြင်း လာဘ်လာဘ၏ ခေါင်းပါးခြင်း ကိလေသာ တဏှာ မာန စသည်တို့၏ခေါင်းပါးခြင်း အကျိုးငါးသော ပိဋကတ်သုံးပုံကို ဘုရားဟောတော်မူသည် ပစ္စည်းများခြင်း စသည်တို့ဖြစ်ခြင်းငှါ ပိဋကတ်သုံးပုံကို ဘုရားမဟောချေ ပစ္စည်းများသောရဟန်းသည် တဏှာ မာန စသည်များ၏

တဏှာ မာန စသည်များသောရဟန်းသည် ဘာဝနာချို၏ ပရိယတ္တိချို၏ ပဋိပတ္တိချို၏ ပဋိဝေဓကို မမြင်မခေါ်ပြီ ဤသို့လျှင် ပျက်စီးခြင်းသဘောရှိ၏ ဤသို့သောသဘောကို ထောက်၍ ပစ္စည်း၌ မက်မောခြင်းကိုလည်း ပယ်ရာသည် မက်မောလျက် မမက်မောယောင်ဆောင်ခြင်းကိုလည်း မဖြစ်စေရာ သီလမစင်ဘဲ စင်ယောင်မူခြင်းကြောင့် ရသောပစ္စည်းကို မှီဝဲသုံးဆောင်ခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလ ပျက်ချေသည် ကုသိုလ်လို၍ကား ရဟန်းပြုရင်းဖြစ်၏ ရဟန်းတို့ ကျင့်အပ်သော သမဏဓမ္မကို မကျင့်ချေလျှင် ရဟန်းအဖြစ်ဖြင့် အကုသိုလ်ကို ဆည်းပူးမည်ဟု ရဟန်းပြုရာရောက်သည် ထိုကြောင့် ရခဲလှစွာသောရဟန်းအဖြစ်ကိုရပါခိုက် အချည်းနှီးမဖြစ်စေရအောင် ဆောင်သောသတိဖြင့် ဝိနည်းပညတ်၌ ဂရုကတပြုရာသည် သေးဖွဲ့သိမ်မွေ့သောအမှုဟု မထီမဲ့မြင်မပြုရာ လောဘ၏နည်းခြင်း ဒေါသ၏နည်းခြင်း အမျက်မာန၏နည်းခြင်း ရာဂ၏နည်းခြင်း ပစ္စည်းလာဘ်လာဘ၏နည်းခြင်းကိုသာ ဖြစ်စေရာသည်။

ပစ္စည်းလာဘ်လာဘများခြင်း သလ္လေခပဋိပတ်မရှိသောရဟန်းသည် အလုံးစုံသော အကုသိုလ်တရားတို့၏ ဖြစ်ကြောင်းသာဖြစ်ချေသည် ထိုကြောင့် ဒါယကာတို့ သံသရာအကျိုးငှါ လှူသည့်ဝတ္ထုကို ရသောရဟန်းသည် ငါ၌ အဆိပ်ထန်သော မြွေပွေးမြွေဟောက်ငင်ချေပြီဟု နှလုံးပိုက်၍ ကိုယ်နှင့်ထိုက်ရုံကိုသာ ယူ၍ အလွန်သောဝတ္ထုပစ္စည်းကို ပယ်နိုင်အောင် ပယ်ပါလေ ယာလယ်ကို နွားကျွလူသူမဖျက်ဆီးစေခြင်းငှါ စောင်ရမ်းအဆီးအတားထားပါသည်ကိုစောင်ရမ်း၌ လျှိုလျှိုချောင်းလျက် နွားမောင်းသီးဖျား ချိုးဆွတ်စားခဲ့ဟူ၏သို့ အပြစ်နည်းပါးစေခြင်းငှါ ရဟန်းပြုပါသည်ကို ရဟန်းပင် အပြစ်များစေဘိသည်ဆိုရာရောက်ခဲ့သည် သတိရှိကြစေ။

တနည်းလည်း ကုဟနဝတ္ထုကို မဟာနိဒ္ဒေသပါဠိ၌ ဟောတော်မူသည်ကား— ကတမံ သာမန္တဇပ္ပနသင်္ခါတံ ကုဟနဝတ္ထု - အစရှိသည်တည်း။

အဓိပ္ပါယ်ကား—စျာန်မဂ်ဖိုလ် အနီးဖြစ်သော စကားကို ပြောဟောခြင်းဟု ဆိုအပ်သော ကုဟနဝတ္ထုသည် အဘယ်နည်းဟူမူကား ဤ ငါဘုရားသာသနာတော်၌ ယုတ်မာသောအလိုရမ္မက်ရှိသော ယုတ်မာသော အလိုရမ္မက်ဖြင့်နှိပ်စက်သော သူတပါးတို့၏ ချီးမွမ်းခြင်းကိုအလိုရှိသော အချို့သောရဟန်းသည် ဤ

(၈) ၂၀၅-၁၁

သို့မူသည်ရှိသော် ငါ့ကို လူအများအပေါင်းသည် ချီးမွမ်းလတ့်ံဟု အရိယာပုဂ္ဂိုလ်တို့၏ ဈာန်မဂ်ဖိုလ်နှင့် စပ်သောစကားကိုဆို၏။

အကြင်ရဟန်းသည် ဤသို့သဘောရှိသော သက်န်းကိုဝတ်၏ ထိုရဟန်းသည် တန်းခိုးကြီး၏ ဈာန်ရရဟန်း မဂ်ရရဟန်း ဖိုလ်ရရဟန်းဟု ဆို၏။ အကြင်ရဟန်းသည် ဤသို့သဘောရှိသောသပိတ်ကို ဤသို့သဘောရှိသော သံခွက်ကို ဤသို့သဘောရှိသော ဓမ္မကရိုဏ်ကို ဤသို့သဘောရှိသော ရေစစ်ကို ဤသို့သဘောရှိသော သံကောက်ကို ဤသို့သဘောရှိသော ခါးပန်းကို ဤသို့သဘောရှိသော ဘိနပ်ကိုဆောင်၏ ထိုရဟန်းသည် တန်းခိုးကြီး၏ ဈာန်ရ မဂ်ရ ဖိုလ်ရ ရဟန်းတည်းဟုဆို၏။

အကြင်ရဟန်းအား ဤသို့သဘောရှိသော ဥပဇ္ဈာယ်သည် ဤသို့သဘောရှိသော ပဗ္ဗဇ္ဇာစရိယ ဥပသမ္ပဒါစရိယ နိဿယာစရိယ ဓမ္မာစရိယသည် ဤသို့သဘောရှိသော ဥပဇ္ဈာယ်တူတပည့်သည် ဤသို့သဘောရှိသော ဆရာတူတပည့်သည် ဤသို့သဘောရှိသော မိတ်ခင်ပွန်းသည် ဤသို့သဘောရှိသော သန္ဒိဋ္ဌဖြစ်သော အဆွေခင်ပွန်းသည် ဤသို့သဘောရှိသော သမ္ဘတ္တဖြစ်သော အဆွေခင်ပွန်းသည် ဤသို့သဘောရှိသော သူငယ်ချင်းသည်ရှိ၏ ထိုရဟန်းသည်တန်းခိုးကြီး၏ ဈာန်ရ မဂ်ရ ဖိုလ်ရ ရဟန်းတည်းဟုဆို၏။

အကြင်ရဟန်းသည် ဤသို့သဘောရှိသော နှစ်ဘက်အမိုးရှိသော ကျောင်း၌နေ၏ ဤသို့သဘောရှိသော ထက်ဝက်အမိုးရှိသော ကျောင်း၌နေ၏ ဤသို့သဘောရှိသော ပြာသာဒ်ရှည်၌နေ၏ ဤသို့သဘောရှိသော ပြာသာဒ်ဦးပြည်း၌နေ၏ ဤသို့သဘောရှိသော ဂူ၌နေ၏ ဤသို့သဘောရှိသော လိုဏ်၌နေ၏ ဤသို့သဘောရှိသော ကုဋိ၌နေ၏ ဤသို့သဘောရှိသော နှစ်ခုမြောက်သော အချက်တို့ဖြင့်ပြုအပ်သော ပြာသာဒ်၌နေ၏ ဤသို့သဘောရှိသောပြအိုး၌နေ၏။ ဤသို့သဘောရှိသော တန်ဆောင်း၌နေ၏ ဤသို့သဘောရှိသော ဥစ္စာထားရာစင်၌နေ၏ ဤသို့သဘောရှိသော ညီလာခံရာစရပ်၌နေ၏ ဤသို့သဘောရှိသော မဏ္ဍပ်၌နေ၏ ဤသို့သဘောရှိသော သစ်ပင်ရင်း၌နေ၏ ထိုရဟန်းသည် တန်ခိုးကြီး၏ ဈာန်ရ မဂ်ရ ဖိုလ်ရ ဟုဆို၏။

ဤသို့သဘောရှိသော လာဘ်ကိုလို၍ ပြောဆိုသောရဟန်းကို ဈာန် မဂ် ဖိုလ်၏ အနီးဖြစ်သောစကားကို ပြောဟောခြင်းဟု ဆိုအပ်သော ကုဟနဝတ္ထုဟု ဆိုအပ်၏။

တနည်းကား—အကြင်ရဟန်းသည် အံ့သြစေသည်၏အဖြစ်ဖြင့် မပြတ်စောင့်ရှောက်သော အခြင်းအရာရှိ၏ လွန်စွာမျက်မှောင်တွန့်ခြင်းရှိ၏ လွန်စွာပလွှားတတ်၏ လွန်စွာဆိုတတ်၏ ဤရဟန်းသည် ဤသို့သဘောရှိကုန်သော သူတော်ကောင်းဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ ဤအမည်ရှိကုန်သော ဝိဟာရသမာပတ်တို့ကိုရ၏ဟု နှုတ်ဖြင့်ချီးမွမ်း၏ ဤသို့နက်နဲသော လျှို့ဝှက်အပ်သော သိမ်မွေ့သော သဘောအားဖြင့် ဖုံးလွှမ်းအပ်သော လောကမှလွန်သော သုညတမဂ်နှင့်စပ်သော ဤသို့သဘောရှိသော စကားကိုပြောဆို၏ ဤသို့သဘောရှိသော အံ့သြစေသည်၏အဖြစ်ဖြင့် မပြတ်စောင့်ရှောက်သော အခြင်းအရာပလွှားခြင်း ပလွှားခြင်းကိုဖြစ်စေခြင်း ပလွှားသည်၏အဖြစ်သည်ရှိ၏ ဤအလုံးစုံကို သာမန္တဇပ္ပဟုဆိုအပ်သော ကုဟနဝတ္ထုဟူ၍ဆိုအပ်၏ သာမန္တဇပ္ပဟူသည်ကား—ဈာန် အနီး မဂ်အနီးဖြစ်သောစကားတည်း။

ထိုကြောင့် သဒ္ဓါ၍ ရဟန်းပြုသောသူသည် ငါ့အား ဒါယကာတို့အံ့သြခြင်းသည် ဖြစ်ပစေဟုနှလုံး ပိုက်၍အံ့သြခြင်းကို ဖြစ်စေတတ်သော ဣန္ဒြေကို စောင့်ရှောက်သော အခြင်းအရာ အဟန်အပန်အမူအရာကို မဖြစ်စေအပ် မျက်မှောင်တွန့်ခြင်းစသော ကိရိယာကိုမဖြစ်စေအပ်မပြုအပ်အံ့သြခြင်းကိုဖြစ်စေတတ်သော မိမိ၏ကျမ်းဂန်အထူး သင်ဘူးသည်၏အဖြစ်ကိုင်း ဝိနယာနုရူပနှင့်ပြည့်စုံသည်၏အဖြစ်ကိုင်း မိမိ၏ဓုတင်ကျေးဇူးနှင့် ပြည့်စုံသည်၏အဖြစ်ကိုင်း မိမိ၏ပဋိဝေဓကို ရှေးရှုသည်၏အဖြစ်ကိုင်း သိစေခြင်းငှါ မဖြစ်စေအပ် မပြုပြင်အပ် ဖြစ်စေခြင်း ပြုပြင်ခြင်းကြောင့် ရသောပစ္စည်းဖြင့် အသက်မွေးသော ရဟန်းသည် အာဇီဝပါရိသုဒ္ဓိသီလ ပျက်၏။

တနည်းလည်း— "ကတမံ ဣရိယာပထသဓ်ါတံ ကုဟနဝတ္ထု" စသည်ဖြင့် မဟာနိဒ္ဒေသပါဠိတော်၌ ဟောတော်မူအပ်၏။

အဓိပ္ပါယ်ကား— ငါဘုရားသာသနာတော်၌ အချို့သော ပါပိစ္ဆာဣဿာပကတ ရဟန်းတို့သည် သူတပါးချီးမွမ်းခြင်းကို အလိုရှိသည်ဖြစ်၍ ဤသို့ဣရိယာ

ပုထ်ကိုပြုသည်ရှိသော် ငါ့ကိုလူများအပေါင်း ချီးမွမ်းလတ္တံ့ဟု နှလုံးပိုက်၍ သွား ခြင်းဣရိယာပုထ်ကို ပြုပြင်၏ အိပ်ခြင်းဣရိယာပုထ်ကို ပြုပြင်၏ ထိုင်ခြင်းဣရိယာ ပုထ်ကို ပြုပြင်၏ လျှောင်းခြင်းဣရိယာပုထ်ကို ပြုပြင်၏ စိတ်ကိုဆောက်တည်၍ သွား၏ စိတ်ကိုဆောက်တည်၍ရပ်၏ စိတ်ကိုဆောက်တည်၍ထိုင်၏ စိတ်ကို ဆောက်တည်၍ အိပ်ခြင်းကိုပြု၏ ဈာန်သမာဓိရှိသကဲ့သို့ ဟန်ပန်ယူ၍ သွား၏ ဈာန်သမာဓိရှိသကဲ့သို့ ဟန်ပန်ယူ၍ရပ်၏ ဈာန်သမာဓိရှိသကဲ့သို့ ဟန်ပန်ယူ၍ ထိုင်၏ ဈာန်သမာဓိရှိသကဲ့သို့ ဟန်ပန်ယူ၍ အိပ်ခြင်းကိုပြု၏ လူအပေါင်းတို့ ထင်ရှားရာအရပ်၌ ဈာန်ဝင်စားသကဲ့သို့ နေသည်ဖြစ်၏ ဤသို့သဘောရှိသော ဣရိယာပုထ်ကို အရိုအသေပြု၍ ထားခြင်းစသည်ကို ဣရိယာပထသဏ္ဌပန ဟု ဆိုအပ်သော ကုဟနဝတ္ထုဟုဆိုအပ်၏ ဟူလိုသည်။

ထို့ကြောင့် ရဟန်းဖြစ်သော သူသည် မြင်မြင်သမျှတို့ကို ကြည်ညိုလေ အောင် ပြုပြင်သောအမှုကို မပြုအပ် ဝိနည်းကို ရိုသေခြင်း သုတ် အဘိဓမ္မာကို ရိုသေခြင်းငှါ ကြပတေ့သောစိတ်ဖြင့်သာ မပြုမပြင် ကိုယ်ကိုဖြစ်စေရာသည် သတိ ရှိကြစေ ကိုယ်ကို သူတော်ကောင်း တို့၏စလေ့စလာ အဟန်အပန်ယူ၍ ရသော ပစ္စည်းဖြင့် အသက်မွေးသော ရဟန်းသည် အာဇီဝပါရိသုဒ္ဓိ သီလပျက်၏။

တလံခန္ဓာ ဝမ်းတထွာကြောင့် ကိုယ်ကို အဟန်အပန် မယူကြပါနှင့် ငါတို့၏ ဆရာနွယ်ကား ဤမည်သောဆရာမြတ်တို့၏ အနွယ်တည်းဟု အနွယ်ဖြင့် မပလွှား ပါလေနှင့် ငါသည် ဤအမည်ရှိသော ကျမ်းဂန်ကို လေ့လာသူတည်းဟု ကျမ်း ဂန်ဖြင့် မပလွှားပါလေနှင့် ငါသည် ဤသို့သဘောရှိသော စာရိတ္တသီလ ဝါရိတ္တ သီလနှင့် ပြည့်စုံသောသူတည်းဟု သီလဖြင့်မပလွှားပါလေနှင့် ငါသည် ဤသို့ သဘောရှိသော သမာဓိနှင့်ပြည့်စုံသောသူတည်းဟု သမာဓိဖြင့် မပလွှားပါလေ နှင့် ငါသည် ဤသို့သဘောရှိသော ပညာနှင့် ပြည့်စုံသော သူတည်းဟု ပညာဖြင့် မပလွှားပါလေနှင့် ငါ့ကို မဟာထေရ်ဟုသိပါစေ ငါ့ကို မင်းဆရာဟု သိပါစေ ငါ့ကို ဂိုဏ်းတို့၏အမှူးအဦး အအုပ်အချုပ်ဟု သိပါစေ ငါ့ကိုတပည့်တပန်း များ သသူဟု သိပါစေ ငါ့ကို တကာတကာမ ကိုးကွယ်များသသူဟု သိပါစေ စသည် ဖြင့် ဂုဏ်ကိုထုတ်ခြင်းငှါ ထီးကိုင် ယပ်ခပ် ဖုနပ် ဖိနပ် ထွေးခံကိုင် အဆောင်အရွက် ကျင်းပ၍ တပည့်သားမြေးခြံရံလျက် ယာဉ်စီးလှည်းစီးမှုပြုလျက် အယဉ်အကျေး

အပဟန်အပန် မဆောင်ပါလေနှင့် ပလ္လင်းရှထင်ရှားခြင်း လူတို့၏ ပူဇော်သက္ကာရကို ခံရခြင်း မင်းဆရာတော် ဖြစ်ရခြင်းသည် ပမာဏမဟုတ် မင်္ဂဖိုလ်၏အကြောင်းနှင့် ပြည့်စုံခြင်း သာသနာကို ချီးမြှင့်ရခြင်းသာ ပမာဏဖြစ်သည် မင်းနှင့်အကျွမ်းတဝင်ဖြစ်ရခြင်း ရာဇဝလ္လဘသည် မဟာသာဝဇ္ဇလည်းဖြစ်သည် နိရယသံဝတ္တနိကလည်းဖြစ်သည် ပညာရှိတို့ကား ပရိသတ်ခြေရံ ဆိတ်ညံသည် ပစ္စည်း ခေါင်းပါးသည် လာဘ်နည်းသည်ကိုသာ ချီးမွမ်းသည် သူမိုက်တို့ကား များသည်ကို ချီးမွမ်းသည်။

မာန်လည်ဆရာတော် ရှင်ဂုဏမဉ္ဇူသာဘုရားသည် မင်းကျောင်းဆရာတော် မဖြစ်မီ စရစ် ဆရာတော်ထံ ရောက်သည်ကာလ စာပေချရပါ၏လော့ စရစ်ဆရာတော်ကမေးသည်ကို အင်တန်အားမျှချရပါ၏ မာန်လည် ဆရာတော်မိန့်သည် အင်တန်အားမျှဟူသည် မစွမ်းနိုင်၍ အင်တန်အားမျှလော့ သင်သူတို့မရှိ၍ အင်တန်အားမျှလေလော့ မိန့်တော်မူလေသော် နှစ်ပါးသော အကြောင်းကြောင့် ပါပင် မိန့်၍ စကားဆိတ်သည်တွင် မာန်လည်ဆရာတော်က ယခု ကျောင်းမင်းဆရာတော် ဖြစ်သည်ကာလ နှလုံးတော်နှင့် ကျောင်းမင်းဆရာတော် မဖြစ်မီကာလက ဖြစ်သည်နှလုံးတော် မည်သို့ရှိပါသနည်း မေးလျှင် မင်းကျောင်း ဆရာတော် မဖြစ်မီကာလ၌လည်း မင်းညီ မင်းသား မင်းမိဖုယား မှူးတော်မတ်တော် အဂ္ဂသေနာပတိတို့ အချီးအမြှင့်ကို အင်တန်အားမျှ ခံရပါသည်ဖြစ်၍ ယခုမင်းကျောင်း ဆရာတော် ဖြစ်ရသည်ဟု နှလုံးမထူးလှပါဟု မိန့်လျှင် မင်းကျောင်း မဖြစ်မီ ကာလနှင့် ယခုဖြစ်သည်ကာလ ကုသိုလ်မည်ကပ္ပါးပါသနည်း မေးတော်မူပြန်လျှင် မင်းကျောင်းဆရာတော်ဖြစ်သည်ကာလ ပလိဗောမျှေား၍ ဘာဝနာမှု စာချမှုများစွာခွင့်မရချေ မိန့်တော်မူသည်ဟု ရွှေရင်မြော်ရွာကြီး ရှင်ကုမာရကဿပ ပြောဘူးသည် ဤသို့လျှင် ရှေးဆရာမြတ်တို့သည် နှလုံးလည်း ချိုသာသည် အဆိုအမိန့်လည်းကောင်းသည် သည်းခံခြင်းလည်းရှိသည် မင်းကျောင်းဆရာတော် ခံရသည်၌ အာဒီနဝကိုလည်းပြသည် သည်များကိုထောက်၍ မင်းဆရာတော် ခံရခြင်းသည် ပမာဏမဟုတ်ဟု သိရာသည်။

နေရင်း မဏိရတနာ ဘုန်းကြီးဘုရား ပုပ္ပာရုံဘုန်းကြီးဘုရား ပုခန်းရွှေဥမင်ဇမ္ဗူဓဇဘုန်းကြီးဘုရားတို့သည် ခပ်သိမ်းကုန်သော ဆရာတော်တို့၏ ဆရာလည်း

ဖြစ်သည် ကျမ်းဂန်၌လည်း လွန်သူမရှိ အဟုတ်အဟတ် တတ်မြောက်တော်မူ ကုန်သည် ယင်းသို့လျက် မင်းကေရာဇ်ဆရာတော် မင်းညီမင်းသား ဆရာတော် မင်းမှူးမတ်ဆရာတော် မခံရချေ ဒန်းတိုင်ဘုန်းကြီးဘုရား ရှင်ဂုဏာလင်္ကာရလည်း ကျမ်းဂန်၌ အတုမရှိ တတ်မြောက်တော်မူသည် ငါးရုံ့ဘို ရှင်ကလျာဏဓဇ ဘုရားလည်း ကျမ်းဂန်၌ အတုမရှိ တတ်မြောက်တော်မူသည်ဖြစ်လျက် မင်းဆရာ တော်မခံရချေ အကြောင်းသင့် အခွင့်တော်ရသာ ဆရာတော်ဖြစ်ကြလေသည် အလောင်းဘုရား ပဲခူးကို လုပ်ကြံမည် အချိတ္တွင် ပုဗ္ဗာရုံ ဘုန်းကြီးဘုရားကိုပင့်၍ တရားနာသော် တရားဟောသည်ကို ခင်ကြီးတိုးတိုးဟု ဆိုကြောင်းကို ဆင်တဲ ဆရာတော် မိန့်တော်မူဘူးသည် မျက်ကောင်းရတနာဖြစ်လေသော်လည်း မင်း တရားကြီး ရာပြုတ်မဟုတ်ချေဖြစ်၍ မသိရှာလေ။ အတုလဆရာတော်များကိုသာ ကျမ်းတတ်ဟု မှတ်မှားလေသည် ရွှေနှင့် ငွေခန့် ကွာလေသည် ငါတို့ဆရာ ရှင် မုနိန္ဒသာရလည်း ဆရာတော်ခေါ် လျှင်ပင် ကျမ်းဂန်တတ်သလော့ မိန့်ဘူးသည် ထိုကြောင့် ပလ္လာရအောင် မင်းဆရာဖြစ်အောင် ဂိုဏ်းအုပ် ဂိုဏ်းထောက် ဖြစ်ရအောင် တံဆိပ်ရအောင် အားမထုတ်ရာ ယင်းသို့ဖြစ်ရခြင်းသည် ပမာဏ မဟုတ် ကျမ်းဂန်တတ်မြောက်ခြင်း အကျင့်သီလနှင့် ပြည့်စုံခြင်းသာ ပမာဏ ဖြစ်သည် ထိုကြောင့်ကိုးခဏ်းပျို၌—"သီလပညာ ရှိမည်သာတည့် ခဲစွာ၏ရှင့်"ဟု စပ်ဆိုလေသည်။

ယခုအခါ တံဆိပ်ရအောင် ဂိုဏ်းအုပ် ဂိုဏ်းထောက် ဖြစ်ရအောင် မင်းမှီစိုး ကပ်ပြု၍ တံစိုးလက်ဆောင်နှင့် မျက်နှာပွင့်ကြောင်း ပြုကြသည်ကား သူတော် သူမြတ်တို့ ရှိဘွယ်သာဟုသိ ကဲ့ရဲ့လို၍မဆို နောက်သားတို့ သတိထားပါစေဟု ဆိုသည် သာလွန်မင်းတရားလက်ထက် ပုခန်းသာဂရ ဝက်ကျဉမင်ဝယ် သီတင်း သုံးနေသော ဇမ္ဗုဓဇအမည်တော်ရှိသော ဝိနည်းငါးကျမ်း ပါဠိအဋ္ဌကထာ နိသျ စီရင်သော ရွှေဥမင်ဘုရားထံ သာလွန်မင်းတရား ဆရာတော် တောင်ဘီလာ ကျော်ဘုရားသည်ကိုယ်တော်တိုင်ကြွ၍ ငါစီရင်သည် ဝိနည်းနိသျနှင့် သူစီရင်သည် ဝိနည်းနိသျကို တိုက်ဆိုင်မည်ဟု လူရန်လက်ဆောင် အများနှင့်လာသည် ထိုအခါ ရွှေဥမင်ဘုရားလည်းအလုပ်အကျွေး သူတော်ဝတ် လူတပည့် တယောက်နှင့်သာ ခေါင်းပါးသော အသုံးအဆောင် ရှိသည်ဖြစ်၍ နေတော်မူသည်တွင် ပရိသတ်

နောက်ပါအများနှင့် မင်းဆရာတော်ရောက်လာသည်ကိုဝတ်ပြုရန်မရှိ၍ သုံးတော်မူသည့် စမ္မခဏ်ကိုခါ၍ နေရာခင်းသည် ပညာရှိနှစ်ဦး မရက်မစက် နှုတ်ခွန်းဆက်၍ ဘက်လဲတကင်း ပြုကြသည် သာရဏီယကထာ အဆုံးပင် ပရိသတ် ခြေရံနည်းသည် ကြောက်တော်မမူလော့ မင်းဆရာမိန့်တော်မူသည်ကို ကြောက်၍ပင် ပရိသတ်အနည်းနှင့် နေပါသည် ရွှေဥမင်ဘုရား စကားပြန်သည်ကို မင်းဆရာတော်က သြော်ငါကား မကြောက်တတ်သူ ဖြစ်ခဲ့ပြီဟု နှလုံးပိုက်တော်မူသည် ထိုနောက်ပါခဲ့သည်လှူရန် လက်ဆောင်များကို အသီးအသီး မင်းဆရာတော်လက်နှင့်ကိုင်၍ သင်္ကန်းပါဘုရား အရှင်မဟာကဿပကို ဘုရားရှင်သည် ကပ်လှူသောဒုကုဋ်ကဲ့သို့ မွန်မြတ်သော မင်းဧကရာဇ်လှူ၍ ရသောဝတ္ထုပါ သံသရာကို ချီးမြှင့်သဖြင့် သုံးဆောင်တော်မူပါ လှူသည်ကို လက်နှင့်ခံ၍ သာဓု သာဓု ရွှေစည်းခုံကိုလှူ၏ဆို၍ ချထားသည်။ ဤသို့လျှင် လှူလှူသမျှဝတ္ထုကိုပင် ဤကဲ့သို့ချည်းဆို၍ ချထားသည်ကိုမြင်၍ သြော် ငါကား မင်းဆရာဖြစ်၍ ငါ့ပစ္စည်း၌ ရွံရှာနိုးသဖြင့် ဤသို့ပြုချေသည်ဟု နှလုံးပိုက်တော်မူသည် စိတ်မည်သို့မျှ ဒေါသမရှိ။

ရွှေဥမင်ဘုရားကား— ဤအရှင်သူမြတ်သည် မင်းဧကရာဇ် ဆရာတော်ဖြစ်လျက် ကိုယ်တိုင်ငါသို့ရောက်လာ၍ ပူဇော်သက္ကာရအများနှင့် ငါ့အားပူဇော်ပေသည် ငါကား သူကဲ့သို့ပူဇော်ရန် ဝတ္ထုမရှိသောကြောင့် သူ့အားမပူဇော်ရ ထိုအရှင်သူမြတ်အား ပစ္စည်းပရိသတ် ခြေရံကိုစွန့်၍ တောနေခြင်းအကျိုးငှါ မြတ်သောအနုသာသနီစကားဖြင့် ပူဇော်အံ့ဟု ဆိုတော်မူသည် ပစ္စည်း၌ ရွံရှာသည်ကို စွဲ၍မဆို တနည်းလည်း အလွန်ရခဲလှစွာသော ရဟန်းသူတော်အဖြစ်ကို ရပါလျက် မင်းဆရာတော်ခံ၍ နေခြင်းသည် အကျိုးမရှိ အကျိုးရှိရာကို ရှာစေအံ့ဟု နှလုံးပိုက်၍ ဆိုတော်မူသည်ဟူလို။ထိုနောင်မှ စီရင်တော်မူသည် ဝိနည်းနိသျကို တောင်း၍ကြည့်လျှင် ငါစီရင်သည့် နိသျသည်ကျယ်သည် သူစီရင်သည့်နိသျကား ကျဉ်းသည် သည်မျှပင် နောက်သားတို့ မှီရာဖြစ်လောက်ပြီ နှစ်နည်းရှိသဖြင့် လောကဝယ် ဘုရားနှစ်ဆူပြိုင်၍ပွင့်သော် သတ္တဝါတို့သူ့ဘုရားသာသည် ငါ့ဘုရားသာသည် အငြင်းအခုံသာဖြစ်၍ အကျိုးမရှိရာသကဲ့သို့ ရှိတော့မည်ဟု ကိုယ်စီရင်သည့်နိသျကို စေတီပြင်မှာမီးပူဇော်၍ ပြန်တော်မူလေသည် ၎င်းနောက် အလုပ်အကျွေးသူတော်က ရွှေဥမင်ဘုရားသို့ကပ်၍ ခင်ကြီးတို့ဝိနည်းမှာ သူသဒ္ဓါ၍လှူ

သော ပစ္စည်းကိုမသုံးဆောင်ဘဲ သူတပါးကိုမပေးအပ် ပေးသော် သူ့သဒ္ဓါကို ဖျက်သည်မည်ရကား သဒ္ဓါဒေယျ ဝိနိပါတဒုက္ကဋ် ကိုယ်ရှိသည် မဟုတ်လော့ အဘယ်ကြောင့် မင်းဆရာကိုယ်တိုင်လာ၍ လှူသည့်ပစ္စည်းကို အားပါးမနာ သူ့ရှေ့တွင်ပင် ရွှေစည်းခုံကိုလှူဘိသနည်း ခင်ကြီးမစောင့် မဟုတ်လောဆိုသည် ကို သူတော်ငါစောင့်၏ သူတော် ဆရာတော်ကို ငါဆုံးမလိုက်သည် သည်ကအပြန် ကို စစ်ကိုင်းလေးထပ်ကြီး ကျောင်းတော်သို့ သူတော် ဆရာတော် ဝင်ဝံ့ပေလျှင် လောကဝယ် အလွန်ယောကျ်ားဟု မိန့်တော်မူသည် ဆရာတော်ဘုရားလည်း ကျောင်းတော်သို့မဝင်ပြီ တောင်ဘီလာတောသို့ သက်တော် ခြောက်ဆယ်ပြည့် သည်နှင့် ဝင်တော်မူလေသည်။

တောင်ဘီလာကျော်ထက် ရွှေဥမင်ဘုရား ကြီးသည်ဟု ပြောစဉ်ရှိသည် မဲခီးဆရာတော်လည်း ယခုစကားစဉ်အတိုင်း မိန့်ဘူးသည် မောင်းထောင် ဆရာတော် စာတမ်းမှာကား ဝါတူဖြစ်ကြောင်း ရွှေစက်တော်က အပြန်ကို ဝင်ကြောင်းပုဂ္ဂိုလ်နှစ်ဦး ရွှေသွား နောက်နေ တိုက်တွန်းကြောင်းများကိုပါသည် သက္ကရာဇ်ထောင်ပြည့်သည်နှစ် အရှင်မြတ်တောဝင်သည်နှင့် ဝိနည်းနိသျရေးပြီး သက္ကရာဇ်ကိုဆ၍ စကားနှစ်ရပ် ယုတ္တိရှိရာမှတ်ပါလေ။

ဤသို့လျှင် ရွှေဥမင်ဘုရား၏ မင်းဆရာခံခြင်း၌ သာဝဇ္ဇအဖြစ်ဖြင့် ပြသည်ကို ဆ၍ မင်းဆရာဖြစ်ခြင်းငှါ မမက်မောရာ မင်းဆရာတို့မည်သည် မဟုတ်သည်၌ လည်း အဟုတ်ကဲ့သို့ သူနှစ်သက်အောင် ဆိုရချေသည် မောင်းထောင် ဆရာ တော်သည် လေးကြိမ်မြောက် အဝတည်မင်းတရား၏ မိဖုရားခေါင် ရှင်မင်းနှကို အသမ္မိန္နခတ္တိယ အနွယ်ဖြစ်တော်မူသော ရှင်မိဖုယားခေါင်ကြီးသည် ဟု နိဂုံး အုပ် သမိုင်းထိုးရချေသည် စင်စစ်ကား ထိုရှင်မိဖုယားသည် ဒီပရင်းကျေး ဖလံ ကုန်းရွာသူ သမီးဖြစ်သည် ထို့ကြောင့် မင်းဆရာအဖြစ်ဖြင့် အပြစ်များသည် အာဇီဝပါရိသုဒ္ဓိ သီလဖြစ်ခဲ့သည်။

သက္ကရာဇ် ၁၁၇၁—တွင် ဘိုးတော်အမရပုရမြို့တည် နန်းတည် မင်းတရား လက်ထက် သိန်းဆိုင်ကျွန်း သခ်န္တမြို့နေ မဟာတိတ္ထရွာသား သိန်းဆိုင်မင်းဆရာ တော် ရှင်ဓမ္မာနန္ဒ အမရပုရ နေပြည်တော်သို့ ရောက်၍ ငါတို့ ဆင်တဲဆရာတော် ဘုရားထံ အင်းခရုသိမ်မှာ သိက္ခာထပ်သည်ကာလ "အာဝုသော ဓမ္မာနန္ဒ ရာဇ

ဝလ္လဘော မဟာသာဝဇ္ဇော နိရယသံဝတ္တနိကောဝါ”ဟု ငါတို့ကျေးဇူးရှင်ဆရာတော်မိန့်သည်ကို သာဓုဘန္တေသာဓု အာမဘန္တေအာမဟု ရှင်ဓမ္မခန္ဓဆိုသည်ကို ကြားလိုက်ဘူးသည် ထို့ကြောင့် ၊ မင်းဆရာ စိုးဆရာ အရာထူးခံရ သည်ကို အကောင်းဟုမမှတ်လင့်။

ကြက်သွန်ခင်းဆရာတော်သည် မင်းဧကရာဇ် ဆရာတော်ဖြစ်လျက် အတိရေက လာဘ်ကိုပယ်၍ ပိဏ္ဍပါတ်ဝတ်ဖြင့်သာ အသက်မွေးတော်မူသည် မင်းဧကရာဇ် လှူသည့် ကျောင်းကိုစွန့်၍ အရညကင်ဓုတင်ကိုလည်း ဆောက်တည်တော်မူသည် မန်လည်ဆရာတော်က ကိုယ်တော်အရှင် တောနေတော်မူသည်မှာ မည်သည့်တရားကို အားထုတ်တော်မူသည် လျှောက်သည်ကို ဘုရားတရားကို အားထုတ်သည် ကြက်သွန်းခင်းဆရာတော် မိန့်သည် ဘုရားတရားကို အားထုတ်တော်မူသည်ကို မမိန့်သော်လည်း အမြင်ဖြင့်ပင်သိရပါပြီ ဘုရားတရား အများရှိသည်တွင် မည်သည့်တရားကို အထူးအားဖြင့် အားထုတ်တော်မူသည်ကို သိလိုပါသည် အန္တေဝါသိက တပည့်ကဲ့သို့ ထင်မှတ်တော်မူ၍ ဟုတ်တိုင်းမိန့်တော်မူပါကိုယ်တော်အရှင် အားထုတ်တော်မူသည့် တရားအထူးကို နည်းယူ၍ အားထုတ်လိုပါသောကြောင့် အသနားတော်မြတ်ခံပါသည် ထပ်လျှောက်လျှင် ပတတ်တွင်းဝင်ဖြောင့် မီးကောက်ကျည်စွပ်ဖြောင့် မည်သည့်တရားကို အထူးအားဖြင့် အားထုတ်သည် မရှိ ကာယဝိဝေကကိုရလျှင် များစွာသော ကုသိုလ်ဓမ္မပွားကြောင်းဟု နှလုံးပိုက်၍ ဖြည့်ကျင့်မြဲတရားကို ဖြည့်ကျင့်၍ ပစ္စဝေက္ခဏာ လေးပုဒ်ကို ဆင်ခြင်၍ တောနေအားထုတ်သည်ဟု မိန့်တော်မူကြောင်းကို ငါတို့ကျေးဇူးရှင် ဆင်တဲဆရာတော် မိန့်ဘူးသည်။

ထိုကြက်သွန်ခင်း ဆရာတော်ဘုရားကြီးသည့် သက်တော် ရွယ်တော်ရင့်သည်တိုင်အောင် ဆွမ်းခံဝတ်ကိုဖြည့်သည် ကိုယ်တော်နှင့် အလုပ်အကျွေး သီတင်းသည် သူတော်ဝတ် လူတယောက် မျှလောက်လျှင် ပြန်တော်မူသည် ပစ္စည်း၌ မက်မောတော်မမူ ငါတို့ဆရာ့ဆရာ နံမော်ရှင်သာရမဥ္စု ဘုရားကြီးသည် ထိုဆရာတော်ဘုရားကြီးထံ နည်းခံတနှစ်တခေါက် နှစ်ခေါက်ရောက်သည် တရံအခါ ရဟန်းတပါး များစွာသောဆွမ်းဟင်းလျာ စားဘွယ် စားရာအစုံ တပည့် ဝန်ထမ်း တထမ်းနှစ်ထမ်းနှင့် စစ်ကိုင်းမြို့မှ ထွက်လာသည်ကို ကြက်သွန်ခင်းဆရာ

တော် ဘုရားကြီးနှင့် ပက်ပင်းပါကြုံ၍ ငါ့ရှင် မယားမာ၏လောဟု မေးတော်မူကြောင်းကိုငါတို့ကျေးဇူးရှင် ဆင်တဲရှင်ဥာဏမဥ္ဇူဘုရားပြောဘူးသည် စရစ်ဆရာတော်လွန်လျှင် တူတော် တပည့်ရင်း ရှင်သာပုံကို မင်းကေရာဇ်က သာသနာပိုင်ထည့်လျှင် အရှင်သူမြတ်လည်း စိတ်ပျိုကိုယ်နုဖြစ်၍ ဝါသနာ အလျောက် သိုင်းကိုင်နှင့် ဆွမ်းခံဝင်သည်ကို ကြက်သွန်ခင်း ဆရာတော်ဘုရားကြီးနှင့် ပက်ပင်းပါကြုံ၍ "သာပုံသည်နှင်တံနှင့် နင့်ကိုလူကြောက်ချိမ့်လော ကြောက်လောက်အောင် အမြောက်ဆောင်"ဟု မိန့်တော် မူကြောင်းကို ပြောစဉ်ရှိသည် ထိုအရှင်လည်း အရှက်ရ၍ ဝန်ချသည် မကြာမတင်လည်း လွန်လေသည် သည်နောက်မှ တိလောကဂရု ဆရာတော်ဘုရားကြီးကို သာသနာပိုင်အပ်သည် ပဋမပြန်ခမ်းကိုလည်း စရစ် နင်တို့လက်ဝှေ့ပွဲ မပြီးသေးလောဟု ဆရာတော်ကို ကြက်သွန်ခင်းဆရာတော်ကြီး မိန့်ကြောင်းကို ပြောစဉ်ရှိသည်။

ကြက်သွန်ခင်း ဆရာတော်ဘုရားကြီးသည် ဆရာများနှင့် နန်းတော်ကအပြန်ကို တပည့်တော်ကျောင်းမှာ ဆွမ်းဘုဉ်းပေးတော်မူပါ စရစ်ဆရာတော် လျှောက်သည်ကို ရှင်ဘုရင် ဝန်ကြီးအိမ်မှာ ထမင်းစားသည်ဟု နင်တို့ကို အသူပြောသနည်းဟု မိန့်တော်မူကြောင်းကို ပြောစဉ်ရှိသည် ဤစကားရပ်များသည်ကားရာဇဝလ္လဘ ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့၏ ပစ္စည်းဒ္ဓ ရှုံရှာကြောင်း ဂါမန္တ သေနာသန၏ တောနေရဟန်းတို့နှင့် ပတိရူပ မဖြစ်ကြောင်းကို ပြောသော စကားရပ်ဖြစ်ပေသည် မင်းရွာဆရာတော်ဘုရားသည် သိက္ခာတော် ငါးဆယ်ကျော်အောင် မင်းကေရာဇ် ဆရာတော်ဖြစ်လျက် ဆွမ်းခံဝတ်ကို ဖျက်တော်မမူ သက်တော် ရှစ်ဆယ်နှစ်နှစ်တွင် လွန်တော်မူသည် မုန်တော ဆရာတော် ဘုရားလည်း သိက္ခာ ငါးဆယ်ကျော်အောင်ပင် မင်းကေရာဇ် ဆရာတော်ဖြစ်လျက် ဆွမ်းခံဝတ်ကို ဖျက်တော်မမူ သက်တော်ရှစ်ဆယ်နှစ်နှစ်တွင် လွန်တော်မူသည် မဲဓီးငယ်ဆရာတော် ဘုရားလည်း သိက္ခာတော် ငါးဆယ်ကျော်အောင်ပင် မင်းကေရာဇ် ဆရာတော် ဖြစ်လျက် ဆွမ်းခံဝတ်ကို ဖျက်တော်မမူ သက်တော် ရှစ်ဆယ်ခုနစ်နှစ်တွင် လွန်တော်မူသည်။

ငါတို့ ဥပဇ္ဈာယ် ဆရာ့ဆရာ ငမြောငယ် ရှင်ပညာသာရ ဘုရားကြီးသည် ကျမ်းဂန်လည်းတတ်လှသည် သီလသမာဓိလည်းကြီးလှသည် ငါတို့ကျေးဇူးရှင်

နံမော်ရှင်ဓမ္မပါလ ဘုရားဆရာ မြစ်ခြေ ဘုန်းတော်ကြီးဘုရားလည်း ကျမ်းဂန်တတ်လှသည် မာန်မာန နည်းလှသည် သည်းခံချိလှသည် ကျမ်းရိုးဆို စုဒ်စောဒနာ အာဘော်ထုတ်ကောင်းလှသည် တရံတခါ ပုဗ္ဗာရုံဘုန်းတော်ကြီး ဘုရားတို့နှင့် အနီးမှာတည်လာသည်ကို သက်တော် ရွယ်တော် ကြီးမှုပင် သားရေနယ်လွှယ်၍ စာဆည်းကပ်သောဟူ၏ တရံခါ ဆွမ်းအလှူခံ ကြွတော်မူ၍ စာတကျ်တရက်ပျက်သည်ကို သုံးထောင့်အိုင် ရှင်ဇယန္တက ယနေ့ငါဆန်တခွက်ရှုံးလေ၏ဟူသည်ကို နက်ဖြန် မရှုံးရအောင် ချပါမည်မိန့်သည် စာမချမီ ယမန်နေ့ချသည့်စာကို သုံးထောင့်အိုင် ရှင်ဇယန္တက အနက်ကိုသာ ချပါလေဟူသည်တွင် ဆိုမိန့်တော်မူ၍ အနက်ကိုသာချသည် ဟု ငါတို့ကျေးဇူးရှင် ဆင်တဲဆရာတော် မိန့်ဘူးသည်။

ဖရုံရှင်ဓမ္မနန္ဒဆိုသည့် ငါတို့ဂိုဏ်းဆရာလည်းနှလုံးတော်မြတ်ထွတ်လှသည်တရံခါ မန်ပင်ပုဂ္ဂိုလ်က ဂိုဏ်းဆရာသည် ကယဝိက္ကယ သိက္ခာပုဒ်တော်ကို မစောင့် စံကျောင်းနေ ဆရာလည်း ကုလဒူသက သိက္ခာပုဒ်တော်ကို မစောင့်ဟူသည်တွင် ငါမစောင့်၍ မစောင့်ဆိုသည်ကို မဆိုချေတုံလော့ စောင့်ပါလျက် သူဆိုချေမူ ဆိုစိမ့်မည်လော သူ့အမိ ပစပ်နှင့် မွေးသည်ကို မဆိုချေလောသာ မိန့်သည် မည်သို့မျှ မလှန်မပြန် စံကျောင်းနေဆရာမှာ လှန်ပြန်ချေ၍ သူ-ဂ-ဃ-ဏ-န ဆိုနိုင်၍ အရှက်ရလေသည်။

တရံခါလည်း ဂိုဏ်းဆရာသည် ရဟန်းချင်းလှူသည်ဝတ္ထုကို ချီးမွမ်းတတ်သည်ဟု ရှင်သီလာစာရ ဆိုသည်ကို မန်ပင်ပုဂ္ဂိုလ်က လာဘ်ဖြင့် လာဘ်ကို ကြိတ်သောဟူသည်ပင် မဟုတ်လော ဟူသည်တွင်လည်း သူဖြင့်လျှင်လည်း သည်သို့ ဆိုတတ်သည် သည်သာမိန့်သည် မည်သို့မျှ မလှန်မပြန် စရစ်ဆရာတော်လည်း ကာမမြို့နေ ရှင်အရိယဝံသ ရွှေတော်တွင် အဖျင်းဖျင်း မူသည်ကို လောင်းရှည်ဆရာတော်က အရှုးကို သာသနာပိုင် အလိုလိုက်လှသည် ဟူသည်တွင် အရှူးတယောက်ကြောင့် အကောင်း အများ မရှူးရသာ မိန့်တော်မူသည် ငါတို့ဆရာဘုရားလည်း ယွန်တော ပုဂ္ဂိုလ် ပန်းစုံ ထီးရိုးပျံနှင့် ဝင်သည်ကို သံဃာတော်အများ ဂိုဏ်းဆရာဖြစ်၍ လျှောက်သည်တွင် သီတင်းသုံးဘော် သံဃာအား

မရှိမသေ ပြုသည်ကို ငါဆိုထွက်မရှိသာ မိန့်တော်မူသည် ဗားကရာ ဆရာတော် လည်း တပည့်တော် မင်းရွာပဂ္ဂိုလ် နေလွဲကွမ်းစားသည်ကို မြစ်မနိုင်ရှိ၍ အများ မသိပါစေနှင့် တယောက်ကြောင့် အများပျက်တော့မည် သည်သာ မိန့်တော်မူ သည်ဟု နေရင်း ရှင်ဝိမလာစာရ ပြောဘူးသည်။

ဤသို့လျှင် ရှေးဆရာမြတ်တို့သည် သံသာကွဲပြားမည် အရည်ကိုမြင်လျှင် အပ္ပသာဝဇ္ဇကြောင့် မဟာသာဝဇ္ဇမဖြစ်လေကောင်းဟု လိုက်လိုက်လျောလျော ပြုတော်မူကုန်သည် သည်အမှုသည် တဦးကသာဝဇ္ဇ တဦးကအနဝဇ္ဇ ဟူကြလျှင် သံဃာမကွဲမပြား စေလင့်ဟု တဦးသို့ တဦးလိုက်သင့်သည်ကို ကောသမ္ဗကခန္ဓက မှာ ပါသည်ဖြစ်၍ သင့်လှပေသည် ပုဂံကောင်းသည်ကာလ သက္ကရာဇ် ၅၂၆— မင်းဖြစ် နရပတိစည်သူ လက်ထက် သီဟိုဠ်က ရောက်သည့်မထေရ်ငါးဦးတို့သည် ဆွမ်းမျိုးတို့အား ဆင်ကိုပေးသည် တဦးဘို့တဦး အာမိသအကျိုးငှါ လူအား နိမိတ်ပြုသည် အနည်းငယ်မျှနှင့် ဂိုဏ်းကွဲလေသည် လက်တစိတ်မျှကို မစင်သင့် သည်ကို လက်အားလုံးကိုဖြတ်သော ယောကျ်ားကဲ့သို့ ဖြစ်လေသည် ထိုကြောင့် သံဃာဘေဒဖြစ်အံ့သည် မဖြစ်အံ့သည်ကို ရှုမျှော်၍ပြောဆိုမှုကိုပြုရာသည် ဝိနည်း အရကိုကား စဉ်းငယ်မျှ မလွှတ်ရာ အဓမ္မကံဖြစ်အံ့ အဘော်လည်းမရှိအံ့ ဤသူ အဆုံးအဖြတ်ကို ငါမနှစ်သက်ဟု စိတ်ကိုဓိဋ္ဌာန်ရသည် ကောင်းပြီသင့်ပြီဟူသော ပဋိညာဉ်ကိုမပေးရာ အဘော်နှစ်ယောက် သုံးယောက်စသည်ရှိအံ့ အာဝီကရဏ ပြု၍ ဆိုရာသည် တစုံတယောက်သူ မျက်နှာကိုမငဲ့ရာ။

ဘိုးတော် အမရပုရမြို့တည်နန်းတည် မင်းတရားလက်ထက် မင်းတရားကြီး အမိန့်တော်နှင့် မန်လည်ဆရာတော်ကို သမ္မုတိမှန်၏လော အတွင်းဝန် မေးသည် တွင် ငါ့ဆရာလည်းမှန်၏ ငါလည်းမှန်၏ ရေးဟုမိန့်တော်မူသည်ကို သည်အတိုင်း ဖြစ်လျှင် နှလုံးတော်နှင့်မတိုက် ရှိချိမ့်မည်ဟုဆိုပြန်လျှင် မတိုက်မိသည်ကို တိုက် မိအောင် ငါမဆိုသာ မတိုက်မိ၍ထားသော မင်းဒဏ်ကိုလည်း စိုးရိမ်သင့်မည် မဟုတ် ရေးသာရေးဟု မင်းမျက်နှာကိုမငဲ့ တိုက်ရိုက်မိန့်တော်မူသည်။ တရံတခါ တပည့်တော် မုန်တောဆရာတော် မဲဓီးကြီးဆရာတော် ဆင်တဲဆရာတော်တို့ အချင်းချင်းနှလုံးမသာ ရှိကြသည်ကို ခေါ်တော်မူ၍ ငါအရွယ်ကြီးပြီ မည်သူ

နှင့်မျှ ခိုက်ရန်မဖြစ်စဘူးဟုသာ မိန့်တော်မူသည် တပည့်တော် သုံးဦးတို့လည်း နှလုံးချမ်းချမ်း ရှိကြလေသည်။

မုန်တောဆရာဘုရားကြီးလည်း ပုံတော်ပြကွဒိန်ကိုနှစ်သက်မည် မူလပြကွဒိန်ကိုနှစ်သက်မည် သုဓမ္မာသဘင်မှာ် သင်္ဃာတော်တို့ရှေ့ မင်းတရားကြီးအမိန့်တော်နှင့် လက်ဝဲသိခ်ဗိုလ်မေးသည်ကို မူလပြကွဒိန်သည် အမွန်ရှည်စွာ ဆင်းသက်လာသော ပြကွဒိန်ဖြစ်၍ မူလပြကွဒိန်ကိုပင် ကြိုက်သည်ဟု မင်းမျက်နှာမင့်မိန့်သည် ဗားကရာဆရာတော် ဘုရားလည်း မင်းကွန်းဌာပနာမှာ ရွှာကအရောက်တွင် ပုံတော်သည် ဘုန်းတော်ကြောင့်ပေါ်သော ပြကွဒိန်ဖြစ်သည်မူလမဟုတ် ပြကွဒိန်ဟောင်းသာ မူလဖြစ်သည်ဟု မင်းမျက်နှာမင့်မိန့်သည်။

ထူပါရုံဆရာတော်လည်း မင်းတရားကြီးအမိန့်တော်နှင့် ပဋ္ဌမ ပြန်တောင်းသည်ကို ရေး လူမည်ရွေယံ၊ အသက်ဆဲ့နှစ်နှစ် စာဝါသန္ဓိပဋ္ဌမပိုင်း မိန့်သည်တွင် ဝန်တို့က စာဝါနည်းလှသည် ဟူလျှင် နည်းလျှင်နေဟု မင်းမျက်နှာကိုမင့် မိန့်ဘူးသည်။

အတုလဆရာတော်ဘုရားလည်း နောင်တော်ကြီး မင်းတရားလက်ထက် မင်ရေးစာကို စီရင်တော်မူကြပါ သာလွန်မင်းလက်ထက်စီရင်သည့် ပေပေါ်မင်စာသည် ကောင်းလှသည် တကာတော်ထင်သည် မင်းကျော်ဆိုသည်ကို သိကြားလာ၍စီရင်သော် ဖြစ်ကောင်း၏ဟုမင်းကျော်မျက်နှာကိုမင့် မိန့်တော်မူသည်။ နောက် ဝက်လက်ဆရာတော် စီရင်သည်ကို တမြို့လုံး အုတ်အုတ်ကျက်ကျက် သိကြားစီရင်သည်ဖြစ်ကြ၍ မင်ရေးစာသည် အမွန်အရှည် မတည်ဖြစ်၍လည်းတကြောင်း စာသင်ပေသင် စာချပေချပျက်ကြမည်ကို စိုး၍လည်းတကြောင်း သိကြားလာ၍စီရင်လျှင်ဖြစ်ကောင်း၏ ငါဆိုသည်ကိုမတည် အထင်အပေါ်အကျော်အစောကိုငဲ့၍ စီရင်ရာသလောဟု အတုလဆရာတော်က ဝက်လက်ဆရာတော်ကို ခြေနှင့်ကန်သည်ဟု ပလိုင်းဆရာတော် လက်ရင်းတပည့်ရှင်ခလေးဆိုသူ ပြောဘူးသည်။ ငါ့ဆရာတော်ကို အပြစ်မဲ့ ဤသို့မူရာသလောဟု မင်းကျော်က ရှိပြန်ရာတွင် တပည့်ရင်းဖြစ်၍ အပြစ်အလျောက် ရောက်စေအပ်သောဒဏ်ကို မင်းကျော်က ဤသို့ရှိရာသလောဟု ဝက်လက်ဆရာတော်က ဆိုပြန်ရသည်ဟုလည်း မြေတူးပုဂ္ဂိုလ်ပြောဘူးသည်။

ပလိုင်းဆရာတော် ရှင်သုဇာတဘုရားကြီးလည်း အလောင်းမင်းတရားလက်ထက် သက်ငယ်နန်းတွင် အတုလဆရာတော်နှင့် သာမဏေတို့ရွာဝင်လျှင် ရုံသင့်သည် တင်သင့်သည်ဆိုကြသည်တွင် မင်းကေရာဇ်က တလုံးတဝတည်း အကွဲအပြားမရှိ တင်တော်မူကြပါ တကာတော်လည်း အတင်ကိုပင် ကြိုက်ပါသည်ဟု အတုလဆရာတော်တို့ စကားကိုယုံကြည်၍ ဆိုသည်တွင် ရေမြေရှင် ကြိုက်သည်တမုံ့ဟု ဘုရားမကြိုက်သည်ကို ငါတို့မလိုက်သာ ရေမြေရှင်လည်း ဘုရားမဟုတ်ဟု မင်းမျက်နှာကိုမငဲ့ မိန့်တော်မူသည် ဘုရားမဟုတ်သော်လည်း သင်္ဃာသဘောပြိုင်လျှင် သင်္ဃာအားကို ဘုရားမဆန်ဟူသောကြောင့် သင့်ကောင်းပါ၏ ပြီးကြပါစေ မင်းကေရာဇ် မိန့်တော်မူပြန်သည်ကို ဝန်ရှင်တော်မင်းကြီးတို့က ပြီးပြီ အတင်တဲ့ အတင်တဲ့ဟု အသံပေး၍ အုတ်အုတ်ကျက်ကျက်သာစုခေါ် သံဖြစ်သည် အဆုံး၌ ပလိုင်းဆရာတော်တပည့် ရှင်သာရနန္ဒ ဆိုသည့် ပုဂ္ဂိုလ်က ပါပမင်း လက်ထက် အပြော ခက်လေသည်ဟု မင်းကေရာဇ်ရှေ့ မင်းမျက်နှာကို မထောက်ဆိုသည် မင်းကေရာဇ်လည်း တစိုးတစိမျှ နှလုံးတော်မသာမရှိ ပြီးကြပါစေသာဆိုသည်ကို ဋင်းရှင်ခလေးဆိုသူပင် ပြောဘူးသည် ညောင်ကန် ခင်ကြီးရှေ့ပျားလည်း ပြောဘူးသည်။

မောင်းထောင်ဆရာတော် စာတမ်းတွင်ကား နိုင်ငံရေးပြီးမှ မှန်ရာဖြစ်စေရမည် ဆိုဟန်ရေးသည် အရုံကို နှစ်သက်ဟန်လည်း ပါသည် မတိုက်ကြ။ ပလိုင်းဆရာတော်ဘုရားမှစ၍ အရုံနှယ်ဖြစ်ကုန်သော လဇ္ဇီပေသလ သိက္ခာကာမ အရှင်တို့ကား ထိုအခါ မင်းအခွင့်မရ၍ သာမဏေမပြုကုန်။ ပဥ္စင်းခံလောက်သူကိုသာ ပဥ္စင်းခံကုန်၏ အချို့သော အရုံနှယ်တို့ကား ရာဇန္တရာယ်ဟု နှလုံးပိုက်၍ တင်ကြကုန်၏ ဤသို့သော ဆရာမြတ်တို့ စလေ့စလာကို သိအောင်ပြု၍ ထိုဆရာတို့နည်းကိုယူ၍ ကျင့်ကြကုန် မျက်မမြင်သောသူသည် မျက်မြင်သူနှင့်ကင်း၍ လိုရာအရပ်မရောက်နိုင်ချေ ထောပတ်ပျား ဆီသည်လည်း တည်ရာ အိုးနှင့်ကင်း၍ ကြပတော့မဖြစ်နိုင်ချေ ပရယုဂ်ချိုသော ကျမ်းဂန်သည်လည်း သူတပါးတို့ ယုံမှားကို မဖျောက်နိုင်ချေ။မဂ် ဖိုလ် နိဗ္ဗာန် အကျိုးငှါ အားထုတ်သော ပုဂ္ဂိုလ်သည်လည်း ဆရာမြတ်တို့ ကျင့်ထုံး ကျင့်စဉ်နှင့် ကင်း၍ မဂ် ဖိုလ် နိဗ္ဗာန် ရကြောင်း ကောင်းသောအကျင့်ကို ဟုတ်မှန်တိုင်း မကျင့်နိုင်ချေ။

# လပန နိဒ္ဒေသ

လပနနိဒ္ဒေသ၌ ရဟန်းကျောင်းသို့ လာကုန်သော တကာတို့ကို မြင်၍ တကာတို့ အဘယ်အကျိုးငှါ လာကုန်သနည်း ရဟန်းတို့ကို ပင့်ဘိတ်ခြင်းငှါ လာကုန်သလော သင်တို့သည်အကယ်၍ ပင့်ဘိတ်ခြင်းငှါ လာကုန်အံ့ သင်တို့ရှေ့သွားလေကုန် နောက်မှသပိတ်ကိုယူ၍ ငါလာအံ့ဟုဆိုမှု အာဒိလပနာ မည်၏။ ငါကား တိဿအမည်ရှိသော ရဟန်းတည်း ငါ၌မင်းကြည်ညို၏ ငါ၌ ဤအမည်ရှိသော အမတ်ကြည်ညို၏ ဤသို့ မိမိကိုယ်ကို မင်းအစရှိသည်တို့သို့ ဆောင်၍ ပြောဆိုခြင်းသည် အာလပနာမည်၏။ တိဿဟူသည် အဘယ်မထေရ်နည်း မင်းကြည်ညိုသော အရှင်သည် အဘယ်အရှင်နည်း မင်း၏အမတ် ကြည်ညိုသော အရှင်သည် အဘယ်အရှင်နည်း ဤသို့ အစရှိသည်ဖြင့် တကာတို့ မေးသည်ရှိသော် ငါတည်းဟုဆိုခြင်းသည် လပနာမည်၏။ ဒါယကာ ယောကျ်ား ဒါယိကာ မိန်းမတို့၏ မိမိအားမသဒ္ဓါ မကြည်ညိုဖြစ်အံ့သည်မှ ကြောက်သည်ဖြစ်၍ ခွင့်ပေး၍ပေး၍ ကောင်းစွာပြောဆိုခြင်းသည် သလ္လပနာမည်၏။ များသော စည်းစိမ်ရှိသောသူဟူ၍ငင်း တကာလေ့သူကြီးဟူ၍ငင်း မြတ်သော အလှူရှင်ဟူ၍ငင်း တကာရွာသူကြီးဟူ၍ငင်း ဤသို့အစရှိသဖြင့် တကာတို့အား အထက်သို့မြှင့်၍ မိမိအားကြည်ညိုလေအောင် ပြောဆိုခြင်းသည် ဥလ္လပနာမည်၏။ ခပ်သိမ်းသော အတို့ဖြင့် မြှောက်ခြင်း ပင့်ခြင်းကိုပြု၍ တကာတို့အား စကားပြောဆိုလေ့ရှိသော ရဟန်းသည် သမုလ္လပနာမည်၏။ တကာတို့ ရှေးကာလ၌ ဤအခါကို ကောက်ဦးလှူကြသည် မဟုတ်လော ဤအခါကို ကထိန်လှူကြသည်မဟုတ်လော ဤအခါကို ဝါဆိုသင်္ကန်းလှူကြသည် မဟုတ်လော ယခုအခါ အဘယ်ကြောင့် မလှူလေသနည်းဟု ဖွဲ့၍ဆိုခြင်း ရစ်ဝဲ၍ဆိုခြင်းသည် ဥန္နဟနာမည်၏။ ဤ၌ အရှင်ဘုရား လှူပါအံ့ အခွင့်မရကုန်ပါသေး ဤသို့အစရှိသည်ဖြင့် ဆိုသည်တိုင်အောင် ဥန္နဟနာမည်၏ဟု ဝိသုဒ္ဓိမဂ်မှာဆိုသည်။

တနည်းကား—ကြံချောင်းလက်၌ ရှိသောသူကိုမြင်၍ တကာ ကြံကို အဘယ်အရပ်မှ ဆောင်ခဲ့သနည်းဟုမေး၏ အရှင်ဘုရား ကြံခင်းမှ ဆောင်ခဲ့သည်ဟု ဆိုလျှင် တကာတို့ကြံခင်း၌ ကြံသည် ချိုသလောဟုမေး၏ အရှင်ဘုရား ခဲ၍ သိအပ်၏ဟု ဆိုလတ်သော် တကာ ရဟန်းတို့ကြံကိုလှူလောဟု ဆိုခြင်းငှါ မအပ်

သည် မဟုတ်လော ဤသို့သဘောရှိသော စကားတို့ကို ပြောဆိုသော ရဟန်းအားလည်း ဥန္နဟနာမည်၏ အကြောင်းရစ်ဝဲ၍ ပစ္စည်းရကြောင်း မကောင်းသောအကြံဖြင့် ဆိုသော စကားသည်ရှိ၏ ထိုရစ်ဝဲ၍ ဆိုခြင်းဟူသမျှသည် ဥန္နဟနာမည်၏ အလုံးစုံသောအဘို့ဖြင့် အထပ်ထပ်ရစ်ပတ်၍ ဆိုခြင်းသည် သမုန္နဟနာမည်၏ဟု ဝိသုဒ္ဓိမဂ်မှာဆိုသည်။ ဤအာဒိလပနာ စသောအရာကို ရဟန်းဖြစ်သော သူသည် မပြုအပ် ပြုခြင်းကြောင့် ရသောပစ္စည်းကိုလည်း မသုံးဆောင်အပ် ပြုခြင်းကြောင့်ကား ဒုက္ကဋ်အာပတ်သင့်၏ သုံးဆောင်ခြင်းကြောင့် အာဇီဝပါရိသုဒ္ဓိ သီလပျက်၏ အသက်မွေး မစင်ကြယ် ထို့ကြောင့် အာဇီဝပါရိသုဒ္ဓိသီလစင်ခြင်းငှါ အလိုရှိသော သာသနာတော်၌ သဒ္ဓါ၍ ရဟန်းပြုသော ပုဂ္ဂိုလ်သည် ရေမြေကို အစိုးရသော မင်း၌ပင်သော်လည်း ရှေးဦးစွာ နှုတ်ခွန်းဆက်ခြင်း နှစ်သက်ဘွယ်သော စကားကိုဆိုခြင်း စသော အာဒိလပနာ စသည် ကိုမပြုရာ။

အမရပုရမြို့တည် နန်းတည် မင်းတရားလက်ထက် ရဟန်းတို့ လူတပည့်မွေးအပ် မမွေးအပ်ကြောင်းကို မေးတော်မူသည်တွင် ပဏ္ဍုပလာသ အာရာမိက ဝေယျာဝစ္စကရ ဘိက္ခုနိဿိတကကို ခွင့်ပြုတော်မူသောကြောင့် မွေးအပ်၏ဟု အချို့သောဆရာတို့ အယူရှိသည် ပဏ္ဍုပလာသဟူသည် သင်္ကန်းသပိတ်စုံပြီးသော သာမဏေလောင်းကိုသာဆိုသည် အာရာမိကဟူသည် ကျောင်းအား လှူသော ကျောင်းကျွန် အာရာမ်စောင့်ကိုသာဆိုသည် ဝေယျာဝစ္စကရဟူသည် ရဟန်းတို့အား အမှုကြီး အမှုငယ်ကို ဆောင်သောလူကိုသာ ဆိုသည် ဘိက္ခုနိဿိတကဟူသည် ရဟန်းတို့ စနုပ်စပေါက်ကိုမှီ၍ နေသူကိုသာဆိုသည် ယခု မွေးကြသည်မှာ ယင်းသို့မဟုတ် လူဒိသာပါမောက္ခတို့ကဲ့သို့ ပညာသင်ပါအပ်လျှင် ပညာသင်ခြင်းငှါ ခံသည်ဖြစ်၍ အစေအပါးခံရာရောက်သည် လူတို့အစေအပါးကို ပယ်တော်မူချက်နှင့်ဖြစ်သည် မအပ်ချေဟု အချို့ဆရာတို့ အယူရှိသည် ပရိတ္တံကရောထဆိုလျှင် အရံအတားကို ပြုပါစေရာရောက်သည် မရှတ်အပ် ပရိတ္တံဘဏထဆိုမူကား အရံအတားဖြစ်သောတရားကို ဟောပါဟူသောကြောင့် ရှတ်အပ်၏ဟူသော ဝိနည်းတော်ရှိလေပြီးသည်။

ပညာသင်ပါဟူသည် အစေတိုက်ရိုက်ပင်ဖြစ်၍ မအပ်ချေဟု အချို့ဆရာတို့ အယူရှိသည် ရှာသားသူငယ်တို့ကို ထိန်းယခြင်းကို ပယ်တော်မူချက်နှင့်ဖြစ်သည်

ပညာသင် သားထိန်းအပ်သည်ကို အပ်ချေတုံအံ့လော့ ဤသူငယ်သည် အရှင်ဘုရားတို့အား အပ်သည်ကိုပြုတတ်သော ကပ္ပိယကာရကတည်းဟု ဆိုမူကားအပ်ကောင်း၏ဟု အချို့ဆရာတော်တို့ အယူရှိသည် သီလက္ခန်ပါဠိမှာ နွားမွေးခြင်းစသည်ကို ပယ်တော်မူချက် တိုက်ရိုက်ရှိချေသည် မမွေးအပ်ချေဟု အချို့ဆရာတို့ အယူရှိသည်ကို လျှောက်လျှင် ဘုရားရှင်လက်ထက် တပည့်သား သင်္ဃာတော်တို့ ယခုကဲ့သို့လူမွေးသည် မမွေးသည်ကို ကျမ်းလာသည့်အတိုင်း စာသွင်းစေ ဟူပြန်သောကြောင့် ဘုရားရှင်လက်ထက် ယခုကဲ့သို့ ရဟန်းတို့လူမမွေးလူတို့ဆွမ်းလှူခါ ဘုရားရှင်ကိုယ်တော်ပင် သပိတ်လွယ်၍ ကြွတော်မူကြောင်းတပည့် သင်္ဃာတို့လည်း သပိတ်လွယ်၍ ကြွကြောင်း အရှင်အာနန္ဒာမှာ သက်နှင်းသပိတ်စုံရှိသော ရှင်ပြုပိမ့်သော တဆဲ့ငါးနှစ်မပြည့်သေးသော သူငယ်ရှိကြောင်းများကို စာသွင်းလျှင် ရဟန်းတို့ လူတပည့်မမွေးစေလင့် မဟာဒဏ်ဝန်ကနိုင်အောင်ကမြစ် အမိန့်တော် ထုတ်ရချေသည် သည်များကိုထောက်၍ သူတော်ကောင်းတရား ပွားများခြင်းသည်သာ အသင့်နှလုံးပိုက်၍ လူမွေးခြင်း၌ဆင်ခြင်။

ဗင်းမင်းတရားလက်ထက် အရုံဂိုဏ်းဝင် သင်္ဃာတော်ကို သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်အဆိုကို သဘောတူသည်ဟု သဘာဂသင်္ဃာသမုတ်သည် အတင်ဂိုဏ်းဝင်သင်္ဃာတော်တို့ကို သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်အဆိုကို သဘောမတူဟု ဝိသဘာဂ သင်္ဃာသမုတ်သည် သဘာဂသင်္ဃာတို့ကိုလည်း ဆရာစဉ်ခြောက်ဆက် ခုနစ်ဆက်မြောက်မှ သဘာဂဖြစ်စေရသည် ဝိသဘာဂဂိုဏ်းဝင်ဆရာတို့ဘက်က ညဝါကောင်းလှသည် သဘာဂဂိုဏ်းဝင် ဆရာတို့ဘက်က နေ့ဝါကောင်းလှသည် ဝိနည်းသဘော၌ သိကျွမ်းလိမ္မာလှသည် ဆရာနည်းရလှသည် ဝိနည်း ဝိကံ နှုတ်တက် လေ့လာသူလည်းများသည် ဟာလင်းဆရာတော် ဦးကေတုဆိုသူလည်း ဝိနည်း ငါးကျမ်းကိုအကုန်သုဓမ္မာသဘင်ဝယ် ရှုပ်ရှုပ်ချွံချွံမရွှံမကြောက်မြင်းကောင်းပြေးပြန်နိုင်သည်မင်းရွာဆရာတော် ရွှေတောင်ဆရာတော် ဗားကရာဆရာတော် မုံတောဆရာတော် မဲမီးဆရာတော် ဆင်တဲဆရာတော် ကတိုးဆရာတော် မောင်းထောင်ဆရာတော် ညောင်ကန်ဆရာတော် စသောဆရာတော် တံဆိပ်ရတို့လည်း ဥဘတောဝိဘင်းကို သုဓမ္မာသဘင်မှာပြန်ရသည် တောတွင်းနေ ဂိုဏ်းအုပ်ဟူသမျှလည်း ဥဘတောဝိဘင်းကို နှုတ်တက်ပြန်ရသည် ဂိုဏ်းသားတို့လည်း ဂိုဏ်းအုပ်

တို့ထံ ပါတိမောက်နှစ်ဆောင် ခုဒ္ဒသိက္ခာ အဂ္ဂိက္ခန္ဓပမသုတ် သည်လေးကျမ်းကို နှုတ်တက်ပြန်ရသည် မင်းအိုဆရာတော် မန်လည်ဆရာတော် ဘုရားနှစ်ပါးတို့ကား သက်တော် ဝါတော်ကြီးဖြစ်၍ ကမ္မာကမ္မ ဝိနိစ္ဆယ အဖြစ်ဖြင့် အမအတည်ပြုရသည် ဆိုတားဆရာတော် ဘုရားကြီးကား ဇေတစေတကလွန်လေသည် ဝိဘင်းပြန်ခါမရောက် ထိုဆရာမြတ်တို့သည် အာဇီဝပါရိသုဒ္ဓိဖြစ်လှသည်။

တရံခါ မန်လည်ဆရာတော် ဆေးဘော်ရန် ပြုတ်ကောင်းလို၍ ကပ္ပိယ လူ တပည့်ကို ပြုတ်ရှာချေ သည်ဖျင်ပြုတ်ဖြစ်စေ ဆိုတော်မူသည်ကို တပည့်သွားပြီးလျှင် ထိုဖျင်နှင့် ဆရာတော်ကြီး အလိုရှိကြောင်းကို ပြော၍ဝယ်သည်တွင် ပြုတ်ကောင်းရှင်ဖျင်ကိုမယူ ပြုတ်ကောင်းအများ လှူလိုက်သည် ထိုအကြောင်းကို တပည့်အစဉ်ပြန်သော် သည်ဖျင်ကို ပြုတ်ကောင်း ဖြစ်စေလော့ဟု ငါဆိုသည် ငါအလိုရှိကြောင်းကို ပြုတ်ကောင်းရှင်ကိုပြော ငါမဆို နင့်ပြုတ်ကောင်းကို နင်ယူ ငါ့ဖျင်ကို ပြုတ်ကောင်းဖြစ်စေ ရှေးတူမပြောနှင့်ဆို၍ ကပ္ပိယပြော၍ ရသော ပြုတ်ကောင်းကို သုံးတော်မမူချေ။ တရံတခါ ရွှေတောင်ဆရာတော် ကြိမ်ကိုလို၍ ကပ္ပိယလူတပည့်ကို ကြိမ်ရှာချေ သည်ဖျင် ကြိမ်ဖြစ်စေ ဆိုတော်မူသည်ကို တပည့်ယူသွားပြီးလျှင် ဖျင်ကို ငွေနှင့်ရောင်း၍ ငွေနှင့်ကြိမ်ဝယ်လာသော် ကြိမ်များလှသည် မိန့်တော်မူသည်ကို ငွေနှင့်ရောင်းပြီးမှ ဝယ်သောကြောင့် အများရသည်ဟု လျှောက်သည်ကို နင့်ကို ငါဖျင်ရောင်းမခိုင်း သည်ဖျင် ကြိမ်ဖြစ်စေသာ ငါဆိုသည် နင့်ကြိမ်နင်ယူ ဖျင်သစ်သည်ကယူ၍ ကြိမ်ဖြစ်စေ ရှေးတူမပြောနှင့်ဆို၍ ကပ္ပိယဖျင်ကိုရောင်း၍ ငွေနှင့်ဝယ်ခဲ့သည့်ကြိမ်ကို သုံးတော်မမူချေဟု မဲခီးဆရာတော်ပြောဘူးသည် ဤသို့လျှင် ထိုဆရာ မြတ်တို့သည် အာဇီဝပါရိသုဒ္ဓိ စင်အောင် အားထုတ်တော်မူကုန်သည်။

ပါရာဇိကဏ် အဋ္ဌကထာမှာ ရှေးမဟာထေရ်တို့လက်ထက် သံဃိက ယာလယ်မှဖြစ်သော ဆန်စပါးတို့ကို ထောင်းဖွပ်ချက်ပြုတ်၍ ရဟန်းတို့အား ပေးသော တပည့်တို့သိစိမ့်သောငှါ တဦးသော လျှပ်ပေါ်လော်လည်သော ရဟန်းသည် ဤမျှသော မုံ့တို့ကို စားရမူကား ကောင်းစွဟု ချက်ပြုတ်သူတို့ တနံရံမှာ မုံ့ရုပ် ရေးထားသည်ကို ကပ္ပိယတို့သိ၍ ထိုနှင့်တူသော မုံ့ရုပ်ကိုပြုလုပ်၍ သင်္ဃာထေရ်အား ကပ်လှူပြီးလျှင် အရှင်ကောင်းတို့သည် ဤသို့သောနိမိတ် မပြုပါလင့် သုံး

ဆောင်တော်မူလိုသည်အတိုင်း တိုက်ရိုက်မိန့်တော်မူကြပါဟု ကပ္ပိယတို့ ဘိတ်လျှောက်သည်ကို သဃ်ာထေရ်ကြား၍ သဃ်ာပစ္စည်းမှ ဖြစ်သောမုံ့ကိုပင် ဝိညတ်ကြောင့် ဖြစ်သည်ဟု ယူတော်မမူ မအပ်ဟု-ပယ်တော်မူသည်နှင့် လျော်လှပေသည် ငါတို့ကျေးဇူးရှင် ညောင်ကန်ဆရာတော်ဘုရားသည် မယ်တော်မြောက်နန်းမိဖုယားအမိန့်တော်နှင့် သားတော်ပြည်မင်း တန်ဆောင်မုန်းလ သင်္ကန်းတော်အများ ကပ်လှူလာသည်ကို တခွန်းစကားမျှ မြွက်တော်မမူ အလှူခံ၍ တရားဟောပြီးလျှင် မင်းသားပြန်သာပြန်ရလေသည် နှုတ်ခွန်းဆက်မည်ကိုထား၍ မော်၍မျှ ကြည့်တော်မမူ ပြည်မင်းကျောင်းတို့ ရွှေတောင်ဆရာတော် ဘုရားကြီးအား တင်လှူသောအခါ မင်းတရားကြီးကိုယ်တော်တိုင် ရေစက် သွန်းဆိုပြီးလျှင် ဆရာတော်ကြီးရှစ်ပါးကို လက်အုပ်ချီ၍ မေးတော်မူသည် မည်သည် ဆရာတော်မျှ စကားမမြွက် ယပ်ကာ၍သာ နေကုန်သည် မည်သည်ဆရာတော် ဘုရားပါဟု ခေါ်ကောက်မိန့်တော် မူသည်တွင်မှ နှုတ်မြွက်ကြောင်းကို မောင်သူပြောသည်။

ဤသို့လျှင် လပနနိဒ္ဒေသ၌ ရှိသေသောအားဖြင့် မင်းကေရာဇ်ကို စဉ်လျက်ခေါ်ကောက်မမေးလျှင် တိတ်တဆိတ်နေတော်မူကုန်သည် အရှင်ကောင်းတို့သည် ဤလ ဝါကပ်တော်မမူပါလင့် ရွှေလသို့ရောက်မှ ဝါကပ်တော် မူကြပါကုန်ဟု ဗိမ္ဗိသာရမင်းလျှောက်သည်ကာလ“အနုဇာနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုံ” ဟုရဟန်းတို့အား မင်းအလိုသို့လိုက်၍ ကျင့်စိမ့်သောငှါ ပညတ်တော်မူသည်မှာ ဝါဆို ဝါကပ်မှု တခု၌သာ ပညတ်တော်မူသည် ဤမှတပါး မင်းတို့၏ အလိုသို့လိုက်၍ ကျင့်စိမ့်သောငှါ ပညတ်သောအရာမရှိ ဤဝါကပ်မှု၌ မင်းတို့၏ အလိုသို့လိုက်ခြင်းကြောင့် ရဟန်းတို့၌ ကျေးဇူးယုတ်သော မည်သည် မရှိဖြစ်၍ ပညတ်ကြောင်းကို အဋ္ဌကထာမှာဆိုသည် ဤပညတ်ရှိသည် တမုံ့ဟု မြင်မြင်သမျှကိုမင်းဆိုရာလိုက်၍ မကျင့်ရာဟုသိလေ ယခုအခါ မြို့သူကြီး ရွာသူကြီးတို့၏ စကားမျှကိုပင် လိုက်နာ၍ ထင်ရှား ရှိသော ဘုရားပညတ်ကိုပင် အပျက်ခံကြသည်ကားအလဇ္ဇီသာ။

သာသနာတော်မှာတဦးက ဤအမှုသည် အန္တိမဝတ္ထုဟုအယူရှိသည် တဦးကမဟုတ်အယူရှိသည် ထိုစကားနှစ်ရပ်ကို ဝိနည်းဓိုရ်ပြုသည် ပုဂ္ဂိုလ်က သုတ္တ သုတ္တာ

နုလောမ အာစရိယဝါဒ အတ္တနောမတိ ဤစကားလေးရပ်တို့ဖြင့် ပြ၍ဆိုစေကောက်သင့်သည် သုတ္တကား ပါဠိတော်ရင်း,သုတ္တာနုလောမကား မဟာပဒေသလေးပါး, အာစရိယဝါဒကား အဋ္ဌကထာ, အတ္တနောမတိကား ထိုအဋ္ဌကထာ၌လာသော မဟာပဒုမထေရ် မဟာသုမထေရ်မသော ထေရ်တို့ဝါဒ, "ဂဏ္ဌိပုဒ် သုံးစောင်၌ ပြအပ်သော ထေရဝါဒလည်း ဟူသတည်း"ထိုတွင် တဦးက သုတ္တဖြင့်ပြ၍ ဆိုသည် တဦးက သုတ္တာနုလောမဖြင့် ပြ၍ ဆိုသည်ဖြစ်မူ သုတ္တဖြင့်ပြသူစကားတည်စေ သုတ္တာနုလောမဖြင့် ပြသူစကား ပလပ်စေ ကောက်သင့်သည် တဦးက သုတ္တာနုလောမဖြင့် ပြဆိုသည် တဦးက အတ္တနောမတိဖြင့် ပြ၍ ဆိုသည်ဖြစ်မူ သုတ္တာနုလောမဖြင့် ပြသူစကား တည်စေ အတ္တနောမတိဖြင့် ပြသူစကား ပလပ်စေကောက်သင့်သည် တဦးကအတ္တနောမတိဖြင့်ပြဆိုသည် တဦးကတောရမ်း ပယ်ဘွဲ့ ထင်းခွဲ ပေါက်ဆိန်ပေါက် ဆိုသည်ဖြစ်မူ အတ္တနော မတိဖြင့် ပြသူစကားတည်စေ တောရမ်းပယ်ဘွဲ့စကား ပလပ်စေ ကောက်သင့်သည်။

တနည်းကား– ဂရုက အာပတ်ကို အနဝသေသအားဖြင့်လဟုက အာပတ်ကို သာဝသေသအားဖြင့် ပညတ်တော်မူသောကြောင့် ပါရာဇိကအာပတ်သည်ဂရုက အာပတ်ဖြစ်၍ သုတ္တာနုလောမဖြင့် ပြခွင့်မရှိပြီ သုတ္တဖြင့်ပင် ပြီးကောင်းရကား သုတ္တဖြင့်ပြလျက် ဆိုသည်အတိုင်း တည်စေကောက်သင့်သည် သုတ္တာနုလောမဖြင့်ပြ၍ ဆိုနိုင်မည် စွမ်းရည်သတ္တိမှာ ဝိနည်းငါးကျမ်း ဆောင် ဥာဏ်ခေါင်သောသူ၏ အရာသာဖြစ်သည် သူတို့ကဲ့သို့သော အရာမဟုတ်ဟု ငါတို့ ဆင်တဲဆရာတော်ဘုရား မိန့်တော်မူသည် မင်္ဂလာဘုံကျော် ဆရာတော် ဘုရားထံ ငါတို့ရဟန်းပျိုလက်ထက် ပါရာဇိကဏ် အဋ္ဌကထာကို သင်သည်ကာလ သာရတ္ထဒီပနီဋီကာ ဝဇိရဗုဒ္ဓိဋီကာ ဝိမတိဝိနောဒနီဋီကာ သုံးဦးတို့ဝါဒကွဲ သာရတ္ထဒီပနီဋီကာ၌ ပြအပ်သော ထေရဝါဒကွဲ ထိုအကွဲ၌ ရှေးဆရာကျော်တို့ အယူများကို ခြားနားသိသာအောင်ပြ၍ မိန့်တော်မူသည်တွင် မည်သည့်နည်းကို အမြဲအစွဲ မှတ်ရပါမည်လျှောက်လျှင် ကျွန်ုပ်တို့ သည့်လောက် ကျမ်းတတ်ရည်ထင်ကြသလော မိန့်တော်မူဘူးသည် ဤသို့သော အကွဲအပြားများကို ပြသနိုင်သူကိုပင် ယခုအခါ ကျမ်းတတ်ပုဂ္ဂိုလ်ဟု ခေါ်ကြရချေသည် ဝါဒကွဲကိုကား မည်သို့ဟု မဆုံးဖြတ်နိုင်ချေဟု မိန့်တော်မူသည် သည်များကို ထောက်၍ သာသနာတော်မှာ အမှုအခင်း ထွက်

သည်ကာလ ဝိနည်းမပါ လူတတ်လူလိမ္မာပြု၍ တောရမ်းပယ်ဘွဲ့ တောရမ်းခေါ်းမ ခုတ် အရှုး နောက်ချေးကောက်, အောင်ကျော်ဝက်ရိုက်, ပေကျွဘမ်း, ဖြန်း၍ သာ စီရင်ကြသည်ကား မသင့်ဟုသိလေ။ ရှေးဆရာကျော်တို့သည် ဆိုခဲ့သည့် အတိုင်း လူတတ်ရည်မပြဘဲ ငါတို့ပြခြင်းသည် ဆိုအပ်ခဲ့ပြီးသော လပနဝတ္ထု သို့ချည်း သက်လေသည်ဟု သိလေ အထက်ဆရာမြတ်တို့သည် လပနဝတ္ထုဖြစ်အံ့ သည်ကို အလွန်းစိုးတော်မူသည်။

## အရုံ-အတင်ဂိုဏ်း

၁၁၄၂-ခုနှစ် အရုံအတင် ဆိုကြသည်ကာလ လက်ျာကမင်္ဂလာရွှေဘုံကျောင်း တော်နေ တိလောကဂရု ဆရာတော်ဘုရားကြီးနှင့် တကျိပ်ငါး တင်သင့်ယူ ဆရာ တော်တို့တဘက် လက်ဝဲက မင်းအိုဆရာတော် မန်လည်ဆရာတော် မင်းရွာဆရာ တော် ဆံတားဆရာတော် ဘုရားကြီးတို့နှင့် တကျိပ်ငါး ရုံသင့်ယူ ဆရာတော်တို့ ကတဘက် မန်အောင်ရတနာ သုဓမ္မာသဘင်တွင် ဝိနည်းမိုရ်ကြသော် အတင် ဘက်က ဆရာတော်တို့က သာမဏေကို ကပတ်သိမ်း ကပတ်ကွင်းစွပ်စေ၍ လက် လိပ်ဆင်စွယ်တင် ဝတ်စေ၍ ရွာသို့ဝင်စေ ပညတ်သောအရာသည် ဝိနည်းငါးကျမ်း မှာမပါ ရဟန်းပဋ္ဌင်းကိုသာပါသည် သာမဏေသည် ရဟန်းတို့၏ အမူအရာ ကြိယာအထူးကို ယူသည်ကိုပင် ထေယျ သံဝါသကဟု ဝိနည်းလာတိုင်း ရဟန်းမှ အမူအရာကွဲအောင် သာမဏေကို တင်စေသင့်သည် သာမဏေကို ရွာဝင်တင် သင့်သည်ဟု ဝိနည်းတိုက်ရိုက် မပါသော်လည်း ရဟန်းမှကွဲသင့်သည်နှင့် လျော် သောကြောင့်အပ်၏ဟု သုတ္တာနုလောမနှင့် ချ၍ဆိုသည်။

အရုံဘက် ဆရာတော်တို့က သေခိယသိက္ခာပုဒ်သည် ရဟန်းသာမဏေ နှစ်ဦး တို့ ကျင့်အပ်သော သိက္ခာပုဒ်ဖြစ်ကြောင်းကို ပရိဝါပါဠိတွင်ပါသည် သုပ္ပဋိစ္ဆန္န သိက္ခာပုဒ်သည် သေခိယသိက္ခာပုဒ်ဖြစ်သည် ထိုသိက္ခာပုဒ်၏ ပဒဘာဇနီ၌လည်း ကပတ်သိမ်း ကပတ်ကွင်းစွပ်၍ လက်လိပ်ဆင်စွယ်တင် ဝတ်သည်ကို သုပ္ပဋိစ္ဆန္နဟု လာသည်ဖြစ်၍ ရုံစေသင့်သည် သာမဏေ ရဟန်းကဲ့သို့ရုံလျှင် ထေယျသံဝါသဖြစ် သည်မရုံစေလင့်ဟု ပညတ်သော အရာ ဝိနည်းငါးကျမ်းမှာ မည်သည်တွင်မျှမရှိ သာမဏေဖြစ်လျက် ပဋ္ဌင်းဟု မှတ်စိမ့်သောငှါ ပဋ္ဌင်းအမူအရာကို ယူသော်သာဖြစ်

သင့်၏ သာမဏေသည် သာမဏေဟု ဝန်ခံလျက် ဝတ်ရုံသည်ကို ထိုအဝတ်အရုံ သည်လည်း ပဥ္စင်းသာမဏေ နှစ်ဦးတို့နှင့်ဆိုင်သည်ကို အဘယ်ပညာရှိ ထေနက ဆိုမည်နည်း သေခ်ိယသိက္ခာပုဒ်သည် သိတင်းသုံးဘော် ငါးယောက်တို့နှင့် ဆက် ဆံသည်ဟု ပညတ်အပ်သော ပရိဝါပါဠိသည် သာမဏေတို့အား ပဥ္စင်းကဲ့သို့ ရှာဝင် ရုံစေဟူသော နေယျတ္ထပညတ်မဟုတ်လောဟု သုတ္တနှင့်ချ၍ဆိုသည်တွင် သုတ္တာ နုလောမထက် သုတ္တရင့်သောကြောင့် သုတ္တဖြင့်ဆိုသည့်ဆရာတော်တို့ကို မင်းကေ ရာဇ် ခွင့်ပေးသည် သုတ္တာနုလောမသည် ဘုရားရှင်ကိုယ်တော်တိုင် ပညတ်အပ် သော မဟာပဒေသ သိက္ခာပုဒ်ဖြစ်လေသော်လည်း ကျမ်းတတ်ပုဂ္ဂိုလ်တို့ဆ၍ ယူအပ်သောအရာဖြစ်၍ သုတ္တအောက်ညံ့လေသည်။

ထိုအခါ အရုံဆရာတော်တို့ဘက်က ဆိုမည်ဟု ကာလမြင့်စွာ ဝိနည်းပါဠိ အဋ္ဌကထာဋီကာကို နှုတ်တက်စေလျက်နေသူများ၍ ကောက်ကာငင်ကာ ပုဒ်ပါဠိ ပါဠိ ထုတ်ဆိုနိုင်သူများသည် အတင်ဆရာတော်တို့ဘက်က မိကျောင်းရေပေါ် ဘီလူးရင်ဆိုင်ဖြစ်၍ ထုတ်နိုင်သူနည်းသည် ထုတ်သော်လည်း ရရ မိမိ မရှိချေ။ မင်းကေရာဇ်လည်း တရားတော်သိမ်မွေ့လှသည် ဆိုင်းလင့်၍ဆိုစေ ပိဋကတ် ကျမ်းဂန်ကို ရပ်နားကြည့်စေဦး လောကသရဘူဒါယကာ လက်ထက်လည်း အရုံရှုံးဘူးသည် ရတနာသိခ်နန်းတည်မြို့တည် ဘိုးတော်မင်းတရားကြီးလက်ထက် လည်း အရုံရှုံးဘူးသည် စာတမ်းရှိသည် ထိုစာတမ်းအရလည်း တင်သင့် ရုံသင့် သည်ကို ဝိနည်းပါဠိအဋ္ဌကထာဆို ချက်ချက်ချာချာ မပါဖြစ်သည် ရွှေလက်ထက် တော်တွင် ချက်ချက်ချာချာ ဝိနည်းပါဠိအဋ္ဌကထာ ရှိရာဖြစ်စေရမည် ဋီကာ ဂဏ္ဌိပုဒ် ဆရာစဉ်စကား ရှိရာများနှင့် မတင်မဆိုစေနှင့် ဝိနည်းပါဠိ အဋ္ဌကထာ နှင့်သာ ပြတင်ဆိုစေ အမိန့်တော်ပြန်သည် အရုံဘက် ဆရာတော်တို့တွင်လည်း ကုးတို့ဆိပ်ဆရာတော်, မင်းရွာဆရာတော်ဘုရား နှစ်ပါးတို့သည် သူတပါးတို့၏ အဟိတာအနုတ္တ ဖြစ်အံ့သည်ကို စိုးတော်မူတတ်သော ပညာဝန္တ သီလဝန္တ ပုဂ္ဂိုလ် မြတ်တို့ဖြစ်၍ အထောက်အလဲ အထွက်အဆိုမရှိ တုဏှိဘောသာဖြစ်၍ ထောက် လဲစိမ့်သောငှါ အမိန့်တော်ပြန်ရသည်။

အတင်ဘက်ဆရာတော်အချို့လည်း အဆိုသုဘာသိတမရှိ၍ ရှိစိမ့်သောငှါ ငါတို့ရဟန်းဖြစ်သည် ရာဇဝတ်မရှိဟုမှတ်တော်မူသလော သုဘာသိတထောက်လဲ

ထွက်ဆိုစေ အမိန့်တော်ပြန်ရသည်။ ကူးတို့ဆိပ်ဆရာတော်သည် သင်ရိုးကျမ်းကိုအကုန် နှစ်ခေါက်ပြန်၍ သင်ဘူးသည်ဟု မဲဇီးဆရာတော်မိန့်ဘူးသည် မုန့်တောဆရာတော်, ကူးတို့ဆရာတော်, ပန်းဘဲတန်းဆရာတော်, သည်သုံးပါးလည်း သင်ရိုးကျမ်းခက်စုကို အကုန် နှစ်ခေါက်ပြန်၍ သင်ဘူးသည်ဟု ဆင်တဲဆရာတော်ဘုရားမိန့်ဘူးသည် မင်းအိုဆရာတော်, ကူးတို့ဆိပ်ဆရာတော်, မင်းရွာဆရာတော်, စေင်ရိုင်းဆရာတော် သည်ဆရာတော် လေးပါးသည် ကျော်အောင်စံထား ဆရာတော်တပည့်ချည်းဖြစ်သည်။

အတင်အရှုံဆိုဆဲတွင် အတင်ဘက်မှ တိလောကဂရု ဆရာတော်ဘုရားကြီးကို အရှုံဘက် ဗားကရာဆရာတော်, ကူးတို့ဆရာတော်တို့က အန္တိမဝတ္ထုရောက် အဆိုရှိသည်ပုဂ္ဂိုလ်နှင့် သာသနာတော်မှုမှာ ဘက်ပြိုင်ခွင့်မရှိပါ စာသွင်းသည်ကို မင်းကျောင်း ဆိုဆဲစကားကို ရပ်စေဦး ဆရာတော်ဘုရားကြီးမှာ ပြောစုရှိသည် စကားများကို ဆိုစေဦး အမိန့်တော်ပြန်သည်တွင် ဆရာတော်ဘုရားကြီးက ငါဝင်္ဂတရားမကင်း၍ ရဟန်းငါးဝါရက သာမဏေယ်နှင့်မည်သို့ဟု သူတပါးအဆိုကို ခံရသည်တွင် သဃ်ာမျက်မှောက် ကြက်သွန်ခင်း ဆရာတော်ဘုရားကြီး စောကြော၍ မဟုတ်မမှန်ဟု ဆုံးဖြတ်၍ ပြတ်စဲငြိမ်းလေပြီးသောအမှုဖြစ်သည် ယခု နှစ်, လ, ရှည်ကြာမှ သူငယ်များ စကားဖြစ်အောင်လှုပ်ရှားရာ ရေမြေရှင်က ဆိုစေဦးဟူသည်မှာ ကြက်သွန်ခင်းဆရာတော် ဆုံးဖြတ်ချက်ကိုဖျက်၍ သူငယ်များအစစ်ကို ငါမခံလိုပြီ ငါ့ကိုရေမြေရှင် ပတ္တမြားအစစ်ဟု ဖြစ်သောနှလုံးရှိ၍ ကိုးကွယ်တော်မူသည်ကို သူငယ်များစကားကြောင့် ညှန်နှစ်အထင်တော်ရောက်ရသည် ကျောင်းတော်မှာမနေပြီဟု ကိုယ်တော်ဇာတိ ထန်းတပင်သို့ ပြန်ကြွတော်မူလေသည် တင်သင့်ရှုံသင့် စကားပြတ်စဲအောင် မပြောဆိုရ ဤဆရာတော်ဘုရားကြီးသည် ညဝါသင်ရိုးကို ကညစ်ကိုင်၍ အကုန်နှုတ်က ထုတ်သဖြင့် ရေးသောဟူ၏။

အတင်ဘက် ဝက်လက်ဆရာတော်သည် နောင်တော်စစ်ကိုင်းဘုရား ဆရာတော်လည်းဖြစ်သည်ကျမ်းဂန်လည်း ခေါင်အားလှသည် လောကဓမ္မလည်း ပွန်းတီးလှသည် ထိုဆရာတော်ကို စိတ်တော်နှလုံး ခက်ထန်သည်ဟု အဆိုမှာမသွင်း အတင်ဘက် အတုလဆရာတော်ကိုလည်း ဘိုးတော်ဘုရားလက်ထက် သာသနာ

ပိုင်ဖြစ်ဘူးသည်ဟု အဆိုမှာမသွင်းရ သည်ပုဂ္ဂိုလ်သုံးဦး မပါ၍ အရုံနိုင်ရလေသည်ဟု စကားဖြစ်ကြသည် တိလောကဂရု ဆရာတော်ပါလျှင် မနိုင်ရှိမည်စိုး၍ ထိုဆရာတော်ကို အလျင်လှည်းသည်ဟုလည်း စကားဖြစ်သည်များကို ငါတို့ ကျေးဇူးရှင် ဓမ္မပါလမိန့်ဘူးသည်။ အတင်ဆရာတော်များ တကာဝန်ရှင်တော်မင်းကြီးတို့က ကိုယ်တော်အရှင်များကို ကျမ်းတတ်ပုဂ္ဂိုလ်ဟု တကာတော်တို့ အထူးသဖြင့်ချီးမြှင့် ကိုးကွယ်ပါသည် သည်သက်န်းရုံ ဆရာတော်များနှင့် တိုက်ဆိုင်ဆိုမှ ကျမ်းမတတ်သည်ကို သိရသည်ဟု အတင်ဆရာတော်တို့ မျက်မှောက် လျှောက်ဆိုသည်ကို မဟုတ်ဘဲနှင့် အဟုတ်ပြုလုပ်ဆိုသည်ကို မနိုင်ချိမ့်လောဟု တောင်ဘီလူး ရှင်ပညာ အတင်ဆရာဆိုကြောင်းကို ငါတို့ဆရာ ဆင်တဲဆရာတော် မိန့်ဘူးသည်။

မန်လည်ဆရာတော် ဘုရားကြီးရှေ့ အရုံဘက်က ဗားကရာဆရာတော်ကို ဆိုစေ၍ အတင်ဘက်က ကူးတို့ဆရာတော်ကို ဆိုစေ၍ သုဓမ္မာသို့မဝင်မီ စကားဆစ်ဖု ကျင်းပစေသော် အရုံဘက်ကနိုင်သည် တဖန် အရုံဘက်က ကူးတို့ဆရာတော်ကိုဆိုစေ အတင်ဘက်က ဗားကရာဆရာတော်ကိုဆိုစေ၍ ကျင်းပစေသော် အတင်ဘက်ကနိုင်သည် ဟူ၍လည်း နေရင်းရှင်ဝိမလာစာရ ပြောဘူးသည်။ နောက်ကို ဗားကရာဆရာတော် ကူးတို့ဆရာတော်တို့သည် လူဝတ်နှင့် အသက်သို့တိုင်ရလေသည် သည်များကိုထောက်၍ သူ့အမှု ပြီးပြီးသည်များကို စကားဖြစ်အောင် မလှန်ရာ ဉက္ကောဋ္ဌေယျ-သိက္ခာပုဒ်ကို ရိုသေကြပါ အတင်ဘက်ဆရာတော်တို့အယူမှာ သာမဏေပြုစ ပဥ္စင်းပြုစ ကာလက တဘက်လက်ကတော့ဖြင့် ခွင့်ပြုတော်မူရင်းဖြစ်သည် ယင်းနောက် ဆဗ္ဗဂ္ဂီပဥ္စင်းတို့ သင်္ကန်းကိုများလျှားချ၍ ရှာဝင်သည်တွင် ကပတ်သိမ်း ကပတ်ကွင်းစွပ်၍ လက်လိပ်ဆင်စွယ်တင် ရုံ၍ ဝင်စေ ပညတ်တော်မူရပြန်သည် ထိုပညတ်သည် ပဥ္စင်းကိုပညတ်သော ပညတ်ဖြစ်၍ ပဥ္စင်းသာ ထိုအရုံကိုရုံသင့်သည် သာမဏေတို့မှာ မူလပညတ်နောက်ဘောက်ပြန်သည် မရှိဖြစ်၍ မူလပညတ်မှအသီး သာမဏေကို ရှာဝင်ရုံ၍ဝင်စေ ဘုရားပညတ်တိုက်ရိုက် ဝိနည်းငါးကျမ်းမှာ မည်သည်တွင်မှ မပါသည်ကို အပါပြု၍ သာမဏေကို ရှာဝင်ရုံစေ မပညတ်သင့် ဘုရားရှင်လည်း ငါပညတ်တိုင်းသာ တည်စေ အသစ်မပညတ်ရာ အာဏာတော်နှင့်ဖြစ်၍ သာမဏေကို မူလပညတ်

အတိုင်းသာ ရွာကိုဝင်စေသင့်သည် သာမဏေတို့အား ရှေးဦးလက်မှန် ပညတ် တိုင်းသော တဘက်လက်ကတော့ဟူသော မူလပညတ် အမူအရာကိုသာ မယူမူ၍ ပဉ္စင်းတို့အား ပညတ်အပ်သော လက်လိပ်ဆင်စွယ်တင်ဟူသော နောက်ပညတ် အမူအရာကို ယူချေသော် သာမဏေသည် သာမဏေဖြစ်လျက် ပဉ္စင်းဟူသော ပဋိညာဉ်ကို ပြုရာရောက်ရကား မသင့်ဟုယူသည်။

အရုံဘက် ဆရာတော်တို့ အယူမှာ သာမဏေကို ရွာဝင်ရုံစေဟု နိတတ္ထပညတ် မရှိသော်လည်း သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်သည် ပဉ္စင်းသာမဏေ နှစ်ဦးတို့နှင့် ဆက်ဆံ ကြောင်းကို ပြသော ပရိဝါပါဠိ တိုက်ရိုက်ရှိသောကြောင့် သုပ္ပဋိစ္ဆန္န၏ အရကို လည်း ကပတ်သိမ်းကပတ်ကွင်းတပ်၍ လက်လိပ်ဆင်စွယ်တင် ရုံသည်ကိုပင် ပါဠိ လာသောကြောင့် သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်၏ ပဉ္စင်းသာမဏေတို့နှင့် ဆက်ဆံသည်၏ အဖြစ်ကိုပြသော ပရိဝါပါဠိသည် သာမဏေတို့အား ရွာဝင်ရုံစေ ဟူသော နေယျတ္ထပညတ် ဖြစ်သောကြောင့် ရုံ၍ဝင်သင့်သည် ဤပရိဝါပါဠိသည် ဘုရား ပညတ်စင်စစ်ဖြစ်၏ နောက်ပညတ်မဟုတ် ဘုရားပညတ်စင်စစ်ရှိလျက် ထိုရှိသော ပညတ်ကို မဖျက်သင့် ဖျက်လျှင် အသစ်ပညတ်ဖြစ်၏ ပဉ္စင်း သာမဏေနှစ်ဦးတို့ ဝတ်ရုံခြင်းငှါထိုက်သော လက်လိပ်ဆင်စွယ်တင် အရုံကို သာမဏေ ရုံသည်ကို အဘယ်မူ၍ ငါပဉ္စင်းဟူသော ပဋိညာဉ်ကို သာမဏေပြုရာ ရောက်အံ့နည်း နှစ်ဦး ဆိုင်သော အဝတ်အရုံဖြစ်သည် နှစ်ဦးဆိုင်ကို တဦးဆိုင် အသစ်မပညတ်သင့် အကယ်၍ အတင်ဆရာတော်တို့ ယူသည့်အတိုင်း ရွာဝင်ရုံစေဟူသော ပညတ် သည် ပဉ္စင်းကိုပညတ်သော သိက္ခာပုဒ်ဖြစ်၍ သာမဏေ မရုံသင့်ဟူငြားအံ့ သုက္က ဝိဿဋ္ဌိ သိက္ခာပုဒ် ကာယသံသဂ္ဂသိက္ခာပုဒ် ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် အတ္တကာမ ပါရိစရိယ သိက္ခာပုဒ်များလည်း ပဉ္စင်းကိုသာပညတ်သော သိက္ခာပုဒ်ချည်းဖြစ်၍ သာမဏေသုက်လွှတ်သော် သာမဏေ လူမိန်းမကို သုံးသပ်သော် သာမဏေ လူ မိန်းမအား မေထုန်ဖြင့် ကျီစယ်ပရယ်သော် သာမဏေ လူမိန်းမအား မေထုန် ပေးစိမ့်သောငှါ အကျိုးကိုပြသော် အပြစ်မရှိယူရပြန်တော့မည် စင်စစ်ကား ထိုအမှုများသည် ပဉ္စင်းသာမအပ်သည်မဟုတ် သာမဏေလည်း မအပ်သကဲ့သို့ ထိုအတူ ဤသုပ္ပဋိစ္ဆန္နသိက္ခာပုဒ်သည် ပဉ္စင်းကိုပညတ်သော်လည်း ပဉ္စင်းသာ ရွာဝင်ရုံသင့်သည်မဟုတ် သာမဏေလည်း ရွာဝင်ရုံသင့်သည် အယူရှိသည်။

(၈) ၂၀၅-၁၄

အမရပုရ ရွှေမြို့တော်သို့ရောက်မှ အတုလ ဆရာတော်ဘုရားကြီးက စဥ့်ကူး မင်းလက်ထက် အတင်အရုံ ဆိုကြသည်စကားသည် ပုဆိန်တုံး၍ ကျွန်းတုံးမပြတ် သကဲ့သို့ အတင်ဆရာတို့ညံ့၍ အရုံနိုင်လေသည် ဟုပြန်သောကြောင့် မင်းတရား ကြီးက တရားတော်သိမ်မွေ့သည် ဆိုစေဦး အမိန့်တော်ရှိ၍ အတုလဆရာတော် နှင့် သုခမ္မာသဘင်မှာ ဆိုကြရပြန်သည် ထိုအခါ မောင်းထောင်ဆရာတော်က အတုလဆရာတော်ကို ခင်ကြီး ခင်ကြီးသည် ရတနာသိခ် ခမည်းတော်မင်းတရား ကြီးလက်ထက် သာမဏေတို့ကို ရှာဝင်တင်စေသည် အဘယ်တရားရှိ၍ တင်စေ သည်ဟူလျှင် ဝိနည်းတရားရှိ၍ တင်ဇေသည် မိန့်တော်မူသည် အဘယ်ဝိနည်းရှိ သည် ဟုပြန်လျှင် ဝိနည်းမဟာဝါမှာ ရှိသည်မိန့်တော်မူသည် အဘယ်သို့ ရှိသည် ဟုပြန်လျှင် ဥတ္တရာသင်္ဂ ကရိတ္ဗာ-ဟု ရှိသည် မိန့်တော်မူသည်တွင် စကား မရောက် တရားမရောက်ရှိ၍ ပြီးခဲ့ချိမ့်မည်ဟု မန်လည်ဆရာတော် ဘုရားကြီးက ဗားကရာဆရာတော်ကို ကိုနန္ဒထွက်၍ဆို အထက်စဥ့်ကူးမင်းလက်ထက် ဆိုဘူး သူဖြစ်သည် မိန့်တော်မူလျှင် ဆရာတော်ကလေးနှင့်ပင် တော်ပါသည် နှစ်ကြိမ် သုံးကြိမ်လျှောက်၍ဆို ဆိုလျှင်ဆိုလော့ ဒုဗ္ဗစပုဂ္ဂိုလ် ထင်ပါတကားဟု မင်းအို ဆရာတော် ဘုရားကြီး ပြင်းစွာငေါက်၍ မေးတော်မူသည်တွင်—

ဗားကရာ ဆရာတော်က အတုလဆရာတော်ဘုရားကြီးကို ငါ့ရှင် ငါ့ရှင်သည် ရတနာသိခ် ခမည်းတော်မင်းတရားကြီးလက်ထက် သာမဏေတို့ကို ဒုကုဋ်တင် ရင်စည်း၍ ရှာဝင်စေ ပညတ်သည်မှာ ဝိနည်းပါဠိမှာရှိ၍တည်း ပညတ်သလော ဝိနည်းအဌကထာမှာ ရှိ၍တည်း ပညတ်သလော ဝိနည်းဋီကာမှာ ရှိ၍တည်း ပညတ်သလော ဝိနည်းပါဠိ အဌကထာ ဋီကာမရှိသော်လည်း အတ္တနောမတိ ကိုယ်အယူဖြင့် ပညတ်သလော ဟုလျှင် ယခုမေးသည်မှာ ဝိနည်းပါဠိ၏ အနက် အဓိပ္ပါယ်အရ အကျကိုသိ၍တည်း မေးသလော ဝိနည်းအဌကထာ၏ အနက် အဓိပ္ပါယ်အရ အကျကို သိ၍တည်း မေးသလော ဝိနည်းဋီကာ၏ အနက်အဓိပ္ပါယ် အရ အကျကို သိ၍တည်း မေးသလော မသိသော်လည်း အတ္တနောမတိ ကိုယ် အယူဖြင့် ဆိုရောင်ဆိုရမ်း ကစမ်းကဝါး မေးသလော မိန့်တော် မူသည်တွင် ဗားကရာ ဆရာတော် ယိုးတီးယိုးတား ရှိချေသည် နောက်အတန်ငယ်ကြာမှ ငါ့ရှင် ငါ့ရှင်အမေးကို ငါတို့ဖြေစေ မင်းကေရာဇ် အမိန့်တော်မပါ ဗားကရာ

ဆရာတော် ဆိုသည်တွင် အမိန့်တော်ပါပါ မပါပါ ဝိနည်းစကား တရားရောက်ရာ ဆိုရ ဖြေရချိမ့်မည် ဖြေပေ ဝန်ရှင်တော်မင်းကြီးတို့ ထွက်ဆိုရမည်ကို မထွက်ဆို ရုံသင့် တင်သင့်နှစ်ရပ်အရ ဝိနည်းကိုသာ ထုတ်တော်မူကြပါ ထွက်ဆို၍ထောက်လဲ ပြောဆိုကြသော် အထက် စဉ့်ကူးမင်းလက်ထက် မာရ်အောင်ရတနာ သုဓမ္မာ သဘင်မှာ ပြောဆိုသည့် အတိုင်းပင်ဖြစ်၍ အထူးမရှိကြောင်းနှင့် စာသွင်းလျှင် အတုလဆရာတော် ဘုရားကြီးကို ပြီးပြီးသည်အမှု၌ မငြိမ်ရှိအောင် လှုပ်ရှားရာ သလောဟု အဖြူလူဝတ်လဲ၍ နှောင်မဝံ့အောင် မင်းတရားကြီး မောင်းကျော် သောဟု ငါတို့ဆင်တဲဆရာတော် ကျေးဇူးရှင်ဘုရားပြောဘူးသည်။

အတုလဆရာတော် ဘုရားကြီး စကားထွက် ကောင်းလှသည် တရားမှာ မမိလွန်း မောင်းထောင်ဆရာတော်ဆို ခင်ကြီးဟူသော စကားသည် မိမိထက် သိက္ခာသုံးဆယ်ကိုးကျော် ကြီးသူကိုပင် ယင်းသို့ဆိုဘိသည် ဗားကရာဆရာတော် ဆို ငါ့ရှင်ဟူသော စကားသည် မိမိထက် သိက္ခာနှစ်ဆယ်လေးကျော် ကြီးသူကို ပင် ယင်းသို့ဆိုဘိသည် ပုဂ္ဂလအနာဒရပါစိတ် ပုဂ္ဂလအနာဒရဒုက္ကဋ် မလွတ်ချေ။ ဗားကရာ ဆရာတော် ကူးတို့ဆရာတော်တို့ တိလောကဂရု ဆရာတော်ထံ ညဝါ ဆည်းကပ်ဘူးသည် မင်္ဂလာ ရွှေဘုံကျောင်းတော် သာခုခေါ် တွင် ကူးတို့ဆရာ တော် သာမဏေတို့ကိုဒုကုဋ်တင်စေ ရင်စည်းစေ၍ ကတော့တက်သည်ကို ကူးတို့ အဘယ်ကြောင့် ဒုကုဋ်တင် ရင်စည်းသည် ဝိနည်းနှင့်မလျော် ဟူပြီးလျက် ယခု ပြုဘိသနည်း မိန့်တော်မူသည်ကို ကျေးဇူးရှင်ဘုရားအား ရိုသေသဖြင့် ပြုပါ သည်ဟု လျှောက်ကြောင်း ဗားကရာ ဆရာတော် သာမဏေတို့ကို လက်လိပ် ဆင်စွယ် တဘက် စပယ်တင်ဝတ်စေ၍ ကတော့တက်သည်ကို မင်းငါ့တပည့် ဖြစ်လျက် အဘယ်ကြောင့် သာမဏေတို့ကို ဒုကုဋ်တင် ရင်မစည်းစေသနည်း မိန့်တော်မူသည်ကို ဝိနည်းမရှိ၍ မတင်မစည်းစေပါဟု လျှောက်ကြောင်းကို ချောင်းကောက် ရှင်ဂုဏာဘာသ ပြောဘူးသည် ထိုဆရာတော် နှစ်ပါးသည် မင်းအိုဆရာတော် တပည့်ချည်း။

အတင်ဆရာတော်တို့သည် တဘက် လက်ကတော့ဖြင့်သာ တင်စေသည် မဟုတ် ဝိနည်းပါဠိ အဋ္ဌကထာ ဋီကာ အစောင်စောင် မည်သည်တွင်မှ မလာ မရှိသော အနံသုံးမိုက်ခန့် အလျား လေးတောင်ခန့်ရှိသော သင်္ကန်းငယ်ကို

အတွန့်တွန့်ချိုးလိပ်၍ ပျဉ်မှာ ကြပ်တည်းစွာ ဖိ၍ထားပြီးမှ ဒုကုဋ်တင်သည် တို့ကို မြဲမြံစိမ့်သောငှါ အနံတထွာ တမိုက်ခန့် အလျားလေးတောင်ခန့်ရှိ သက်နိုး ငယ်ကို အမြိတ် နှစ်ဘက်ထွက်စေ၍ စစ်ထွက်ယောကျ်ားတို့ကဲ့သို့ ရင်ကိုစည်း စေသည် ရှမ်းရှိပေါက်ကျပ်ကဲ့သို့ အထက်ကားဘာသည့် မိုးကြိုးသွား ဦးထုပ်ကိုလည်း ပဥ္စင်းသာမဏေနှစ်ဦးကိုပင် ဆောင်းစေသည် စက်ဝိုင်းသဏ္ဍာန် ပြုအပ်သော အရိုးမတ်စောက်တပ်သော ဆင်စွယ် သရပတ် ပေရွက်သရပတ်ကိုလည်း ကိုင်စေ သည် သည်အလေ့ အကျက်များသည်သက္ကရာဇ် ၆၇၄-မင်းဖြစ် ပင်းယတစီးရှင် သား မင်းကြီးဥဇနာလက်ထက်လှူ ပင်းယစကားကျောင်းက ထွက်၍ တောင် ဘီလူးအရပ်တွင်နေသည့် ရှင်ပရက္ကမတို့လက်ထက်ကပင် ဖြစ်ကြောင်းကို ပြောစဉ် ရှိသည် သက္ကရာဇ် ၆၇၅-တွင် ပြည်မြို့ကိုစားသည် သင်တဲ့စောရန်နောင်သည် ထိုအနွယ်မှ ရှင်သာရဒဿီဆိုသည် ဘုန်းကြီးကိုပြည်သို့ပင့်ခဲ့၍ ကိုးကွယ်သည်တွင် ထိုဘုန်းကြီး၏တပည့် ရှင်သဒ္ဓမ္မဋ္ဌိတိတို့သက္ကရာဇ် ၇၉၁-တွင် မိုးညှင်းမင်းတရား သားတော်အလတ် သီဟသူကို ပြည်မြို့သို့ ပေး၍ မင်းပြုရသည်ကာလ ကိုးကွယ် တော်မူသည် သက္ကရာဇ် ၈၀၁-တွင်လည်း နောင်တော်မင်းရဲကျော်စွာ ပေး၍ မင်းပြုရသည်ကာလလည်း ကိုးကွယ်တော်မူသည်။

နောင်တော်လွန်လျှင် ကိုယ်တော်သက္ကရာဇ် ၈၀၄-တွင် အဝမှာ နောင်တော် ရိုက်ရာတော်ဖြစ်သော ရွှေထီးရွှေနန်းကို သိမ်းမြန်းစံပယ်တော်မူသည် ထိုကာလ ပြည်မြို့နယ်အတွင်း ရှင်ချင်းချင်းကို ငါ့ဆရာတော်စီရင်ဟု သာသနာပိုင်ထည့် တော်မူသည် သားတော်အလတ် မင်းကြီးစွာကို ပြည်မြို့ကိုပေး၍ မင်းပြုရသည် ထိုမင်းသည် မစက်မရက် ကိုးကွယ်တော်မူသည် ပိဋကသုံးပုံဆောင် ပညဝန္တ သီလ ဝန္တပုဂ္ဂိုလ်ဟု ဂရုဝင် စာတမ်းမှာဆိုသည် ထိုအရှင်ကိုလည်း ဦးထုပ်ဆောင်းဟူ ကြသည် ဦးထုပ်၏ ရဟန်းသာမဏေတို့အား မအပ်သည်၏ အဖြစ်ကိုလည်း နဘိက္ခဝေ ဝေဌနံ ဓာရေတဗ္ဗံ ယောဓာရေယျ အာပတ္တိဒုက္ကဋဿ-ဖြင့်သိရသည် ဝေဌနသဒ္ဒါဖြင့် ဦးရစ်ကို ပယ်တော်မူသည်သာ ထိုဝေဌနသဒ္ဒါ၏ သာမတ္ထိယ ဖြင့် ဦးထုပ်ကိုပယ်တော်မူသည် နဘိက္ခဝေ တိရိဋကံ ဓာရေတဗ္ဗံ ယောဓာရေယျ အာပတ္တိဒုက္ကဋဿ-ဖြင့်လည်း သုတ်အဋ္ဌကထာအလို ဦးထုပ်မအပ်သည်၏ အဖြစ် သည် နီတတ္ထအားဖြင့်ပြီး၏ သုတ်အဋ္ဌကထာမှာ တိရိဋကကို ဦးထုပ်ဟု တိုက်ရိုက်

ဘွင့်သည် သုတ်အဋ္ဌကထာအလို တိရိစ္ဆကံ၊ဦးထုပ်ကို။နခေရေတဗ္ဗံ၊ မဆောင်အပ် ဟု ပေးစေလိုသည် ဝိနည်းအဋ္ဌကထာမှာ ဦးထုပ်ကို ဝေဌနသဒ္ဒါ၏ သာမတ္ထိယ ဖြင့် ယူပြီးဖြစ်၍ တိရိစ္ဆကကို လျှော်တေဟု ဘွင့်သည်။

ဒုကုဋ်တင်ရင်စည်းမှာ ဂိဟိပါရုပနဖြစ်၍ ထိုဂိဟိပါရုပနကိုလည်း သေခိယ သိက္ခာပုဒ်ပါရုပနအဘွင့်တွင်ပင် ပယ်ချက်ပါပြီးဖြစ်၍ စင်စစ်မအပ်သည်၏ အဖြစ် ကိုသိရ၏ သရုပတ်မှာ ယပ်နှင့်မကွဲမပြားကြ ဒန္တခစိတဗီဇနိ အဝင်ဖြစ်ကောင်း ၏ ၁၁၇၁-ခုနှစ် သီဟိုဠ်ဓမ္မခန္တတို့ အမရပုရနေပြည်တော်သို့အလာတွင် ပါခဲ့သည် ကတ္တီပါမွှမ်း သရုပတ်ကိုပြ၍ ကပ္ပိဝါဟု မဲဓီးဆရာတော်ဘုရားကို ရှင်ဓမ္မခန္တ လျှောက်သည်တွင် အပဋိရူပံဟု မဲဓီးဆရာတော်မိန့်သည်ကို ကြားလိုက်မြင်လိုက် ဘူးသည် အဓိပ္ပါယ်ကား-ကတ္တီပါမွှမ်းလည်းဖြစ်သည် ဆင်စွယ်ပွတ်ဖူးနှင့် လည်း ဖြစ်သည်ဖြစ်၍ ရဟန်းကောင်းတို့နှင့် မလျှောက်ပတ် သက်သက်ဖြစ်မူ မထောင်းတာ ဟူလိုဟန်ရှိသည် သီဟိုဠ်မှာ သာမဏေတို့ရွာဝင်ကို တဘက်လက် ကတော့ဖြင့်ပင် ဝင်ကြောင်းကိုလည်း ပြောသည် ဆစ်ဖုသော် အထက်သီဟိုဠ် ဆရာတို့လက်ထက် သာမဏေကို ရဟန်းကဲ့သို့ ရွာဝင်ရုံစေသည် ယခုအခါကား သီဟိုဠ်မှသာသနာအဆက်ပြတ်၍ အယုဇ္ဈပုရမြို့ ယိုးဒယားမှာ သာသနာတောင်း ၍ ရသည် ဆရာတို့လက်ထက်ကစ၍ ယခုတိုင် တဘက်လက်ကတော့ဖြင့် ဝင် ကြောင်းကိုပြောသည်။

## ဆရာတပည့် စဉ်ဆက်

သက္ကရာဇ် ၇၀၄-မင်းဖြစ် ထူပါရုံဒါယကာ သီဟသူသည် သာသနာပိုင် ပြည် နယ်မှာထည့်သည် ရှင်သဒ္ဓမ္မဋ္ဌိတိတွင် မဟာသာမိ ဟူ၍ရင်း အရိယပံသဟူ၍ရင်း တပည့်မြတ် နှစ်ဦးရှိသည်တွင် မဟာသာမိ ဆိုသည်တပည့်မြတ်သည် သီဟိုဠ် သဘောဖြင့်ကူး၍ ဗဟုဿုတ သိက္ခာကာမဖြစ်သော သီဟိုဠ်ရှင်သာရိပုတ္တရာထံ သိက္ခာသစ်ယူလို၍ပရိသုဒ္ဓါစာရ သီလဝန္တဖြစ်သောပဉ္စဝဂ်သင်္ဃာကိုတောင်းလျှင် ရှင်သဒ္ဓမ္မစာရီ အမှူးရှိသော မြတ်သော သီလကျေးဇူး ပညာကျေးဇူးနှင့် ပြည့်စုံ သော ပဉ္စဝဂ်သင်္ဃာကို ထည့်လိုက်၍ ဇမ္ဗူဒိပ်ကျွန်းသို့အပြန် တရုပ်မော်မှာ သိက္ခာထပ်သည် ထိုမဟာသာမိ၏ တပည့်ကား ပြည်မြို့ ရှင်အတုလဝံသ ၎င်းတပည့် ပြည်မြို့ ရှင်ရတနာရံသိ ၎င်းတပည့် ပြည်မြို့ သတိုးဓမ္မရာဇာဆရာ

တော် ရှင်အဘိသင်္ကေတသာရ ၎င်းတပည့် စလင်းမြို့သား တောင်ဘီလာကျော် ရှင်တိပိဋကာလင်္ကာရ ၎င်းတပည့် ဆားလင်း ရှင်မဟာတိဿ ၎င်းတပည့် မြို့ကြီး ရှင်စန္ဒပညာ ၎င်းတပည့် ရေမြိန်ရှင်ဂုဏသီရိ ဤရှစ်ဆက်သောဆရာမြတ်တို့သည် ဦးထုပ်မဆောင်း သင်္ကန်းရုံနွယ်ဟူကြသည်။ /

ငါတို့ဥပဇ္ဈာယ်ဆရာ ရေဦးရှင်အာသဘာလောက ၎င်းဆရာ မိဓိလာကျေး ကဖြူရှင်ပညာစက္က၎င်း ဆရာငမြာငယ်ရှင်ပညာသာရ ၎င်းဆရာစိမ့်ကျတောင်နေ ရှင်ဓမ္မနန္ဒီ ၎င်းဆရာယခင်ဆိုခဲ့သည့်ရေမြိန်ရှင်ဂုဏသီရိဟု မိမိမှဆရာစဉ်လေးဆက် မြောက်ဖြစ်ကြောင်းကို ၁၁၅၈-ခုနှစ်မင်းကွန်းစံနန်းတော်မှာ ငါတို့ဆရာနံမော်ရှင် ရှင် ဓမ္မပါလရွှေးဦး ရှင်အာသဘာလောက ဘုရားတို့ဆက်သွင်းရသည် စာတမ်းရှိ သည်။ငါတို့ဆရာမြတ်များကား ကဖြူရှင်ပညာစက္က ဘုရား၏ဥပဇ္ဈာယ်ကို ငမြာ ငယ်ရှင်ပညာသာရဟုသိလိုက်၏ အထက်ကိုမသိလိုက် ပုဂံကမ်းစွယ်ဆရာတော်ရှင် ဝိမလဗုဒ္ဓိထံ မေးလျှောက်၍သွင်းရသည်ဟု ငါတို့ဆရာမိန့်သည်။ တောင်ဘီလာ ကျော်၎င်းတပည့် အမြင့်ရှင်မဟာတိဿ ၎င်းတပည့်ရေမြိန်ရှင်စန္ဒပညာ ဤမဟာ ထေရ်ကား ယခင်မြို့ကြီး ရှင်စန္ဒပညာပင် တပည့် ရေမြိန်ရှင်ဂုဏသီရိ ၎င်းတပည့် ရေမြိန် ရှင်ကလျာဏဓဇ ၎င်းတပည့် ညောင်ကန်ရှင်ဣန္ဒောဘာသ ရှင်ကလျာ ဏစက္က ရှင်ဝိမလာစာရ မောင်းထောင် ရှင်ဂုဏသာရ ရှင်စန္ဒသာရ ဝထူး ကျောင်း ရှင်ဝရဓေသီ မင်းအိုရှင်ဂုဏသီရိ ဘုရားတို့လည်း အရုံနွယ်ဟူကြသည်။

နောင်အရှင်ဓမ္မနန္ဒီ ၎င်းတပည့် နေရင်းမဏိရတနာ ရှင်အရိယာလင်္ကာရ ၎င်းတပည့် တရုပ်မြို့သုံးဘန်လှမြောက် အောင်သာတိုက်တည် ရှင်ဥက္ကာစာရ ၎င်းတပည့်မန်လည် ဆရာတော်ဘုရားကြီး ရှင်ဂုဏမဉ္ဇူသာ ဘုရားတို့လည်း အရုံ နွယ် ဟူကြသည် နောက်ရှင်ဓမ္မနန္ဒီ ဘုရားကား ပုခန်းသာဂရဝက်ကျ ဥမင်နွယ် တည်း။ ထိုအနွယ်၏ အတ္ထုပ္ပတ်ကို သရက္ခန်သမိုင်းမှာ ပါသောဟူ၏။ နောက်ရှင် နန္ဒီဓမ္မ၎င်းတပည့် ပိုက်သင်ပဌမကျော် ရှင်ဉာဏဝရ ၎င်းတပည့် ရှင်ဉာဏဓမ္မဒီပ အနန္တဓဇ အမည်ရှိတော်မူသော မင်းရွာဆရာတော်ဘုရားကြီး ဤဆရာတော် ဘုရားကြီးတို့လည်း အရုံနွယ်ဟူကြသည် ရေမြိန်ကလျာဏဓဇ ၎င်းတပည့်ဆုံတား ဆရာတော် ရှင်နန္ဒမာလာဘုရားတို့လည်း အရုံနွယ်ဟူကြသည်။ ဤဆရာတော် ဘုရားထံ ငါတို့ဆရာ့ဆရာ နံမော် ရှင်သာရမဉ္ဇူဘုရားသည် ဆရာတော်ထက်

လေးဝါကြီးသော်လည်း ထိုဆရာ၏ ပညာကျေးဇူးကိုငဲ့၍ စာ ဆည်းကပ်ဘူး သောဟူ၏။ နေရင်းမဏိရတနာ ရှင်အရိယာလင်္ကာရ ၎င်းတပည့် မိုးတူရှင်အဂ္ဂဓမ္မ ၎င်းတပည့် ဆင်တဲဆရာတော် ရှင်ဉာဏသဒ္ဓမ္မဘုရားတို့လည်း အရိုန္ဒယ် ဟူကြသည်။

ကုန်းဘောင်မင်းတရားကြီးဆရာတော် ရှင်အတုလယသ တောင်ဘီလူးဆရာတော် ကြက်သွန်ခင်းဆရာတော် အင်ကြင်းပင်ဆရာတော် ထန်းတပင်ဆရာတော် သာလွန်ကျောင်း ဆရာတော်ဘုရားများကို အတင်နွယ်ဟူကြသည် သက္ကရာဇ် ၁၀၆၀-မာရ်အောင်ရတနာ ဒါယကာလင်္ကာထက် အနောက်ဘက်ကုန်းရွာကျောင်းနေ ရှင်ဂုဏာဘိလင်္ကာရတွင် စ၍ ဒုကုဋ်တင်ဂိုဏ်း ပေါ်သည် သရပတ်မကိုင် ဦးထုပ်မဆောင်း စာတမ်းရှိသည်။

တောင်ဘီလာကျော် ရှင်ပိဋကာလင်္ကာရ ၎င်းတပည့် အမြင့်ရှင်ပေါရိသတ် ၎င်းတပည့် ဆားလင်းကြီးရှင်အရိယဓဇ ၎င်းတပည့် ဘုံရွာရှင်ဂုဏာဘိလင်္ကာရ ၎င်းတပည့် တပယင်းရှင်ပညာရာမ ၎င်းတပည့် လိန်လုဓမ္မဇောတာဘိသာရ ၎င်းတပည့် ကုန်းဘောင်မင်းတရားကြီးဆရာ ရှင်အတုလယသ ဆရာစဉ်ခုနှစ်ဆက် စာတမ်းလည်းရှိသည် တောင်ဘီလာကျော်ဘုရားသည် သက္ကရာဇ် ၉၄၀-ဖွားဖြစ်၍ အသက်ခြောက်ဆယ် သက္ကရာဇ် ထောင်ပြည့်တွင် တောဝင်တော်မူသည်။ သက္ကရာဇ် ၁၀၁၀-မင်းရဲရန္တမိတ် လက်ထက်တိုင် ကိုယ်တော်ရှိသေးသည်ဖြစ်၍ ယင်းသည့်သက္ကရာဇ်တွင် ရှင်ပေါရိသတ်ပဥ္စင်းခံလျှင် တောင်ဘီလာဘုရားထိုအခါ သက်တော်ခုနစ်ဆယ် သိက္ခာတော် ငါးဆယ်ဖြစ်ကောင်း၏ ရှင်ပေါရိသတ်သိက္ခာတော်နှစ်ဆယ်တွင် ရှင်အရိယဓဇပဥ္စင်းခံသော် သက္ကရာဇ် ၁၀၃၀- ပြည်မင်းလက်ထက်ဖြစ်ကောင်း၏ ရှင်အရိယဓဇ သိက္ခာနှစ်ဆယ်တွင် ရှင်ဂုဏာဘိလင်္ကာရ ပဥ္စင်းခံသော် သက္ကရာဇ် ၁၀၅၀- ဝမ်းဘဲအင်းစံမင်းတရားလက်ထက်ဖြစ်ကောင်း၏ မာရ်အောင်ရတနာ ဒါယကာ မင်းဖြစ်သည့်နှစ် ရှင်ဂုဏာဘိလင်္ကာရ သိက္ခာတော်ဆယ်ဝါရကောင်း၏ ထိုအရှင် ဆယ်ဝါရတွင် ရှင်ပညာရာမပဥ္စင်းခံသော် သက္ကရာဇ် ၁၀၆၀- မာရ်အောင်ရတနာ ဒါယကာလက်ထက်ဖြစ်ကောင်း၏ ရှင်ပညာရာမ သိက္ခာတော်နှစ်ဆယ်တွင် ရှင်ဓမ္မဇောတာဘိသာရ ပဥ္စင်းခံသော် သက္ကရာဇ် ၁၀၈၀-ဖြစ်ကောင်း၏ ရှင်ဓမ္မဇောတာဘိသာရ သိက္ခာတော်နှစ်ဆယ်

တွင် ရှင်အတုလယသ ပဉ္စင်းခံသော် သက္ကရာဇ် ၁၁၀၀-ဟံသာဝတီရောက် မင်းတရားလက်ထက်ဖြစ်ကောင်း၏။

အတုလဆရာတော်လည်း သက္ကရာဇ် ၁၀၈၀-လောကသရဘူ ဒါယကာ နန်းတက်ဆယ်နှစ်ရှိတွင်ဖွားကောင်း၏ စင်စစ်ကား အတုလဆရာတော်မန်လည်ဆရာတော်ထက်ကြီးသည်ဟူကြသည် မန်လည်ဆရာတော် ၁၀၇၆-ခုဖွါး ဤသို့လျှင် အတုလဆရာတော် ဆရာစဉ်သည် သင့်ကောင်းလျက်အတုလသမိုင်းတွင်ဆိုသည့် စာတမ်းရှိသည် အနှစ်နှစ်ရာကျော်ကို ဆရာလေးဆက်နှင့်မတန်ဟု မောင်းထောင်ဆရာတော် ဆိုဘိလေသည် တောင်ဘီလာကျော်တဆက် ရှင်ပေါရိသတ်တဆက် ရှင်အရိယဓဇတဆက် ရှင်ဂုဏာဘိလင်္ကာရတဆက် သည်လေးဆက်အတွင်း အနှစ်နှစ်ရာကျော်လည်း မရှိ သက္ကရာဇ် ၁၀၁၀-မင်းရဲရန္တမိတ် လက်ထက်မှသည် သက္ကရာဇ် ၁၁၆၀-မာရ်အောင်ရတနာ ဒါယကာလက်ထက်တိုင် မင်းငါးဆက်အတွင်း အနှစ်ငါးဆယ်မျှသာ ရှိသည်ကို အသို့မတန် ရှိရမည်နည်း ဆရာတပည့် ဝါနှစ်ဆယ် ခြားတွက်လျှင် မာရ်အောင်ရတနာ ဒါယကာ မင်းဖြစ်သည်နှစ် ရှင်ဂုဏာဘိလင်္ကာရ သိက္ခာတဆယ်ရှိပြီတကား အဘယ်မတန် ဆိုသင့်အံ့နည်း တန်သည် စူးစူးတည်း။

တောင်ဘီလာကျော် တပည့်ရှင်ပေါရိသတ်ဟု စာတမ်းမထွက်မဆိုဟုလည်း မောင်းထောင်ဆရာတော် ရေးဘိလေသည် မထွက်မဆိုလျှင်ပင် တပည့်မဟုတ်ဟူရမည်လော စိန့်တိုင်းမိစ္ဆာရပ်မှာ သိဒ္ဓတ်မင်းသားသည် သုဒ္ဓေါဒနမင်း၏ သားဟုစာတမ်းမထွက်မဆိုလျှင် ငါတို့ဘုရားကို သုဒ္ဓေါဒနမင်း၏ သားမဟုတ်ဟူရမည်လော စာတမ်းဆိုသည်မှာ ဆိုမှထွက်ဆိုမည် မဆိုလျှင်မထွက်မဆိုချေ မထွက်မဆိုသည်တမှုံဟု ရှင်ပေါရိသတ် တောင်ဘီလာကျော် တပည့်မဟူရပြီလော အရုံအတင် နှစ်ဦးသည် တောင်ဘီလာကျော်ဘုရားကြီး ပေါင်းဘက်ခြင်းပင်ဖြစ်သည် ဆရာမြတ်တို့၏ တပည့်ပင် ဖြစ်သော်လည်း ဆရာအယူကို ယူသည့်တပည့်လည်းရှိသည် မယူသည့် တပည့်လည်းရှိသည် ဘုရားတပည့်ဖြစ်ပြီးမှ တိတ္ထိတပည့် ဖြစ်သည်လည်း အများပင်ရှိသည် တိတ္ထိတပည့်ဖြစ်ပြီးမှ ဘုရားတပည့်ဖြစ်သည်လည်း အများပင်ရှိသည် ပုထုဇဉ်တို့၏ သဘောသည် အရှုံးနှင့် တထေဝတည်းဖြစ်သည် အချို့လည်း မိမိတို့ဆရာ အရုံဖြစ်လျက် ဆရာသို့မလိုက် အတင်ဖြစ်လေသည်

မိမိတို့ဆရာ အတင်ဖြစ်လျက်လည်း ဆရာသို့မလိုက် အရှုံဖြစ်လေသည် မိမိတို့ဆရာ နေလွဲကွမ်းမစားဘဲ အင်္ဂျီယပ်မှုမပြုဘဲလျက် ဆရာသို့မလိုက် နေလွဲကွမ်းစားလေသည် အင်္ဂျီယပ်မှုပြုလေသည် ဝံသာနုရက္ခိတမည်သည် ပမာဏမဟုတ် ကောင်းမြတ်သော ဆရာတို့၏ ဝံသာနုရက္ခိတသာ ပမာဏ ဖြစ်သည်။

သတ္တဝါတို့၏ သဘောသည် အလုံးစုံကောင်းသည် သတ္တဝါဟူ၍လည်းမရှိ အလုံးစုံယုတ်သည် သတ္တဝါဟူ၍လည်းမရှိ အကောင်းသတ္တဝါ၌လည်း အဆိုးပါသည်ပင် အဆိုးသတ္တဝါ၌လည်း အကောင်းပါသည်ပင် ပြောစဉ်ရှိသည်ဟုလည်း အမှန်မဟူရ မရှိသည်ဟုလည်းမဟုတ်မဟူရ မှန်တိုင်းဟုတ်တိုင်းရှိခဲ့သည်သက္ကရာဇ် ၇၂၉-ခု မင်းကြီးစွာစောကဲလက်ထက်လည်း တောင်ဘီလူး ရှင်ပရက္ကမတို့အနွယ်ပင်လယ်ကျေးသင်္ဃရာဇာတို့ဦးထုပ်ဆောင်းကြောင်းကို ရာဇဝင်ထွက်သည် သက္ကရာဇ် ၈၀၄-မင်းဖြစ်ထူပါရုံဒါယကာလက်ထက်ဆရာတော်ရှင်သဒ္ဓမ္မဋ္ဌိတိရင်းတပည့်သင်္ဃာတော်တို့လည်း တောင်ဘီလူး ရှင်ပရက္ကမ အယူကိုမစွန့်မူ၍ အနွယ်အတိုင်း ဦးထုပ်ဆောင်းသည် ထီးနီ ထီးဝါ ဆောင်းသည် သရပတ်ကိုင်သည်ဟူကြသည် သက္ကရာဇ် ၈၀၅-ဖွါးသည် တောင်တွင်းပုဂ္ဂိုလ်ကျော် ရှင်သီလဝံသ သူမြတ်လည်း ဦးထုပ်ဆောင်းဟူကြသည် အတပ်မသိချေ။ "တပြည်တရွာ ထသွားခါဝယ် ဒေါက်ချာလည်းစွပ် လက်ကတောင့်ကို ကောင်းကောင်းဝတ်" ဟုလည်း ၎င်းသူမြတ် ဆုံးမစာရေးသည် ဟူကြသည် အတပ်မသိချေ တောင်ဘီလာကျော်ဘုရားလည်း မိုးကြိုးသွား ဦးထုပ်ဆောင်းဟူကြသည် အတပ်မသိချေ သီဟိုဠ်နွယ်ရှင်မဟာသာမိ တပည့်အဆက်တို့ ဦးထုပ်မဆောင်းဟုလည်း စာတမ်းရှိသည် တောင်ဘီလာကျော်ဘုရားလည်း ရှင်မဟာသာမိ အနွယ်ဖြစ်ခဲ့သည်။

ကြက်သွန်ခင်းဆရာတော်လည်း ကုလားဦးထုပ်ကဲ့သို့သော ဦးထုပ်ကို ခေါင်းမှာစွပ်၍ အပေါ်၌ဒုကုဋ္ဌ်ကိုတင်၍ သွားသည်ကို မြင်လိုက်ရဘူးသည်ဟု မင်းကွန်းစံနန်းတော်မှာ သူငါသင်္ဃာမျက်မှောက် ဘဝရှင်မင်းတရားကြီးမိန့်သည် ငါတို့လည်း မင်းတရားကြီး အမိန့်တော်နှင့် ကြပ်တည်းစွာပြု၍ သက္ကရာဇ် ၁၁၇၁-ခုနှစ် ရာဇတ္တရာယ်ကြောင့် တလခန့် ဦးထုပ်ဆောင်းလိုက်ရသည် မန်လည်ဆရာတော် မင်းရွာဆရာတော်ဘုရား နှစ်ပါးတို့သည် ဦးထုပ်ကို မကြောက်ဘူးဟူ၍

(၈) ၂၀၅-၁၅

လည်း မဲမီးဆရာ မိန့်ဘူးသည် မဲမီးဆရာတော် မောင်းထောင်ဆရာတော်မှ စ၍ မြို့နေဆရာတော် သဃာတော်တို့ ယင်းသက္ကရာဇ်တွင် တပါးမကျန် မင်းတရား အမိန့်တော်နှင့် ဆောင်းရသည် ငါတို့ဆင်တဲ ဆရာတော်ဘုရားကား ထိုအခါမဆောင်းအလျှင်းပင်လွတ်လေသည် ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော ပြောစဉ်စကား စာတမ်းစကားများသည် ဟုတ်ရာသည်လည်းရှိ၏ မဟုတ်ရာသည် လည်းရှိသည် မှန်ခဲဟုတ်ခဲသည်။ ဤသို့ဆိုအပ်ပြီးသော စကားအစဉ်သည် အာဒိလပနာ စသည်အဆိုမှ ထွက်ခဲ့သော စကားအစဉ်ဖြစ်သည် အနုသန္ဓေ စပ်ရာသည်မှာ ထိုထိုစကားအစဉ်၏ အရနှင့် အာဒိလပနာ စသည်လျဉ်းပါးသော် အာဇီဝပါရိသုဒ္ဓိ မဖြစ်ရာသည်ကို ဉာဏ်နှင့် အနုသန္ဓေစပ်ပါလေ။

## ဝိနိစ္ဆယ အမှားအမှန်

တရားစီရင်ရာ မှားရသည်ကား ဖြစ်သည်အမှုသွား၌ နားမလည် မသိ၍ မှားသည်လည်းရှိသည် နားလည်သိသော်လည်း စီရင်ရမည့်တရားကို နားမလည် မသိ၍ မှားသည်လည်းရှိသည် ထိုနှစ်ရပ်တွင် ပထမရပ်ကြောင့် မှားလေသည်ကား ၁၁၉၇-ခုနှစ် ဒိုင်ရှာသူကြီးနှင့် မိနီ-တရားဆိုင်ရာ သံလုံးချိန် သုံးကျပ်တမတ်နှင့် ကျောက်ငယ်လုံးများကို ဒိုင်ရှာအရှေ့ အောက်ချိုင်းကျောင်းနေ ခင်ကြီးမှာ အပ်ထားပါသည် ဥစ္စာရှင်ဖြစ်သူ မိနီက သည်သာသက်သေ ညွှန်သည်ကို စိုးမင်းတို့က ဝရကိတ္တိကို ပင့်ခေါ် မေးလျှင် သက်သေညွှန်အပ်သည့် ဝရကိတ္တိက သံလုံးလောက်စာလုံးခန့်ညီညီတွင် ရွှေးကြီးခန့် ချိုင့်လျက်ပါသည် အရောင်ညိုညိုကြောင်ကြောင် ဆိတ်မျက်လုံးသဏ္ဌာန်ကဲ့သို့ လက်ကိုင်လျှင် ချောသည်ဟု သံလုံးကို အမည်အရည် အဆင်းသဏ္ဌာန် ပမာဏ အမှတ်များနှင့် တကွပြ၍ ညွှန်တတ်သူ လူဥစ္စာရှင်စကားထက် တက်၍အစစ်ခံသည် ရွှေးကြီးခန့် အလုံးအဆင်း ရွှေအဆင်းကဲ့သို့ထင်သည် ဝါဝါထင်သည် ညိုညိုထင်သည် ကိုင်လျှင် ကတ္တီပါသားကဲ့သို့ ညံ့သည် နှိပ်လျှင်မာသည်ဟု ကျောက်ငယ် လုံးကိုလည်း အမည်အရည် အဆင်းသဏ္ဌာန် ပမာဏများနှင့်တကွပြ၍ ညွှန်တတ်သူ လူဥစ္စာရှင် စကားထက်တက်၍ အစစ်ခံသည်တွင် ရဟန်းဖြစ်သူထွက်ဆိုချက် သက်သေခံတိုင်း စိုးမင်းတို့အယူရှိ၍ ငွေလေးပိဿာကျော် သူကြီးက ကြေးကျရာတွင် ဂိုဏ်းအုပ် ဆရာမှာ သူကြီးလျှောက်၍ ဂိုဏ်းအုပ်ဆရာက အပ်ကြောင်းကိုသာ ဥစ္စာရှင်က

သက်သေတည်သည်ကို အအပ်တွင်၍သာ မထွက်မဆို အမည်အရည် အဆင်း သဏ္ဌာန် ပမာဏအမှတ်များနှင့်တကွ ဝိသေသပြု၍ ထွက်ဆိုချေသည်။

ထိုစကားကို ရှုံးစေလို နိုင်စေလိုသော စေတနာဖြင့် အမှုသည်တဘက် သက်သေတဘက်ထွက်ဆိုချေလျှင် ကူဋသက္ခိကဖြစ်၍ "ကူဋသက္ခိကာနံပိ သဗ္ဗေသံ ပါရာဇိကံ"ဟူသောကြောင့် ငါ့ရှင် ကြောင့်ကြသင့်သည် စောကြောသူ စကား ကိုသာ လိုက်နာ၍ ဆိုရာဆိုမိ အစစ်ခံမိချေလျှင် ခံမိခြင်းကြောင့် ကျသော ကြေးရုပ်သည် ဝက်လွတ်ပထမဝတ္ထုနှင့် မပြားဖြစ်၍ "သာမိကေသု ပန အပဋိစ္ဆန္နေသု ဘဏ္ဍာဒေယျံ"ဟူသောကြောင့် ဘဏ္ဍာဒေယျ ဖြစ်သင့်သည်ဆုံးဖြတ်လျှင် ဘဝရှင်ဆရာတော်မှာ သည်ဆုံးဖြတ်စာနှင့် အယူခံပါရစေဦးဆို၍ အယူခံစေသော် "ကူဋသက္ခိကာနံပိ သဗ္ဗေသံ ပါရာဇိကံ"ဆိုသည် အဆုံးအဖြတ်မှာ မမှန်သည်ကို အမှန်ပြု၍ စဉ်းလဲစဉ်းစား သက်သေပြုလုပ်သည်ကို ဆုံးဖြတ်သော အရာဖြစ်သည် ယခုမှာ ရှင်ဝရကိတ္တိ မအပ်သည်ကို အအပ်ပြု၍ စဉ်းလဲ စဉ်းစား သက်သေပြုလုပ် သည်မဟုတ် မိနိက အပ်ထားဘူးသည်ကို မေးမြန်းလျှင် အပ်ထားသည် အမှန် ဖြစ်၍ ပြောဆိုခြင်းဖြစ်သည် ရှင်ဝရကိတ္တိမှာ မှုပြစ်မရှိသင့်ဟု ပြန်လိုက်သည်။

သည်အချက်များသည် မိမိအား အအပ်တွင်၍သာ ဥစ္စာရှင်က ညွှန်သည်ကို အအပ်တွင်၍သာ မခံ အမည် အရည် အဆင်းသဏ္ဌာန် ပမာဏ အမှတ်များနှင့် တကွ တက်၍ ဝိသေသ ပြခံချေသည် ထိုပြချက် မမှန်ထွက်ဆို၍ ငွေလေးပိဿာ ကျော် ကုန်ကြောင်းနှင့် လူက ရဟန်းကို တရားစွဲရာ ဂိုဏ်းအုပ်ဆရာက ထိုစကား ကို ရှုံးစေလို နိုင်စေလိုသော စေတနာဖြင့် အမှုသည်တဘက် သက်သေတဘက် ထွက်ဆိုချေလျှင် ငါ့ရှင် ကြောင့်ကြသင့်သည်ဟု ကူဋသက္ခိကမှာသွင်း၍ ဆုံး ဖြတ်သည် အမှုသည်တဘက် သက်သေတဘက် ထွက်သည်သက်သေကို လောက မှာ ကူဋသက္ခိက ဟူကြသည် ဘဝရှင်ဆရာတော်မိန့်တိုင်း မအပ်သည်ကို အအပ် ပြု၍ သက်သေပြုလုပ်မှသာ ကူဋသက္ခိက ဖြစ်သည်မဟုတ်ချေ အမည် အရည် အဆင်းသဏ္ဌာန်ပမာဏ အမှတ် မမှန်ဘဲ အမှန်ပြု၍ စဉ်းလဲစဉ်းစား သက်သေ ပြုလုပ်သူလည်း ကူဋသက္ခိကပင် ဖြစ်ချေသည်။

အပ်ထားသည် မှန်သည်တမုံ့ဟု အမည် အရည် အဆင်း သဏ္ဌာန် ပမာဏ အမှတ်မမှန်ဘဲ အမှန်ပြု၍ ပြောဆိုလိုရာ ပြောဆိုရချိမ့်လော့ ပြောဆိုခြင်းကြောင့်

ကျသောကြေးရပ်သည် ဝက်လွှတ် ပထမဝတ္ထုနှင့် မပြားဖြစ်၍ ဘဏ္ဍာဒေယျ လွှတ်ချိမ့်လော့ စဉ်းလဲစဉ်းစားမရှိ ပကတိစိတ်ဖြင့် အမည်အရည် အဆင်းသဏ္ဌာန် ပမာဏအမှတ် ဤသို့ ဖြစ်ကောင်း၏ဟု ထွက်ဆိုမိမှုကား ပထမဝက်လွှတ် ရဟန်းသည် ကာရုညာမိပ္ပါယကြောင့် အနာပတ္တိဖြစ်သကဲ့သို့ ယခုလည်း အမည်အရည် စသည် သို့ဖြစ်ကောင်း၏ ဟူသော သညာကြောင့် ကူဋသက္ခိကကား လွှတ်ကောင်း၏ ဥစ္စာရှင်မခံလျှင် မိမိထွက်ဆိုချက် အရအတိုင်း မှန်သည်ဖြစ်စေ ဘဏ္ဍာဒေယျ မလွှတ်ကောင်းချေ အဘယ်ကြောင့်ဟူမူ ပထမဝက်လွှတ်ရဟန်းသည် မိမိလွှတ်ခြင်းဟူသော အကြောင်းကြောင့် ဥစ္စာရှင်မခံမူ ဘဏ္ဍာဒေယျဖြစ်သကဲ့သို့ ယခုလည်းဥစ္စာရှင်ကမိမိအား အအပ်တွင်ရှိသော ညွှန်သည်ကို အအပ်တွင်ရှိသာမခံ အမည်အရည်အဆင်းသဏ္ဌာန်ပမာဏအမှတ်များနှင့်တကွဝိသေသပြခံချေသောကြောင့်တည်း။ ယင်းသို့ဖြစ်လျက် မှုပြစ်မရှိသင့်ဟူသော ဘဝရှင်ဆရာတော် စကားသင့်ချိမ့်လော အမှုအပြစ်မရှိသင့် ဟူသောစကားကြောင့်ဖြစ်သော နှစ်ဦးသူတို့ ဓုရနိက္ခေပသည် သက်သေရဟန်း၌ ပါရာဇိက ဝတ္ထုပါတကား။

အစစ်ခံနှစ်ရပ်တွင်လည်း သံလုံးကို ဥစ္စာရှင်ကား အနက်တခြမ်းအဖြူတခြမ်း သက်သေကား ညိုညိုကြောင်ကြောင် ဆိတ်မျက်လုံးသဏ္ဌာန် ကျောက်လုံးငယ်ကို ဥစ္စာရှင်ကား ဇီးစေ့ခန့် သက်သေကား ရွှေးကြီးခန့် ကျောက်လုံးငယ်ကို ဥစ္စာရှင်ကား ကိုင်လျှင်မာကြမ်းသည် သက်သေကား ကတ္တီပါသားကဲ့သို့နူးညံ့သည် ၎င်း၏အရောင်ကို ဥစ္စာရှင်ကား ပြာပြာ သက်သေကား ရွှေအဆင်းကဲ့သို့ ဟူကြသည် ရွှေအဆင်းကဲ့သို့ ဟူပြီးလျှင်လည်း ညိုညိုထင်သည်တက်ပြန်သည်ရွှေအဆင်းကဲ့သို့ဟူပြီးသည်ကို ညိုပြန်ရချိမ့်လော ဤသို့ဖြစ်သည်အရာကိုလည်း ကူဋသက္ခိကဟု ပညာရှိတို့ယူသည် အပ်ထားပါသည် သည်သာ ဥစ္စာရှင် အချုပ်ရှိသည်ကို အချုပ်ရှိတိုင်းသာ သဝေမယွှက် သဝေမတက်ထွက်ဆိုရမည်ကိုမဆို အမည်အရည် အဆင်းသဏ္ဌာန် ပမာဏ အမှတ်များနှင့်တကွ တက်၍ထွက်ဆိုသည် သက်သေကို အမှုသည်တဘက် သက်သေတဘက် ကုန်းအိုဖျာယက် သက်သေဟု တရားရှင် ပညာရှိတို့ လက်မခံချေ ဘဝရှင်ဆရာတော်သည် ဝိနယဓရ ဝိနယကောဝိဒပုဂ္ဂိုလ်ဖြစ်လျက် သတိတော်ချွတ်၍ ဖြစ်ရင်းမူလသူတို့ကို ခေါ်ဦးဆိုရမည်ကို မဆို

တဘက်စကားမျှဖြင့် ဆုံးဖြတ်စာပေးလွှယ်ခြင်းကြောင့် ကိုယ်တော်တရားမလှ ရှိရလေသည်။ ဤကား ဖြစ်သည်အမှုသွား၌ နားမလည်၍ မှားလေခြင်းတည်း။

စီရင်ရမည့်တရား၌ နားမလည်၍မှားခြင်းကား ဂရုကအာပတ် စီရင်ရမည် တရားကို လဟုကအာပတ် စီရင်မိလေခြင်း လဟုကအာပတ် စီရင်ရမည်တရားကို ဂရုကအာပတ်စီရင်မိလေခြင်း။ ရှင်အာစာရသူဌေးဆိုသည်ဘုန်းကြီးဘုရားလည်း တောင်ဘီလာရှင်ကဝိန္ဒဖွားသည်မှ တဆဲ့ရှစ်နှစ်နှင့်တဆဲ့တလတဆဲ့တရက်ဝင်သာ ရသေးသည်ကို တဆဲ့ရှစ်နှစ်၌ ဝါထပ်လတွက်ခြောက်လပွားတွင် အနှစ်နှစ်ဆယ်၌ စာတုဒ္ဒသီအစွမ်းဖြင့် ယုတ်သည်လေးလကိုပယ်၍ ကျန်နှစ်လကိုသွင်း၍ ပဋိသန္ဓေ ဆယ်လနှင့် အနှစ်နှစ်ဆယ်ရှိပြီဟု ပဥ္စင်းခံမိလေသည်လည်း စီရင်ရမည့်တရား၌ နားမလည်၍ မှားလေခြင်းပင်တည်း။ ဤ၌အဋ္ဌကထာမှာ ပဋိသန္ဓေကို မသုံး သပ်ဘဲ ဖွားသည်မှဖြစ်သော ပဝတ္တိသက်သက်ကိုသာဆိုသည် ပဋိသန္ဓေဆယ်လ ကို သွင်းမိလေသည်လည်း တချက်မှားသည် သွင်းသော်လည်း အနှစ် နှစ်ဆယ် မပြည့် တဆဲ့ကိုးရက်လျော့သေးသည်လည်း တချက်မှားသည် လျော့ကြောင်း ကား ဖွားသည်မှ တဆဲ့ရှစ်နှစ်နှင့် တဆဲ့တလ တဆဲ့တရက်တွင် ပဋိသန္ဓေ ဆယ်လကိုထည့်သော် တဆဲ့ကိုးနှစ်နှင့် ကိုးလ တဆဲ့တရက်သာရသည် ယင်းတွင် လလွန်နှစ်လကို ထည့်လျှင် တဆဲ့ကိုးနှစ်နှင့် တဆဲ့တလ တဆဲ့တရက်သာရသည် အနှစ် နှစ်ဆယ်ပြည့်မည် တဆဲ့ကိုးရက် လိုသေးသည် ဤကားသွင်းသော်လည်း အနှစ်နှစ်ဆယ် မပြည့်သေးသည်ကို ပြခြင်းတည်း။ အဋ္ဌကထာမှာ ပဋိသန္ဓေကို မသုံးသပ်ဘဲ ဆိုသည်ကား—

ပေါရာဏကတ္ထေရာ ပန ဧကူနဝီသတိဝဿံ သာမဏေရံ နိက္ခ
မနီယပုဏ္ဏမာသိံ အတိက္ကမ္မ ပါဋိပဒဒိဝသေ ဥပသမ္ပာဒေန္တိ။

၌ ဧကူနဝီသတိဝဿံ သာမဏေရံ၏အရကို ဖွားသည်မှ တဆဲ့ကိုးနှစ်နှင့် ဆယ်လရှိသော သာမဏေကိုရည်၍ ဆိုသည်ဟု သိစေခြင်းငှါ—

တ္ထေ ပန ယော ပဝါရေတွာ ဝီသတိဝဿော ဘဝိဿတီတိ
တံ သန္ဓာယ ဧကူနဝီသတိဝဿန္တိ ဝုတ္တံ။

ဟု မိန့်သည်အနက်ကား—

ပေါရာဏကတ္ထေရာပန၊ ရှေးမထေရ်တို့သည်ကား။ ကေူနဝီသတိဝဿံ၊ အနှစ်နှစ်ဆယ်မပြည့်သေးသော။ သာမဏေရံ၊ သာမဏေကို။ နိက္ခမနီယ ပုဏ္ဏမာသိံ၊ ဝါခေါင်လပြည့်နေ့ကို။ အတိက္ကမ္မ၊၍။ ပါဋိပဒဒိဝသေ၊ အထွက်တရက်နေ့၌။ ဥပသမ္ပာဒေန္တိ၊ ပဉ္စင်းခံကုန်၏။ ထွေပနဝစနေ၊ ဤစကား၌။ ယော၊ သည်။ ပဝါရေတွာ၊ သီတင်းကျွတ် လပြည့်သို့ရောက်၍။ ဝီသတိဝဿော၊ အနှစ်နှစ်ဆယ်ရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ့ံ။ တံ၊ ထိုသီတင်းကျွတ်လပြည့်သို့ရောက်၍ အနှစ်နှစ်ဆယ် ရှိလတ့ံသူကို။ သန္ဓာယ၊ ရည်၍။ ကေူနဝီသတိဝဿန္တိ၊ ကေူနဝီသတိဝဿံဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဤအဓိပ္ပါယ်ကား— ပေါရာဏကတ္ထေရာပန စကားသည်—

ယော ဒွါဒသမာသေ မာတုကုစ္ဆိသ္မိံ ဝသိတွာ ပဝါရဏာယ ဇာတော သော တဒေတာ ပဉ္စာယ ယာဝ ကေူနဝီသတိမေ ဝဿေ ပဝါရဏာ တံ အတိက္ကမိတွာ ပါဋိပဒေ ဥပသမ္ပာဒေတဗ္ဗော။

က ထွက်သောစကားဖြစ်၍ တဆဲ့နှစ်လ ပဋိသန္ဓေနေ၍ သီတင်းကျွတ်လပြည့်နေ့ ဖွားသောသားကို ထိုသီတင်းကျွတ် လပြည့်နေ့ဖွားသောသားကို ထိုသီတင်းကျွတ်လပြည့် ဖွားရက်သို့ရောက်လျှင် အနှစ်နှစ်ဆယ် ပြည့်လတ့ံဖြစ်သောကြောင့် ဝါခေါင်လပြည့် အထွက်တရက်နေ့၌ ပဉ္စင်းခံကုန်သည် ဟူလိုသော် အဘယ်ကြောင့် ရှေးမထေရ်တို့သည် ဖွားသည်မှ တဆယ်ကိုးနှစ်နှင့် ဆယ်လသာရှိသေးသော သာမဏေကို ဝါခေါင်လပြည့်ကျော် တရက်နေ့ကကြို၍ ပဉ္စင်းခံလေသနည်း သီတင်းကျွတ်လပြည့်သို့ တိုင်ရောက်လျှင် အနှစ်နှစ်ဆယ် ပြည့်တော့မည်တကား သီတင်းကျွတ်လပြည့်ကျော် တရက်နေ့သို့ရောက်မှပင် ခံပါတော့လောဟူမူ တနှစ်၌ စာတုဒ္ဒသီ ဥပုသ်အတွက် ခြောက်ရက်ပုပ်သည် ထိုပုပ်ခြောက်ရက်သည် အနှစ်နှစ်ဆယ်တွင် လေးလပုပ်ဖြစ်သည် သုံးနှစ်မြောက် သုံးနှစ်မြောက်၌လည်း ဝါထပ်ရကား တဆဲ့ရှစ်နှစ်တွင် ခြောက်လပွားသည် ထိုပွားသည်ခြောက်လမှ ယခင်လေးလကိုပယ်၍ ကျန်နှစ်လကို ဤတဆဲ့ကိုးနှစ်နှင့် ဆယ်လမှာသွင်းလျှင် ဖွားသည်မှ အနှစ်နှစ်ဆယ်ဖြစ်၏ ပဋိသန္ဓေနှင့်သော် နိကခါ ဖြစ်ပြီဟု ဖွားသည်မှ တဆဲ့ကိုးနှစ်နှင့် ဆယ်လသာရှိသော သာမဏေကို ပဉ္စင်းခံကုန်သည်။

တနည်းကား ဖွားသည်မှ သီတင်းကျွတ်လပြည့်သို့ ရောက်လျှင် အနှစ်နှစ်ဆယ် ပြည့်လတံ့သောသာမဏေကို နှစ်လယုတ်သေးသည်အလိုက် လလွန်နှစ်လကိုထည့်၍ ဝါခေါင်လပြည့်ကျော် တရက်နေ့ကကြို၍ ပဉ္စင်းခံကုန်သည်ဟူလိုယခင်ပါဠိအနက်ကား—

ယော၊ အကြင်သူသည်။ ဒွါဒသမာသေ၊ တဆဲ့နှစ်လတို့ပတ်လုံး။ မာတုကုစ္ဆိသ္မိံ၊ အမိဝမ်း၌၊ ဝသိတွာ၊ ပဋိသန္ဓေနေ၍။ မဟာပဝါရဏာယ။ သီတင်းကျွတ်လပြည့်နေ့၌။ ဇာတော၊ ဖွား၏။ သော၊ ထိုသူကို။ တတော၊ ထိုဖွားသည့်နေ့မှ။ ပဋ္ဌာယ၊ စ၍။ ဧကူနဝီသတိမေဝံသော၊ တဆဲ့ကိုးနှစ်မြောက်သောနှစ်၌။ ယာဝ၊ အကြင်ရွှေလောက်။ မဟာပဝါရဏာ၊ သီတင်းကျွတ်လပြည့်နေ့သည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုရွှေလောက်။ တံ၊ ထိုသီတင်းကျွတ် လပြည့်နေ့ကို။ အတိက္ကမိတွာ၊ လွန်၍။ ပါဋိပဒေ၊ အထွက်တရက်နေ့၌။ ဥပသမ္ပာဒေတဗ္ဗော၊ ပဉ္စင်းခံအပ်၏။

ဖွားသည်မှ တဆဲ့ကိုးနှစ် ပဋိသန္ဓေဆယ်လ လလွန်နှစ်လ ပေါင်းနှစ်ဆယ်ရှိပြီဟု ပဉ္စင်းမခံပါလေနှင့် ဖွားသည်မှ တဆဲ့ကိုးနှစ်နှင့် ဆယ်လ လလွန်နှစ်လနှင့်သော် ဖွားသည်မှအသက်နှစ်ဆယ် ပဋိသန္ဓေနှင့်သော် ယုံမှားကင်းလောက်ပြီဟုသာ ခံပါလေ၊တနည်းကား - ဖွားသည်မှ တဆဲ့ကိုးနှစ်နှင့်နှစ်လ ပဋိသန္ဓေဆယ်လနှင့်သော် အနှစ်နှစ်ဆယ် လလွန်နှစ်လနှင့်သော် ယုံမှားကင်းလောက်ပြီဟုသာခံပါလေ ထိုကြောင့်အဋ္ဌအထာ၌ပင်—

> တသ္မာ ယော မာတုကုစ္ဆိသ္မိံ ဒွါဒသမာသေ ဝသိ သော ဧကဝီသတိဝဿော ဟောတိ ယော သတ္တမာသေ ဝသိ သော သတ္တမာသာဓိကဝီသတိဝဿော။

ဟု မိန့်အပ်ပြီ အနက်ကား—

တသ္မာ၊ ထိုသို့ပဋိသန္ဓေကို မသုံးသပ်ဘဲ ဖွားသည်မှစ၍ ဖြစ်သော ပဝတ္တိသက်သက်ကိုသာ သုံးသပ်၍ ရှေးမထေရ်တို့ပဉ္စင်းခံသောကြောင့်။ ယော၊အကြင်သူသည်။ မာတုကုစ္ဆိသ္မိံ၊ အမိဝမ်း၌။ ဒွါဒသမာသေ၊ တဆဲ့နှစ်လတို့ ပတ်လုံး။ ဝသိ၊ ပဋိသန္ဓေနေ၏။ သော၊ ထိုသူသည်။ ဧကဝီသတိဝဿော၊ နှစ်ဆဲ့တနှစ်ရှိ

သည်။ ဟောတိ၊ ဖြစ်၏။ ယော၊ အကြင်သူသည်။ သတ္တမာသော၊ ခုနစ်လတို့ ပတ်လုံး။ ဝသိ၊ ပဋိသန္ဓေနေ၏။ သော၊ ထိုသူသည်။ သတ္တမာသာဓိကဝီသတိ ဝဿော၊ အနှစ်နှစ်ဆယ်နှင့် ခုနစ်လရှိသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်ကား—

ထိုသို့ဖွားသည်မှ တဆဲ့ကိုးနှစ်နှင့် ဆယ်လရှိသောသူကို လလွန်နှစ်လကိုသွတ်၍ ပဥ္စင်းခံအပ်သောကြောင့် ထိုသူဆဲ့နှစ်လ ပဋိသန္ဓေနေဖြစ်လျှင် ထိုပဥ္စင်းခံသောအခါ ထိုသူနှစ်ဆဲ့တနှစ်ရှိလေ၏ ခုနစ်လ ပဋိသန္ဓေနေဖြစ်လျှင် အနှစ် နှစ်ဆယ်နှင့် ခုနစ်လရှိလေ၏ဟု လဒ္ဓဂုဏ်ကိုထုတ်သည် ပုဒ်ပါဠိ ပါဠိ တင်းလင်းရှိလျက် အဋ္ဌကထာစကားကို ရှေးနောက်မမြှော် မခေါ်မိ အဆိုတင်းလင်းတွင်သာ ယူ၍ သံဘက်တွေ့ရာဆဲ့ ဟူကြလေသည် ယင်းသည့်အတိုင်း ဖွားသည်မှ ဆဲ့ကိုးနှစ်ရှိတွင် လလွန်နှစ်လနှင့် သန္ဓေဆဲ့နှစ်လကို ထည့်လျှင် အသိုနှစ်ဆဲ့တနှစ် ရှိချိမ့်မည်နည်း အနှစ်နှစ်ဆယ်နှင့် နှစ်လသာရှိတကား သန္ဓေနနှစ်လကိုထည့်လျှင် အသိုအနှစ်နှစ်ဆယ်နှင့် ခုနစ်လရှိအံ့နည်း ဆဲ့ကိုးနှစ်နှင့် ကိုးလသာရှိတကား အနှစ်နှစ်ဆယ်မျှမရှိတကားထိုသို့သော်"ယောမာတုကုစ္ဆိသ္မိံ"စသောအဋ္ဌကထာ စကားသည် အချည်းနှီး မဖြစ်ခဲ့ရာပြီလော ထို့ကြောင့် ပဋိသန္ဓေနှင့်တကွ အနှစ်နှစ်ဆယ်ကို ရေတွက်လျှင် လလွန်နှစ်လကို နိကခ်ါထားပါလေ လလွန် နှစ်လနှင့်တကွ အနှစ်နှစ်ဆယ်ကိုရေတွက်လျှင် ပဋိသန္ဓေဆယ်လကို နိကခ်ါထားပါလေ ပဋိသန္ဓေကိုလည်းယူ လလွန်ကိုလည်းယူ၍ အနှစ်နှစ်ဆယ် မရေ မတွက်ပါလေနှင့် လလွန်ကိုယူလျှင် ပဋိသန္ဓေကိုလွှတ် ပဋိသန္ဓေကိုယူလျှင် လလွန်ကို လွှတ်ပါလေ သို့မှ အဋ္ဌကထာ ရှေးနောက်ညီမည် ထိုဆရာတို့သည် ကျမ်းဂန်ဆို ရှေးနောက်ကို မထောက်မထားမိ၍ မှားလေခြင်းဖြစ်သည် ပမာဏမပြုအပ် ငါတို့ဆရာတော် ဆင်တဲဆရာတော်ဘုရားလည်း ဤအဆုံးအဖြတ်ကိုပင် နှစ်သက်တော်မူသည်။

မောင်းထောင်ဆရာတော် ဆရာဦးယာတို့သည် ပလောင်တောင်ကျ လဘက်ရွက် အစိမ်းအခြောက်ကို ရေနွေးပူပူမှာခပ်၍ သကြားလောင်းထည့်သည့်အရည်ကိုလေနိမ်သောဟု နေလွဲအခါသောက်သောဟူ၏ ငါတို့ဆရာကားဟင်းရွက်ကျက်ရည်အဝင်ဟု ပယ်တော်မူ၏ ကောသနိုက်ဓုတင် သောက်တည်သည့် အချို့ပုဂ္ဂိုလ်တို့သည် ယင်းသည်လဘက်ရည်ကိုဣရိယာပုထ်ပျက်ပြီးနောက် သောက်ကြကုန်၏

ကွမ်းလဘက်ကိုလည်း ယာဝဇီဝိုဟုစားကြကုန်၏ မသင့်ချေ စားလို၍စားသမျှဝတ္ထု အပေါင်းသည် ယာဝဇီဝိုဖြစ်စေ ယာဝဇီဝိုမဟုတ်ဖြစ်စေ စားလို၍စားသည် ကောသ နိက်မပျက်ချေလော "နာနာသနဘောဇနံ၊ အထူးထူးသောနေရာ၌ စားခြင်းကို။ ပဋိက္ခိပါမိ၊ ငါပယ်၏"ဟု စားခြင်းကိုရိယာကို ပယ်ချေသည်မဟုတ်လော ပိပါသ ပစ္စည်း ဂေလညပစ္စည်းရှိသော ကောသနိက်သားသာ ထိုသတ္တဟို ယာဝဇီဝိုကို ထိုပစ္စည်းငြိမ်းရုံ အပ်သည်မဟုတ်လော ယခုကွမ်းလဘက်ကို စားကြသည်ကား ယင်းသည်ပစ္စည်းလည်းမရှိ ရှိသော်လည်း ထိုကွမ်းလဘက် ထိုပစ္စည်းကို မဖျောက် နိုင် မနိုင်ဘဲလျက် တဖွတ်ဖွတ်စားခြင်းသည် စားလို၍စားရကား ပစ္စဝေက္ခဏာ ဆင်ခြင်သောအခါ ပိဏ္ဍပါတမှာသွင်း၍ ဆင်ခြင်ရသည်မဟုတ်လော သွင်းရလျှင် ပိဏ္ဍပါတကို ကောသနိက်သား အပ်ချိမ့်မည်လော နေလွဲအခါ ရဟန်းသာမဏေ တို့အပ်ချိမ့်လော။

စာရိတ္တ သိက္ခာပုဒ်တို့၏ သဘောသည် အပ်သည်ကို ကြဉ်သည် ဝါရိတ္တ သိက္ခာပုဒ်တို့၏သဘောသည် မအပ်သည်ကိုသာ ကြဉ်သည် အပ်သည်ကိုမကြဉ် ကောသနိက် စားခြင်းသည် အပ်သည်ကိုပင် ကြဉ်သော သိက္ခာပုဒ်ဖြစ်၍ ဋ္ဌရိယာပုထ် ပျက်ပြီးနောက် ကွမ်းလဘက်ကို စားလို၍ စားခြင်းသည် ထိုခုတင်အကျင့် မပြည့်စုံ မအပ်ဟုသိလေ မင်းရွာဆရာတော်စသော ကျမ်းဝာတ် ပုဂ္ဂိုလ် ဟူသမျှလည်း ဋ္ဌရိယာပုထ်ပျက်ပြီးနောက် ကွမ်းလဘက်ကို စားတော် မမူကုန်ဟု ငါတို့ဆရာ ရှင်သာရဓမ္မာဘိုရား ပြောဘူးသည် ဤသို့သော အထောက် အထား ယုတ္တိအာဂုံကို ရအောင်ပြု၍ ထိုယုတ္တိအာဂုံကိုလည်း သတိပြဋ္ဌာန်းသော ဉာဏ် ဉာဏ်ပြဋ္ဌာန်းသော သတိဖြင့် "အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဉှိတဗ္ဗံ"ဟု ကျမ်းဂန်လာတိုင်းပြု၍ ဖြစ်သည် အမှုသွား၌လည်း အဖန်တလဲလဲ မေးစစ်၍ သိသာမှ အာပတ်တင်ခြင်း အနာပတ္တိ တင်ခြင်းကို ပြုပါလေ သူ့ကိုအာပတ်တင် ခြင်း အနာပတ္တိတင်ခြင်းငှါစွမ်းနိုင်သော ဗျတ္တိဂုဏ်ကိုရသောပုဂ္ဂိုလ်ကို လောကမှာ အလွန်ရခဲလှသည် ဝိနည်းသင်္ဂြိုဟ် ဝိနည်းမဟာဝါ ပါဠိအဋ္ဌကထာမှာ ဆိုသည့် ဗျတ္တိဂုဏ်နှင့် ပြည့်စုံသော ရဟန်းမှ ဓမ္မသေနာပတိဖြစ်၍ သူ့အမှုကိုစီရင် သင့်သည်။

ယခုအခါ ယင်းသည်ဂုဏ်နှင့် ဝေးလျက် ခွေးစီရင် ဝက်စီရင် စီရင်ကြသည် ကား မျက်ကာဏ်း တစ္ဆေမကြောက် စီရင်ခြင်းသာဖြစ်သည် အပြစ်ကြီးလှသည်

ထိုကြောင့် စီရင်ရခဲ့သည်တရားကိုလည်း ကျမ်းဂန်လာတိုင်း သိမှုဖြစ်သည် အမှုသွားကိုလည်း ကျကျနနသိမှ တရားစီရင်ပါလေ မသိလျှင်ဆိုင်းဦး အလျင်မလိုနှင့် အလျင်လိုလျှင် မှားတတ်သည်ပုခန်းတရားလည်း ကာလမြင့်မှပင် အသစ်ပြင်၍ စီရင်ရချေသည် သခွါးတရားလည်း ရှင်မနုပင် နောက်မှပြင်၍ အသစ်စီရင်ရချေသည် ဤကား အလျင်လို၍ ပညာရှိပင်မှားချေသည် အမှုသည် နှစ်ဦး၏ အပြစ်ကို စကားထွက်ရာနာလိုက်၍ စီရင်သည်သူသာ များချေသည် စကားထွက်ရှိပြီး တမုံ့ဟု စကားထွက်ရာကို ပညာရှိတို့မလိုက် ထိုစကားမှန်ရာသည် မမှန်ရာသည်ကို သိသာအောင် ပေါ်အောင် စီစစ်၍ သိသာသော အမှု၌သာ ပညာရှိတို့ လိုက်သည် ဝိနည်းအင်္ဂါငါးပါးနှင့် ပြည့်စုံသည် ရဟန်းကို စီရင်စီစစ်စေ စီစစ်၍ရသည့် စကားအတိုင်း ဝိနည်းမိုရ်ပြုသည့် ပုဂ္ဂိုလ်က ဝိနည်းပြဆိုချေသည် ဤသို့စီရင်မှသာ ဝိနည်းကို ရိုသေသည် ဤသို့မစီရင်လျှင် ဝိနည်းကို မရိုသေ ဝိနည်းကိုမရိုသေလျှင် တရားကို မရိုသေ အမိအဘကို သားသမီးဖြစ်သူ မရိုသေလျှင် အိမ်ပါးနီးချင်း မရိုသေ အိမ်ပါးနီးချင်း မရိုသေလျှင် အရပ်သားမရိုသေ အရပ်သားမရိုသေလျှင် ရွာလုံးပင်မရိုသေ ဟူသကဲ့သို့ ဝိနည်းထိန်းသူပင် ဝိနည်းကို မရိုသေလျှင် ဝိနည်းကြောင့် သဒ္ဓါသောသူအပေါင်းသည် ဝိနည်းထိန်းသူကို တပည့်သားမြေးမှစ၍ တစတစ မသဒ္ဓါမကြည်ညိုသဖြင့် အဆက်အစဉ်ပျက်၍ သာသနာတော် ကွယ်လတံ့ဖြစ်သည်။

ငါတို့ဆရာ့ဆရာ နံမော် ရှင်သာရမဥ္ဇူဘုရားသည် ဝိနည်းတော်ကို ရိုသေလှသည် တရံအခါ ကိုယ်တော်ဇာတိ မိဓိလာကျေးဥသျှစ်ကုန်းသို့ ကြွတော်မူသည်တွင် ခရီးပန်းသည်ဟု ရွာကလှည်းထောက်သည်ကို မတတ်နိုင်မှ ငါပြောမည်သာ မိန့်တော်မူသည် လှည်းသို့တက်တော်မမူ အသွားလည်း ဥသျှစ်ကုန်းသို့ ရောက်တော့သည် အပြန်လည်း နံမော်သို့သာ ရောက်လေတော့သည် မည်သည့်တွင်မှ လှည်းစီးတော်မမူ ငါတို့ဆရာ နံမော်ရှင်ဓမ္မပါလဘုရားလည်း မိုဃ်းမရွာလျှင် မည်သည့်တွင်မှ ထီးဆောင်းတော်မမူ အသုံးအဆောင် အလှ အပ အယဉ် အကျေး သုံးဆောင်တော် မမူ နေရာခင်းလည်း စမ္မခဏ် ပြင်မရှိ ညဉ့်အခါလည်း ပါတိမောက် နှစ်စောင် အဂ္ဂိခန္ဓူပမသုတ် ခုဒ္ဒသိက္ခာကို မပြန်ဘဲ အိပ်သည့်အခါမရှိ နံနက်ခါလည်း ဘာဝနာမှု ချွတ်သည်မရှိ စကားအရာ လိမ္မာပွန်းတီးလှသည် ကျမ်းဂန်လည်း ဆရာကောင်းမှာချည်း အများသင်ဘူးသည်။

ငါတို့ဆရာ ရှင်အဂ္ဂဓမ္မဘုရားလည်း ဝိနည်း၌ရိုသေလှသည် မိုးမရွာလျှင် နေပူ၌ ယပ်ရှက်ကာ၍သာကြွတော်မူသည် ထီးမဆောင်း မိုးရွာ၍ ဆောင်းသော်လည်း ကိုယ်တိုင်ကိုင်၍သာဆောင်းသည် သူတပါးမမိုးရ ရွာဝင်သည် ကာလ ကပတ်သိမ်း ကပတ်ကွင်းမတပ်ဘဲ သင်္ကန်းလက်လိပ် ဆင်စွယ်တင်မရုံဘဲ ဘိနပ်မချွတ်ဘဲ မည်သည်တွင်မှမဝင် ကျောင်းထက်ဝယ် မည်သည်တွင်မှ ဘိနပ်မစီး ရောင်းဝယ်ခြင်း ရွှေငွေခံခြင်း ရွှေငွေဆည်းပူးခြင်းမရှိ။

ငါတို့ဆရာ ရှင်သာရဓမ္မဘုရားလည်း ရောင်းမှုဝယ်မှုကို အားထုတ်၍ကြဉ် သည်တပည့် ရဟန်းတို့ ဖျင်နှင့်ပေ ကပ္ပိရ အဘိုးဆစ်မိ၍ ရသည့်ပေကိုစွန့်ရသည် စာရေးငှါးသည်ကာလ လက်ခကိုကပ္ပိယဝတ္ထုနှင့် ငှါးသည်ဖြစ်စေ အကပ္ပိယဝတ္ထုနှင့် ငှါးသည်ဖြစ်စေ လူကပ္ပိယတို့နှင့်သာ ပြော၍ ရေးငှါးရသည် ရဟန်းသာမ ဏေတို့ မပြောမဆိုရ နိုင်အောင်ကမြစ်သည် ငါတို့ဆရာ ရွှေကျောင်းဘုရား အောက်ကင်း ဘုရားကြီးတို့သည် သက်တော် ရှယ်တော်ရင့်အောင်ပင် တံဆိပ်ရ ဆရာဖြစ်လျက် သပိတ်ကို ကိုယ်တိုင်လွယ်၍ ဆွမ်းခံတော်မူသည် ဝိနည်းအကျင့် ၌ ကျစ်လစ်သေချာလှသည် အသွားအလာ ရှိသောအခါလည်း စမ္မခဏ်ကိုလွယ် ၍ ကြွတော်မူတတ်သည် နေလေရာ စာနှင့်နှုတ်မလွတ် ရောက်လာသူတို့ကိုလည်း တရားစကားသာ မိန့်တော်မူတတ်သည် နေပူ ထီးဆောင်းလေ့မရှိ မိုးရွာလည်း ထီးမိုးမခံ ငါတို့ဆရာ့ဆရာ ရှင်ဝရဓမ္မသည် ရရသမျှပစ္စည်းကို အတ္တသန္တကပြု တော်မမူ ကိုယ်သုံးဆောင် လောက်ရုံယူ၍ ကြွင်းသမျှကို သင်္ဃသန္တကသာ မှတ် တော်မူသည် တောင်လေးလုံး ဆရာတော်လည်း ရရသမျှ ပစ္စည်းကို အတ္တ သန္တက ပြုသည်မရှိ စွန့်ဘို့ချည်းသာ ပြုတော်မူသည်။

မင်းရွာဆရာတော်ဘုရားလည်း သပိတ်တလုံး သင်္ကန်းသုံးထည်မှတပါး စွန့် အပ်သောဝတ္ထုချည်းဟူ၏ ဆုံတားဆရာတော်ဘုရားသည် ပစ္စည်း၌ ဤကားငါ့ဘို့ ဤကားသူ့ဘို့ဟု ဝေဘန်ခြင်းမရှိ ရရသမျှသည် သူ့ဘို့ချည်းဟူ၏ မောင်း ထောင် ဆရာတော် မဲဇီးဆရာတော် ဘုရားတို့သည် မိမိသို့ ရောက်လာသမျှ ရဟန်းပရိသတ်တို့အား လက်ချည်း ပြန်စေမရှိ ပြုတော်မူတတ်သည် စာသင် တပည့်တို့ကို ထောက်ပံ့တတ်သည် ပေးကမ်းခြင်း၌လည်း မည်ဆန်းကာမဟုတ် လောက်လောက်လွှေလွှေ ပြုတတ်သောဟူ၏ မန်လည်ဆရာတော် ဘုရားကြီး

သည် ဝိနည်းသင်္ဂြိုဟ်ဟု ငါတို့ဆရာ ဆင်တဲဆရာတော် မိန့်ဘူးသည် သီလပညာလည်း လွန်သူမရှိမိန့်သည် ဝိနည်းသင်္ဂြိုဟ် စောင်လုံးနှုတ်တက်သည် ဝိနည်းအဆုံးအဖြတ် ဆရာနည်း ရလှသည် စကားအရာ၌လည်း သူ့ခွန်းပြန် မလှောက်ရအောင် မိန့်တော်မူသည်။

ရုံသင့် တင်သင့် အဆိုတွင် တရားမထုတ်နိုင်သည့် အတင် သင်္ဃာတော်တို့ကို ရုံစေ မင်းကေရာဇ် အမိန့်တော်ထုတ်သည် မရုံနေ၍ တရားကိုလည်း မထုတ်နိုင် အယူကိုလည်း မစွန့်နေရာသလော အတင်ဆရာ ဟူသမျှကို အကုန်လူဝတ်လဲစေ ဝန်ထောက် ရွှေတောင်က လဲရန်ပုဆိုးပေးစေ အာဏာတော် တည်းကွပ်ရာ အသည်ဝန်ရှင်တော် မင်းကြီးက တောင်ဘီလူးပုဂ္ဂိုလ် ငါးရွာပုဂ္ဂိုလ်တို့သည် အတင် ဖြစ်သော်လည်း ပုဂ္ဂိုလ်ထူးဖြစ်ပါသည် မဆင်းရဲပါစေနှင့် ဆရာတော်ဘုရားကြီးအား လျှောက်သည်ကို ငါမည်သူကိုမျှ မဆင်းရဲစေ မိန့်တော်မူသည် ရဟန်းမြင်တိုင်းလှူသည် ပစ္စည်းကိုလည်း စင်ကြယ်ခဲသည်ဟု လက်ခံတော်မမူ အလဇ္ဇီဟု သိသည် ရဟန်းတို့ရောက်လာသည့် နေရာကိုလည်း ရေဆေးတတ်သောဟူ၍ နေရာရေဆေးကို ဝိနည်းမလာ ဝိဋ္ဋချူဘဝတ္ထု၌သာ ကျွန်မသား နေရာဟုရေဆေးကြောင်းကိုလာသည် ဤလည်းလူ၌သာဖြစ်သည် ရဟန်းမှာ မဖြစ် ရေဆေး၍ သီလစင်ကြယ်သောအရာလည်းမရှိ အလဇ္ဇီဆိုက မချိုးမြှင့်အပ်နှိပ်သာ နှိပ်အပ်သည်ဟူရကား အလဇ္ဇီကို သို့စင်လဇ္ဇီပုဂ္ဂိုလ်တို့ ရှုံ့ရှာသည် လဇ္ဇီသဘောသို့ သက်ဝင်ပါစေ ပြုဟန်ရှိသည်ဟု ငါတို့ဆရာ ဆင်တဲဆရာတော်ဘုရား မိန့်ဘူးသည် ငါတို့ဆရာမင်္ဂလာဘုံကျော် ဆရာတော်ဘုရားလည်း တပည့်သာမဏေတို့ ခရီးဦးကြိုဆို လာသည်ကိုမျှလည်း ဥပဇ္ဈာယ်အင်္ဂါ ငါးပါးတွင် "အဘိဝိနယေ ဝိနေတုံ အဘိဓမ္မေ ဝိနေတုံ"အင်္ဂါခဲလှသည်ဟု မသာယာချေ ငါတို့ဆရာ ဆင်တဲဆရာတော်ဘုရားလည်း တပည့်ရဟန်း သူငါတို့ ခြေဆုပ်လက်နယ် ဝတ်ပြုဝင်သည်ကို အစဉ်ပင် သည်းခံတော်မူကြပါ တောင်းပန်တော်မူသည်။

ယခုအခါ တဝါရ နှစ်ဝါရမျှနှင့် ကျောင်းနေပြုကြသည် တပည့်တပန်းအများ မွေးကြသည် တပည့်ရဟန်း သာမဏေတို့ ဝတ်ကြီးဝတ်ငယ်ပြုသည်ကို သာယာကြသည် ဝိနည်းသိက္ခာပုဒ်၌ မသိမလိမ်မာဘဲ ငါဆယ်ဝါရပြီ အဝါနှစ်ဆယ်ရပြီဟု သူ့ကိုဥပဇ္ဈာယ်ပြု၍ သာမဏေပြုကြသည် ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံကြသည်

သာမဏေကို လိင်ပေးကြသည် ဥပဇ္ဈာယ် ယူစေကြသည်ကား မလိမ်မာ သစ်သီး မလိမ်မာသစ်ပွင့် မှားကြလေသည်သာ အဝါတရာပင် ပြည့်သော်လည်း ဝိနည်းသိက္ခာပုဒ်၌ မသိမလိမ်မာလျှင် သိလိမ်မာသည့် ဆရာနှင့်ကင်း၍ တည၌ တအရုဏ်မျှ မနေကောင်းချေ သူ့ကိုဥပဇ္ဈာယ်ပြု၍ သာမဏေ မပြုကောင်းချေ ပဥ္စင်းမခံကောင်းချေ လိင်ဒဏ်မပေးကောင်းချေ ထိုသူတို့ ဝတ်ကြီး ဝတ်ငယ် ပြုသည်ကို မသာယာကောင်းချေ ပရိသတ်မမွေးကောင်းချေ အချို့လည်း ဆယ်ဝါမရသေးလျှင် ဥပဇ္ဈာယ်မခံကောင်းဘဲနှင့် "အာစရိယော မေ ဘန္တေ ဟောဟိ"ဟု ဆိုစေ၍ သာမဏေပြုကုန်၏ သီလခံပြီးသည်၏ အဆုံး၌လည်း နေ့တိုင်းပင်ဆိုစေကုန်၏ ဤကား အလွန်မှားလေသည် မှားကြောင်းကား ယင်းသို့ဆိုစေခြင်းသည် "အာစရိယော မေ ဘန္တေ ဟောဟိ အာယသ္မတော နိဿာယ ဝစ္ဆာမိ"ဟု ဆိုစေ၍ နိသျှည်းယူသည်နှင့် တဝတည်း ဖြစ်သော ကြောင့်တည်း။

နိသျှည်းဆရာ ဥပဇ္ဈာယ်ဆရာတို့သည် အင်္ဂါငါးပါးနှင့်ပြည့်စုံမှ နိသျှည်း မြောက်သည် ဥပဇ္ဈာယ်မြောက်သည် အင်္ဂါငါးပါးနှင့် မပြည့်စုံလျှင် အဝါတရာ ပင်ရသော်လည်း မမြောက်ချေ အင်္ဂါငါးပါးတွင်"အဘိဝိနယေဝိနေတုံ အဘိဓမ္မေ ဝိနေတုံ"အင်္ဂါခဲလှသည် ဝိနယကိုဝိနယချင်း မရောမရှက်ရအောင် ဓမ္မကိုဓမ္မချင်း မရောမရှက်ရအောင် ဝိနယနှင့်ဓမ္မ မရောမရှက်ရအောင် ပြသနိုင်သည်သူမှ နိသျှည်းဆရာမြောက်သည် ဥပဇ္ဈာယ်ဆရာမြောက်သည် မြောက်သူမှ ပရိသတ် မွေးရသည် ဤအရာများကိုသိလိုလျှင် ဝိနည်းသင်္ဂြိုဟ်ပါဠိ ခုနစ်ကြောင်းဖြစ်လျှင် ဋ္ဌသံလျင်းချိပ် ဋ္ဌအင်္ဂါ ကျောတကြောင်းအောက် နိသျှည်းခဏ်းမှာကြည့်လေ။ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာထံ ရဟန်းသာမဏေ ပြုပါရစေ လျှောက်သည်ကို ငါ့မှာဘုရားရှင်သားတော် ရာဟုလာနှင့်ဖြစ်သည် လက်မခံဝံ့ ချေ ဆိုတော်မူကြောင်းကို ကျမ်းရှိချေသည် ထိုအကြောင်းကို ဘုရားအား လျှောက်လျှင် သင်ကဲ့သို့ကျမ်းဂန်ပွန်းတီးသူ စွမ်းနိုင်သူဖြစ်လျှင် မွေးလိုရာမွေးစေ ပညတ်တော်ရှိချေသည် နိသျှည်းဆရာ ဥပဇ္ဈာယ်ဆရာနှင့်ကင်း၍ ဝါမဆိုကောင်း ဝိနည်းတတ်ရဟန်း ပစ္ဆိမဝါကပ်မှီလာအံ့ဟု ပုရိမဝါကပ်မိသော ရဟန်းသည် မကပ်လာလျှင် ဆိုမိသည် ပုရိမဝါကိုဖျက်၍ ဝိနည်းတတ်ရဟန်းရှိရာမှာ ပစ္ဆိမဝါ

ကပ်ရမည် ဝါကပ်ပြီးပြီဟု ထိုမှာမနေလင့် ဘုရားပညတ်တော်ရှိချေသည် သည်များနှင့်ထောက်၍ ယခုအခါ သာသနာတော် ယုတ်လျော့သည်ကိုသိလေ။

သာသနာဟူသည် "ဝိနယော ဋ္ဌိတေ သာသနံ ဌိတံ"ဟု ကျမ်းဂန် လာသောကြောင့် ဝိနည်းတည်မှ သာသနာတည်သည် ဝိနည်းမတည်က သာသနာမတည်ချေ။ ဝိနည်းတည်ခြင်းမည်သည်လည်း လဇ္ဇီပုဂ္ဂိုလ် သန္တာန်၌တည်မှ သာသနာတည်သည် အလဇ္ဇီပုဂ္ဂိုလ် သန္တာန်၌တည်သော် သာသနာမတည် အဓိပ္ပါယ်ဖြောင့်ကား လဇ္ဇီပုဂ္ဂိုလ် ဝိနည်းတတ်သော် သာသနာတည်၏ အလဇ္ဇီပုဂ္ဂိုလ် ဝိနည်းတတ်သော်လည်း မကျင့်သောကြောင့်မတည် လဇ္ဇီပုဂ္ဂိုလ်ဖြစ်သော်လည်း ဝိနည်းမတတ်သော် သာသနာမတည် ထို့ကြောင့် သာသနာကို လဇ္ဇီဝိနည်းတတ်သာစောင့်လတံ့ဟူသည် လဇ္ဇီပုဂ္ဂိုလ်တို့၏ သဘောသည် အနည်းငယ်မျှသော အပြစ်ကိုပင် အပြစ်ကြီးဟု နှလုံးပိုက်သည်။ ထို့ကြောင့် တရံအခါ ငါတို့ဆရာ ဆင်တဲဆရာတော်ဘုရားသည် အောအန်၍ အန့်ကိုပယ်ခြင်းငှါ ဝါးလို၍ ကွမ်းရွက်တောင်းသည်ကို တပည့်မြတ်ယာ ထုံး ရှားစေး ကွမ်းသီး အစုံနှင့် ကပ်ရာ နေလှဲ့ပြီ မဟုတ်လော ကွမ်းရွက်ချည်း ပေးဟု မိန့်တော်မူသည်ကို မြင်လိုက် ကြားလိုက် ရဘူးသည်။

မန်လည်ဆရာတော်ဘုရားကြီးသည် ဝိနည်း၌ကျစ်လစ်လှသည် တရံအခါ တပည့်ရဟန်းတို့ ဝတ်နေလိုပါသည် လျှောက်သည်ကို အဘယ်သံဃာဒိသိသ်သည် သင့်ရိပ်ထင်သနည်းဟု မေးတော်မူသည်ကို ပဌမ သံဃာဒိသိသ် သင့်ရိပ် ထင်ပါသည်ဟု လျှောက်လျှင် နေလေလော့ မိန့်တော်မူသည် ထိုရဟန်း ငင်းနေသည်နောက်တနှစ် လျှောက်ပြန်သည်ကာလ သံဃာဒိသိသ် အာပတ် သဘောသည် ပြုလိုသောစိတ်ဖြင့် ပြုသော်သာရောက်သည် သတိသမ္မောသကြောင့် မရောက်ယမန်နှစ်ကပင် ရောက်ပြီးလျက် ယခုရောက်ပြန်သည် မစောင့် မဟုတ်လော ငါအသက်အရွယ်ကြီးပြီ ပရိဝတ်တကြိမ်မျှ မနေစဘူးဟု မိန့်ကြောင်းကို မဲမီးဆရာတော်မိန့်ဘူးသည် ယခုအခါ ဆောင်းလရောက်လျှင် စားပွဲ သောက်ပွဲ ခံ၍ ပကတတ်တဲကို အလယ်မှာထား၍ ဝတ်ပေါင်းကိုယ်စီနှင့် သူသိသူမြင် အထင်အရှား ဝတ်နေကြသည်ကား ပွဲကျောင်းပုဂ္ဂိုလ်တို့၏ အလေ့အကျက်ဟု မဲမီးဆရာမိန့်သည်။

ထိုပွဲကျောင်းဆရာတို့လက်ထက် ဝက်သုံးပါး တကာတို့၌ ထင်ရှားသော ဟူ၏ သုံးပါးကား ကထိန်ဝက် ဝတ်နေဝက် မင်္ဂလသုတ်ဝက်ဟု သုံးပါးတည်း ထိုတွင် ကထိန်ဝက်ကား ကထိန်လရောက်ခါ အရှင်ကောင်းတို့အား ကထိန် လှူသည် ကာလ သားပြွမ်းဆွမ်းလှူအံ့ဟု အသားပိုအောင် မွေးထားသောဝက် တည်း ဝတ်နေဝက်ကား ထို့အတူ ဝတ်နေခါ ဝတ်နေအရှင်မြတ်တို့အား လှူအံ့ဟု အသားပိုအောင်မွေးထားသော ဝက်တည်း မင်္ဂလသုတ်ဝက်ကား ထို့အတူ သား မင်္ဂလသုတ်တက်ခါ နတ်တင်၍ အရှင်ကောင်းတို့အား လှူအံ့ဟု အသားပိုအောင် မွေးထားသောဝက်တည်းဟု ပြောစဉ်လာည်းရှိပေသည်။ ထို့ကြောင့် ဤကဲ့သို့သော ဝတ်နေခြင်းကို မပြုအပ်ကုန် စူဠဝါပါဠိ အဋ္ဌကထာ ဝိနယသင်္ဂဟ အဋ္ဌကထာ တို့၌ လာသည်အတိုင်းသာ နေခြင်းကိုပြုကြကုန် မန်လည်ဆရာတော်ဘုရား ကြီးသည် ဒေသနာကိုလည်း နေ့တိုင်းကြားတော်မမူ အာပတ်ရိပ်ထင်မှ ဒေသနာ ခံပိမ့်သည့် ရဟန်းကိုခေါ်၍ ကြားတော်မူသည် ခံပိမ့်သည့်ရဟန်းလည်း ကိုယ် တော်ထံ ဒေသနာမကြားရ ကြားသည်ကိုလည်း ငါသာ အပြစ်ရှင်မှတ်သည် သူလည်းအပြစ်ရှင်ကို တပါးမှာကြားချေဦးဟု မိန့်တော်မူတတ်သည် ဤသို့ မိန့်တော်မူတတ်သောကြောင့် ဒေသနာခံခေါ်လာလျှင် ဒေသနာ ကြားပြီးမှ ဝင်ရသည်ဟု မဲမီးဆရာတော်မိန့်သည်။

အဋ္ဌကထာမှာ ဝတ္ထုတူ အာပတ်သို့ ရောက်လျှင် နေ့ခြင်းပြန်နိုင်သော ကျောင်းနေရဟန်းတို့ထံ ကုစေပြီးမှ ထိုရဟန်းထံ ကြားရမည်ဆိုသည်နှင့် လျော် လှပေသည် အလျင်ကြားသည့် ရဟန်းကို နှစ်ကြိမ်ကြားစေ၍ ကြားကြခြင်း သည်ကား ဤသို့ကြားခြင်းသည် ကောင်းသောကြားခြင်းပင်ဟူသော နောက် စကားနှင့်ကား လျော်၏ ဂရုမဖြစ်လွန်း မန်လည်ဆရာတော် ဘုရားကြီးသည် မုခရင်္ဂသိက္ခာပုဒ်ကို ရိုသေသောအားဖြင့် အချင်းခပ်သိမ်း ကွမ်းမစားဟု မုန်တော ဆရာတော်ဘုရားမိန့်ဘူးသည် မုခရင်္ဂဟူသည်ကား နှုတ်ခမ်းကို နီစေတတ်သော ဝတ္ထုဖြင့် နှုတ်ခမ်းကို ဆိုးသည်ကိုဆိုသည် ရဟန်းဖြစ်သူ နှုတ်ခမ်းကို မဆိုးအပ်ဟု ပယ်တော်မူချက် ဝိနည်းရှိချေသည် သတိရှိကြစေ ကိုယ်တော် အရှင်ကား မည် သို့ပါ လျှောက်သည်ကို ငါကား နေမလွဲမီစား၏ စားသော်လည်း နှုတ်ခမ်းကို မနီရအောင် ပုဝါကိုရေဆွတ်၍ တိုက်၍စားသည် မုန်တောဆရာတော် မိန့်သည်။

ဒုကုဋ်တင် ဂိုဏ်းဆရာတို့ နေလွဲကွမ်းစားသူ များသည် သက်န်းရုံဂိုဏ်းဆရာတို့ နေလွဲကွမ်းစားသူနည်းသည် ကွမ်းသည် ယာဝဇီဝကဝတ္ထု ဖြစ်သော်လည်းကာလမရွေး စားလိုရာမစားရချေ ရောဂါရှိလျှင် ထိုရောဂါကို ပယ်နိုင်သောယာဝဇီဝကဝတ္ထုကို ထိုရောဂါကိုပယ်ခြင်းငှါသာ့ကာလမရွေးစားအပ်သည် စားလိုရာ မစားအပ်ချေဟုလည်း မိန့်တော်မူသည်။ငါတို့ဆရာဘုရားကား နေလွဲလျှင်ကန့်ကူကိုမျှ သွားနှင့်မကိုက် မခြစ်ရချေ ရေနှင့်ဒန်ပူသည် ကာလိကဝိမုတ်ဖြစ်၍ကာလမရွေး အကြောင်း ရှိရှိ မရှိရှိ သုံးရသည် ထိုဒန်ပူမှတပါး ယာမကာလိကသည် မွတ်သိပ်ဆာလောင်ခြင်း ပိပါသပစ္စည်းရှိမှ နေလွဲအပ်သည် သတ္တာဟကာလိက ယာဝဇီဝကသည် ရောဂါဟူသော ဂေလညပစ္စည်းရှိမှ နေလွဲအပ်သည် ယာမကာလိကသည် ပိပါသပစ္စည်းကြောင့်ပင် အပ်လေတပြီး ဂေလညပစ္စည်းကြောင့်ကား ဆိုဘွယ်မရှိအပ်သည်သာ။

ထုံး, ရှားစေး, ကွမ်းသီး, အစုံရှိသည် ကွမ်းရွက်ဥလည်း အာဟာရကိစ္စပြီးသည် မပြီးသည်ကို သိခက်သည် လဘက်ရွက်ဥလည်း အရွက်ကျက်ရေကိုထား၍ ဟူသောကြောင့်သိခက်၏ ကြံတခုဥပင် အရည်မကပ် အဘတ်သက်သက်ကို ယာဝဇီဝက အရည်သက်သက်ကို ယာမကာလိက ချက်ပြီးတင်လဲကို သတ္တာဟကာလိက ကြံချောင်းကို ယာဝကာလိက ရသည်အရာလည်း ရှိချေသည်ဟုငါတို့ဆရာ ဆင်တဲဆရာတော်မိန့်သည်။ နေလွဲကွမ်းစားလိုသည့်ရဟန်းတို့ အစုံဖြစ်သောကွမ်းကို အာဟာရကိစ္စကို မပြီးစေနိုင်ယူကြသည် မစားလိုသည့်ရဟန်းတို့သိခက်သည်ယူကြသည် စား, မစား နှစ်ပါးတွင် မစားသည်သာ အသင့်ဟုမင်းအိုဆရာတော်မိန့်ကြောင်းကို ညောင်ကန်ရှင်မေဓာဝီ ပြောဘူးသည်။ လဘက်ရွက်ကို ယာဝဇီဝကဝတ္ထုဟု မန်လည်ဆရာတော်မိန့်ဘူးသည် ယာဝကာလိကဝတ္ထုဟု ရွှေတောင်ဆရာတော် မိန့်သည်ဟု ငါတို့ဆင်တဲဆရာတော် မိန့်သည်။ ပလောင်တောင်ရှိ လဘက်ရွက်သည် မြန်မာရပ် မဲဇလီရွက်နှင့် မထူးဟု ငါတို့ဆရာ ဆင်တဲဆရာတော် မိန့်ဘူးသည်။

အမရပုရမြို့တည် နန်းတည် မင်းတရားလက်ထက် ရဟန်းသာမဏေတို့ ရွာဝင်ကိုသက်န်းရုံ၍ ကပတ်သိမ်းကပတ်ကွင်းတပ်၍ ယပ်ထမ်း၍ ဝင်ရသည်ယင်းသို့မဝင်သူတို့ကို မဟာဒဏ်ဝန်ကဘမ်း၍ သာသနာပိုင်သို့ အပ်ရသည်သင့်လှပေသည်

ဝိနည်းတော်မှာ ယင်းသို့မဝင်သော ရဟန်းသာမဏေတို့အား အပြစ်ထားချက် ပါချေသည် ယခုအခါ ဆွမ်းစဉ် ပရိတ်ရွတ် အလှူခံသွားသည့် ကာလ၌သာ ယင်းသည့်အတိုင်းရုံသည် အလိုလိုဝင်သည်ကာလ ယင်းသည်အတိုင်း မရုံကြသည် ကားအလဇ္ဇီသာ ဆရာဥပဇ္ဈာယ်တို့ထံ ဝတ်ပြု စာသင် ဝင်သည်ကာလစသည်တို့၌ လည်း လကျာဘက်ပခုံးကိုဖေါ်၍ လက်ဝဲပခုံး၌ လက်လိပ်ဆင်စွယ်တင်ဝတ်သည် ကိုပြုကြရသည် ယင်းသည်နည်းသည် စူဠဂဏ္ဌိပဗ္ဗကျမ်း၌ လာသောကျမ်းတတ် ဆရာမြတ်တို့နည်းဖြစ်၍ သင့်လှပေသည် သုံးကြကုန် ယခုအခါ ဒုကုဋ်တင်၍ ဝတ်ပြုသောနည်းလည်း ကျမ်းတတ် ဆရာမြတ်တို့ နည်းဖြစ်၍သင့်လှပေသည် သုံးကြကုန်။

ကပတ်အိမ်ကိုလည်း ထောင့်၌သာတပ်ကြသည်ယင်းသည်နည်းလည်း အရှင် အာနန္ဒာရှာဝင်သည်ကာလ ကပတ်သိမ်းမတပ်မိ၍ လေခတ်သဖြင့် အထက်သို့ သင်္ကန်းစုရာတွင် ကပတ်သိမ်းတပ်စိမ့်သည်ကို ခွင့်ပြုတော်မူသည် အဋ္ဌကထာ၌ လည်းကပ္ပဗိန္ဒုကို ကပတ်သိမ်းအိမ်ပေါ်မှာပင် ထိုးမိသော်လည်း အပ်၏ဟူသော ကြောင့် ကပ္ပဗိန္ဒုကိုလည်း ထောင့်၌ သာထိုးအပ်သောကြောင့် ထောင့်မှတပါး အခြားမှာမထိုးအပ်သောကြောင့် သင့်လှပေသည်သုံးကြ.ကုန်။ ဝိနည်းတော်မှာ ကပတ်သိမ်းအိမ်ကိုအလျားအနားပတ်စွန်းမှာ တပ်ရမည်ပါသည် ခေါင်စပ်တဖက် တခုတပ်ခြင်းသည် အလျားအနားပတ်စွန်း ဖြစ်တော့သည် ခေါင်စပ်တဖက်တခု ၌လည်း ဆရာမြတ်တို့တပ်ကြသည် သစ္စကသုတ် အဋ္ဌကထာကိုထောက်၍လည်း ခေါင်စပ်တဖက်တခုမှာ တပ်ကြသည် ဤနည်းလည်း ကျမ်းတတ်ပုဂ္ဂိုလ်ကျော်တို့ နည်းပင်ဖြစ်သည် သုံးကြကုန်။ ထောင့်မှာတပ်သည်လည်း အလျားအနားပတ် စွန်းပင်ဖြစ်ပေသည် မမှား သုတ်မှာငါပုစ္ဆာမေး၍ ရှင်ဂေါတမ ချေးထွက်ပြီ သစ္စကပရိဗိုဇ်အကြံဖြစ်သည်ကို သိတော်မူ၍ ငါချေးမထွက်ဟု ရေမျိုတော်ကို စဉ်းငယ်လှစ်၍ ပြတော်မူသည် ရင်တော်လည်တော်၌ ကပတ်သိမ်းတပ်လျက်နှင့် ဖြစ်၍ မပြဟူသတဲ့။

သက္ကရာဇ် ၉၆၇ - မင်းဖြစ် အနောက်ဖက်လွန် မင်းတရားလက်ထက်သီဟိုဠ် ရောက်ဘုန်းတော်ကြီးဘုရားလည်း သိက္ခာပုဒ်ကိုရှိသေလှသည် တုရှင်းခြေတောင် မှာ တောရနေတော်မူသည် တရံခါ မင်းတရားကြီးလက်ထက်က လေးထပ်

(၈) ၂၀၅-၁၇

ကျောင်းတော်ကိုအပ်လှူလို၍ နန်းတော်မှာ ဆွမ်းဘုဉ်းပေးနှစ်ကြိမ်တိုင်ပင့်သည် ကိုမလာ သုံးကြိမ်တိုင်မြောက်ပင့်မှ မင်းကေရာဇ် ပင့်သည်ကို မလိုက်မနေသင့်ကြောင်းနှင့် တပည့်သံဃာတို့လျှောက်လျှင် သင်တို့လိုက်စေလို့မူ ငါလိုက်မည် ရဋ္ဌပါလနဆွမ်းကို မစားလို၍ ငါနေသည် မိန့်တော်မူသည်ကို ပင့်သူတမန်တို့က မဟာမြတ်မုနိ စေတီတော်နှင့် လေးထပ်ကျောင်းတော်အကြားကို ကြွအောင် ပင့်ခဲ့ရမည် ဗျာဒိတ်တော်တိုင်း ကြွတော်မူပါလျှောက်လျှင် လာမည်လမ်းမနှင့် ပင်ကိုမိန့်တော်မူသည် မိုးသောက်ကြွ၍ နန်းတော်သို့ ရောက်လျှင် ဆွမ်းဘုဉ်းပေးပြီးမှ တရားနာဆုံးတွင်ကျောင်းတော်ကို မြင်ခဲ့ပါ၏လော မင်းကေရာဇ်မေးတော်မူလျှင် သတိမမူခဲ့မိ မိန့်တော်မူသည် ကျောင်းတော်သည် မဟာမြတ်မုနိ စေတီတော်နှင့် အဘိမုခီဘူတ ဖြစ်၍ ရဟန်းကောင်းတို့နှင့် လျှောက်ပတ်သင့်လှသည် မင်းကေရာဇ်လျှောက်သည်ကို တောနေရဟန်းတို့အား ကျောင်းနှင့်မျှားလျှင် သမင်ကိုမြှားလှွင့်တင်သော လေးနှင့်ပြသကဲ့သို့ ရှိတော့မည်ဟု မိန့်တော်မူသည် ဆရာတော်ကို တကာတော်ကျောင်းနေ မဘိတ်ပါသေးဘူး မင်းကေရာဇ်လျှောက်လျှင် ဘိတ်သော်လည်း မနေဟု မင်းကေရာဇ်ကို မျက်နှာမငဲ့ တိုက်ရိုက်မိန့်တော်မူကြောင်းကို စာတမ်းရှိသည်။

ဤသို့လျှင် ရှေးဆရာမြတ်တို့သည် မင်းကေရာဇ် မျက်နှာကိုမျှမမြှော် သိက္ခာပုဒ်တော် စင်ကြောင်းကိုသာလှုံ့လပြု၍ မင်းဆရာမခံလို သာမညအဖြစ်ဖြင့်သာ အာဇီဝပါရိသုဒ္ဓိဖြစ်အောင် လပနသဘောမဖြစ်ရအောင် အားထုတ်တော်မူကြကုန်သည် ဤသို့လျှင် ရှေးဆရာမြတ်တို့သည် "ရာဇဝလ္လဘော ဗဟုဒေါသော ဗာဟိရကမ္မဝါသိဝါ" စသည်အဖြစ်ကို ဆင်ခြင်တော်မူ၍ မင်းဆရာဖြစ်ခြင်းငှါ အလိုမရှိ မင်းဆရာအဖြစ်သည် မင်းယောကျာ်းနှင့်မထူးဟု နှလုံးပိုက်သည် ရဟန်းဆိုက နိရောဓသမာပတ်ဝင်သောရဟန္တာပုဂ္ဂိုလ်ကဲ့သို့သာမတုန်မလှုပ် ကိုယ်ဣန္ဒြေ နှုတ်ဣန္ဒြေ အနေအထားသင့်အောင် ဖြစ်စေရာသည် ယောကျာ်းမိန်းမတို့အား မိန်းမနှင့်ပြောချေ ယောကျာ်းနှင့်ပြောချေ ကိုယ်ဂုဏ်ပေါ်အောင် မဖြစ်စေရာ။

ဆင်တဲ ဆရာတော် ဘုရားကြီးလည်း သီဟိုဠ်ရှင်ဓမ္မခန္ဓကို သိက္ခာထပ်မည် အင်းခရုသိမ်သို့ သွားသောအခါ ချောဆိုသူ ထီးမိုးမည်ရောက်သည်ကို ပယ်တော်မူသည် အမိုးခံတော်မမူ ဘုရားရှင်လက်ထက်လည်း ရဟန်းတို့ထီးကို မြှောက်၍

ဆောင်းလာသည်ကို လူနှစ်ဦး ပရိဗိုဇ်ဖြစ်သည် သာကီဝင်မင်းသား ဖြစ်သည် အငြင်းအခုံ လောင်းတမ်းပြုကြရာသည်တွင် သာကီဝင်မင်းသား ဖြစ်သည်ဆိုသူ မှန်၍ ပရိဗိုဇ်ဖြစ်သည်ဆိုသူရှုံး၍ ပရိဝုဏ်မှ တပါးအရပ်မှာ ဂိလာနမဟုတ်ဘဲ စီဝရဂုတ္တမဟုတ်ဘဲ ထီးဆောင်းကို ပယ်တော်မူသည်ဖြစ်လျက် ရိုးရှည်တပ်ထီးကို မိုးသူများနှင့်ပင် သွားကြသည် အချို့လည်း လှည်းယာဉ်စီး၍ အောက်က ရိုးပံ့ မိုးသူနှင့် သွားကြခြင်းများသည် ဆဗ္ဗဂ္ဂိသစ် ပေါ်ပြန်သည်ဟုသာ မှတ်အပ်သည် သတိရှိကြစေ ရဟန်းဆိုက ကိုယ်ဗ္ဗန္ဒြေ နှုတ်ဗ္ဗန္ဒြေ လွန်စွာစောင့်ရသည်။

ကိုယ်ဗ္ဗန္ဒြေမရှိသော ရဟန်းသည် ဖစ္စုပ္ပန် အကျိုးနည်း သံသရာအကျိုးနည်း ပစ္စုပ္ပန်အကျိုးနည်းကား မိမိ၏ ကိုယ်ဗ္ဗန္ဒြေကို မစောင့်ရှောက်ခြင်းကြောင့် ဖြစ်သော သူတပါးတို့၏ ကဲ့ရဲ့ကို ခံရခြင်းတည်း သံသရာအကျိုးနည်းကား မိမိ၏ ကိုယ်ဗ္ဗန္ဒြေကို မစောင့်ရှောက်ခြင်းကြောင့် ဖြစ်သော ကဲ့ရဲ့ဘွယ်ဖြစ်သော အရုပ် အရည်ရှိသည်၏အဖြစ်ကို ခံရခြင်းတည်း နှုတ်ဗ္ဗန္ဒြေ မရှိသောရဟန်းသည် ပစ္စုပ္ပန် အကျိုးနည်းသံသရာအကျိုးနည်း ပစ္စုပ္ပန်အကျိုးနည်းသည်ကားမိမိ၏နှုတ်ဗ္ဗန္ဒြေ ကို မစောင့်ရှောက်ခြင်းကြောင့်ဖြစ်သော သူတပါးတို့၏ မရိုသေခြင်းကို ခံရသည် သံသရာအကျိုးနည်းကား မိမိ၏ နှုတ်ဗ္ဗန္ဒြေကို မစောင့်ရှောက်ခြင်းကြောင့်ဖြစ် သော သူ့အစွပ်အစွဲကို ခံရသည် တရံခါ မန်လည်ဆရာတော် ဘုရားကြီးရှေ့ မဲခီး ဆရာတော်က ပြည်ပန်းရွှေဟင်းကို တပည့်တော်မကြိုက် ဆိုမိသည်တွင် နှုတ်ဗ္ဗန္ဒြေမရှိသော ရဟန်းသည် ပစ္စုပ္ပန်အကျိုးနည်း သံသရာအကျိုးနည်း ငါ ဤအာဟာရကို မကြိုက်ဟု ဆိုမိခြင်းကြောင့် ထိုအာဟာရမျိုးကို တကာတို့ မလှူလျှင် အလုပ်အကျွေး တပည့်တို့မျှ မစားရသည်ကား ပစ္စုပ္ပန်အကျိုးနည်း ငါ ဤအာဟာရမျိုးကို ကြိုက်သည်ဟု ဆိုမိခြင်းကြောင့် ရသော အာဟာရကို သုံးဆောင် စားသောက် ကြသည်ကား သံသရာအကျိုးနည်းဟု မန်လည်ဆရာ တော် ကျွန်ုပ်ကိုဆုံးမသည်ဟု မဲခီးဆရာတော် ပြောဘူးသည်။

ယခုအခါ ရှင်ပြုပရိတ်ရွတ်ရာ ပရိတ်အိုးဌစိုက်ထည့်သော မင်းကိုယ်ချည်ကို ရှေးဆရာမြတ်တို့ ပရိတ်အိုးကိုကိုင်၍ ပရိတ်ရွတ်ပြီး ရှင်ပြုမည်အခါမှ အချို့ ဆရာမြတ်တို့ ရှင်လောင်း၏လည်မှာစွပ်စေသည် အချို့ဆရာမြတ်တို့ ပရိသတ်ပတ် လည်ဝိုက်စေသည် ထုံးအစဉ်ရှိသည်ကိုဖျက်၍ပရိတ်မရွတ်မီကပင် ရှင်လောင်းတွင်

၍သာ ဝိုက်စေခြင်း ရှင်ပြုမည်သက်န်းတောင်းမှသာ လည်၌စွပ်စေခြင်းများကို စီရင်ခြင်း စမဲပွဲကို သပိတ်မှာသွတ်ဟု စီရင်ခြင်း ပရိသတ်လယ် လှူဘွယ်ဝတ္ထုများကို ခြားနားစီရင်ခြင်းစသည်သည် နှုတ်ဣန္ဒြေကို မစောင့်သည်မည်၏ ထိုပရိတ်ရွတ်ပြီးသောချည်ကို မင်းကိုယ်ချည်ခေါ်သည် အောင်ချည်လည်းဟူကြသည် မှန်ကူချည်လည်းဟူကြသည် ပရိတ်မရွတ်သေးချည်သည် မင်းကိုယ်ချည် အောင်ချည် မှန်ကူချည်မဟုတ်ဖြစ်၍ ပရိတ်မရွတ်မီ ချည်ဝိုက်မှုကို ပြုသည်ကားမသင့် မင်းကိုယ်ချည် အောင်ချည် မှန်ကူချည် ဝိုက်သား၍ရှင်ပြုလျှင် ရှင်လောင်း၏အန္တရာယ်ကို ထိုချည်ကွယ်သောဟူသည် ထိုကြောင့် သက္ကရာဇ် ၉၉၅-မင်းဖြစ်သာလွန်မင်းလက်ထက် မင်္ဂလာပရိတ်ရွတ်ရာပါသော မင်းကိုယ်ချည်ကို ပရိတ်ရွတ်ပြီးလျှင် မင်းကိုယ်ချည်ကို မင်းသားမင်းသမီးတို့ လည်မှာစွပ်ပါလေဟု လေးထပ်ဆရာတော်တပည့် ရဟန်းတဦး ပရိသတ်မျက်မှောက် ဆိုကြောင်းကို စာတမ်းရှိသည် ဤကား ဣန္ဒြေမဲ့ခြင်းကြောင့် အာဇီဝပါရိသုဒ္ဓိ မစင်ကြယ်ရာသည်၏ အဖြစ်ကိုပြသည်။

သပိတ်ကို ဆွမ်းသွတ်၍ စမဲပွဲ အခြားယိုရိုးရှိလျက် စမဲကိုသပိတ်မှာ သွတ်ပါလေဟု ဆိုခြင်းကြောင့် စမဲသွတ်လေဦးမည်ဟု ဆွမ်းကိုလျှော့လတံ့သည်ကား နှုတ်ဣန္ဒြေမဲ့ခြင်းကြောင့် ဆွမ်း၏နည်းခြင်းသည် ပစ္စုပ္ပန်အကျိုးနည်း ဝါစာစောပနကြိယာကို မှီ၍ဖြစ်သော အသပ္ပါယဌာနသည် သံသရာအကျိုးနည်း ဤနည်းများကိုထောက်၍ အလှူခံပုဂ္ဂိုလ်ပြိုပြို ယပ်ဖြင့်မျက်နှာကို ကွယ်၍သာနေရာသည် တပ်မှူးရွာဆောင်ကဲ့သို့ ထိုကိုစီရင်ချေ ဤကိုစီရင်ချေ မပြုပါလေနှင့် ရဟန်းဆိုက ရာဂခေါင်းပါးကြောင်း ကောင်းသောသမ္ပဓာန် တရားကိုသာဖြစ်စေရာသည် ရာဂ၏အလိုသို့မလိုက်ရာ ဒေါသခေါင်းပါးကြောင်း ကောင်းသောသမ္ပဓာန် တရားကိုသာ ဖြစ်စေရာသည် ဒေါသ၏အလိုသို့ မလိုက်ရာ မောဟခေါင်းပါးကြောင်း ကောင်းသော သမ္ပဓာန် တရားကိုသာ ဖြစ်စေရာသည် မောဟ၏အလိုသို့မလိုက်ရာ မာနခေါင်းပါးကြောင်း ကောင်းသော သမ္ပဓာန် တရားကိုသာ ဖြစ်စေရာသည် မာနအလိုသို့မလိုက်ရာ ဒိဋ္ဌိခေါင်းပါးကြောင်း ကောင်းသော သမ္ပဓာန် တရားကိုသာ ဖြစ်စေရာသည် ဒိဋ္ဌိ၏အလိုသို့ မလိုက်ရာ ဣဿာမစ္ဆရိယ ခေါင်းပါးကြောင်း ကောင်းသော သမ္ပဓာန် တရားကိုသာ

ဖြစ်စေရာသည် ဣဿာမစ္ဆရိယ၏ အလိုသို့မလိုက်ရာ ထိုတွင် တဏှာ-မာန-ဒိဋ္ဌိ-ဤတရား သုံးပါးသည် သံသရာကို ချဲ့တတ်ရကား ပပဉ္စမေ့ မည်၏ ထိုပပဉ္စတရား သုံးပါးကို နိုင်နင်းစွာ ကမြစ်ဆုံးမ၍ ပညတ်တော်၌ အသက်ကဲ့သို့ အလေးအမြတ် ပြုလျက် စင်ကြယ်သော အသက်မွေးခြင်းကိုသာ ဖြစ်စေရာသည်။

## ဥက္ကာစနာဒိ

ဤအမျိုးသည် ငါ့ကိုသာသိ၏ သူတပါးကိုမသိ ဤအမျိုး၌ လူဘွယ်ဝတ္ထုသည် အကယ်၍ရှိသည်ဖြစ်အံ့ ငါ့အားသာလျှင်လှူ၏ သူတပါးအားမလှူ ဤသို့ ချီးမြှောက်၍ ပြခြင်းသည် ဥက္ကာစနမည်၏ ထိုဥက္ကာစန ဟူသော အကြောင်းကြောင့်ရသော ပစ္စည်းကိုလည်းမသုံးဆောင်ရာ အလုံးစုံအဘို့အားဖြင့်အထပ်ထပ် ချီးမြှောက်၍ပြခြင်းသည် သမုက္ကာစနမည်၏ ထိုသမုက္ကာစနဟူသော အကြောင်းကြောင့် ရသောပစ္စည်းကိုလည်း မသုံးဆောင်ရာ ဟုတ်မှန်သည်အား လျောက်ပတ်သည်ကိုရင်း အတိုင်းအရှည်ဖြစ်သော စကားအား လျောက်ပတ်သည်ကိုရင်း နားချမ်းသာသော စကားအား လျောက်ပတ်သည်ကိုရင်း မဆိုမူ၍ အထပ်ထပ် ချစ်ဘွယ်ဆိုခြင်းသည် အနုပိယဘာဏိတာမည်၏ ထိုအနုပိယဘာဏိတာ ဟူသောအကြောင်းကြောင့် ရသောပစ္စည်းကိုလည်း မသုံးဆောင်ရာ မိမိကိုယ်ကို အောက်မှ အောက်မှ ကျွန်ုပ် ဗျာ စသည်ဖြင့်ထား၍ထား၍ နှိမ့်ချသောဖြစ်ခြင်း ရှိသည်၏အဖြစ်သည် စာတုကမျတာမည်၏။ ထိုစာတုကမျတာ ဟူသောအကြောင်းကြောင့် ရသောပစ္စည်းကိုလည်း မသုံးဆောင်ရာ ပဲနောက်တို့ကို ချက်ကုန်သည်ရှိသော် စိုးစဉ်းသော ပဲနောက်သည်သာမကျက် ကြွင်းသော ပဲနောက် တို့သည်ကား ကျက်ကုန်သကဲ့သို့ အကြင်ပုဂ္ဂိုလ်၏စကား၌ စိုးစဉ်း သောစကားသာမှန်၏ ကြွင်းသောစကားကားမမှန် ဤပုဂ္ဂိုလ်သည် ပဲနောက် ဟင်းနှင့်တူသော စကားရှိသည်အဖြစ်ကြောင့် မုဂ္ဂသူပျတာမည်၏ ထိုမုဂ္ဂသူပျတာ ဟူသော အကြောင်းကြောင့် ရသော ပစ္စည်းကိုလည်း မသုံးဆောင်ရာ။

## ပါရိဘဋ္ဋဒိ

အကြင်ရဟန်းသည် ရှာသူသားငယ်တို့ကို နို့ထိန်းကဲ့သို့ ရင်ခွင်ဖြင့်ရင်း ပခုံးဖြင့်ရင်း ဆောင်၏ ထိုရှာသူသားငယ်တို့ကို ထိန်းယသော ရဟန်းအမှု၏

အဖြစ်သည် ပါရိဘဋ္ဋျတာမည်၏ ထိုပါရိဘဋ္ဋျတာဟူသော အကြောင်းကြောင့် ရသော ပစ္စည်းကိုလည်း မသုံးဆောင်ရာ ဒါယကာတို့ ပစ္စည်းလှူခြင်း၌ အမှတ်ကို ဖြစ်စေတတ်သော အမှတ်မရှိသော ကာယကံ ဝစီကံသည် နိမိတ္တကမ္မမည်၏ ခဲဘွယ်ကိုယူ၍ သွားကုန်သောသူတို့ကို မြင်၍ အဘယ်နည်း ခဲဘွယ်ရခဲ့ကုန်သလော ဤသို့အစရှိသော နည်းဖြင့် မေးခြင်းသည် နိမိတ္တကမ္မ မည်၏။ ထိုနိမိတ္တကမ္မဟူသော အကြောင်းကြောင့်ရသောပစ္စည်းကိုလည်း မသုံးဆောင်ရာ ပစ္စည်းနှင့်စပ်သော စကားကိုဆိုခြင်း ရဟန်းတို့အား ပစ္စည်းရခဲ့သည်ဟု ဆိုခြင်းသည် ဩဘာသမည်၏ နွားငယ်ကို ကျောင်းကုန်သော သူငယ်တို့ကိုမြင်၍ အသို့နည်း ဤနွားငယ်တို့သည် နို့ရည်ကို သောက်ကုန်သလော ထိုသို့မဟုတ်မူကား ရက်တက်ကိုတည်း သောက်ကုန်သလောဟုမေး၍ အရှင်ဘုရား နို့ရည်ကို သောက်ကုန်သည်ဟု ဆိုလတ်သော် ဤနွားငယ်တို့သည် နို့ရည်ကိုအကယ်၍ သောက်ကုန်ငြားအံ့ ရဟန်းတို့သည်လည်း နို့ရည်ကိုရလျှင် သောက်ကုန်ရာ၏ ဤသို့အစရှိသော နည်းဖြင့် ထိုသူငယ်တို့၏ အမိအဘတို့အား ကြားသိစေ၍ နို့ရည်ကိုလှူစေခြင်း အစရှိသော အရိပ်အရောင်ပြုခြင်းသည် ဩဘာသကမ္မမည်၏ ထိုဩဘာသကမ္မဟူသော အကြောင်းကြောင့် ရသော ပစ္စည်းကိုလည်း မသုံးဆောင်ရာ။

## သာမန္တဇပ္ပ

ပစ္စည်းကို အနီးပြု၍ ဆိုခြင်းသည် သာမန္တဇပ္ပမ ည်၏ လှူအောင်ပစ္စည်းကို အနီးပြု၍ ရစ်ဝဲသည်ဟူလို ဤ၌ အိမ်သို့ကပ်တတ်သော ရဟန်းဝတ္ထုကိုဆိုအပ်၏။

ကြားရဘူးသည်ကား-တယောက်သော ကုလူပက ရဟန်းသည် ဆွမ်းစားလိုသည်ဖြစ်၍ အိမ်သို့ဝင်၍နေ၏ ထိုရဟန်းကိုမြင်၍ မလှူလိုသည်ဖြစ်၍ အိမ်ရှင်မသည် ဆန်မရှိဟုဆိုလျက် ဆန်ရှာလိုသကဲ့သို့ အိမ်နီးချင်းသို့ သွားလေ၏ ရဟန်းသည်လည်း တိုက်တွင်းသို့ဝင်၍ ကြည့်လတ်တော် တံခါးထောင့်၌ ကြံချောင်းကို အိုး၌တင်လဲကို ချင်းတောင်း၌ ဆားနယ်သော ငါးခြမ်းခွဲတို့ကို အိုးကြီး၌ဆန်တို့ကို အိုးငယ်၌ ထောပတ်တို့ကို မြင်၍ ထွက်ခဲ့၍ နေမြဲတိုင်းသော နေရာ၌ နိုရောဓသမာပတ်ဝင်စားသော ရဟန္တာပုဂ္ဂိုလ်ကဲ့သို့ မတုန် မလှုပ်နေ၏ အိမ်ရှင်မသည်လည်း ဆန်ရှာ၍ မရပါဟုဆို၍ လာ၏ ရဟန်းသည် တကာမ ယနေ့ဆွမ်း မပြည့်စုံလတ့်သည်ကို မဆွကပင်လျှင် နိမိတ်မြင်၏ဟု ဆို၏ အရှင်ဂေါ်င်း အသို့

မြင်သနည်းဟု ဆိုလတ်သော် တကာမ တံခါးထောင့်၌ထားသောကြံချောင်းကဲ့သို့ မြွေကိုမြင်၏ ထိုမြွေကို ပစ်ခတ်အံ့ဟု ကြည့်သည် ရှိသော် အိုး၌ထားသော တင်လဲခဲကဲ့သို့ ကျောက်ကိုမြင်၏ ခဲကျောက်ဖြင့်ခတ်သော် မြွေသည်ပြုအပ်သော ချင်းတောင်း၌ ထားအပ်သော ဆားနယ်သော ငါးခြမ်းခြောက်နှင့်တူသော ပါးပျဉ်းကို မြင်၏ အိုးကြီး၌ ဆန်နှင့်တူသော ထိုပစ်သော ခဲကျောက်ကို ကိုက်ခြင်းငှါအလို ရှိသော ထိုမြွေ၏အစွယ်ကိုမြင်၏ အိုးငယ်၌ထည့်သော ထောပတ်နှင့်တူသော အမျက်ထွက်သော ထိုမြွေ၏ ခံတွင်းမှထွက်သော အဆိပ်နှင့်တူသော တံထွေးကို မြင်၏ဟုဆို၏ ထိုအိမ်ရှင်မသည် ရဟန်းဦး၏ပြည်းကို လှည့်ပတ်ခြင်းငှါ မတတ်နိုင်ဟု ကြံချောင်းကိုယူ၍ ထမင်းချက်၍ ထောပတ် တင်လဲ ငါးတို့နှင့်တကွ အလုံးစုံကို လှူရလေ၏ ဤသို့ပစ္စည်းကို အနီးပြု၍ လှူအောင် စီရင်ခြင်းသည် သာမန္တဇပ္ပ မည်၏ ထိုသာမန္တဇပ္ပဟူသော အကြောင်းကြောင့် ရသောပစ္စည်းကိုလည်း မသုံး ဆောင်ရာ။

## ပရိကထာဒိ

အကြင်အခြင်းဖြင့် ဆိုသည်ရှိသော် ပစ္စည်းရ၏ ထိုအခြင်းဖြင့်ပြန်၍ ပြန်၍ဆို ခြင်းသည် ပရိကထာမည်၏ ထိုပရိကထာဟူသော အကြောင်းကြောင့် ရသော ပစ္စည်းကိုလည်း မသုံးဆောင်ရာ ငါဆဲရေးရေရွတ်သည်ရှိသော် လှူရာ၏ဟု နှလုံး ပိုက်၍ မလှူလိုသောသူတို့အား လှူအောင် ဆယ်ပါးကုန်သော အက္ကောသဝတ္ထု တို့ဖြင့် တကာတို့အား ဆဲရေးခြင်းသည် အက္ကောသနာမည်၏ မလှူလိုသောသူတို့ အား လှူအောင်နှိပ်စက်လွှမ်းမိုးရှုတ်ချ၍ ဆိုခြင်းသည် ဝမ္ဘနာမည်၏ မလှူသော သူတို့အား လှူအောင် မသဒ္ဓါ မကြည်ညို ဤသို့အစရှိသောနည်းဖြင့် အပြစ်တင် ခြင်းကဲ့ရဲ့ခြင်းသည် ဂရဟနာမည်၏ ထိုအက္ကောသနာ ဝမ္ဘနာ ဂရဟနာ-ဟူသော အကြောင်းကြောင့် ရသောပစ္စည်းကိုလည်း မသုံးဆောင်ရာ မလှူလိုသောသူကို ဤသူကို ဤအရာ၌ မဆိုလင့်ကုန်ဟု နှုတ်ဖြင့် ပစ်ပယ်ခြင်းသည် ဥက္ခေပနာမည်၏ အလုံးစုံ အဘို့အားဖြင့် ဝတ္ထုရှိသည်ကိုရင်း အကြောင်း ရှိသည်ကိုရင်း ပြု၍ ပစ်ပယ်ခြင်းသည် သမုက္ခေပနာမည်၏။ တနည်းကား— မလှူသူကိုမြင်၍ ဩော် အလှူရှင် ဤသို့ချီးမြှောက်၍ ဆိုခြင်းသည် ဥက္ခေပနာမည်၏ အလှူကြီးရှင် ဤသို့ ကောင်းစွာချီးမြှောက်၍ဆိုခြင်းသည် သမုက္ခေပနာမည်၏ လှူအောင်ချီးမြှောက်၍

ဆိုသည်ဟူလို ထိုဥက္ကေ္ခပနာ သမုက္ကေ္ခပနာဟူသောအကြောင်းကြောင့် ရသော ပစ္စည်းကိုလည်း မသုံးဆောင်ရာ။

## ဝိပနာဒိ

မလှူသောသူအား လှူအောင် ဤသူ၏ အသက်မွေးခြင်းသည် အဘယ်အကျိုး ရှိအံ့နည်း ဤသူသည် ပဋိသန္ဓေမျိုးစေ့အောင်ပြီ ဤသို့ ပျက်ရယ်ပြုခြင်းသည် ခိပနာမည်၏ ဤသူကို မလှူသောသူဟုအဘယ်ကြောင့်ဆိုကြသနည်း ဤသူသည် ခပ်သိမ်းသော ရဟန်းတို့အားလည်း မရှိပါဟူသောစကားကို အချင်းခပ်သိမ်းမဆို လှူပါပေသည်မဟုတ်လော ဤသို့ကောင်းစွာ ပြက်ရယ်ပြုခြင်းသည် သံခိပနာ မည်၏ ထိုခိပနာ သံခိပနာဟူသော အကြောင်းကြောင့် ရသော ပစ္စည်းကိုလည်း မသုံးဆောင်ရာ။ မလှူသောသူအားလှူအောင် မလှူသည်အဖြစ်သို့ ရောက်စေခြင်း ကျေးဇူးမဲ့သို့ ရောက်စေခြင်းသည် ပါပနာမည်၏ ခပ်သိမ်းသောအဘို့ဖြင့် မလှူ သည်၏အဖြစ်သို့ ရောက်စေခြင်း ကျေးဇူးမဲ့သို့ ရောက်စေခြင်းသည် သမ္ပာပနာ မည်၏ ထိုပါပနာ သမ္ပာပနာဟူသောအကြောင်းကြောင့် ရသောပစ္စည်းကိုလည်း မသုံးဆောင်ရာ။ ဤသို့ ကျေးဇူးမဲ့ကို ငါဆောင်သည်ရှိသော် ဤသူ ကျေးဇူးမဲ့အံ့ သည်မှ ကြောက်သောကြောင့် ငါ့အားလှူလတ္တံ့ဟု တအိမ်မှတအိမ်သို့ ကျေးဇူး မဲ့ကိုဆောင်ခြင်း တရွာမှတရွာသို့ ကျေးဇူးမဲ့ကို ဆောင်ခြင်း တခုသော ဇနပုဒ်မှ တခုသောဇနပုဒ်သို့ ကျေးဇူးမဲ့ကို ဆောင်ခြင်းသည် အဝဏ္ဏဟာရိတာမည်၏ ဤအဝဏ္ဏဟာရိတာ ဟူသောအကြောင်းကြောင့် ရသောပစ္စည်းကိုလည်း မသုံး ဆောင်ရာ။

## ပရပိဋ္ဌိမံသိက

မလှူသောသူအားလှူအောင် မျက်မှောက်၌ကား သာယာစွာဆို၍ မျက်ကွယ် ၌ ကျေးဇူးမဲ့ကိုဆိုသော ရဟန်း၏ အဖြစ်သည် ပရပိဋ္ဌိမံသိကတာမည်၏ ရှေ့တူရူ နေ၍ မဖဲဝံ့သော် နောက်ပြန်နေသောအခါ ကျောက်ကုန်းသားကို ဖဲ့၍စားသော သူကဲ့သို့ ရဟန်းဖြစ်သူလည်း ရှေ့တူရူ၌ ကျေးဇူးမဲ့ကို မဆိုဝံ့သော် မျက်ကွယ်၌ ကျေးဇူးမဲ့ကိုဆိုသောကြောင့် ထိုစကားကို ပရပိဋ္ဌိမံသိကတာမည်၏ဟု ဆိုအပ်၏ ဤပရပိဋ္ဌိမံသိကတာကြောင့် ရသောပစ္စည်းကိုလည်း မသုံးဆောင်ရာ အဖြောင့် မှာ မျက်မှောက်ချီးမွမ်း၍ မျက်ကွယ်ကဲ့ရဲ့တတ်သော ရဟန်းသည် စကား

လျှပ်ပေါ် လော်လည်သော ရဟန်းတည်း ထိုရဟန်း၏ စကားကြောင့် ရသော ပစ္စည်းကို ကိုယ်လည်းမသုံးဆောင်အပ် တပါးသောရဟန်းလည်း မသုံးဆောင် အပ် ဟူလို။

## နိပ္ပေသိကာဒိ

ဝါးခြမ်းစိတ်ဖြင့် ကိုယ်ကိုသုတ်သောဆီကို ချေဘိသကဲ့သို့ သူတပါး၏ သီလ သမာဓိ ပညာစသော ဂုဏ်ကျေးဇူးကို ချေတတ်သော ပုဂ္ဂိုလ်၏ စကားသည် နိပ္ပေသိကတာ မည်၏၊ တနည်းကား နံ့သာမျိုးကိုကြိတ်၍ အနံ့ကို ရှာသကဲ့သို့ သူတပါးတို့၏ သီလ သမာဓိ ပညာစသော ကျေးဇူးတို့ကို ချေ၍ လာဘ်ကို ရှာကြောင်းဖြစ်သော ပုဂ္ဂိုလ်၏စကားသည်လည်း နိပ္ပေသိကတာမည်၏၊နံ့သာကို မကြိတ်သော် နံ့သာမရ ကြိတ်မှသာရသကဲ့သို့ သူတပါးဂုဏ်ကျေးဇူးကို မချေ သော် ပစ္စည်းလာဘ်မရ သူတပါးဂုဏ်ကျေးဇူးကို ချေမှသာ ပစ္စည်းလာဘ်ရ၏ဟု နှလုံးပိုက်၍ မိမိအား ပစ္စည်းလာဘ်လာဘ လှူစေခြင်းငှါ ဆိုသော ရဟန်း၏ စကားသည် နိပ္ပေသိကတာမည်သည် ထိုနိပ္ပေသိကတာဟူသော အကြောင်း ကြောင့် ရသော ပစ္စည်းကိုလည်း မသုံးဆောင်ရာ။ ဤအိမ်မှရသော လာဘ်ကို ထိုအိမ်အားပေး၍ ဤအမျိုးမှရသောလာဘ်ကို ထိုအမျိုးအားပေး၍ ဤရွာမှ ရသောလာဘ်ကို ထိုရွာအားပေး၍ ဤနိဂုံးမှရသောလာဘ်ကို ထိုနိဂုံးအားပေး၍ ဤမြို့မှရသောလာဘ်ကို ထိုမြို့အားပေး၍ လာဘ်တပါးဖြင့် လာဘ်တပါးကို ရှာသောရဟန်း၏အဖြစ်သည် လာဘေန လာဘံ နိဇိဂီသနတာမည်၏၊ ထိုလာဘ် တပါးဖြင့် လာဘ်တပါးကို ရှာ၍ရသော ပစ္စည်းကိုလည်း မသုံးဆောင်ရာ။

## တိရစ္ဆာနကထာ

မင်ဖိုလ်မှ ဗီလာဖြစ်သော အင်္ဂါကြန် နိမိတ္တကြန် ဥပ္ပါတကြန် သုပိနကြန် လက္ခဏာကြန် မူသိကစ္ဆိန္နကြန် အဂ္ဂိဟောမကြန် ဒဗ္ဗိဟောမကြန် အစရှိသည်ကို ဟောပြော၍ရသော ပစ္စည်းကိုလည်း မသုံးဆောင်ရာ။ အင်္ဂါကြန်ဟူသည်ကား အင်္ဂါကြီးငယ်တို့နှင့်စပ်သော အတတ်တည်း။ နိမိတ္တကြန်ဟူသည်ကား မျက်စိ လှုပ်ခြင်း မောင်းလှုပ်ခြင်း စသည်နှင့် စပ်သော အတတ်တည်း။ ဥပ္ပါတကြန် ဟူသည်ကား ဥက္ကာပျံခြင်း အရပ်မျက်နှာလောင်ခြင်း မြေလှုပ်ခြင်း စသည်နှင့် စပ်သော အတတ်တည်း။ သုပိနကြန်ဟူသည်ကား အိပ်မက်နှင့်စပ်သောအတတ်

(၈) ၂၀၅-၁၈

တည်း။ လက္ခဏာကြန်ဟူသည်ကား ဣတ္ထိလက္ခဏာ ပုရိသလက္ခဏာ စသည်နှင့် စပ်သော အတတ်တည်း။ မူသိကစ္ဆိန္နကြန်ဟူသည်ကား ကြွက်ခဲသော အဝတ် စသည်ကို ဆိုသည်နှင့်စပ်သော အတတ်တည်း။ အဂ္ဂိဟောမကြန်ဟူသည်ကား မီးဖြင့်စီရင်ခြင်းနှင့် စပ်သော အတတ်တည်း။ ဒဗ္ဗိဟောမကြန် ဟူသည်ကား ယောက်မဖြင့်စီရင်ခြင်းနှင့်စပ်သော အတတ်တည်း။ ထို့ကြောင့် ရဟန်းဖြစ်သော သူသည် တကာတို့အားဇာတာဟောခြင်း ဂြိုဟ်စားသက်ရောက်ဟောခြင်း ဂြိုဟ် လည်ရာနံ့ကိုထိသည် လ်ကိုထိသည် စန်းကိုထိသည်ကို ဟောခြင်း မစ္ဆလက္ခဏာ ယဝလက္ခဏာ တုရိုဏ်တိုင်လက္ခဏာ စသည်ကို ဟောခြင်းကိုမပြုအပ် ဗေဒင်သင် ခြင်းစသော ဗာဟိရကမ္မကိုမပြုအပ် ရာဇကထာစသော သုံးဆဲ့နှစ်ပါးသော တိရစ္ဆာနကထာကို မပြောမဆိုအပ်။

တနည်းကား- ရာဇကထာစသော များသောအပြားရှိသောတိရစ္ဆာနကထာ ဖြစ်သော ကျမ်းကို မသင်မရွတ်မဘတ်အပ် ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်း ဋီကာသင်ခြင်းဟုဆိုအပ်သော အန္တကမ္မကိုသာ အားထုတ်ရာသည် အာဒိလပနာ စသည်ကို ပြုသောအမှုအားလျော်စွာ အာပတ်သင့်သည် ထိုအာဒိလပနာ စသည် ဟူသော အကြောင်းကြောင့်ရသော ပစ္စည်းကို သုံးဆောင်ခြင်းကြောင့်ကား အာဇီဝပါရိသုဒ္ဓိသီလပျက်သည်။ ဤသို့ပြခဲ့သော လဒ္ဒေါပဒေသကိုမှီ၍ ရဟန်း ပြုကျိုးနပ်အောင် အားထုတ်ကြပါကုန် သဒ္ဓမ္မသဝနကို အလွန်ရခဲလျက် ရပေ သည်ဟု နှလုံးပိုက်၍ မှတ်ကြကျင့်ကြကုန်။

အာဇီဝပါရိသုဒ္ဓိသီလံ နိဋ္ဌိတံ။

---

## ပစ္စယသန္နိဿိတသီလ

ပစ္စယသန္နိဿိတသီလ၌ ကုလဒူသက ဟူသောအကြောင်းကြောင့် ရသော ပစ္စည်း အနေသနဟူသော အကြောင်းကြောင့် ရသောပစ္စည်း အမှတ်မရှိသော ဘုရားမြတ်စွာသည် စက်ဆုပ်ရွံရှာတော်မူအပ်သော အကြောင်းကြောင့် ရသော ပစ္စည်းမှ တပါးသောတရားသဖြင့် ရသောပစ္စည်းကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်သော ရဟန်း၏သီလသည် ပစ္စယသန္နိဿိတသီလမည်၏။ ထိုတွင် တရားသဖြင့်ရသော သက်န်းပစ္စည်းကို—

# ပစ္စဝေက္ခဏာ

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဟိရိကောပီန ပဋိစ္ဆာဒနတ္ထံ။

ဟုဆင်ခြင်၍ သုံးဆောင်ရာသည်။ တရားသဖြင့်ရသောဆွမ်းပစ္စည်းကို—

ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ နေဝ ဒဝါယ နမဒါယ နမဏ္ဍနာယ နဝိဘူသနာယ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသု ပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ ဣတိပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ နဝဉ္စဝေဒနံ နဉ္ပါဒေဿာမိ ယာတြာစ မေ ဘဝိဿတိ အနဝဇ္ဇတာစ ဖာသုဝိဟာရောစ။

ဟုဆင်ခြင်၍ သုံးဆောင်ရာသည်။ တရားသဖြင့်ရသော ကျောင်းအိပ်ရာ နေရာ ဘေးရန်လွတ်ကြောင်းဖြစ်သော ပစ္စည်းကို—

ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿပဋိဃာတာယ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာနာရာမတ္ထံ။

ဟုဆင်ခြင်၍ သုံးဆောင်ရာသည် ဓာတ်ပို့လိုလ် လေးညှင်း အစရှိသည်ဖြင့် တော်ပြီးသောဆေး မတော်သေးသော ဆေးပစ္စည်းကို—

ပဋိသင်္ခါ ယောနိသော ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇ ပရမတာယ။

ဟု ဆင်ခြင်၍ သုံးဆောင်ရာသည်။

အနက်ကား။ အဟံ၊ ငါသည်။ ယောနိသော၊ အသင့် နှလုံးသွင်းသောအားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ယာဝဒေဝ၊ မှီဝဲရသောအကျိုးကား။ သီတဿ၊ အချမ်းကို။ ပဋိဃာတာယ၊ ဖျောက်ခြင်းငှါ။ ဥဏှဿ၊ အပူကို။ ပဋိဃာတာယ၊ ဖျောက်ခြင်းငှါ။ ဍံသမကသဝါတာတပသရီသပသမ္ဖဿာနံ၊ ခြင်,မှက်,လေ,နေပူ,တံလှပ်,မြွေကင်း

တို့၏ နှိပ်စက်ခြင်းတို့ကို။ ပဋိဃာတာယ၊ ဖျောက်ခြင်းငှါ။ ဟောတိ၊ ဖြစ်၏။ ယာဝဒေဝ၊ မှီဝဲသော အကျိုးကား။ ဟိရိကောပီနပဋိစ္ဆာဒနတ္ထံ၊ အရှက်ကို ဖြစ်စေတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်းငှါသာ။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့နှလုံးပိုက်၍။ ပဋိသေဝါမိ၊ မှီဝဲ၏။

သင်္ကန်းကို မှီဝဲခြင်းအကျိုးကား- အချမ်းကိုဖျောက်ခြင်း, အပူ၏ နှိပ်စက်ခြင်းကို ဖျောက်ခြင်း မှက်၏နှိပ်စက်ခြင်းကို ဖျောက်ခြင်း လေ၏နှိပ်စက်ခြင်းကို ဖျောက်ခြင်း နေ၏နှိပ်စက်ခြင်းကို ဖျောက်ခြင်း နေပူတံလှပ်၏ နှိပ်စက်ခြင်းကို ဖျောက်ခြင်း, မြွေကင်း၏ နှိပ်စက်ခြင်းကို ဖျောက်ခြင်း, ကျဉ်းမြောင်းသော အရပ်၌ အကြင်အကြင် အင်္ဂါပွင့်သည်ရှိသော် ရှက်ခြင်းသည်ဖြစ်၏။ ထိုထို အရှက်ကိုဖြစ်စေတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းစေခြင်းငှါသာ ဖြစ်၏ဟု နှလုံးပိုက်၍ ငါမှီဝဲသည်။ လှစေလို ယဉ်စေလို ကြွေ့စေလို တင့်တယ်စေလို၍ ငါမမှီဝဲဟု နှလုံးပိုက်ရသည် ပိုက်၍မှီဝဲရသည်။

အဟံ၊ ငါသည်။ ယောနိသော၊ အသင့်နှလုံးသွင်းသောအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ဆင်ခြင်၍။ ပိဏ္ဍပါတံ၊ဆွမ်းကို။ ပဋိသေဝါမိ၊ မှီဝဲ၏။ ဒဝါယ၊မြူးတူး ရွှင်ပခြင်းငှါ။ နေဝ၊မမှီဝဲ။ မဒါယ၊ မာန်ယစ်ခြင်းငှါ။ န၊မမှီဝဲ။ မဏ္ဍနာယ၊ ကိုယ်ကို တန်ဆာဆင်ခြင်းငှါ။ န၊ မမှီဝဲ။ ဝိဘူသနာယ၊ ကိုယ်သား ကိုယ်ရေပြေပြစ်စေ ခြင်းငှါ။ န၊ မမှီဝဲ။ ယာဝဒေဝ၊ မှီဝဲရသောအကျိုးကား။ ဣမဿကာယဿ၊ ဤကိုယ်ခန္ဓာ၏။ ဌိတိယာ၊ မြင့်စွာတည်ခြင်းငှါ။ ယာပနာယ၊ မျှခြင်းငှါ။ ဝိဟိံသုပရတိယာ၊ မွတ်သိပ်ဆာလောင်သည်ကို ဖျောက်ခြင်းငှါ။ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ သာသနာတော်ကိုချီးမြှင့် နိုင်ခြင်းငှါ။ ဣတိဣမိနာ၊ ဤဆွမ်းကို မှီဝဲသဖြင့်။ ပုရာဏဉ္စဝေဒနံ၊ အဟောင်းဖြစ်သော ဝေဒနာကိုလည်း။ ပဋိဟင်္ခါမိ၊ ဖျောက်အံ့။ နဝဉ္စဝေဒနံ၊ အသစ်ဖြစ်သော ဝေဒနာကိုလည်း။ နဉ္စုပ္ပါဒေဿာမိ၊ မဖြစ်စေအံ့။ ယာတြာစ၊ သွားလာ ရပ် ထိုင် လျောင်း နိုင်သည်လည်း။ မေ၊ ငါ့အား။ ဘဝိဿတိ၊ ဖြစ်လတ့ံ။ အနဝဇ္ဇတာစ၊ အပြစ်မရှိသော အဖြစ်သည်လည်း။ မေ ငါ့အား။ ဘဝိဿတိ၊ ဖြစ်လတ့ံ။ ဖာသုဝိဟာရောစ၊ ချမ်းသာစွာ နေရသည် လည်း။ မေ၊ငါ့အား။ ဘဝိဿတိ၊ ဖြစ်လတ့ံ။ ဣတိ၊ ဤသို့နှလုံးပိုက်၍။ ပဋိသေဝါမိ၊ မှီဝဲ၏။

ဆဋ္ဌမ်းကိုမှီဝဲခြင်း အကျိုးကား- ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းလေးပါးတို့ကြောင့်ဖြစ်သော ဤခန္ဓာကိုယ်၏ မြင့်ရှည်စွာတည်ခြင်းငှါ တနည်းကား မဟာဘုတ်လေးပါးလျှင် မှီရာရှိသော ဤရူပကာယ၏ ပဗန္ဓအားဖြင့် တည်ခြင်းငှါ ဖြစ်၏ အကြောင်းလေးပါးကြောင့် ဖြစ်သော နာမ်ရုပ်၏ မပြတ်စေခြင်းငှါ ခန္ဓာကိုယ်၏ မျှခြင်းငှါဖြစ်၏ မွတ်သိပ် ဆာလောင်သည်ကို ဖျောက်ခြင်းငှါ မွတ်သိပ်ခြင်းကို ကြဉ်ခြင်းငှါ ဖြစ်၏ မဂ်ဟူသော မြတ်သော အကျင့်ကို ချီးမြှင့်ခြင်းငှါ အလုံးစုံသော သာသနာတော်ကို ချီးမြှင့်ခြင်းငှါဖြစ်၏ ဤဆွမ်းကို မှီဝဲသဖြင့် အဟောင်းဖြစ်သော ငတ်မွတ်ခြင်း ဝေဒနာကိုလည်း ဖျောက်အံ့ အသစ်ဖြစ်သော ဝေဒနာကိုလည်း မဖြစ်စေအံ့ တနည်းကား အသပ္ပါယဘောဇဉ် အပရိမိတဘောဇဉ်ကို မှီဝဲ၍ဖြစ်သော အဟောင်းဖြစ်သော ဝေဒနာကိုလည်း ဖျောက်အံ့ အပရိမိတဘောဇဉ်ကြောင့်ဖြစ်သော အသစ်သောဝေဒနာလည်း မဖြစ်စေအံ့ ရပ်ခြင်းဣရိယာပုထ် သွားခြင်းဣရိယာပုထ် ထိုင်ခြင်းဣရိယာပုထ် လျောင်းခြင်းဣရိယာပုထ် တည်းဟူသော လေးပါးသော ဣရိယာပုထ်တို့ကို မျှခြင်းသည်လည်း ငါ့အားဖြစ်လတ့ံ ဝမ်းဘောခြင်း ဝမ်းရောင်ခြင်းစသော အပြစ်မရှိသော အဖြစ်သည်လည်း ငါ့အားဖြစ်လတ့ံ ဣရိယာပုထ်လေးပါး မျှသဖြင့် ချမ်းသာစွာနေရသည်လည်း ငါ့အားဖြစ်လတ့ံသည်ဖြစ်၏ ဤသို့သော အကျိုးကို နှလုံးပိုက်၍ ဆွမ်းကိုမှီဝဲ၏ ရွာသူရွာသားတို့ကဲ့သို့ မြူးတူးရွှင်ပခြင်း အကျိုးငှါမမှီဝဲ လက်ဝှေ့လက်ပမ်းသည်တို့ကဲ့သို့ ငါယောကျ်ားဟူသော မာန်ယစ်ခြင်းအကျိုးငှါ မမှီဝဲ နန်းတွင်းသူ ပြည့်တန်ဆာမတို့ကဲ့သို့ ကိုယ်ကို တန်ဆာဆင်ခြင်း အင်္ဂါကြီးငယ်တို့၏ ပျိုနု ဝစေလိုခြင်းငှါ မမှီဝဲ ကချေသမား ကချေသည် တို့ကဲ့သို့ အရည်အဆင်းကြည်လင်ခြင်း ကိုယ်သားကိုယ်ရေ ပြေပြစ်စေခြင်းငှါ မမှီဝဲဟု နှလုံးပိုက်ရာသည် ပိုက်၍မှီဝဲရာသည်။

အဟံ၊ ငါသည်။ ယောနိသော၊ အသင့်နှလုံးသွင်းသောအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ဆင်ခြင်၍။ သေနာသနံ၊အိပ်ရာနေရာကို။ ပဋိသေဝါမိ၊မှီဝဲ၏။ ယာဝဒေဝ၊ မှီဝဲရသောအကျိုးကား။ သီတဿ၊ အချမ်းကို။ ပဋိဃာတာယ၊ ဖျောက်ခြင်းငှါ။ ဥဏှဿ၊ အပူကို။ ပဋိဃာတာယ၊ ဖျောက်ခြင်းငှါ။ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ၊ ခြင်, မှက်, လေ, နေပူ, တံလျှပ်, မြွေကင်းတို့၏ နှိပ်စက်ခြင်းတို့ကို။ ပဋိဃာတာယ၊ ဖျောက်ခြင်းငှါ။ ဟောတိ၊ ဖြစ်၏။ ယာဝ

ဒေဝ၊ မှီဝဲရသောအကျိုးကား။ ဥတု ပရိဿယ ဝိနောဒန ပဋိသလ္လာနာရာ မတ္ထံ၊ ဥတု တည်းဟူသော ဘေးရန်ကို ပျောက်ခြင်း ကိန်းစက်ခြင်း မွေ့လျော်ခြင်း အကျိုးငှါသာ။ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့နှလုံးပိုက်၍။ ပဋိသေဝါမိ၊ မှီဝဲ၏။

အိပ်ရာနေရာဟု ဆိုအပ်သော ကျောင်းကို မှီဝဲရခြင်း အကျိုးကား-အချမ်းကို ပျောက်ခြင်း အပူကိုပျောက်ခြင်း ခြင်၏နှိပ်စက်ခြင်းကို ပျောက်ခြင်း မှက်၏ နှိပ်စက်ခြင်းကို ပျောက်ခြင်း လေ၏နှိပ်စက်ခြင်းကို ပျောက်ခြင်း နေပူ တံလျှပ်၏ နှိပ်စက်ခြင်းကို ပျောက်ခြင်း မြွေကင်း၏ နှိပ်စက်ခြင်းကို ပျောက်ခြင်း ဥတု တည်းဟူသော ဘေးရန် ထင်ရှားသော ဘေးရန် မထင်ရှားသော ဘေးရန်တို့ကို ပျောက်ခြင်း ကိန်းစက်ခြင်း မွေ့လျော်ခြင်း အကျိုးငှါသာလျှင်ဖြစ်၏ဟု နှလုံး ပိုက်၍ ငါမှီဝဲသည် လောကဿ တင့်တယ်ခြင်းစသော အကျိုးငှါ မမှီဝဲဟု နှလုံးပိုက် ရာသည် ပိုက်၍ မှီဝဲရာသည်။

အဟံ၊ ငါသည်။ ယောနိသော၊ အသင့်နှလုံးသွင်းသောအားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ဆင်ခြင်၍။ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ၊ အနာ၏ ဆန့်ကျင် ဘက်ဖြစ်သော ဆေး အဆောက်အဦကို။ ဝါ၊ အနာ၏ ဆန့်ကျင်ဘက် အသက် ၏ အရံအတားဖြစ်သော ဆေးကို။ ပဋိသေဝါမိ၊မှီဝဲ၏။ ယာဝဒေဝ၊ မှီဝဲရသော အကျိုးကား။ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ဝေယျာဗာဓိကာနံ၊နှိပ်စက်သော အား ဖြင့်ဖြစ်ခြင်းရှိကုန်သော။ဝေဒနာနံ၊ ဒုက္ခဝေဒနာတို့ကို။ တနည်းကား- ဝေယျာ ဗာဓိကာနံ၊ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ၊ ကာယိ ကဖြစ်သော ဝေဒနာ မာနသိကဖြစ်သော ဝေဒနာတို့ကို။ ပဋိဃာတာယ၊ ပျောက်ခြင်းငှါ။ အဗျာပဇ္ဇပရမတာယ၊ အနာ၏မရှိခြင်း အတိုင်းအရှည်ဖြစ်ခြင်း ငှါ။ တနည်းကား- အနာ၏မရှိခြင်းလျှင် လွန်စွာဖြစ်ခြင်းငှါ။ ဟောတိ၊၏။ ဣတိ၊ ဤသို့နှလုံးပိုက်၍။ ပဋိသေဝါမိ၊ မှီဝဲ၏။

အနာလွတ်ကြောင်း ဖြစ်သောဆေး အဆောက်အဦကို မှီဝဲရခြင်းအကျိုး ကား- ဖြစ်ကုန်ပြီးသော ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော ဒုက္ခ ဝေဒနာတို့ကို ပျောက်ခြင်းငှါ ကြောင့်ကြမရှိ ကြပတေ့အတိုင်း ဖြစ်ခြင်းငှါသာ လျှင်ဖြစ်၏ဟု နှလုံးပိုက်၍မှီဝဲသည် တဏှာပွားခြင်း ရာဂထန်ခြင်းစသော အကျိုးငှါ မမှီဝဲဟု နှလုံးပိုက်ရာသည် ပိုက်၍ မှီဝဲရာသည်။

# ပစ္စဝေက္ခဏာ အဆုံးအဖြတ်

ဤပစ္စဝေက္ခဏာ ဆင်ခြင်ရာ၌ မန်လည်ဆရာတော် ဘုရားကြီးကား ပဋိသန္ဓေ ယောနိသော စီဝရံ- အစရှိသော ပါဠိ၏အဓိပ္ပါယ်အရကိုသာ နှုလုံးသွင်း၍ဆင်ခြင်တော်မူသည် ပါဠိပုဒ်ပါဌ်ကို,မရွတ်ဟု တပည့်တော်ရင်း ရှင်ပဏ္ဍိတာရာမ ပြောဘူးသည် အချို့ဆရာမြတ်တို့ကား ပါဌ်ကိုသာ ရွတ်ခြင်းသည် ပစ္စဝေက္ခဏာမဖြစ် အနက်ကိုနှုလုံးပိုက်၍ရွတ်မှ ပစ္စဝေက္ခဏာဖြစ်သည်ဟုကုန်၏။ ငါတို့ကျေးဇူးရှင် ဆင်တဲဆရာတော်ဘုရားကား ပဥ္စင်းခံသည်ကာလ ဥတ်၏အနက် ကမ္မဝါ၏ အနက် အဓိပ္ပါယ်ကို ပဥ္စင်းလောင်းဖြစ်သူ ဥပဇ္ဈာယ်ဖြစ်သူ ကမ္မဝါဆရာဖြစ်သူ ဂိုဏ်းဆရာဖြစ်သူမသိ နှုလုံးမသွင်းမိသည် ရှိသော်လည်း ဥတ္တိသမ္ပတ္တိ အနုသာဝန သမ္ပတ္တိဖြစ်က ဥပသမ္ပဒကံ မြောက်လေသကဲ့သို့ ပစ္စဝေက္ခဏာလေးပုဒ်၏ အနက် အဓိပ္ပါယ်ကို နှုလုံးမသွင်းမိသော်လည်း ပစ္စဝေက္ခဏာ လေးပုဒ်၏ သဒ္ဒသမ္ပတ္တိ ဖြစ်လေက ပစ္စဝေက္ခဏာကိစ္စ ပြီးတော့သည် မိန့်သည်။ ငါတို့ကား ပဥ္စင်းခံရာ၌ သမ္မုတိကံဖြစ်၍ ဥတ်ကမ္မဝါစာ ပြည့်စုံလျှင် ကံမြောက်လေသည် ဤပစ္စဝေက္ခဏာအရာ၌ကား ဆင်ခြင်သည်ဟူက နှုလုံးသွင်းသည်ကိုသာ ဆိုသည်ဖြစ်၍ နှုလုံးမပိုက်ဘဲ ပဂုဏဝါစုဂ္ဂတ ဝစီဘေဒမျှဖြင့် ပစ္စဝေက္ခဏာဆင်ခြင်ခြင်းကိစ္စ မပြီး နှုလုံးသွင်း၍ ဆင်ခြင်မှသာ ပြီးသည်ဟု ထင်မိပေသည်။

ထိုစကားကို ငါတို့ရဟန်းပျိုက မင်းကြီးမဟာ သက်တော်ရှည်တိုက်မှာ စာသင်သည်ကာလ စာသင်ဘက် တကျိပ်နှစ်ယောက်တို့နှင့် အငြင်းအခုံရှိ၍ ခမေးလျှောက်သည်ကာလ ယူရိုးတွင်သာယူ အကြားနပေါက် စိတ်ရောက်ရာမယူ နှင့် နှုလုံးသွင်း၍ဆင်ခြင်မှ ပစ္စဝေက္ခဏာမြောက်လျှင် ပဥ္စင်းခံသည်ကာလလည်း နှုလုံးသွင်းမိမှ ပဥ္စင်းကံမြောက်သည် ယူရတော့မည် ယင်းသို့သော် ကိုယ်နေရာ မရှာပြီလော့ဟု ၎င်းဆရာတော်ဘုရားမိန့်ဘူးသည် ယုတ္တိရှိရာယူ ယုတ္တိသာပမာဏ စကားပမာဏ မဟုတ်ဟုသိလင့် ဝိသုဒ္ဓိမဂ်၌လည်း ပဋိသန္ဓေကို ပဋိသန္ဓါယဟု ပုဒ်ကိုပြင်သောအားဖြင့် ဘွင့်ပြီးလျှင် ထိုကြိယာ၏အရကိုလည်း ဥတွာဟု ဥတွာ၏အရကိုလည်း ပစ္စဝေက္ခိတွာတိအတ္ထောဟု အနက်ကြားဘွင့်ရကား ပဂု ဏာဂန္ထ၏အစွမ်းဖြင့် သတိမထင် ဉာဏ်မဝင် ပါဌ်ကိုသာရွတ်၍ သရဇ္ဈာယ်ခြင်းကို ပြုကြသည်ကား ပစ္စဝေက္ခဏာ အရာမရောက်ဟူ၍ သိရာသည် ငါတို့ဆရာကား

ပဋိသင်္ခါယကြိယာကို ပဋိသေဝါမိ ကြိယာတွင် စပ်တော်မူသည် ဂုဏ်းဆရာနည်း အတိုင်းပင် အနက်ရေးလိုက်သည်။

ပစ္စည်းလေးပါးတွင် သင်္ကန်း၏ အရကို"စီဝရန္တိ အန္တရဝါသကာဒီသု ယံကိဉ္စိ" ဟု ဝိသုဒ္ဓိမဂ်ဆိုရကား သင်းပိုင်စသော ဝိနည်းပါဠိ၌လာသော အမှတ်မရှိသော သင်္ကန်းဟူသမျှကို စီဝရဟုယူအပ်၏ ထိုယူအပ်သောစီဝရကို "စီဝရံ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံ" ဟူသောကြောင့် သုံးဆောင်တိုင်း သုံးဆောင်တိုင်း ပဋိသင်္ခါ ယောနိသော စီဝရံ စသည်ဖြင့် ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင် ရာသည်။

ဆွမ်း၏အရကို "ပိဏ္ဍပါတန္တိ ယံကိဉ္စိ အာဟာရံ"ဟု ဝိသုဒ္ဓိမဂ်၌ "ယံကိဉ္စိ အာဟာရန္တိ ခဇ္ဇဘောဇ္ဇာဒိဘေဒံ အာဟာရံ"ဟု ဂုဏ်းဋီကာ၌မိန့်ရကား ရေဒန်ပူမှ တပါး အာဟာရကိစ္စကို ပြီးစေနိုင်သော ယာဝကာလိကဖြစ်သော ခဲဘွယ် ဘောဇဉ် အစရှိသော အလုံးစုံသောဝတ္ထုကို ပိဏ္ဍပါတဟု ယူအပ်၏ ထိုယူအပ် သောပိဏ္ဍပါတကို "ပိဏ္ဍပါတော အာလောပေ အာလောပေ"ဟူသောကြောင့် လုပ်တိုင်းလုပ်တိုင်း ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ စသည်ဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ရာသည်။

ကျောင်း၏အရကို "သေနာသနန္တိ သေနဉ္စ အာသနဉ္စ ယတ္ထယတ္ထ ဟိ သေတိ ဝိဟာရေဝါ အဍ္ဍယောဂါဒိမှိဝါ တံသေနံ ယတ္ထယတ္ထ အာသတိ နိသီဒတိ တံအာသနံ" ဟု ဝိသုဒ္ဓိမဂ်၌ မိန့်ရကား နှစ်ဘက်အမိုးရှိသောကျောင်း တဘက် အမိုးရှိသောကျောင်း အစရှိသော အလုံးစုံသောကျောင်း ဟူသမျှကို သေနာ ပရိဘောဂ၏အဖြစ်ဖြင့် ထိုင်ခြင်း အိပ်ခြင်းကို ပြုအပ်သော သစ်ပင်ရင်း လှင်တီး ခေါင် စသော အိပ်ရာ နေရာဟူသမျှကို အာသနဟုယူအပ်၏ ထိုယူအပ်သော သေနာသနကို"ဌာနနိသဇ္ဇာဒိဝသေန နိဝါသာဓိပ္ပါယေ သတိ ပရိဘောဂေ ပစ္စဝေ က္ခိတဗ္ဗံ"ဟူသောကြောင့်လည်းကောင်း"သေနာသနံပိ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံ" ဟူသောကြောင့်လည်းကောင်း-ရပ်ခြင်း အစရှိသည်တို့၏ အစွမ်း အားဖြင့်သုံးဆောင်တိုင်း သုံးဆောင်တိုင်း ပဋိသင်္ခါယောနိသော သေနာသနံ စသည်ဖြင့်ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ရာသည်။

ဆေး၏အရကို "ယံကိဉ္စိ ဂိလာနဿ သပ္ပါယံ ဘိသက္ကကမ္မ တေလ မဓုဖာဏိ တာဒိ"ဟု ဝိသုဒ္ဓိမဂ်၌ မိန့်ရကား သူနာအားလျော်ကပ်သော အလုံးစုံသော ဆေးသမား၏ အမှုဖြစ်သော ဆီ-ပျား-တင်လဲ အစရှိသော ဝတ္ထုကို ဂိလာန ပစ္စယ ဘေသဇ္ဇပရိက္ခာရ ဟု ယူအပ်၏ ဤ၌ပရိက္ခာရသဒ္ဒါကို သမ္ဘာရအနက် ပရိဝါရအနက်ဟောဟု သိရာ၏ ပစ္စယကိုကား ပဋိပက္ခအနက်ယူရာ၏ ထိုယူအပ် သော ဂိလာနပစ္စည်းကို "ဘေသဇ္ဇဿ ပဋိဂ္ဂါဟကေပိ ပရိဘောဂေပိ သတိ ပစ္စယ တာဝ ဝဋ္ဋတိ" ဟူသောကြောင့် အကပ်ခံသောခဏ သုံးဆောင်သောခဏတို့၌ ပဋိသင်္ခါ ယောနိသော ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ စသည်ဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ရာသည် နေလွဲသည်ကာလ ဆေးကိုသုံးဆောင်မှု အကပ် ခံစဉ်ကာလ သုံးဆောင်စဉ်ကာလ ဆင်ခြင်အပ်၏ အကပ်ခံစဉ်ကာလ မဆင်ခြင် မိသော် သုံးဆောင်ဆဲကာလ ဆင်ခြင်အပ်၏ ကာလနှစ်ပါးလုံး မဆင်ခြင်မိသော် အာဟာရအကျိုးငှါ ခံသည်မည်သောကြောင့် ဝိကာလဘောဇန ဒုက္ကဋ်အာပတ် သင့်၏ ထို့ကြောင့် နေလွဲသည်ကာလ ဆေးပစ္စည်းကို သုံးဆောင်သော ရဟန်း သည် ကာလနှစ်ပါးလုံး မဆင်ခြင်မိသော် ပါတိမောက္ခသံဝရ သီလပျက်၏ သုံးဆောင်ပြီး၍ အရုဏ်မထင်မီကာလ မဆင်ခြင်မိလျှင် ပစ္စယသန္နိဿိတ သီလ ပျက်၏ အရုဏ်မတက်မီကာလ ဆင်ခြင်မိမူကား ပစ္စယသန္နိဿိတ သီလ မပျက် ပါတိမောက္ခ သံဝရ သီလသာပျက်သည် ကာလနှစ်ပါးတွင် တပါးပါး၌ ဆင်ခြင်မိ မူကား သီလနှစ်ပါးပင်မပျက် ကာလနှစ်ပါးတွင်လည်း အကပ်ခံစဉ်ကာလ မဆင်ခြင်မိခြင်းကြောင့် အာပတ်မသင့် သုံးဆောင်သည်ကာလ မဆင်ခြင်မိခြင်း ကြောင့်သာ အာပတ်သင့်သည် ထို့ကြောင့် နေလွဲပြီး ဆေးကို သုံးဆောင်လိုမူ ကာလနှစ်ပါးတွင် တပါးပါး၌ ဆင်ခြင်ပါလေ။

ဆေးဆိုက ရောဂါဟူသော အကြောင်းကြောင့်သာ သုံးဆောင်မြဲ ဖြစ်သည် ယင်းသို့လျက် အနာရောဂါမရှိဘဲ နေလွဲပြီး ကွမ်းစားကြသော ရဟန်းတို့သည် စားလို၍စားသည် ဖြစ်ရကား ဝိကာလဘောဇနဒုက္ကဋ် အာပတ်မလွတ်ဟုသိရာ၏ အနာရောဂါရှိ၍ပင် စားသော်လည်း ထိုကွမ်းသည် ထိုအနာကို ဖျောက်နိုင်သော သတ္တိရှိမူကား ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ ဟူသော ပစ္စဝေက္ခ ဏာနှင့်လျော်၏ ဖျောက်နိုင်သောသတ္တိမရှိမူ မလျော်ဖြစ်၍မသင့် ဓမ္မဝိလာသ

(၈) ၂၀၅-၁၉

ပုဂ္ဂိုလ်ကို ဓမ္မဓရပုဂ္ဂိုလ်က ငါရှင်နေလွှဲပြီး ဆေးငုံသည့် ရဟန်းများကို မြစ်ကြောင်းကို ကျွန်ုပ်ကြားသည်ဆိုလျှင် မြစ်ပေသည်ပြန်သည် ခံတွင်းမသန့်၍ သန့်ခြင်းငှါ ငုံသည်ကို မြစ်သင့်သလောပြန်ပြန်လျှင် ခံတွင်း၏ မသန့်ခြင်းသည် ဓာတုက္ခောဘကြောင့်ဖြစ်သလော သန္ဓေပါအနုဒကို ကုစားခြင်းငှါ တတ်ကောင်းသော ဆေးမရှိဟူလျှင် ယနေ့မှစ၍ အသက်ဆုံးသည်တိုင်အောင် နေလွှဲဆေးငုံကို ကျွန်ုပ်ပယ်တော့မည်ဟု ဓမ္မဓရ ဝန်ချကြောင်းကို မြင်းခြံ ရှင်အကံ့ရ ပြောဘူးသည်။

သက်နိုးနှင့် ကျောင်း ဆေးကို သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဆွမ်းကို လုပ်တိုင်း လုပ်တိုင်း ဆင်ခြင်မှ အပ်သလောဟူမူ "တထာ အသက္ကောန္တေန ယထာဝုတ္တကာလ ဝိသေသဝသေန ကေသ္မိံ ဒိဝသေ စတုက္ခတ္တုံ တိက္ခတ္တုံ ဒွိက္ခတ္တုံ သကိံ ယေဝဝါ ပစ္စဝေက္ခိတဗ္ဗံ"ဟု ဝိသုဒ္ဓိမဂ်ဋီကာ၌ မိန့်သောကြောင့် ထိုဆိုတိုင်း မတတ်နိုင်သော ရဟန်းသည် တနေ့လေးကြိမ် ဆင်ခြင်အပ်၏ လေးကြိမ် မတတ်နိုင်သော် သုံးကြိမ် သုံးကြိမ်မတတ်နိုင်သော် နှစ်ကြိမ် နှစ်ကြိမ် မတတ်နိုင်သော် တကြိမ် ဆင်ခြင်အပ်၏။ တနည်းကား-ထိုဆိုတိုင်း မတတ်နိုင်သော ရဟန်းသည် ပုရေဘတ် ပစ္ဆာဘတ် ပုရိမယာမ် မဇ္ဈိမယာမ် ပစ္ဆိမယာမ်တို့တွင် တခုခုသော အခါတို့၌ ဆင်ခြင်အပ်၏ သုံးဆောင်တိုင်း သုံးဆောင်တိုင်း လုပ်တိုင်း လုပ်တိုင်း ဟူသည်မှာ အနုရူပအားဖြင့်ဆိုသည် မတတ်နိုင်သော် လေးခေါက် သုံးခေါက် နှစ်ခေါက် တခေါက်မျှ ဆင်ခြင်သော်သင့်၏။ ထိုနေ့ အရုဏ်မတက်မီ တခေါက်မျှမဆင်ခြင်မိသော် ဣဏပရိဘောဂဖြစ်၏ သူ့မြီကြောင့် အစေခံ ကျွန်အရာနှင့် နေရသောသူသည် မြီကြောင့် မိမိလိုရာသို့ မသွားမလာရသကဲ့သို့ သီလရှိသော ရဟန်း၏လည်း တရားသဖြင့် ရသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်မိခြင်းကြောင့် သီလဖြူစင်သည်ကိုစွဲ၍ ရလတ့ံသော သဂ္ဂမောက္ခ အကျိုးကို မရနိုင် ထိုကြောင့် တရားသဖြင့် ရသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ရာသည်။

ကုလဒူသက အနေသန အကြောင်းတို့ကြောင့် ရသောပစ္စည်း ရောင်းခြင်း ဝယ်ခြင်း ကယဝိက္ကယကြောင့် ရသောပစ္စည်း ဝိညတ်မှု အင်္ဂိယပ်မှု စသည်တို့ကြောင့် ရသောပစ္စည်း ဘုရားစက်ဆုပ်တော် မူအပ်သော အကြောင်းတို့

ကြောင့် ရသောပစ္စည်း ဟူသမျှသည် ပစ္စဝေက္ခဏာ မထိုက်ဖြစ်၍ ဣဏပရိဘောဂ မဆိုသာပြီ ပြုတိုင်းပြုတိုင်း စားတိုင်းစားတိုင်း အပြစ်သာ ရောက်တော့သည် ဤပစ္စဝေက္ခဏာလေးပါးကို ဝိနည်းတော်မှာ မပညတ် သဗ္ဗာသဝ အစရှိသော သုတ္တန်ပါဠိတို့၌သာ ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ စသည်ဖြင့် ဟော တော်မူသည် ယင်းသို့ပဋိသေဝတိဟု ပစ္စုပ္ပန်ဝိဘတ် နာမယောဂဖြင့် ဟောတော် မူသော်လည်း ရဟန်းတို့ ဆင်ခြင်သည်ကာလ ပဋိသေဝါမိဟု အမှယောဂဖြင့် ဆင် ခြင်အပ်၏။ "သစေသ အပစ္စဝေက္ခိတော အရုဏော ဥဂ္ဂစ္ဆတိ ဣဏပရိဘောဂ ဋ္ဌာနေ တိဋ္ဌတိ" ။အပစ္စဝေက္ခိတော၊ ပစ္စဝေက္ခဏာမဆင်ခြင်သည်သာလျှင်ဖြစ် သော။ အသ၊ ထိုရဟန်းအား။ အရုဏော၊ သုံးဆောင်သောနေ့ နေအရုဏ် သည်။ သစေ ဥဂ္ဂစ္ဆတိ၊ အကယ်၍တက်အံ့။ ဣဏပရိဘောဂဋ္ဌာနေ၊ သူ့မြီကို ယူ၍ စားသောအရာ၌။ တိဋ္ဌတိ၊ တည်၏။

ဟူသောကြောင့် သုံးဆောင်သော ကာလမှစ၍ ထိုနေ့နေအရုဏ်မတက်မီ ကာလသာ ပစ္စဝေစ္စဏာခေတ်ရှိ၏ ထိုနေ့မှ အတိတ်ဖြစ်သောနေ့ အနာဂတ် ဖြစ်သောနေ့တို့၌ ပစ္စဝေက္ခဏာခေတ် မရှိသည်ဖြစ်၍ ထိုအရုဏ်မတက်မီ အတွင်း ၌သာ ပဋိသေဝါမိဟု ပစ္စုပ္ပန်ဝိဘတ်ဖြင့်ပင် ဆင်ခြင်ရာသည် သုံးဆောင်သည်မှ ရှေ့တရက်ကတင်၍ ဆင်ခြင်နှင့်ခြင်း သုံးဆောင်သည်မှပြီး၍ နောက်တရက်သို့ ရောက်မှ ဆင်ခြင်ခြင်းကိုကား မပြုအပ် ယင်းသို့ဆင်ခြင်လျှင် အနာဂတ်ဝိဘတ် အတိတ်ဝိဘတ်ဖြင့်ပင် ဆင်ခြင်သော်လည်း ဣဏပရိဘောဂ မလွတ်ဟုသိလေ။

## ပဋိကူလသညာ

သီလစင်ကြယ်ခြင်း၌သာငဲ့လေ့ရှိသောရဟန်းသည် ပစ္စည်းကိုမသုံးဆောင်မီ သုံးဆောင်ခါနီး ကာလတို့၌ ပဋိကူလသညာအားဖြင့်လည်း သုံးဆောင်ပိမ့်သော ဝတ္ထုကို စိမ့်စိမ့်ရှု၍ ဤသို့ဆင်ခြင်ရာသည်။

ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ ဣမံ စီဝရံ အဇိဂုစ္ဆနီယံ
ဣမံ ပူတိ ကာယံ ပတွာပန အတိဝိယ ဇိဂုစ္ဆနီယံ ပါပုဏိဿတိ။

ဟု ရွတ်ဆင်ခြင်ပြီးမှ သင်္ကန်းကိုဝတ်အပ်၏။ ဣမံစီဝရံ၊ ဤသင်္ကန်းသည်။ ဝဏ္ဏဂန္ဓရသမ္ပန္နံ၊ အဆင်း အနံ့ အရသာနှင့် ပြည့်စုံ၏။ အဇိဂုစ္ဆနီယံ၊ စက်ဆုပ်

ရှုံ့ရှာဘွယ်မရှိ။ ပူတိ၊ ပုပ်ခြင်းသဘောရှိသော။ ဣမံကာယံ၊ ဤခန္ဓာကိုယ်သို့။ ပတ္တာပန၊ရောက်၍ကား။အတိဝိယ၊ အလွန်လျှင်။ ဇိဂုစ္ဆနီယံ၊ စက်ဆုပ်ရှုံ့ရှာဘွယ်ရှိသည်၏အဖြစ်သို့။ ပါပုဏာတိ၊ ရောက်လတ့်။

ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ ဣမံ ပိဏ္ဍပါတံ အဇိဂုစ္ဆနီယံ
ဣမံ ပူတိ ကာယံ ပတ္တာ ပနအတိဝိယ ဇိဂုစ္ဆနီယံ ပါပုဏာတိ။

ဟု ရွတ်ဆင်ခြင်ပြီးမှ ဆွမ်းကိုဘုဥ်းပေးအပ်၏။ ဣမံပိဏ္ဍပါတံ။ ဤဆွမ်းသည်။ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ၊အဆင်း အနံ့ အရသာနှင့် ပြည့်စုံ၏။ အဇိဂုစ္ဆနီယံ၊ စက်ဆုပ်ရှုံ့ရှာဘွယ်မရှိ။ ပူတိ၊ ပုပ်ခြင်း သဘောရှိသော။ ဣမံကာယံ။ ဤကိုယ်ခန္ဓာသို့။ ပတ္တာပန၊ ရောက်၍ကား။ အတိဝိယ၊ အလွန်လျှင်။ ဇိဂုစ္ဆနီယံ၊ စက်ဆုပ်ရှုံ့ရှာဘွယ် ရှိသည်၏အဖြစ်သို့။ ပါပုဏာတိ၊ ရောက်လတ့်။

ဝဏ္ဏာဒိဂုဏသမ္ပန္နံ ဣမံ သေနာသနံ အဇိဂုစ္ဆနီယံ ဣမံ ပူတိ ကာယံ
ဖုသိတ္ဝာ ပန ပရိဘောဂေန အတိဝိယ ဇိဂုစ္ဆနီယံ ပါပုဏာတိ။

ဟု ရွတ်ဆင်ခြင်ပြီးမှ ကျောင်းဥ္ဒအိပ်ခြင်း နေခြင်းကိုပြုအပ်၏။ ဣမံသေနာသနံ၊ ဤကျောင်းသည်။ ဝဏ္ဏာဒိဂုဏသမ္ပန္နံ၊ အဆင်းအစရှိသော ဂုဏ်ဝိသေသနှင့် ပြည့်စုံ၏။ အဇိဂုစ္ဆနီယံ၊ စက်ဆုပ်ရှုံ့ရှာဘွယ်မရှိ။ပူတိ၊ ပုပ်ခြင်းသဘောရှိသော။ ဣမံကာယံ-ဣမိနာကာယေန၊ ဤခန္ဓာကိုယ်ဖြင့်။ ဖုသိတ္ဝာ၊ ထိ၍။ ပရိဘောဂေန ပန၊ သုံးဆောင်ခြင်းကြောင့်ကား။ အတိဝိယ၊ အလွန်လျှင်။ ဇိဂုစ္ဆနီယံ၊ စက်ဆုပ်ရှုံ့ရှာဘွယ် ရှိသည်၏အဖြစ်သို့။ ပါပုဏာတိ၊ ရောက်လတ့်။

ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နံ ဣမံ ဂိလာနပစ္စယဘေဇ္ဇပရိက္ခာရံ အဇိဂုစ္ဆနီယံ
ဣမံ ပူတိ ကာယံ ပတ္တာပန အတိဝိယ ဇိဂုစ္ဆနီယံ ပါပုဏာတိ။

ဟု ရွတ်ဆင်ခြင်ပြီးမှ ဆေးကိုသုံးဆောင်အပ်၏။ ဣမံ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ၊ အနာ၏ဆန့်ကျင်ဘက် အသက်၏အခြံအရံဖြစ်သော ဤဆေးသည်။ဝဏ္ဏဂန္ဓရသသမ္ပန္နံ၊ အဆင်းအနံ့အရသာနှင့် ပြည့်စုံ၏။ အဇိဂုစ္ဆနီယံ၊ စက်ဆုပ် ရှုံ့ရှာဘွယ်မရှိ။ ပူတိ၊ ပုပ်ခြင်းသဘောရှိသော။ ဣမံကာယံ၊ဤခန္ဓကိုယ်သို့။ ပတ္တာပန၊ ရောက်၍ကား။ အတိဝိယ၊ အလွန်လျှင်။ ဇိဂုစ္ဆနီယံ၊ စက်ဆုပ်ရှုံ့ရှာဘွယ်ရှိသည်၏ အဖြစ်သို့။ ပါပုဏာတိ၊ ရောက်လတ့်။ ဤကား ပဋိကူလ သညာဖြင့် ဆင်ခြင်ရသော အစီအရင် ဖြစ်သည်။

## ခေတုမတ္တကသညာ

ခေတုမတ္တကသညာဖြင့်လည်း ဆင်ခြင်ရာသည်ကား—

ခေတုမတ္တကံ ယဒိဒံ စီဝရံ တထူပမံ ပရိဘုတ္တော
ပုဂ္ဂလော ခေတုမတ္တကမေဝ။

ယဒိဒံ ယံ ဣဒံ စီဝရံ၊ အကြင်သင်္ကန်းသည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ တံ ဣဒံ စီဝရံ၊ ထိုသင်္ကန်းသည်။ ခေတုမတ္တကံ၊ ခေတ်လေးပါး အပေါင်းမျှသာဖြစ်၏။ တထူပမံ၊ ထိုသင်္ကန်းလျှင်ဥပမာရှိသော။ ပရိဘုတ္တော၊သင်္ကန်းကိုပရဘုတ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ဖြစ်သောငါသည်လည်း။ ခေတုမတ္တကမေဝ၊ ခေတ်လေးပါး အပေါင်းမျှသာလျှင်တည်း။ ဤသင်္ကန်းသည် ခေတ်လေးပါး အပေါင်းမျှသာ ဤသင်္ကန်းကို သုံးဆောင်သော ငါသည်လည်း ခေတ်လေးပါး အပေါင်းမျှသာ ခေတ်လေးပါး အပေါင်းမျှသာဖြစ်သော ငါ၏ကိုယ်ကို ခေတ်လေးပါး အပေါင်းမျှသာဖြစ်သော ဤသင်္ကန်းဖြင့် ဖုံးလွှမ်းပေသည်ဟု နှလုံးပိုက်၍ ဆင်ခြင်၍ သင်္ကန်းကို ဝတ်ရာသည်။

ခေတုမတ္တကံ ယဒိဒံ ပိဏ္ဍပါတံ တထူပမံ ပရိဘုတ္တော
ပုဂ္ဂလော ခေတုမတ္တကမေဝ။

ယဒိဒံ ယံ ဣဒံ ပိဏ္ဍပါတံ၊ အကြင်ဆွမ်းသည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ တံ ဣဒံ ပိဏ္ဍပါတံ၊ ထိုဆွမ်းသည်။ ခေတုမတ္တကံ၊ ခေတ်လေးပါး အပေါင်းမျှသာဖြစ်၏။ တထူပမံ၊ ထိုဆွမ်းလျှင်ဥပမာရှိသော။ ပရိဘုတ္တော၊ ဆွမ်းကို ပရဘုတ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ဖြစ်သော ငါသည်လည်း။ ခေတုမတ္တကမေဝ၊ ခေတ်လေးပါး အပေါင်းမျှသာလျှင်တည်း။ ဤဆွမ်းသည် ခေတ်လေးပါး အပေါင်းမျှသာ ဤဆွမ်းကို သုံးဆောင်သော ငါသည်လည်း ခေတ်လေးပါး အပေါင်းမျှသာ ခေတ်လေးပါး အပေါင်းမျှသာဖြစ်သော ငါ၏ကိုယ်သည် ခေတ်လေးပါး အပေါင်းမျှသာဖြစ်သော ဤဆွမ်းဖြင့် ကာလမြင့်ရှည် တည်ပေသည်ဟု နှလုံးပိုက်၍ ဆင်ခြင်၍ ဆွမ်းကို ဘုဉ်းပေးရာသည်။

ခေတုမတ္တကံ ယဒိဒံ သေနာသနံ တထူပမံ ပရိဘုတ္တော
ပုဂ္ဂလော ခေတုမတ္တကမေဝ။

ယဒိဒံ ယံ ဣဒံသေနာသနံ၊ အကြင်ကျောင်းသည်။အတ္ထိ၊ရှိ၏။တဒိဒံ တံ ဣဒံ သေနာသနံ၊ ထိုကျောင်းသည်။ ဓာတုမတ္တကံ၊ ဓာတ်လေးပါးအပေါင်းမျှသာ ဖြစ်၏။ တထူပမံ၊ ထိုကျောင်းလျှင် ဥပမာရှိသော။ ပရိဘုတ္တော၊ ကျောင်းကို ပရိဘုတ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ဖြစ်သောငါသည်လည်း။ ဓာတုမတ္တကမေဝ၊ ဓာတ်လေးပါး အပေါင်းမျှသာလျှင်တည်း။ ဤကျောင်းသည် ဓာတ်လေးပါး အပေါင်းမျှသာ ဤကျောင်းကို သုံးဆောင်သော ငါသည်လည်း ဓာတ်လေးပါး အပေါင်းမျှသာ ဓာတ်လေးပါး အပေါင်းမျှသာဖြစ်သောငါ၏ကိုယ်ကို ဓာတ်လေး ပါး အပေါင်းမျှသာဖြစ်သော ဤကျောင်းဖြင့် ဖုံးလွှမ်းပေသည်ဟု နှလုံးပိုက်၍ ဆင်ခြင်၍ ကျောင်းကို သုံးဆောင်ရာသည်။

ဓာတုမတ္တကံ ယဒိဒံ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ တထူပမံ
ပရိဘုတ္တော ပုဂ္ဂလော ဓာတုမတ္တကမေဝ။

ယဒိဒံ ယံ ဣဒံ ဂိလာန ပစ္စယဘေသဇ္ဇပရိက္ခာရံ၊ အကြင်အနာ၏ ဆန့်ကျင်ဘက် အသက်၏အခြံအရံဖြစ်သောဆေးသည်။ အတ္ထိ၊ ရှိ၏။ တဒိဒံ တံ ဣဒံ ဂိလာန ပစ္စယဘေသဇ္ဇပရိက္ခာရံ၊ ထိုအနာ၏ ဆန့်ကျင်ဘက် အသက်၏အခြံအရံ ဖြစ်သောဆေးသည်။ ဓာတုမတ္တကံ၊ ဓာတ်လေးပါး အပေါင်းမျှသာ ဖြစ်၏။ တထူပမံ၊ ထိုဆေးလျှင် ဥပမာရှိသော။ ပရိဘုတ္တော၊ ဆေးကိုပရိဘုတ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ဖြစ်သောငါသည်လည်း။ ဓာတုမတ္တကမေဝ၊ ဓာတ်လေးပါး အပေါင်းမျှသာလျှင်တည်း။ ဤဂိလာန ပစ္စည်းဖြစ်သော ဆေးသည် ဓာတ်လေး ပါး အပေါင်းမျှသာ ဤဂိလာနဖြစ်သောဆေးကို သုံးဆောင်သောငါသည် လည်း ဓာတ်လေးပါး အပေါင်းမျှသာ ဓာတ်လေးပါး အပေါင်းမျှသာဖြစ်သော ငါ၏ ကိုယ်သည် ဓာတ်လေးပါး အပေါင်းမျှသာဖြစ်သော ဤဆေးဖြင့် သပ္ပါယ ဖြစ်ပေသည်ဟု နှလုံးပိုက်၍ ဆင်ခြင်၍ ဂိလာနပစ္စည်းကို မှီဝဲရာသည်။

တနည်းလည်း– ဤသင်္ကန်းသည် ရုပ်ကလာပ် အပေါင်းမျှသာ ဤသင်္ကန်းကို သုံးဆောင်သောငါသည်လည်း ရုပ်ကလာပ်အပေါင်းမျှသာ ရုပ်ကလာပ်အပေါင်း မျှသာဖြစ်သော ငါ၏ ကိုယ်ကို ရုပ်ကလပ် အပေါင်းမျှသာဖြစ်သော ဤသင်္ကန်း ဖြင့် ဖုံးလွှမ်း ပေသည်ဟုလည်းဆင်ခြင်ရာသည်။ သင်္ကန်း၏ ရုပ်ကလာပ်အပေါင်း ကို သုဒ္ဓဋ္ဌကကလာပ် သဒ္ဒနဝက ကလာပ်ကိုယူ ငါ၏ရုပ်ကလာပ် အပေါင်းကား

စက္ခုဒသက စသော ရုပ်ကလာပ်အပေါင်းကိုယူ ကြွင်းသည်ပစ္စည်းသုံးခုတို့၏ အပေါင်း၌လည်း ဤနည်းကိုမှီ၍ဆင်ခြင် သည်းထန်စွာ နာသောရဟန်း၏ ဆေးကိုသုံးဆောင်ခြင်းသည် အနာလွတ်ကြောင်းမှတပါး အခြားအကြောင်းမရှိ ရကား ပစ္စဝေက္ခဏာပါဌ်လာတိုင်း မဆင်ခြင်မိသော်လည်း အနာလွတ်လိုသော စေတနာသည်ပင် ပစ္စဝေက္ခဏာမည်သည်ဖြစ်၍ ဣဏပရိဘောဂ မဖြစ်ဟူစကြ သည် ဆင်ခြင်။ ။ပစ္စယသန္နိဿိတသီလံ နိဋ္ဌိတံ။

သီလလေးပါး အဆုံးအဖြတ်ပြီး၏။

---

## နယူပဒေသ

လေးပါးသောသီလ၏ အဆုံးအဖြတ်ကို ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သိအပ် သော ပုဂ္ဂိုလ်သည် မိမိသီလ စင်ကြယ်သည်၏ အဖြစ်သို့ ရောက်စေအပ်၏ သီလ စင်ကြယ်သော ပုဂ္ဂိုလ်သည် မိမိသီလ စင်ကြယ်သည်ကိုစွဲ၍ သေခါနီးကာလ၌ နှလုံးသာ ရွှင်ခြင်း အဝိပ္ပဋိသာရီဖြစ်သည် သီလမစင်ကြယ်သောပုဂ္ဂိုလ်သည် မိမိသီလ မစင်သည်ကိုစွဲ၍ သေခါနီးကာလ၌ နှလုံးမသာမရွှင်ခြင်း ဝိပ္ပဋိသာရီ ဖြစ်သည် ထိုစိတ်ဖြင့်စုတေသည်၏အဆုံး၌ နိရယဂတိ ပေတဂတိအားဖြင့် နှစ်ပါး သောဂတိတို့တွင် တပါးပါးသောဂတိသို့ လားရသည်ဟု ဟောတော်မူချေသည် ထိုကြောင့် အာပတ်ကိုယ်နှင့် မသေရအောင် အားထုတ်ရာသည်။

အကြင်ရဟန်းသည် သံဃာဒိသိသ်အာပတ်ရှိလျက် ထိုသံဃာဒိသိသ်အာပတ် ကို ဝုဋ္ဌာနကံမပြုရသေး ထုလ္လစ္စဉ်းစသော လဟုကအာပတ်ရှိလျက် ထိုလဟုက အာပတ်ကို ဒေသနာကံမပြုရသေး ပါရိက်သင့်လျက် ထိုပါရိက်ကို ပါရိက်အ လျော့ကံ ကံမပြုရသေး ထိုရဟန်းသည် အာပတ်ကိုယ်နှင့် သေသည် မည်၏ ကံအလျော့က် ပြုပြီးမှသေမူကား အာပတ်ကိုယ်နှင့် မသေသည်မည်၏ ပါရိက်သင့် သောသူသည် ငါရဟန်းမဟုတ်ဟု ဝန်ခံခြင်း သာမဏေဘုံ သိတင်းသည်ဘုံ၌ တည်ခြင်းသည် ပါရိက်အလျော့က် ကံပြုသည်မည်၏ ယင်းသို့လျက် ယခုအခါ ရဟန်းသေလျှင် ရွှေမည်မျှကျန်သည် ငွေမည်မျှကျန်သည် ဟူသည်များသည် အာပတ်ကိုယ်နှင့် သေသည်မည်၏ အဘယ်ကြောင့် ဟူမူ ရွှေ ငွေသည် နိဿဂ္ဂိယ ဝတ္ထုဖြစ်၍ စွန့်ပြီးမှ ဒေသနာကံကို ပြုသော်သာ ထိုအာပတ် စင်၏ မစွန့်ဘဲ

ဒေသနာကာံပြုသော် ထိုအာပတ်မှ မထသောကြောင့်တည်း သတိရှိကြစေ။ဆရာ မြတ်တို့ကား သတိသမ္မောသကြောင့် သင့်ရာသော အာပတ်လည်း အများပင်ရှိ ချေသည် နိဿည်းကင်း၍ နေထိုက်သော အင်္ဂါငါးပါးနှင့် မပြည့်စုံဘဲ နိဿည်း ကင်း၍ နေမိသော အာပတ် ဥပဇ္ဈာယ်ပြုထိုက် ပရိသတ်မွေးထိုက်သော အင်္ဂါ ငါးပါးနှင့် မပြည့်စုံဘဲ သူ့ကိုဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံမိ သူ့ကိုဥပဇ္ဈာယ်ပြု၍ သာမ ဏေပြုမိသော အာပတ် ဥပဇ္ဈာယ်ပြု၍ နိဿည်းပြု၍ ပရိသတ်မွေးသော အာပတ် လည်း အများပင်ရှိချေသည် ထိုအာပတ်များကို အာဝိကရဏကံ ဒေသနာကံကို မပြုဘဲသေသော် အကျိုးမနည်းလေပြီလောဟု သေခါနီးကာလ၌ သိက္ခာကို စွန့်၍ လူ့နှစ်တော်မူကုန်၏။

မန်လည်ဆရာတော် ရွှေတောင်ဆရာတော် ဘုရားတို့လည်း သိက္ခာကိုစွန့်၍ လူ့နှစ်တော်မူကုန်သောဟူ၏ ရွှေစေတီဆရာတော် ဘုရားကြီးကား မလွန်မီ ခုနစ် ရက်ကပင် သိက္ခာကို စွန့်သောဟူ၏ မင်းရွာဆရာတော် ဘုရားကြီးကား အယုတ် သဖြင့် ဒေသနာကံကိုမျှမပြု မုန်တော ဆရာတော်ဟောသည် မဟာသတိပဋ္ဌာန သုတ်ကို နာလျက်လွန်တော်မူသောဟူ၏ ဤဆရာတော် ဘုရားကြီးသည် နေပူ မိုးသွန်းရွာ ဘိနပ်မစီး ထီးမဆောင်းသောဟူ၏ ဗားကရာ ဆရာတော်ကား မင်းကေရာဇ် ရာဇဝတ်တော်နှင့် အဖြူဝတ်နေရသည်တွင် မမာမကျန်း ရှိသည် နှင့် ငါ သည်အနာမှ ထမည်မထင်ပြီဟု သိက္ခာကိုစွန့်သော် ထိုအနာမှ ထပြန်၍ မင်းကေရာဇ် ရာဇဝတ်အသိမ်းတွင် သိက္ခာသစ်ယူရပြန်သောဟူသည် ဤစကား များသည် အတတ်မသိချေ သုတပုဗ္ဗမျှသာ ဤ၌ ဗျတ္တဂုဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ် ပဋိဗလဂုဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ် ဆယ်ဝါရပြီးသော ပုဂ္ဂိုလ်သာ သူ့ကိုဥပဇ္ဈာယ် ပြု၍ ပဥ္စင်းခံရသည် သာမဏေပြုရသည် နိဿည်းပေးရသည် သာမဏေ အလုပ် အကျွေးကိုခံရသည် ဗျတ္တဂုဏ်နှင့်မပြည့်စုံ ပဋိဗလဂုဏ်နှင့်မပြည့်စုံ ဆယ်ဝါမရလျှင် သူ့ကိုဥပဇ္ဈာယ်ပြု၍ပဥ္စင်းမခံရ သာမဏေမပြုရနိဿည်းမပေးရ သာမဏေအလုပ် အကျွေးကို မခံရ ထိုတွင် ဗျတ္တဂုဏ်ကား ပရိသတ်အလုပ်အကျွေးကိုခံရသော ဗဟုဿုတနှင့် ပြည့်စုံသောဂုဏ်တည်း ထိုစကားမှန်၏ ပရိသတ်အလုပ်အကျွေးကို ခံသောရဟန်းသည် ယုတ်စွအဆုံး အချင်းချင်းရောရှက်ခြင်းကင်းသော ဝိနည်း ပိဋကတ်၌ သူ့ကိုဆုံးမခြင်းငှါ ဥဘတောဝိဘင်းကျမ်းကို လေ့လာသည် နှုတ်တက်

သည်ကို ပြုရမည် မတတ်နိုင်သော နိသျှည်းဆရာသည် သုံးယောက်သော ဝိဘင်းဆောင်ရဟန်းတို့နှင့် အတူနေ၍ တယောက်မေ့လျှင် တယောက်မေး ခြင်းငှါ ခံ့သည်ကို ပြု၍နေရမည် ကမ္မာကမ္မဝိနိစ္ဆယကိုသင်ရမည် မဟာဝါ စူဠဝါ ဉ်လာသော ဇတ်ကြီးဝတ်ယ်ကိုသင်ရမည် မစွမ်းနိုင်လျှင် သုတ်ဥ် ဒီဃနိကာယ် ဝယ် သုတ်မဟာဝါကိုသင်ရမည် မဇ္ဈိမနိကာယ်ဝယ် မူလပဏ္ဏာသကို သင်ရမည်။

သံယုတ္တနိကာယ်ဝယ် မဟာဝဂ်မှ အောက်ဖြစ်သော သဂါထာဝဂ် နိဒါနဝဂ် ခန္ဓဝဂ်ကို သင်ရမည် ထိုသုံးဝဂ်ကို မသင့်လျှင် မဟာဝဂ်ကိုသော်လည်း သင်ရမည် အင်္ဂုတ္တရနိကာယ်ဝယ် ထက်ဝက်ပိုင်း၍ အောက်ပိုင်းကိုသော်ရင်း အထက်ပိုင်း ကိုသော်ရင်း သင်ရမည် မတတ်နိုင်သော် တိကနိပါတ်မှစ၍သင်ရမည် ဇာတ်နှစ် ဆယ့်တကျမ်းကို အဋ္ဌကထာနှင့်တကွ သင်ရမည် ထိုအောက်ယုတ်မူ မအပ် ဓမ္မပဒ ကို ဝတ္ထုနှင့်တကွ သင်ရမည် ဥဒါန်း ဣတိဝုတ် သုတ္တနိပါတ် ဝိမာနဝတ္ထု ပေတ ဝတ္ထု ထေရဂါထာ ထေရီဂါထာ နိဒ္ဒေသ ပဋိသမ္ဘိဒါ အပဒါန် ဗုဒ္ဓဝင် စရိယာ ပိဋကကိုလည်း ဝတ္ထုနှင့်တကွသင်ရမည် အဘိဓမ္မာဥ်ကား တချို့ကိုသင်အပ်၏ဟု မဆိုဖြစ်၍ အလုံးစုံခုနစ်ကျမ်းလုံးကိုပင်သင်ရမည်သို့မှ ပရိသတ် အလုပ်အကျွေးကို ခံရသော ဗဟုဿုတဖြစ်သောဗျတ္တဂုဏ်နှင့် ပြည့်စုံသည် ထိုဗျတ္တဂုဏ်နှင့် ပြည့်စုံမှ သူ့ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံရသည် ဥပဇ္ဈာယ်ပြု၍ သာမဏေပြုရသည် နိသျှည်း ပေးရသည်ဥပဇ္ဈာယ်အနေဖြင့်နေ၍သာမဏေအလုပ်အကျွေးကိုခံရသည် အလွယ် မမှတ်ကြနှင့် အကြင်ပုဂ္ဂိုလ်အား အဋ္ဌကထာနှင့်တကွသော ဝိနည်းပိဋကတ်သည် လည်းကောင်း အဋ္ဌကထာနှင့်တကွသော အဘိဓမ္မာပိဋကတ်သည် လည်းကောင်း သုတ်ဥ်ဆိုအပ်ပြီးသောအပြားရှိသောကျမ်းသည်ရင်းမရှိ။ထိုပုဂ္ဂိုလ်အားပရိသတ် ကို လုပ်ကျွေးစေခြင်းငှါမရ ဥပဇ္ဈာယ်မပြုရ နိသျှည်းမပေးရ သာမဏေ အလုပ် အကျွေးကို ဥပဇ္ဈာယ်အနေဖြင့်မခံရ အကြင်ရဟန်းသည်ကား သုတ္တန်ပိဋကတ် မှရင်း ဝိနည်းပိဋကတ်မှရင်း ဆိုအပ်ပြီးသော အပြားရှိသော ကျမ်းကိုသင်၏ ဤရဟန်းသည်သာ ပရိသတ် အလုပ်အကျွေးကို ခံရသော ဗဟုဿုတရဟန်း မည်သည်သာလျှင်ဖြစ်၏ အရပ်မျက်နှာတို့၏ ဂဏာစရိယ ဂဏပါမောက္ခဖြစ်၏ အလိုရှိရာသွားရ၏ပရိသတ်ကို လုပ်ကျွေးစေခြင်းငှါရ၏ ဤရဟန်းကိုသာဤအရာ မှာဗျတ္တရဟန်းဟုသိပါလေထိုထိုဆိုအပ်ပြီးသော ကျမ်းတို့မှပေါင်းသည် စုသည်ကို

(၈) ၂၀၅-၂၀

ပြု၍ မူလပဏ္ဏာသကျမ်းမှ သင်လျှင် ဆောင်လျှင် ဗျတ္တဂုဏ်နှင့် ပြည့်စုံမည်လော မေးသည်ကို မအပ်ချေဟု ကုရုန္ဒီအဋ္ဌကထာ ပယ်ချက်ပါချေသည် သည်များကို ထောက်၍ ရှေးဆရာမြတ်တို့သည် ပရိသတ်မွေးထိုက်သော ဥပဇ္ဈာယ်ပြုထိုက် နိသျည်းပေးထိုက်သော အင်္ဂါ၏ ခဲသည်၏ အဖြစ်၌ အလွယ်သမှုပြုမိသော ကံကြောင့်သင့်သော အာပတ်ကိုယ်နှင့်သေသော် အကျိုးမနည်းလေပြီလောဟု သိက္ခာကိုစွန့်၍ လွန်တော်မူသည် ဟူကြသည် နိသျည်းမထိုက် ဥပဇ္ဈာယ်မထိုက် သည်၏အဖြစ်ကို ပညတ်အပ်သော ရှစ်ပဉ္စကတို့တွင် ဆဋ္ဌပဉ္စက၌ ပညတ် အပ်သော—

အပရေဟိပိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ န ဥပသမ္ပာဒေတဗ္ဗံ။ န နိဿယော ဒါတဗ္ဗော။ န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။ န ပဋ္ဋဗလော ဟောတိ အန္တေဝါသိံဝါ သဒ္ဓိဝိဟာရိံဝါ အာဘိသမာစာရိကာယ သိက္ခာယ သိက္ခာပေတုံ အာဒိဗြဟ္မစရိယကာယ သိက္ခာယ ဝိနေတုံ အဘိဓမ္မေ ဝိနေတုံ အဘိဝိနယေ ဝိနေတုံ ဥပ္ပန္နံဒိဋ္ဌိဂတံ ဓမ္မတော ဝိဝေစေတုံ။ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ န ဥပသမ္ပာဒေတဗ္ဗံ။ န နိဿယော ဒါတဗ္ဗော။ န သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။

ဟူသော ဝိနည်းမဟာဝါ ပါဠိတော်ကိုကြည့်၍ ကြောက်လန့်ကြကုန်။ ဤဆဋ္ဌပဉ္စကလုံးသည် အာပတ်အင်္ဂါ၏ အစွမ်းဖြင့်ဟောသော ပဉ္စကဖြစ်သည် အယုတ္တ၏ အစွမ်းဖြင့်ဟောသောပဉ္စက မဟုတ်ဖြစ်၍လည်း ကြောက်လန့်ကြကုန်။ သိမ်ဦးကနေ၍ ပတိရူပ်ဆိုရလျှင်ပင် ငါလူတတ် မဟူကြပါလေနှင့် ပရိသတ် လယ်မှာ သာမဏေပြုရလျှင်ပင် တပည့်အတန်များလျှင်ပင် လူမိုက်ချီးမွမ်းလျှင် ပင် ငါလူတတ်ဟု မမှတ်ကြပါလေနှင့် မထိုက်ဘဲ အထိုက်ပြုရခြင်းသည် အပြစ်ဝန် လေးလှသည် သတိရှိကြစေ။

အနက်ကား— ဘိက္ခဝေ၊ ရဟန်းတို့။ အပရေဟိပိ၊ တပါးလည်း ဖြစ်ကုန် သော။ ပဉ္စဟိ၊ ငါးပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။သမ္မန္နာဂတေန၊ ပြည့်စုံ သော။ ဘိက္ခုနာ၊ ရဟန်းသည်။ နဥပသမ္ပာဒေတဗ္ဗံ၊ သူ့ကိုဥပဇ္ဈာယ်ပြု၍ ပဉ္စင်း မခံအပ်။ နိဿယော၊ နိသျည်းကို။ နဒါတဗ္ဗော၊ မပေးအပ်။ သာမဏေရော၊ သာမဏေကို။ နဥပဋ္ဌာပေတဗ္ဗော၊ မလုပ်မကျွေးစေအပ်။အန္တေဝါသိံ၊ နိသျည်း

ယူတပည့်ကိုရင်း။ သဒ္ဓိဝိဟာရိဝါ၊ ဥပဇ္ဈာယ်ယူတပည့်ကိုရင်း။ အာဘိသမာစာရိကာယ သိက္ခာယ၊ မဟာဝါ စူဠဝါ၌ ပညတ်အပ်သော ဝတ်ကြီးဝတ်ငယ်၌။သိက္ခာပေတုံ၊ ကျင့်စေခြင်းငှါ။ ပဋိဗလော၊ စွမ်းနိုင်သည်။ နဟောတိ၊ မဖြစ်။ အာဒိဗြဟ္မစရိယကာယသိက္ခာယ၊ သေခပညတ်ဖြစ်သော သေခိယသိက္ခာပုဒ်၌။ ဝါ၊ ဥဘတော ဝိဘင်း၌ အကျုမ်းဝင်သော သေခပညတ်၌။ ဝိနေတုံ၊ ဆုံးမခြင်းငှါ။ ပဋိဗလော၊ စွမ်းနိုင်သည်။ နဟောတိ၊ မဖြစ်။ အဘိဓမ္မေ၊ နာမ်ရုပ်ကိုပိုင်းခြားရာဖြစ်သော ဓမ္မ၌။ ငါ၊ အချင်းချင်း ရောရှက်ခြင်းကင်းသော ဓမ္မ၌။ ဝိနေတုံ၊ ဆုံးမခြင်းငှါ။ ပဋိဗလော၊ စွမ်းနိုင်သည်။ နဟောတိ၊ မဖြစ်။ အဘိဝိနယေ၊ အလုံးစုံသော ဝိနည်းပိဋကတ်၌။ ဝါ၊ အချင်းချင်း ရောရှက်ခြင်းကင်းသော ဝိနည်း၌။ ဝိနေတုံ၊ ဆုံးမခြင်းငှါ။ ပဋိဗလော၊ စွမ်းနိုင်သည်။ နဟောတိ၊ မဖြစ်။ ဥပ္ပန္နံ၊ ဖြစ်သော။ ဒိဋ္ဌိဂတံ၊ မိစ္ဆာအယူကို။ဓမ္မတော၊ အကြောင်းအားဖြင့်။ ဝိဝေစေတုံ၊ စွန့်စေခြင်းငှါ။ ပဋိဗလော၊ စွမ်းနိုင်သည်။ နဟောတိ၊ မဖြစ်။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဣမေဟိခေါ အင်္ဂေဟိ၊ ဤ အင်္ဂါတို့နှင့်။ သမန္နာဂတေန၊ ပြည့်စုံသော။ ဘိက္ခုနာ၊ ရဟန်းသည်။ နဥပသမ္ပာဒေတဗ္ဗံ၊ သူ့ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းမခံအပ်။ နိဿယော၊ နိဿျည်းကို။ နဒါတဗ္ဗော၊ မပေးအပ်။ သာမဏေရော၊ သာမဏေကို။ နဥပဋ္ဌာပေတဗ္ဗော၊ မလုပ်ကျွေးစေအပ်။

အဓိပ္ပါယ်ကား— နိဿျည်းယူတပည့် ဥပဇ္ဈာယ်ယူတပည့်ကို မဟာဝါ စူဠဝါ၌ ပညတ်သောဝတ်ကြီးဝတ်ငယ်၌ ကျင့်စေခြင်းငှါ မစွမ်းနိုင်သောရဟန်း ဥဘတော ဝိဘင်း၌ အကျုံးဝင်သော သေခိယသိက္ခာပုဒ်၌ ဆုံးမခြင်းငှါ မစွမ်းနိုင်သော ရဟန်း ရုပ်နာမ်ကို ပိုင်းခြားရာဖြစ်သော အချင်းချင်း ရောရှက်ခြင်းကင်းသော သုတ် အဘိဓမ္မာ၌ ဆုံးမခြင်းငှါ မစွမ်းနိုင်သောရဟန်း အချင်းချင်းရောရှက်ခြင်းကင်းသော အလုံးစုံသော ဝိနည်းပိဋကတ်၌ ဆုံးမခြင်းငှါ မစွမ်းနိုင်သော ရဟန်း မှားသော အယူရှိသောတပည့်ကို ဟုတ်မှန်သော အကြောင်းအားဖြင့် စွန့်စေခြင်းငှါ မစွမ်းနိုင်သောရဟန်းသည် သူ့ကိုဥပဇ္ဈာယ်ပြု၍ ပဉ္စင်းမခံအပ် ရှင်မပြုအပ် နိဿျည်းမပေးအပ် ဥပဇ္ဈာယ်ပြု၍ သာမဏေ အလုပ်အကျွေးကို မခံအပ် အပေါင်းအဘော်၏ အဖြစ်ဖြင့်သာ ခံအပ်သည်ဟူချေသည်။ မဟာသုမထေရ် ဝိနည်းငါးကျမ်းပါဠိ အဋ္ဌကထာကို ဆရာထံမှာကိုးခေါက်သင်ဘူးသည် မဟာပဒုမ

ထေရ်သည် ကိုယ်လည်း ကိုးခေါက်သင်ဘူးသည် သူသင်ရာလည်း ကိုးခေါက်နာဘူးသည် တရံခါ မဟာသုမထေရ် ဆရာနှင့် ခွဲ၍ ကျောင်းသီးစာချနေသည်ကို ကိုးခေါက် သင်ဘူးကာမျှနှင့် ကျောင်းသီးနေသည် ရဲပေစ္စဟု မဟာပဒုမထေရ်ကဲ့ရဲ့သောဟူ၏ သည်များကိုထောက်၍ ယခုအခါ သာသနာတော် ယုတ်လျော့သည်၏အဖြစ်ကို သိရာသည်။

မိမိနွားသည် သူ့နွားဖြစ်သည်၏အဖြစ်ကို မသိသော နွားထိန်းယောကျ်ားကိုယ့်နွားမည်မျှ သူ့နွားမည်မျှဟု မသိသော နွားထိန်းယောကျ်ားသည် ကိုယ့်နွား နှ သူ့နွားကိုပေါင်း၍ ကျောင်းသဖြင့်မပျောက်မပျက်စေခြင်းငှါ မတတ်နိုင်သကဲ့သို့ ထိုအတူ ဓမ္မ၏အနက်အဓိပ္ပါယ် ဝိနယ၏အနက်အဓိပ္ပါယ်ကို ကိုယ်မျှမသိမမြင်ဘဲ ပရိသတ်ထိန်း၍ သူ့ကိုဆုံးမသဖြင့် အဘယ်မှာ ဝိနည်းသိက္ခာပုဒ်မပျောက်မပျက် ဖြစ်နိုင်အံ့နည်း တောင်ကိုမေးလျှင် မြောက်ကို မြောက်ကိုမေးလျှင်တောင်ကို ပိန်းနှဲကိုမေးလျှင်သရက်ကို သရက်မေးလျှင်ပိန်းနှဲကို ကြားသကဲ့သို့သာ ဖြစ်ရာသည် ဖြစ်ကအကျိုးမနည်းပြီလော လျှာကိုထိကာမျှ လျှာအတုံးအတုံးပြတ်၍ သေစေတတ်သော ဆေးပင်ကို ရေသွန်း၍ပျိုးသော ယောကျ်ားကဲ့သို့ မဖြစ်ရာပြီလော အဆိပ်ထန်သောမြွေကိုအစာပေး၍မွေးသော ယောကျ်ားကဲ့သို့မဖြစ်ရာပြီလော မိမိ၏ အသက်အန္တရာယ်ကိုသာ ရှာသောရန်သူကို အတွင်းထား၍ မွေးမှားသော ယောကျ်ားကဲ့သို့ မဖြစ်ရာပြီလော ထိုကြောင့် ပရိသတ်မမွေးထိုက်ဘဲ ပရိသတ်မမွေးပါလေနှင့် သူ့ကို ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းမခံထိုက်ဘဲ သာမဏေမပြုထိုက်ဘဲ သာမဏေ အလုပ်အကျွေးကို မခံထိုက်ဘဲ မခံပါလေနှင့် တစ္ဆေ သံဘက် ထူသော်လည်း မျက်မမြင်သည် တစ္ဆေကိုမကြောက် သံဘက်ကိုမကြောက်သကဲ့သို့ ဘုရားဝိနည်းတော်ကို မသိသောရဟန်းသည်လည်း ရောက်အံ့သည့် အပြစ်ကို မကြောက်ရာ "သောကော ရောဂေါ ဝိနဿတု" နှင့်သာ ကာလမြင့်စွာ ကိုယ်ကိုအကျော်စေးဝ ဖြစ်စေခြင်းငှါသာ အားထုတ်ကြခြင်းသည် ပပဥ္စဓမ္မသာ ဖြစ်ချေသည် သိကြပါ ဆင်ခြင်ကြပါ။

ဥပသမ္ပဒကမ္မဝါစာ သိမ်နုတ် သိမ်သမုတ် ကမ္မဝါစာကိုလည်း ရွတ်ရာသည့်သဒ္ဒါဆယ်ပါးကို မသိဘဲ မရွတ်ကြပါလေနှင့် ဌာန်ကရိုဏ်းမပြီ၍ ဥတ္တိဒေါသ ကမ္မဝါစာဒေါသရောက်လျှင် ပဥ္စင်းလောင်းလည်း ပဥ္စင်းမဖြစ် ထိုသိမ်၌ပြုအပ်သော

ကံဟူသမျှလည်း ကံမမြောက် ထိုပဋ္ဌင်းမဖြစ်သောသူလျှင် ငါးယောက်မြောက် ရှိသော ပဋ္ဌဝင် သဃ်ာဖြင့် ပဋ္ဌင်းခံသော်လည်း ပဋ္ဌင်းမဖြစ် ဒေသနာကံ စသည်လည်း ကံမမြောက်ဖြစ်၍ အပြစ်ကြီးလှသည် သဒ္ဒါဆယ်ပါးကိုလည်း သိမှ သိတိုင်းလည်း ရွတ်နိုင်မှကံမြောက်သည် ထိုကြောင့်"ဗျတ္တေနဘိက္ခုနာပဋိဗလေန သံဃော ဥာပေတဗ္ဗော"ဟု ဟောတော်မူချေသည် မသိသော်လည်း ရွတ်နိုင် သော် ကံမြောက်၏ဟု မယူရာ သိမှမသိဘဲကို ပုဒ် ပါဠိ ဌာန် ကရိဏ်း ကျအောင် အဘယ်မှာ ရွတ်နိုင်အံ့နည်း မရွတ်နိုင်ရာဟုသာယူ ယခုအခါ ရွတ်ကြ ဘတ်ကြ သည်ကား ကမ္မဝိပတ္တိတို့သာဖြစ်သည်၊ မင်းရွာ ဆရာတော် ဘုရားကြီးကား သူ့ဌာန် သူ့ဌာန်သို့ ရောက်သော်ပြီ၏ မရောက်သော်မပြီ ပြီလျှင် သူ့ဌာန် သူ့ဌာန်သို့ ရောက်တော့သည်ဖြစ်၍ မဟာစ်မအော်လွန်းလင့် ဟစ်အော်မှ ဌာန်သို့ ရောက်သည်မဟုတ် နှစ်မတြာ ရွတ်အပ်သည့်အက္ခရာ တမတြာ ရွတ်အပ်သည့် အက္ခရာ မတြာခွဲ ရွတ်အပ်သည့် အက္ခရာကို စီစစ်၍သာရွတ်ဟု မိန့်တော်မူ ကြောင်းကို သမင်ခြံ ရှင်ဥာဏပြောဘူးသည်။ အချို့ကား နွားမသား ခေါ် သံ သမုဒြာ ရေပြွန်စုတ်သံ ရွတ်ရာသည် စသည်ဖြင့် ဆိုစကုန်၏ မသင့်ချေ"န ဘိက္ခဝေ ဒီဃသရေန ဓမ္မော"စသည်ဖြင့် ပယ်ချက်ပါချေသည် ဌာန်သို့ ရောက်ရုံ ရွတ်ခြင်း သာ လိုရင်းဟုသိ။

ဤတွင် ငါသည် ဤမည်သော အာပတ်သို့ ရောက်၏ဟု စင်စစ်သိသော ပုဂ္ဂုလ်သည် ထိုအာပတ်ကို ကံအလျောက် ပြုအပ်၏ ထိုကံသည် သံဃာဒိသိသ် ဖြစ်အံ့ ဝုဋ္ဌာနကံမည်၏ ထုလ္လစ္စဥ်းစသည်ဖြစ်အံ့ ဒေသနာကံမည်၏ ပါရိုက်ဖြစ်အံ့ ဒေသနာကံပင် မည်၏ အဘယ်ကြောင့်ဟူမူ ပါရိုက်ကံသည် ငါရဟန်းမဟုတ်ဟု ကြားကာမျှဖြင့် ထိုအာပတ်မရှိသည်၏ အဖြစ်ကြောင့်တည်း လူသာမဏေဖြစ်က ထိုအာပတ် မရှိသောကြောင့်တည်းဟုသိ။ အာပတ်အလျဉ်း မသင့်သော ပုဂ္ဂိုလ် သည် စင်ကြယ်သော သီလရှိသော ပုဂ္ဂိုလ်မည်၏ အာပတ် သင့်သော်လည်း သင့်သည့်အာပတ်ကို ကံအလျောက်ပြုသော ပုဂ္ဂိုလ်သည်လည်း စင်ကြယ်သော သီလရှိသော ပုဂ္ဂိုလ်မည်၏။

အာပတ်၌ ယုံမှားရှိသော ပုဂ္ဂိုလ်သည် "အဟံ ဘန္တေ ဣမံ ဒုက္ကဋာပတ္တိံ အာပဇ္ဇိံ တံ တုမှမူလေ ပဋိဒေသေမိ"စသည်ဖြင့် ကြားအပ်သော အရာလည်း

မရှိသောကြောင့် "ပဿသိ အာဝုသော"ဟု ဆိုးမရာလည်း မရှိသောကြောင့် "အာမ ပဿာမိ"ဟု ဝန်ခံရာလည်း မရှိသောကြောင့် "အာယတိံ အာဝုသော သံဝရေယျာသိ"ဟု ဆိုးမရာလည်း မရှိသောကြောင့် "သာဓု သုဋ္ဌု သံဝရိဿာမိ" ဟု ဝန်ခံရာလည်းမရှိသောကြောင့် ဒေသနာကံ မပြုသင့်ရကား ကိုယ်မစင်ကြယ်ဘဲလည်း ဥပုသ်မပြုကောင်းရကား အကြင်အခါ ယုံမှားကင်း၏ ထိုအခါ ကုပါ အံ့ဟု ဥတ်ထား၍ ဥပုသ်ပြုစိမ့်သည်ကို ပညတ်တော် မူသောကြောင့် ငါသည် ဤမည်သောအာပတ်သို့ ရောက်၏ဟု စင်စစ်သိသောပုဂ္ဂိုလ်သာ ဒေသနာကြားအပ်သည် ယုံမှားရှိသော ရဟန်းကား ဒေသနာမကြားရ ကိုယ်အပြစ် ရှိသည်၏ အဖြစ်ကိုမျှ မသိသောပုဂ္ဂိုလသည် သတိသမ္ပဇညကင်းသော ပုဂ္ဂိုလ်မည်၏ ထို ပုဂ္ဂိုလ်ကို အတိလဟုက ပုဂ္ဂိုလ်ဟုဆိုအပ်၏ သာသနာတော်မှာ သက်န်းနှင့် နေကျိုးမရှိ သတိသမ္ပဇည မရှိသောပုဂ္ဂိုလ်သည် တောနေရာ၌ အကျိုးမရှိဟု ဘုရားပင်ဟောချေသည် အင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းကိုသာ တောနေခွင့် ပြုတော်မူသည် ယခုအခါ မြင်မြင်ဝါးဝါးပင် တောနေကြသည်ကား မသင့်ချေ ယုံမှားခြင်းကို ဖျောက်ခြင်းငှါ ဒေသနာကြားအပ်၏ ဟူလည်း ယုံမှားသည်ကို အသို့ကြားမည်နည်း ငါယုံမှားသည်ဟူ၍ပင်ကြားရမည်လော ဝိနည်းဓိုရ်ကလည်း ထိုယုံမှားကို မြင်ပြီလောဟု ဆိုးမရမည်လော စသည်ဖြင့် ဆစ်ဖုကြံပါလေ။

အာပတ်ဟူသည် ပညတ်တော်ဖြစ်သည် ဒေသနာကံ ဝုဋ္ဌာနကံ အာဝိကရဏ တို့လည်း ပညတ်တော်ဖြစ်သည် ပညတ်တော်ဖြစ်၍ ပညတ်တော်ချင်း ချေ၍ ကြေလေသည်ဟု အကျဉ်းသိ။ အာပတ်ဟူသည် အကုသိုလ်ဟု မယူလင့်။ "အာပဇ္ဇနံ အာပတ္တိ" ဟူသောကြောင့် ပညတ်တော်သို့ ရောက်ခြင်းကိရိယာကို အာပတ်ဟုယူ ထိုကိရိယာဟုဆိုအပ်သော အာပတ်တို့တွင် အချို့အာပတ်သည် အကုသိုလ်ကြောင့် ဖြစ်၏၊ အချို့သောအာပတ်သည် ကုသိုလ်ကြောင့် ဖြစ်၏၊ အချို့သောအာပတ်သည် အဗျာကတကြောင့်ဖြစ်၏၊ ကုသိုလ်အာပတ်ဟူ၍မရှိ ထိုအာပတ်ကို ဒေသနာကံ ဝုဋ္ဌာနကံ မပြုရသေးသော်လည်း အာဝိကရဏပြုသည် ရှိသော် "အာဝိကတာ ဟိဿ ဖာသု ဟောတိ" ဟူသောကြောင့် သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် မဖြစ် ဒေသနာကံအာပတ်ကို ဒေသနာမှုမပြုရ ဝုဋ္ဌာနကံအာပတ်ကို ဝုဋ္ဌာနကံမပြုရ ပါရိုက်အာပတ်ကို ငါရဟန်းမဟုတ်ဟု ဝန်မခံရ ထိုဂရုကအာပတ်

လဟုကအာပတ်ကို အာဝိကရဏသော်လည်း မပြုရသေးအံ့ အာပတ်ကိုယ်နှင့် သေသည်မည်၏ ထိုပုဂ္ဂိုလ်သည် အာပတ်ကြောင့်ကား ကိရိယာဖြစ်၍ ဂတိနှစ်ပါးသို့ မလားရ ထိုကိရိယာဟုဆိုအပ်သော အာပတ်ကို ဖုံးလွှမ်းခြင်းဟူသော အကုသိုလ် စေတနာကြောင့်သာ ဂတိနှစ်ပါးသို့ လားရသည် ထိုကြောင့် အမိုးအကာရှိသော် မိုးစွတ်၏ ဟင်းလင်းအတိ ဖြစ်သောကြောင့် မိုးမစွတ်ဟု ပရိဝါပါဠိရှိသည်။

တနည်းကား-အကုသိုလ်ကြောင့်ဖြစ်သောအာပတ်ကို ဒေသနာကံ ဝုဋ္ဌာနကံ ပြုသည်ရှိသော် ထိုအကုသိုလ်ကံသည် အဟောသိကံဖြစ်၏ ဥပမာကား အရိယူပဝါဒကံသည် ကန်တော့သည်ရှိသော် အဟောသိကံ ဖြစ်သကဲ့သို့တည်းဟူ၏။ ဤစကားရပ်ကို သာရတ္ထဒီပနီဋီကာ ဝိမတိဋီကာ နှစ်စောင် အငြင်းအခုံ ယုတ္တိအာဂုမ်ဆောင်၍ များစွာဆို၏။ သာရတ္ထဒီပနီ အလိုကုသော် အကုသိုလ်ပါ အာပတ်ပါ ကြေသောဟူ၏ ဝိမတိအလို အကုသိုလ်ကြောင့်သင့်သော် အာပတ်ကား ကြေ၏ အကုသိုလ် မကြေဟူ၏။ မန်လည်ဆရာတော် ဘုရားကြီးကား သာရတ္ထဒီပနီအဆိုကို ပမာဏဟူ၏။ ယခုအခါ ဆရာအချို့ကား ဝိမတိအဆိုကို နှစ်သက်ကြသည် ဆရာအချို့တို့ကား မကြေလျှင် ဒေသနာကံ ဝုဋ္ဌာနကံသည် အကျိုးရှိတော့မည် မဟုတ်ဟု သာရတ္ထဒီပနီအဆိုကို နှစ်သက်ကြသည် ငါတို့ ရဟန်းပျိုက မင်းကြီးမဟာသက်ရှည်တိုက်မှာ စာသင်သည်ကာလ ထိုစကားနှစ်ရပ်ကို စာသင်သားအများ အငြင်းအခုံဖြစ်ကြရာ ငါတယောက်သာ ဝိမတိကိုက်ရှိသည် နောက်မှ ပြည်တောင်ပုဂ္ဂိုလ် ရှင်မဟိန္ဒတပါး ငါသို့ဝင်သည် သမင်ခြံပုဂ္ဂိုလ် ပုဂံပုဂ္ဂိုလ် ပင်းပုဂ္ဂိုလ် နွန်းဘိုပုဂ္ဂိုလ် မန်လည်ပုဂ္ဂိုလ် စသည်များသည် စာဝါသင် ဥာဏ်အားရှိကြသည့်အတိုင်း သာရတ္ထဒီပနီ ကိုက်ခိုက်တုံးဆိုကြသည် အချို့လည်းနှစ်ဦးကိုပင် ပင့်ကြ မြှောက်ကြသည် ကျေးဇူးရှင် ဆရာတော်ဘုရားမှာ အယူတော်ခံကြသော် သာရတ္ထဒီပနီဆိုကို ကြိုက်တော်မူလျက်ရှိသည်နှင့် ငါအရှုံးခံရသည် ထိုမှသက်ခဲ့၍ စုဝေးပြောကြရာ ပါဏာတိပါတကံကြောင့်ဖြစ်သော ပါစိတ်အာပတ် စသည်သည် ဒေသနာကံကြောင့် ထိုအကုသိုလ် အဟောသိဖြစ်ချိမ့်လော့။

သဃာကွဲပြားခြင်းကိုဖြစ်စေခြင်းငှါ အားထုတ်ခြင်းကြောင့် သုံးကြိမ်မြောက် ဥတ်ကမ္မဝါဖြင့် ဆုံးမသည်ကို မနာခံမူ၍ သင့်သော သံဃာဒိသိသ်အာပတ်သည်

ဝုဋ္ဌာနက်ကြောင့် ထိုအာပတ် အလျင်ဖြစ်ရင်း အကုသိုလ် အဟောသိဖြစ်ချိမ့် လေ့ သံဃဘေဒ ပရက္ကမကံသည် အနန္တရိယကံမဟုတ်ရုံသာ သံဃဘေဒကံနှင့် အတူတူအပြစ်ရှိသော ဟူတကား လူမှာဒေသနာကံ ဝုဋ္ဌာနကံမရှိ၍ ဤပါဏာတိ ပါတကံ သံဃဘေဒပရက္ကမကံသည် အဟောသိမဖြစ်လေ ရဟန်းမှာ ထိုကံနှစ်ပါး ရှိ၍ အဟောသိကံဖြစ်လေသည်ဟု ယူချိမ့်လေ့ ဒေသနာကံ ဝုဋ္ဌာနကံသည် ပညတ်တော်ဖြစ်သည် ထိုပညတ်ကိုပြုကာမျှတည်းဖြင့် ရောက်သောအကုသိုလ်ကံ အဟောသိ မဖြစ်ရာ အကယ်၍ ဖြစ်အံ့ ထိုအကုသိုလ် ကံကို ဤသို့ပြုသော် ပျောက်စေမပြုသော်ရောက်စေ ဘုရားရှင်ဟောကား မဟောဘဲ ဟောရာမရောက် ချေပြီလော ရဟန်းမှာ ထိုကံနှစ်ပါးကိုပြုသဖြင့် အကုသိုလ်ပလပ်စေ လူမှာ ထို ကံနှစ်ပါးကို ပြုသော်လည်း အရာမဟုတ်ဖြစ်၍ မပလပ်စေနှင့် ဘုရားဆိုချိမ့်လေ့ ဆိုလည်းဆိုတော်မမူ ဆိုလည်းမဆိုသင့် ဆိုလည်းမဆိုပိုင် ဆိုသော်လည်း ထို အကုသိုလ်ကံမပျောက်ဟု အကြပ်အတည်း ငါကထောက်လဲသည်ကို သည်စကား ကြီးမားလှသည် ဆရာတော်ဘုရားမှာ လျှောက်ဦးမှ ကောင်းမည်ဟု သူ့ကို လျှောက်ကြရာတွင် ငါမင်္ဂလာဘုံကျော် ဆရာတော်ထံသွားခိုက် ဆရာတော် ဘုရားကြီး အခေါ်ရောက်၍ နောက်အတန်နေမှ ရှေ့တော်မှာ လျှောက်လဲကြ သော် သာရတ္ထဒီပနီ ပျောက်သောဟူသည် ပညတ်တော်ကြောင့် ဖြစ်သော အကုသိုလ်ကိုသာရည်၍ ဆိုသည်ယူရမည် ဝိမတိမပျောက်ဟူသည်မှာ ဖြစ်ရင်းစ အကုသိုလ်ကိုရည်၍ဆိုသည် ကျမ်းနှစ်ဦး မဆန့်ကျင်ဟု မိန့်တော်မူသည် သည် တွင်မှ ငါနိုင်သည် ဋီကာနှစ်ရပ်ကိုလည်း ဉာဏ်ပြဋ္ဌာန်းသော သတိဖြင့် ကြည့် ကြလေဦး။

ယခုအဆိုသည် ဉာဏ်ရောက်ရာ ထောက်လဲကြသည့် အရာဖြစ်သည် ဉာဏ် ရည်ရှိကြပေ၏ဟူ၍လည်း နောက် ပိတ်တော်မူလိုက်သည် ၎င်းနောက် ရွာသို့ ရောက်မှ စဉ်းစား၍ ဋီကာနှစ်စောင်ကိုကြည့်သော် တဦးယုတ္တိလည်း အသင့် တဦး ယုတ္တိလည်း အသင့်သာဖြစ်၍ နေသည် မည်သို့ဟု မဆုံးဖြတ်နိုင်ချေ ဋီကာနှစ်စောင်၏ အတိဂမ္ဘီရ ဉာဏ်တော်ကိုသာ မပြတ်ကြည်ညို ရတော့သည် နောက်သားတို့ ဉာဏ်ရည်ရှိလျှောက်ဋီကာနှစ်စောင်ကိုဉာဏ်ပြဋ္ဌာန်းသော သတိ သတိပြဋ္ဌာန်းသော ဉာဏ်ဖြင့်စေ့စေ့ ငုငု သတိပြု၍ ကြည့်ရှုဆင်ခြင်ကြပါလေ။

ယခုအခါ ဒေသနာမကြာမီ အဟံ ဘန္တေ သဗ္ဗာအာပတ္တိယော အာရောစေမိ ဟူ၍ရင်း အဟံ ဘန္တေ သဗ္ဗာအာပတ္တိယော အာဝိကရောမိ ဟူ၍ရင်း မမ သာပတ္တိကဘာဝံ ဇာနာဟိ ဟူ၍ရင်းဆိုကြသည်ကား ဂရုကအာပတ် လဟုက အာပတ်ကို အာဝိကရဏပြုသည်မည်၏။ တနည်းကား-ဤသို့ဆိုသည်ကိုပင်အာဝိ ကရဏပြုသောဟုသိလေ ညောင်ကန်ဆရာတော်ကြီးကား ဤသို့ဆိုသည်ကိုဒေသ နာကံ ပြုပါမည် ပန်သောဟူ၏ ဤဆရာတော်ဘုရား ငါတို့ နံမော် ကျေးဇူးရှင် ဘုရား ဆရာဖြစ်သည် မင်းငါးဆက်တိုင် တံဆိပ်တော်ရ ဆရာတော်ဖြစ်သည် ဒေသနာကံ ဝုဋ္ဌာနကံ အစီအရင်ကို နောက်မှ ပါဠိ အဋ္ဌကထာလာတိုင်း တစောင် စီရင်မည်။

သာသနာတော်၌ သီလရှိသောရဟန်းသည် မိမိ၏ သီလရှိသည်၏ အဖြစ်ကို စွဲ၍ များစွာသောစည်းစိမ်အစုကိုရခြင်း ကောင်းသော ကျော်စောသံရှိခြင်း ပရိသတ်လေးပါးသို့ မရွံမရှား တင့်တယ်စွာဝင်ရခြင်း သေသောအခါ ကြည်လင် စွာသော စိတ်ရှိသည်ဖြစ်၍သေရခြင်း ခန္ဓာပျက်သည်မှနောက်၌ သုဂတိဘဝကို ရခြင်း ဤအကျိုးငါးပါးကိုရသည်ဟု ဟောတော်မူသောကြောင့် သီလနှင့်ပြည့်စုံ စေရာသည်။ ရဟန်းဖြစ်သောသူသည် ငါ၏အသက်သည် အဿာသနှင့်လည်း စပ်သည် ပဿာသနှင့်လည်းစပ်သည် မဟာဘုတ်နှင့်လည်းစပ်သည် ကဗဠီကာရ အာဟာရနှင့်လည်းစပ်သည် ကမ္မဇတေဇောနှင့်လည်းစပ်သည် ဝိညာဏ်နှင့်လည်း စပ်သည်ဟု ဤခြောက်ပါးသော အကြောင်းတို့ဖြင့် စပ်သည်၏အဖြစ်ကို မပြတ် ဆင်ခြင်ရာသည် အဿာသနှင့် စပ်သောကြောင့် ထွက်သက်ချုပ်လျှင် သေတတ် ချေသည် ပဿာသနှင့် စပ်သောကြောင့် ဝင်သက်ချုပ်လျှင် သေတတ်ချေသည် ထိုအဿာသပဿာသသည် ရုပ်တည်း နာမ်မဟုတ် မဟာဘုတ်နှင့်စပ်သော ကြောင့် ပထဝီဓာတ်ပျက်လျှင် ကိုယ်ခက်ထရော်ဖြစ်၍ သေတတ်ချေသည် အာ ပေါဓာတ်ပျက်လျှင် ကိုယ်ပုပ်၍ သေတတ်ချေသည် တေဇောဓာတ် ပျက်လျှင် ကိုယ်ပူ၍ သေတတ်ချေသည် ဝါယောဓာတ်ပျက်လျှင် အပိုင်းအပိုင်း ပြတ်သကဲ့သို့ ဖြစ်၍ သေတတ်ချေသည် ဤမဟာဘုတ်လေးပါသည် နာမ်မဟုတ် ရုပ်ဖြစ်သည်။

ကဗဠီကာရ အာဟာရနှင့် စပ်သောကြောင့် အလုပ်ပြု၍ မျှိအပ်သော အာဟာရနှင့်ကင်းလျှင် သေတတ်ချေသည် ဤကဗဠီကာရ အာဟာရလည်း နာမ်

မဟုတ် ရုပ်ဖြစ်သည် ကမ္မဇတေဇောနှင့်စပ်သောကြောင့် ကမ္မဇတေဇောကုန်လျှင်လည်း သေတတ်ချေသည် ထိုကမ္မဇတေဇောသည် မျိုတိုင်းမျိုတိုင်းသော အာဟာရကို ကြေစေတတ်သော ကံကြောင့်ဖြစ်သော ရုပ်ဖြစ်သည် နာမ်မဟုတ် ဝိညာဏ်နှင့်စပ်သောကြောင့် ဝိညာဏ်ချုပ်လျှင်လည်းသေတတ်သည် ထိုဝိညာဏ်သည် ရုပ်မဟုတ်နာမ်ဖြစ်သည် ထိုတရားခြောက်ပါးတွင် တပါးပါးပျက်သောငါသည် သေခြင်းသို့ ရောက်ရမည်ကားမချွတ် ထိုတရားခြောက်ပါးတို့ မပျက်ခိုက် ရဟန်းတရားကို လွန်စွာအားထုတ်ရာသည် ငါ၌ အိုခြင်းတရားသည် မချွတ်ဖြစ်လတ့် ထိုအိုခြင်းတရားမဖြစ်မီ နာခြင်းတရားသည် မချွတ်ဖြစ်လတ့် ထိုနာခြင်းတရားမဖြစ်မီ သေခြင်းတရားသည် မချွတ်ဖြစ်လတ့် ထိုသေခြင်းတရားမဖြစ်မီ ပိယမနာပ ဖြစ်ကုန်သောသူတို့နှင့် ကွေကွင်းရခြင်း နာနာဘာဝ ဝိနာဘာဝသည် မချွတ်ဖြစ်လတ့် ထိုတရားမဖြစ်မီ အပိယအမနာပ ဖြစ်ကုန်သောသူတို့နှင့် တကွပေါင်းဘော်ရခြင်း သဟသံဝါသသည် မချွတ်ဖြစ်လတ့် ထိုတရားမဖြစ်မီ ငါပြုအပ်သောကံသည် အမွေခံဖြစ်၍ ငါ့အားနှိပ်စက်လတ့် ထိုကံတရားမနှိပ်စက်မီ ရဟန်းတရားကို လွန်စွာအားထုတ်ရာသည်။

ဇီဝိတဟုဆိုအပ်သော ငါ့အသက်ကို ဇရာသည် နီးသည်၏ အဖြစ်သို့ ဆောင်ချေသည် ချည်တိုင်သို့ရောက်မှ သတ်အံ့ဟု ယူဆောင်၍ သွားသော နွားသည် တဘဝါးထက်တဘဝါး သေရအံ့သောကာလနီးသကဲ့သို့ ငါသည်လည်းသေရအံ့သောကာလ နီးချေပြီ နွားခြေရာခွက်၌ တင်သောရေဝယ် မြူးတူးသော ငါးခုံးခါးကဲ့သို့ မမိုက်လင့် ခွက်ယယ်ခန့်ရှိသော အိုင်၌တင်သောရေဝယ် ရှင်မြူးတူးသော ဘီလုံးငှက်ကဲ့သို့ မမိုက်လင့်ဟု ကိုယ်ကိုဆုံးမရာသည် နံနက်အခါလည်း အချည်းနှီး မွန်းတည့်အခါလည်း အချည်းနှီး ညချမ်းအခါလည်း အချည်းနှီး ညဉ့်ဦးယာမ်အခါလည်း အချည်းနှီး သန်းခေါင်ယာမ်အခါလည်း အချည်းနှီး မိုးသောက်ယာမ်အခါလည်း အချည်းနှီး မရှိစေလင့် စကားတသော့သော ရယ်မော၍ မနေလင့်ဟု ကိုယ်ကိုဆုံးမရာသည် ရဟန်းမည်သည်ကား နေ့သုံးယာမ်ပတ်လုံး မအိပ်မစက် ရဟန်းတရားကို မြင်းရှူးပြေးသကဲ့သို့ မရပ်မတည် အားထုတ်ရာသည် ညဉ့်သုံးယာမ်၌ကား သန်းခေါင်ယာမ်၌ အိပ်၍ ကြွင်းသည့်ညဉ့် နှစ်ယာမ်၌ ရေယဉ်ပြေးသကဲ့သို့ မအိပ်မစက် ရဟန်းတရားကို အားထုတ်ရာသည် အပေါင်းအဘော်နှင့်

ပျော်ပျော်ပါးပါး သဘင်သမား ကျွမ်းသမားကဲ့သို့မနေရာ အပေါင်းအဘော်နှင့် မွေ့လျော်သောသူ၏ အဖြစ်နှင့်တူသော သတ္တဝါတို့အား အကျိုးမဲ့ကိုဖြစ်စေတတ် သောတရားမည်သည်မရှိ ရင့်ပြီးသောပါရမီရှိသောထိုဘဝမဂ်ဖိုလ်မချွတ်ရလတ့ံ သော သူပင်ဖြစ်သော်လည်း အပေါင်းအဘော်နှင့်သာ မွေ့လျော်ပျော်ပါး၍နေ မှု ထိုဘဝ မဂ်ဖိုလ်ကိုမရချေ။'

ထို့ကြောင့် ခြွေရံပရိသတ်မွေးမြူခြင်း ပစ္စည်းဖြစ်ရန် ဆည်းပူးခြင်းကို ရဟန်း ဖြစ်သောသူသည် အလျဉ်းမပြုရာ ရရသမျှသော ပစ္စည်းဖြင့်သာ အသက်မွေးရာ သည် ရရသမျှသော ပစ္စည်းမှတပါး အခြားအသစ်မရှာရာ ရရသမျှသော ပစ္စည်း တို့တွင်လည်း ကောင်းနိုးရာရာကို သူ့အားစွန့်လှူ၍ ကိုယ်နှင့်မျှရုံသော ပစ္စည်းဖြင့် သာ အသက်မွေးရာသည် ငါတို့လည်းဖွားသည်မှ ကိုးနှစ်ရှိရွယ်တွင် ဗျတ္တိဗလနှင့် ပြည့်စုံတော်မူသော ကဝိသာရမဟာထေရ်ထံ ပဏ္ဍုပလာသ၏ အဖြစ်ဖြင့် စာပေ သင်နေသည် တဆဲ့သုံးနှစ်အရွယ်တွင် သာမဏေအဖြစ်ကိုရသည် တဆဲ့ငါးနှစ် အရွယ်တွင် နာထာ နာထချီ လောကဓမ္မပျို ဋ္ဌာနာဌာနချီပရာဘဝပျို နရာနရချီ သာဓုစာရီပျို သုံးစောင်ကို စီရင်သည် နောက်လည်း မဟာဝံသချီ သက်ပွ ပျို အနေ့ာပမချီ မဃဒေဝပျို နှစ်စောင်ကို စီရင်သည် အသက်နှစ်ဆယ်ရွယ် တွင် ပဉ္စင်းအဖြစ်ကိုရသည် တကျိပ်နှစ်ပါးသော ကျမ်းတတ်ပုဂ္ဂိုလ်များထံ ပါဠိ အဋ္ဌကထာ ဋီကာ သဒ္ဒါ ဥဒသ် နေတ္တိ ကျမ်းဂန်များ သင်ကြားလေ့လာသည် ပညာရှိသူတော်ကောင်းတို့ကိုသာ မှီဝဲဆည်းကပ်သည် ပညာရှိ သူတော်ကောင်း တို့ စကားကိုနာယူသည် ယခုအသက် ခြောက်ဆဲ့တနှစ်တိုင် ဗာဟိရကမ္မနှင့် မွေ့လျော်နေသည်မရှိ ငါတို့ကဲ့သို့မှတ်လို သိလိုသော ပညာ သင်ကြားသော သူတော်ကောင်း ရဟန်းမြတ်တို့သည် ငါ့နည်းမှတ်၍ ကျင့်ကြပါကုန်။

ရှေးဆရာမြတ်တို့သည် သလ္လဟုကဝုတ္တိ ဖြစ်ခြင်း သလ္လေခ ပဋိပတ္တိ ဖြစ်ခြင်းငှါ ရရသမျှသော သင်္ကန်းတွင် ကောင်းနိုးရာ သင်္ကန်းကို သူ့အားလှူ၍ ညံ့နိုးအံ့ထင် သည် သင်္ကန်းကို ပိန်းနှဲဖျက်၍ သုံးဆောင်တော်မူကုန်သည် ကောင်းနိုးရာဆွမ်း ကို သူ့အားလှူ၍ ညံ့နိုးအံ့ထင်သည်ဆွမ်းကို ပတ္တပိုဏ်ပြု၍ သုံးဆောင်တော် မူကုန်သည် ကောင်းနိုးရာ ဟင်းကို သူ့အားလှူ၍ ညံ့နိုးအံ့ ထင်သည်ဟင်းတွင်

ရေနွေးစွက်၍ သုံးဆောင်တော်မူကုန်သည် ကောင်းနိုးရာ ကျောင်းကို သူ့အား လှူ၍ ညှံ့နိုးအံ့ ထင်သည် ကျောင်းတွင် ယုတ်ညံ့သော နေရာ၌သာ နေတော်မူကုန်သည် ကောင်းနိုးရာ ထောပတ်စသည်ဖြင့် စီရင်သော ဆေးကို သူ့အားလှူ၍ ယုတ်ညံ့သော နွားကျင်ငယ်ပုပ်ဖြင့် စိမ်အပ်သောဇီးဖြူ သျှစ်သျှား ဖန်ခါး စသော ဆေးကိုသာ သုံးဆောင်တော် မူကုန်သည် ငါတို့ဆဲရာ ရွှေကျောင်းဘုရားလည်း ရရသမျှသော ဆွမ်းကိုစု၍ ပေါင်း၍ ခလောက်၍ အောက်ထက် အနှံ့ ရောက်စေပြီးမှ ဝေစုရဆွမ်းကို ဘုဉ်းပေးတော်မူသည် ဟင်း၌လည်းထိုအတူပြု၍ ဝေစုရ တခွက်ဟင်းတွင် ရေနွေးစွက်၍ ဘုဉ်းပေးတော်မူသည် တဲပူမဟာထေရ် တောမဟာထေရ်တို့ကားပစပ်၌ သတ္တဝါတို့သင်းချိုင်းမဖြစ်စေလင့်ဟုအသားဟူသမျှကို ပယ်သည် ရှေးမဟာထေရ်တို့ကား အသားဟူသမျှသည် အာဟာရ၌ ပဋိကူလ သညာမှတ်တော်မူ၍ အသားဟူသမျှကို မစား ပယ်တော်မူသည်။

တည်တော်ရှင် မဟာတိဿလည်း ရေနွေးပူပူကို ဆားလှော် ခပ်ရုံမျှသော ဟင်းဖြင့်သာ နိစ္စဘတ် ဆွမ်းစားခြင်း ကိစ္စကိုပြုသည် ဤအကျင့်များသည် ကမ္မဋ္ဌာန်းလေးဆယ်တွင် ပဋိကူလ သညာ တပါးဝင်လည်းဖြစ်ပေသည် ရသေ့မျိုး ရှစ်ပါးတို့ အလေ့အကျက်တွင် သင့်ဂြိုဟ်အပ်သော အကျင့်လည်းဖြစ်ပေသည် ဘုရားရှင်၏ ဒုက္ကရစရိယတွင် အတွင်းဝင်လည်း ဖြစ်ပေသည် စာရိတ္တသီလ၏ သဘောသည် အပ်သည်ကိုပယ်၍ ကျင့်သော သဘောဖြစ်၍ သင့်မြတ်လှပေသည် ရဟန္တာ ရှင်သာရိပုတြာသည် ကာယဝိညတ်ဖြင့်ရသော ပစ္စည်းသည် အပ်သည်ဖြစ်လျက်ထိုကိုပယ်၍ကျင့်သည် အရှင်ကောဏ္ဍမထေရ်လည်း ထိုအတူကျင့်သည် သုမင်္ဂလ ဘုရားရှင်၏ အလောင်းတော်သည် ကိုယ်ကို ထောပတ်ဆွတ်သော ပုဆိုးဖြင့်ရစ်၍ ဆီမီးပူဇော်သော အဖြစ်သည် ထင်ရှားသည် သိဝိဇာတ် မျက်လုံးကိုထုတ်၍ လှူသောအဖြစ်သည် ထင်ရှားသည် သို့စဉ်လျက် အမဲငါး မစား ကြဉ်သောရဟန်းတို့သည် ငတ်ရုံသာ အကျိုးမရှိ ဘုရားသခင်ကိုယ်တော်ပင် သုံးဆောင်တော် မူသေးသည်ဟု အမြွက်ဆောင်ကုန်၏ ကာယဝိညတ်ဖြင့် ရသောပစ္စည်းကို သုံးဆောင်စိမ့်သောငှါ ဘုရားခွင့်ပြုတော်မူလျက် အဘယ်ကြောင့် အရှင်သာရိပုတြာ အရှင်ကောဏ္ဍ မထေရ်တို့သည် ကာယဝိညတ်ကြောင့် ရသောပစ္စည်းကို ကြဉ်လေသနည်းမေး၍ပြောရာတွင် ရသောပစ္စည်းဖြစ်၍ ကြဉ်

လေသည်ဟုတုံအံ့ ထိုသို့ရသော ပစ္စည်းကိုပင် အပ်၏ဟု ပညတ်သောပါဠိရှိပါသည် မဟုတ်လောဟုဆို၍ ထိုစကားတွင် ဆိတ်စေအပ်၏ ကိုယ်မကျင့်နိုင်လျှင်မနေ သူကျင့်သည်ကိုပင် မစွဲရရှိသေးသည်ကား ပုထုဇဉ်တို့ ဓမ္မတာဟုသာ နှလုံးပိုက်ရတော့သည်။

ရဟန်းတို့မည်သည် တရံတဆစ်မျှ သတိဝိနည်းကို မလစ်စေရာ တရံအခါ ကံစွယ်ဆရာတော်ထံ ရှင်အရိယစာရီနှင့် ယသာသူကြီး ရှင်ပင်အာနန္ဒာဘုရားကို ချရန်ရွှေဆိုင်း အပ်သည်ကို ရေစက်ချပြီးလောဟု မေးတော်မူသည်ကို ချခဲ့ပါပြီလျှောက်လျှင် ချပြီးရွှေဆိုင်းဖြစ်မူ ထားခဲ့လောမိန့်တော်မူသည် အကြောင်းကား ရွှေငွေနှင့် စပ်သမျှကို သင်္ဃာ ဂိုဏ်း ပုဂ္ဂိုလ် စေတီအကျိုးငှါ မခံကောင်း လှူပြီးဖြစ်မူကား စေတိယသန္တကဖြစ်ပြီး၍ ကပ္ပိယလူတပည့်တို့ကို ချစေရတော့မည် ထားခဲ့တော့ ဆိုလိုသည် သို့စင် ဝိနယသတိ ရှိပေသည် နည်းယူကြပေ ရဟန်းတို့မည်သည် ဘာဝနာသတိကိုလည်း တရံတဆစ်မျှ မလစ်စေရာ ပွင့်တော်မူလေကုန်ပြီးသော မရေတွက်နိုင်သော သဗ္ဗညု ဘုရားရှင်တို့တွင် တဆူတဆူသော ဘုရား၌လည်း နှစ်ဆယ်လေးသခေျနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတသိန်းတို့သည် ကျွတ်တမ်းဝင်ချည်း ဖြစ်သည်ဟု ကျမ်းလာသည် ယင်းသို့စင် ကျွတ်တမ်းဝင်လျက် ငါတို့သည် ထိုကျွတ်တမ်းဝင် အရှင်မြတ်တို့ အပင်းအသင်း မဟုတ်ချေကျွတ်တမ်းဝင်ရသည်ကိုလည်း အယုတ်သဖြင့် ဘဝတရာ နှစ်ရာမျှဖြည့်အပ်သော ပုညသမ္ဘာရဖြင့်လည်း ပြီးသည်ဟု ကျမ်းဂန်လာသည်တကား ငါတို့သည် အယုတ်သဖြင့် ဘဝတရာ နှစ်ရာမျှလည်း ဖြည့်ရသော သာမညသာဝက ဖြစ်ထိုက်သော ပုညသမ္ဘာရမရှိလေသလော ဖြစ်ဖြစ်သမျှသော ဘဝလည်း အစမထင်တကားဟု ဆင်ခြင်ခြင်း ဘာဝနာသတိကို မပြတ်ဖြစ်စေအပ်၏ ထိုတွင် ကျွတ်တမ်းဝင် အရှင်တို့နှင့် တူမျှသော ပုညသမ္ဘာရ ထိုထက်လွန်သော ပုညသမ္ဘာရသည် ငါတို့၌ စင်စစ်ပင်ရှိ၏ သာမညသာဝက ဖြစ်ထိုက်သော ပုညသမ္ဘာရကား ငါကိုယ်မှာ မရှိလေ ရှိပင် ရှိလေသော်လည်း ယင်းသည် သာမညသာဝက၏ အဖြစ်မျှဖြင့် ကျွတ်တမ်းဝင်ခြင်းငှါ အလိုမရှိလေ ထိုအကြောင်း နှစ်ပါးကြောင့် ကျွတ်တမ်းဝင် အရှင်သူမြတ်တို့၏ အပင်းအသင်းမှာ မပါချေဟု ဘာဝနာသတိကို မပြတ်ဖြစ်စေရာသည်။

ပုထုဇဉ်တို့မည်သည် ဇာတိတရား မိမိအား ထင်ရှားနှိပ်စက်လျက် ထိုဇာတိ၏ အကြောင်းဖြစ်သော လူ့ချမ်းသာ နတ်ချမ်းသာကိုရည်၍ ကုသိုလ်ပြုသူ များ ချေသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အကျိုးငှါ ရည်၍ ပြုသူနည်းချေသည် ကုသိုလ်မည်သည်လည်း အကြောင်းအားလျော်စွာ အကျိုးကိုဖြစ်စေမြဲဖြစ်၍ ရည်တိုင်းသော အကျိုးကိုသာ ဖြစ်စေသည် မရည်သော အကျိုးကိုမဖြစ်စေ ထို ကြောင့် ကျွတ်တမ်းမှာမပါ သံသရာမှာ ကြာရချေသည် ပုထုဇဉ်တို့မည်သည် ဇရာတရား မိမိအား ထင်ရှားနှိပ်စက်လျက် ထိုဇရာဖြစ်ခြင်း၏ အကြောင်း ဖြစ်သော လူ့ချမ်းသာ နတ်ချမ်းသာကိုသာရည်၍ ကုသိုလ် ပြုကြလေသည်သာ များသည် မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှါရည်၍ ပြုသူနည်းသည် ဗျာဓိတရားသည် မိမိ အား ထင်ရှားနှိပ်စက်လျက် ထိုဗျာဓိဖြစ်ခြင်း၏ အကြောင်းဖြစ်သော လူ့ချမ်း သာနတ်ချမ်းသာကိုသာရည်၍ ကုသိုလ်ပြုကြလေသည်သာ များသည် မဂ်ဖိုလ် နိဗ္ဗာန် အကျိုးငှါရည်၍ ပြုသူနည်းသည် မရဏတရားသည် မိမိအား ထင်ရှား နှိပ် စက်လျက် ထိုမရဏတရားဖြစ်ခြင်း၏ အကြောင်းဖြစ်သောလူ့ချမ်းသာ နတ်ချမ်း သာကိုရည်၍ပြုကြလေသည်သာများသည် မဂ်ဖိုလ်နိဗ္ဗာန် အကျိုးငှါရည်၍ ပြုသူ နည်းသည်သောကတရားသည်မိမိအားထင်ရှားနှိပ်စက်လျက် ထိုသောကဖြစ်ခြင်း ၏အကြောင်းဖြစ်သော လူ့ ချမ်းသာ နတ်ချမ်းသာကိုသာရည်၍ ကုသိုလ် ပြုကြ လေသည်သာ များသည် မဂ်ဖိုလ်နိဗ္ဗာန် အကျိုးငှါရည်၍ ပြုသူနည်းသည် ဥစ္စာ၏ ကုန်ခြင်း ခြွေရံပရိသတ်၏ကုန်ခြင်း အသက်၏ကုန်ခြင်းဟု ဆိုအပ်သော ခယန တရားသည် မိမိအား ထင်ရှားနှိပ်စက်လျက် ထိုခယနဖြစ်ခြင်း၏ အကြောင်း ဖြစ်သော လူ့ ချမ်းသာ နတ်ချမ်းသာကို ရည်၍ ကုသိုလ်ပြုကြလေသည် သူသာ များသည် မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှါရည်၍ ပြုသူနည်းလှသည်။

ကုသိုလ်မည်သည် အကြောင်းအားလျော်စွာ အကျိုးကို ဖြစ်စေမြဲဖြစ်၍ ရည်တိုင်းသော အကျိုးကိုသာဖြစ်စေသည် မရည်သော အကျိုးကို မဖြစ်စေ ထိုကြောင့် ကျွတ်တမ်းမှာမပါ သံသရာမှာ မြင့်ကြာချေသည် ထိုကြောင့် ကျွတ် တမ်းမှာ ပါအောင် ဇာတိ၏ အပြစ်ကိုသိ၍ ဇာတိ၏ကုန်ရာ နိဗ္ဗာန်အကျိုးငှါသာ ကုသိုလ်ကိုပြုရာသည် ဇရာ၏အပြစ်ကိုသိ၍ ဇရာ၏ကုန်ရာ နိဗ္ဗာန်အကျိုးငှါ ရည်၍ သာ ကုသိုလ်ကို ပြုရာသည် ဗျာဓိအပြစ်ကိုသိ၍ ဗျာဓိ၏ကုန်ရာ နိဗ္ဗာန်အကျိုးငှါ

ရည်၍သာ ကုသိုလ်ကိုပြုရာသည် မရဏ၏အပြစ်ကိုသိ၍ မရဏ၏ကုန်ရာ နိဗ္ဗာန် အကျိုးငှါရည်၍သာ ကုသိုလ်ကိုပြုရာသည် သောက၏ အပြစ်ကိုသိ၍ သောက၏ ကုန်ရာ နိဗ္ဗာန်အကျိုးငှါရည်၍သာ ကုသိုလ်ကိုပြုရာသည် ခီယန၏ အပြစ်ကိုသိ၍ ခီယန၏ကုန်ရာ၊နိဗ္ဗာန်အကျိုးငှါရည်၍သာ ကုသိုလ်ကိုပြုရာသည် လူ့ချမ်းသာ နတ်ချမ်းသာ အကျိုးငှါ ရည်၍မပြုရာ ပြုသောသူသည် ငါ့အား ကာလမြင့်ရှည် ဇာတိဆင်းရဲသည် ဤကုသိုလ်ကြောင့်ဖြစ်ပါစေ ဇရာဆင်းရဲ ဗျာဓိဆင်းရဲ မရဏ ဆင်းရဲ သောကဆင်းရဲ ခီယနဆင်းရဲသည် ဤကုသိုလ်ကြောင့် ငါ့အား ဖြစ်ပါစေ ဟု ပန်ကားမပန် ပန်ရာရောက်လေသည့် ကုသိုလ်သည် ဆင်းရဲကို မဖြစ်စေတတ် သော်လည်း ဖြစ်စေတတ်သကဲ့သို့ ပတ္ထနာအားလျော်စွာ ဖြစ်လေသည် ယင်းသို့ ကုသိုလ်ရှေမကြီးကိုပင် မဂ်ဖိုလ်နိဗ္ဗာန် အကျိုးငှါကားမရည် လူ့ ချမ်းသာ နတ် ချမ်းသာကိုသာ ရည်၍ ကုလားမိစ္ဆာ ရခိုင်မိစ္ဆာ တရုပ်မိစ္ဆာတို့ကဲ့သို့ ပြုလေသည် ကား ပညာစက္ခုကို အဝိဇ္ဇာဟူသော သလာသည် မြေးရှက်လေသောကြောင့် တည်းဟု ဖြစ်သော သတိဘာဝနာကို ပွါးစေရာသည်။

ရဟန်းမည်သည်ကား အချင်းခပ်သိမ်း သတိသမ္ပဇညကို မလွတ်စေရာ သွား စဉ်လည်း သတိသမ္ပဇညဖြင့်သာ သွားရာသည် ထိုင်စဉ်လည်း သတိသမ္ပဇညဖြင့် သာ ထိုင်ရာသည် လျောင်းစဉ်လည်း သတိသမ္ပဇညဖြင့်သာ လျောင်းရာသည် အကြင်အကြင်သို့သော အခြင်းအရာဖြင့် ကိုယ်ကိုထား၏ ထိုထိုသို့သော အခြင်း အရာဖြင့် ကိုယ်ကိုထားစဉ်လည်း သတိသမ္ပဇညဖြင့်သာ ကိုယ်ကို ထားရာသည် မည်သည်တွင်မှ သတိသမ္ပဇညကို မလွတ်စေရာ ရှေ့သို့ တက်သောကာလ၌လည်း သတိသမ္ပဇညဖြင့်သာ ရှေ့သို့တက်ရာသည် နောက်သို့ဆုတ်သော ကာလ၌လည်း သတိသမ္ပဇညဖြင့်သာ နောက်သို့ဆုတ်ရာသည် တူရူကြည့်သော ကာလ၌လည်း သတိသမ္ပဇညဖြင့်သာ တူရူကြည့်ရာသည် တစောင်းကြည့်သော ကာလ၌လည်း သတိသမ္ပဇညဖြင့်သာ တစောင်းကြည့်ရာသည် ကွေးသောကာလ၌လည်း သတိ သမ္ပဇညဖြင့်သာကွေးရာသည် ဆန့်သောကာလ၌လည်း သတိသမ္ပဇညဖြင့်သာ ဆန့်ရာသည် သပိတ်သင်္ကန်းကို ဆောင်သောကာလ၌လည်း သတိသမ္ပဇညဖြင့် သာ ဆောင်ရာသည် စားသောအခါ သောက်သောအခါ ခဲသောအခါ လျက် သောအခါတို့၌လည်း သတိသမ္ပဇညဖြင့်သာ စားရာ သောက်ရာ ခဲရာ လျက်ရာ

သည် ကျင်ကြီးမှု ကျင်ငယ်မှု ပြုသောအခါ၌လည်း သတိသမ္ပဇညဖြင့်သာ ပြုရာသည် အိပ်သောအခါ နိုးသောအခါ စကားပြောသောအခါ တိတ်တဆိတ် နေသောအခါတို့၌လည်း သတိသမ္ပဇညဖြင့်သာ အိပ်ရာ နိုးရာ စကားဆိုရာ တိတ်တဆိတ်နေရာသည် မည်သည်တွင်မှ သတိသမ္ပဇညကို မလွတ်စေရာ မလွှတ်စေရာသော သတိသမ္ပဇညသည်လည်း ကာမဂုဏ်ငါးပါးနှင့်စပ်သော သတိသမ္ပဇည မဟုတ် ကာမဂုဏ်ငါးပါး၏ အာဒီနဝကို အောက်မေ့ဆင်ခြင်တတ်သော သတိသမ္ပဇည လက္ခဏာရေးသုံးပါးနှင့်စပ်သော သတိသမ္ပဇညကိုသာဆိုသည်။

တနည်းလည်း-အဂ္ဂိယပ်မှု ကုလဒူသကံ အနေသနမှု စသည်နှင့် စပ်သော သတိသမ္ပဇညမဟုတ် "ဣဓ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ" ဟုဟောတော်မူသည်အတိုင်း သမ္မာအာဇီဝကို ဖြစ်စေတတ်သော သတိသမ္ပဇညကိုသာဆိုသည် အဂ္ဂိယပ်ငွေကို သဘောတူ စိတ်တူပြု၍ လဲလှယ်ရောင်းဝယ်ကြသည်ဖြစ်၍ အပြစ်မရှိ အထင်ရောက်ကြသည် မဟုတ်ချေ ခိုးခြင်းနှစ်ဆဲ့ငါးပါးတွင် ကူဋ္ဌာဝဟာရ ခိုးခြင်းဖြစ်၍ ရွှက်နီမှုန်တကျပ် ခြောက်မူး ရှစ်ရွေး အဘိုးတန်ဝတ္ထု ကိုယ်သို့ပါချေလျှင် ပါရာဇိကရောက်ချေပြီ သတိရှိကြစေ ပါရာဇိကဏ်ပါဠိတော် ဝိနီတဝတ္ထုမှာ သက်နှင်းလဲ ဝတ္ထုကိုထောက်၍ ယင်းသည် စကားကိုကြည့်လေ ငါတို့ ဆရာဘုရားကား အဂ္ဂိယပ်မှုကို လေ့လာသော ရဟန်းဟူသမျှသည် ရဟန်းတရား ကင်းသူချည်းဟု မိန့်သည်။ အဂ္ဂိယပ်မှု၌ လေ့လာသူသည် ရဟန်းသာကောင်းသည် ရဟန်းလေ့လာသော်ဘုရားရှင် စရိတ်တော်ကိုစား၍ လေ့လာရသည် လူ လေ့လာသော် မိမိစရိတ်ကိုစား၍လေ့လာရ သည်ဟူသည် ထိုရဟန်းတို့သည်ဘုရားစရိတ်တော်ကိုစား၍လူ့အမှုကို ထမ်းရကား နောင်ဘဝရဲရဲညီသော သင်းပိုင်ကိုဝတ်၍ ရဲရဲညီသော ခါးပန်းကိုပန်း၍ ရဲရဲညီသော ကိုယ်ဝတ်ကိုဝတ်၍ ရဲရဲညီသောဒုကုဋ်ကို ပခုံး တဘက်ဝယ် တင်၍ ရဲရဲညီသော သပိတ်ကို ပခုံးတဘက်၌လွယ်၍ ခံရသောဂိဇ္ဈကုဋ်တောင်ရှိ ပြိတ္တာအဘော် အပင်းအသင်းသို့ ဝင်ရချိမ့်သည်ဟု ဆင်ခြင်သော ဘာဝနာဉာဏ်ကို ဖြစ်စေရာသည်။

ကထိန်ခင်းခြင်းမည်သည်လည်း ရှစ်ပါးသောအင္ဂမမှု၌ လိမ်မာသော ရဟန်းတို့သာ ကထိန်ခင်းစိမ့်သည်ကို ခွင့်ပြုတော်မူသည် အင္ဂမမှုလက္ခဏာကို မသိကုန်

သော ရဟန်းတို့သည် ကထိန်မခင်းအပ် ယခုအခါ မိမိတို့ဆရာ အလေ့အကျက် မျှကိုသာစွဲ၍ အဋ္ဌဓမ္မ၌ စဝိုးစဝါးမျှ မသိဘဲလည်း ကထိန်ခင်းကြကုန်သည် ခင်းပြီး နောက်လည်း တဦးသူ လူကထိန်ခင်း ဒါယကာက ကထိန်လှူလိုပါသည် ရောက် ပြန်ဈေင်လည်း ရှေ့ကထိန်ကိုနုတ်၍ အသစ်ခင်းကြကုန်သည် တနှစ်ကိုတခါသာ တခုသော ဥပစာရသိမ်၌ ခင်းရသည် နှစ်ခါသုံးခါ မခင်းရချေ နုတ်ပြီးလျှင် ကထိန်ပျက်လေတော့သည် ပျက်ပြီးလျှင် ရောက်သည် ဝါဆိုဘို့ သံဃိကသင်္ကန်း လာဘ် မတာကစီဝရကို ကထိန်ခင်း မခင်းရဟန်းတို့ ဝေဘန်သုံးဆောင်ရသည် ထိုသို့ဝေဘန်ရခြင်း အကျိုးငှါသာ ခင်းပြီးသည်ကထိန်ကို နုတ်စိမ့်သောငှါ ဘုရား ပညတ်သည် တဖန်ခင်းလို၍ နုတ်စိမ့်သောငှါ မပညတ်ဟု ဆင်ခြင်သော ဘာဝနာ ဉာဏ်ကို ဖြစ်စေရာသည် နုတ်ရာသည်မနုတ်ရာသည်ကို သိခြင်းသည် အဋ္ဌဓမ္မမှ တပါးဖြစ်တော့သည် အကျယ်ကိုသိလိုမူ ငါစီရင်သည့် ကထိနဝိနိစ္ဆယမှာကြည့်။ သိမ်သမုတ်ခြင်းမည်သည်ကို မြင်ဘူးတွေ့ဘူးကာမျှနှင့် ဝိနည်းကိုမသိဘဲ ပကတိ ဂါမလက္ခဏာ ဝိသုံဂါမလက္ခဏာကို မသိဘဲ ယခုအခါ သိမ်သမုတ်ကြသည် ကား ဝိပတ္တိသိမ်သာဟု ဆင်ခြင်သော ဘာဝနာဉာဏ်ကို ဖြစ်စေရာသည် သိလိုမူ ငါစီရင်သည့် သိမ ဝိနိစ္ဆယမှာကြည့်။

## တံဆိပ်ရ ဆရာတော်များ

ဤသို့ပွားစေအပ်သော ဘာဝနာဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဌာနန္တရပတ္တ အရာအထူးသို့ ရောက်လေသော မဟာထေရ်တို့ကား—

မင်းအိုဆရာတော်ကို ဂုဏာဘိလင်္ကာရ သဒ္ဓမ္မ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဟူသောအမည်ဖြင့် မင်းကေရာဇ်ဆရာပြု၍ ကိုးကွယ်တော်မူသည်။

မန်လည်ဆရာတော်ကို ဂုဏမုနိန္ဒာဓိပတိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဟူသောအမည်ဖြင့် မင်းကေရာဇ်ဆရာပြု၍ ကိုးကွယ်တော်မူသည်။ သင်္ဃရာဇာ သာသနာပိုင်လည်း အပ်တော်မူသည်။

မင်းရွာဆရာတော်ကို ဉာဏဇမ္ဗုဒိပ အနန္တဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဟူသော တံဆိပ်အမည်ဖြင့် မင်းကေရာဇ် ဆရာပြု၍ ကိုးကွယ်တော်မူသည်။

ဆံတားဆရာတော်ကို တိပိဋကသဒ္ဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော တံဆိပ်အမည်ဖြင့် မင်းကေရာဇ်ဆရာပြု၍ ကိုးကွယ်တော်မူသည်။

ရွှေတောင် ဆရာတော်ကို ကဝိန္ဒာဘိသဒ္ဓမ္မ ပဝရ မဟာဓမ္မ ရာဇဂုရု ဟူသော အမည်ဖြင့် မင်းကြောင်ဆရာပြု၍ ကိုးကွယ်တော်မူသည်။

တောင်လေးလုံး ဆရာတော်ကို မုနိန္ဒာဘိလင်္ကာရ သဒ္ဓမ္မသာမိ မဟာဓမ္မရာဇဂုရု ဟူသော အမည်ဖြင့် ကိုးကွယ်တော်မူသည်။ ,

လောကမှန်ကင်း ဆရာတော်ကို ကဝိန္ဒသာရဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဟူသောအမည်ဖြင့် ကိုးကွယ်တော်မူသည်။

ပန့်ဘိုဆရာတော်ကို ဂုဏသိရိ ဝံသဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဟူသော အမည်ဖြင့် ကိုးကွယ်တော်မူသည်။

ပိုက်သင်ဆရာတော်ကို ဂုဏသိရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇဂုရု ဟူသောအမည်ဖြင့် ကိုးကွယ်တော်မူသည်။

တောင်တွင်းဆရာတော်ကို ပရမသိရိဝံသဓမ္မရာဇဂုရု ဟူသော တံဆိပ်အမည်ဖြင့် ကိုးကွယ်တော်မူသည်။

ဗားကရာ ဆရာတော်ကို တိပိဋကာလင်္ကာရ သိရိဓဇ မဟာဓမ္မ ရာဇဂုရု ဟူသောအမည်ဖြင့် ကိုးကွယ်တော်မူသည်။

မုန်တောဆရာတော်ကို ဝဇီရာလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု ဟူသော အမည်ဖြင့် ကိုးကွယ်တော်မူသည်။

မဲခီးဆရာတော်ကို ကဝိန္ဒာဘိသိရိဝံသဓဇမဟာဓမ္မရာဇဂုရု ဟူသော အမည်ဖြင့် ကိုးကွယ်တော်မူသည်။

ဆင်တဲဆရာတော်ကို ဉာဏာလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇဂုရု ဟူသော အမည်ဖြင့် ကိုးကွယ်တော်မူသည်။

မဲခီးငယ် ဆရာတော်ကို ကဝိန္ဒာဘိသိရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု ဟူသော အမည်ဖြင့် ကိုးကွယ်တော်မူသည်။

ဆီးပနီဆရာတော်ကို သိရိဝံသာဘိဓဇ မဟာဓမ္မ ရာဇဂုရု ဟူသောအမည်ဖြင့် ကိုးကွယ်တော်မူသည်။

မောင်းထောင်ဆရာတော်ကို ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ဟူသောအမည်ဖြင့် ကိုးကွယ်တော်မူသည် သာသနာပိုင်လည်းအပ်တော်မူသည် အသောကာရုံ ကျောင်းတော်ကိုလည်း တင်လှူတော်မူသည်။

ညောင်ကန် ဆရာတော်ကို ကဝိန္ဒာဘိသဒ္ဓမ္မဇ မဟာဓမ္မရာဇဂုရုဟူသော အမည်ဖြင့် ကိုးကွယ်တော်မူသည် မင်္ဂလာဘုံကျော်ကျောင်းကိုလည်း တင်လှူတော်မူသည်။

ဆရာတော်ဦးယာကို ပညာသီဟမဟာဓမ္မရာဇဂုရု ဟူသောတံဆိပ်အမည်ဖြင့် ကိုးကွယ်တော်မူသည် ဂူကြီးတိုက်ကိုလည်း ကူးတို့ဆိပ် ဆရာတော်ဘုရားကြီး အိုမင်းမစွမ်းရှိ၍ နိသျည်းပေးနေစေတော်မူသည်။

ဤဆရာတော် အပေါင်းတို့တွင် မင်းအိုဆရာတော် ကျမ်းရိုးဆို သူမတန် အောင် ကောင်းလှသည် မင်းရွာဆရာတော် ကျမ်းဂန်ဝါစုဂ္ဂတ အရများသည် ဆံတားဆရာတော် ကျမ်းဂန်နိုင်လှသည် ရွှေတောင်ဆရာတော် အတိဂမ္ဘီရဉာဏ်ရှိလှသည် ဗားကရာဆရာတော် သင်ရိုးကျမ်းနိုင်လှသည် မုန်တောဆရာတော် ဂါထာဘွဲ့ မြန်လှသည် ဆင်တဲဆရာတော် စုဒ် စောဒနာ အာဘော်ထုတ် ကောင်းလှသည် မောင်းထောင်ဆရာတော် ကျမ်းဂန် ဂန္ထန္တရ နှံ့စပ်လှသည် ညောင်ကန်ဆရာတော် ဆရာတော်ဦးယာ ဉာဏ်ကောင်းလှသည်ဟု ပြောကြသည် ကြွင်းသည်ဆရာများ၏ ကျေးဇူးတော် ဂုဏ်တော်မှာ မည်သို့ဟု အထူးမကြားစဘူးဖြစ်၍ မဆိုဝံ့ချေ။

ဤသို့သော ဆရာမြတ်တို့ ကဲ့သို့သော ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံ၍ ဘာဝနာဉာဏ် ပွားစေခြင်း အကျိုးထူးကို အလိုရှိသော နောက်သားသူမြတ်တို့သည် ဆရာကောင်းကိုရွေးချယ်၍ ပရိယတ်အသင်အကြားကို အားထုတ်တော်မူကြကုန်။ ဤဆရာ စာမနိုင် ဤဆရာစာနိုင်၏ဟု မိမိအထဲဉာဏ် အခံမရှိ၍ မသိကြချေ သူတပါးပြောစားလျှင်ပင် စာတတ်မှတ်၍ နိသျည်းနံစောင်ကိုင်၍ စာချနိုင်လျှင်ပင် စာတတ်မှတ်၍ ရုပ်ဖြစ်ရုံ ခွင်းတတ် ကပ်တတ် ချေတတ် လာတတ် ပြုတတ်ရုံမျှကို သဒ္ဒါတတ်မှတ်၍ ထိုဆရာထံ ကာလများစွာ ပျော်ပျော်ပါးပါး နေမိ၍ အသက်ပိုမှ အခြားပညာရှိတို့ထံ ဆည်းကပ်သင်ကြားပါသော် ဝစ္စအပြား ဝါစကအပြား ကတ္တားနေ ကံနေ ပုဒ်နေ စသည်များကို လားလားပင်မသိ၍

အရှက်ရသဖြင့် ရောဂါရှိသော အကြောင်းရှိသောဟု မိမိ နေရာဟောင်းသို့ ပြန်လည်ရရှာလေသော စာသင်သားများသည် သတိရှိကြစေ။

ပမာကား- ပင်ထက်ပေါက်ပွင့်ကို အမဲမှတ်သဖြင့် စောင့်စားနေရာ ကာလ မြင့်မှ ကြွေကျလာသော ပေါက်ပွင့်ကိုနမ်းမှ အမဲမဟုတ်ဟု သိသောခွေးကဲ့သို့ တံလျှပ်ကိုရေဟု လိုက်မှားသောယောကျ်ားကဲ့သို့ ပိုးမြေမြူးကို မီးမှတ်၍ အမှိုက် ဖြင့်ထုပ်၍ မှုတ်မိသောယောကျ်ားကဲ့သို့ ခဲကိုငွေဟု မှတ်မှားသောယောကျ်ား ကဲ့သို့ စာမတတ်သူတို့ကိုလည်း စာတတ် ထင်မိတတ်သည် ပတ္တမြားမျက်ရှင်ကို ဖလ်ဟု ထင်မှားသောယောကျ်ားကဲ့သို့ စာတတ်သူကိုလည်း စာမတတ် ထင်မိ တတ်သည် ငယ်က ပထမဆရာကောင်း ရသူမှ သူကောင်းဖြစ်မည် တကယ် တတ်သည့် ဆရာမြတ်တို့ထံ ရွေးချယ်၍ သင်ကြားကြပါလေ မှားတတ်လှချေ၏၊ မှားက နောင်တရရှိတတ်ချေသည် ငါတို့ငယ်က မည်သည်ဆရာ ကျမ်းတတ်လှ သည် တနေ့ကို စာတကိုက်ရသည် ဆန်း ကလာပ် တတ်လှသည် ငှက်တို့ဘာသာ ကိုပင် နားလည်သည်ဟုကျော်ကြားထင်ရှားသည် ထိုဆရာမြတ်တို့ထံ ဆည်းကပ် ပါသော် အယုတ်သဖြင့် ကတ္တား ကံနေကိုမျှ သိတော်မမူ စိတ်နှင့် စေတသိက် အခွဲကိုမှ သိတော်မမူသည်များကို တွေ့ရချေသည် သတိရှိကြစေ။

## ဥပဇ္ဈာယ် နိဿည်း

သူ့အား နိဿည်းပေးထိုက်သောဗျတ္တဂုဏ် ပရိသတ်မွေးထိုက်သောဗျတ္တဂုဏ် ဥပဇ္ဈာယ်ပြုထိုက်သော ဗျတ္တဂုဏ်ကိုပင် ရအောင်ပြုခြင်းငှါ မစွမ်းနိုင်ငြားသော် လည်း နိဿည်းကင်း၍ သူ့ကို မမှီဘဲ ကိုယ်ထီးနေထိုက်သော နိဿယမုစ္စက ပုဂ္ဂိုလ် အဖြစ်ကိုရအောင်အားထုတ်ရာသည် ထိုစကားမှန်၏ အကြင်ရဟန်းသည် ဝိနည်းသိက္ခာပုဒ်၌ လိမ္မာ၏ ပဥ္စင်းဖြစ်သည်မှ ငါးဝါရ၏ ထိုရဟန်းသည်သာ နိဿည်းဆရာ ဥပဇ္ဈာယ်ဆရာကို မမှီဘဲ ကိုယ်ထီးနေခြင်းငှါ အပ်၏။ ဤမျှ တည်းဖြင့် အဝါဘရာပင်ရသော်လည်း ဥပဇ္ဈာယ်မပြုရ နိဿည်းမပေးရချေ ပရိ သတ်မမွေးရချေ ထို့ကြောင့် ပဥ္စင်းခံပြီးမှငါးဝါရသောဝိနည်းသိက္ခာပုဒ်၌ လိမ်မာ သော နိဿယမုစ္စကရဟန်းလည်း အလုံးစုံတို့အောက် ယုတ်သောအပိုင်းအခြား အားဖြင့် ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက် နှစ်စောင်ကို လေ့လာရမည် နှုတ်တက်စေရမည် လဆန်းပက္ခ လကွယ်ပက္ခတို့၌ တရားဟောခြင်းငှါ သုတ်

လေးဘာဏဝါရရှိသော ပုဒ်ပါဠိ ပါဠိတို့ကို နှုတ်တက်ရအောင်သင်ရမည် ရောက်လာသော ပရိသတ်တို့အား တရားဟောခြင်းငှါ အန္ဓကဝိန္ဒသုတ်နှင့် တူသော တခုသောစကားအစဉ်ကိုရင်း မဟာရာဟုလောဝါဒ သုတ်နှင့်တူသော တခုသော စကား အစဉ်ကိုရင်း အမ္ဗဋ္ဌသုတ်နှင့်တူသော တခုသော စကား အစဉ်ကိုရင်း နှုတ်တက်ရအောင် သင်ရမည်။'

အလှူ၌ အနုမောဒနာ ပြုခြင်းငှါ သံဃဘတ်အနုမောဒနာ သုမင်္ဂလအနုမောဒနာ အမင်္ဂလအနုမောဒနာဟု ဆိုအပ်သော သုံးပါးသော အနုမောဒနာတို့ကို နှုတ်တက်ရအောင် သင်ရမည် ဥပုသ် ပဝါရဏာ စသည်ကိုသိခြင်းငှါ ကမ္မာကမ္မ ဝိနိစ္ဆယကို နှုတ်တက်ရအောင်သင်ရမည် သမာဓိ၏အစွမ်းအားဖြင့်ရင်း ဝိပဿနာ၏ အစွမ်းအားဖြင့်ရင်း ရဟန်းတရားကို အားထုတ်ခြင်းကိုပြုခြင်းငှါ အရဟတ္တဖိုလ် အဆုံးရှိသောတရားကို ရစေတတ်သော တခုသော ကမ္မဋ္ဌာန်းကို နှုတ်တက်ရအောင် သင်ရမည် ဤအတိုင်းအရှည်နှင့်လည်း ပြည့်စုံမှ ပဥ္စင်းခံသည်နောက် ငါးဝါလည်းရမှ နိဿယမုစ္စက ရဟန်းဖြစ်၍ နိသျည်းကင်းသဖြင့် ကိုယ်ထီးနေထိုက်သည် ပရိသတ်မမွေးရ နိသျည်းမပေးရ ဥပဇ္ဈာယ်မပြုရ ယင်းသည်ဆိုခဲ့တိုင်း မပြည့်စုံမူ အဝါတရာပင်ရသော်လည်း နိဿယမုစ္စက မဟုတ်ချေ နိသျည်းယူ၍ နိသျည်းပေးနိုင်သည့် ဆရာထံမှာ အသက်ထက်ဆုံး နေရမည် ထိုကြောင့် နိဿယမုစ္စကအင်္ဂါကို ပညတ်ရာ စတုတ္ထဝါရ၌—

> အပရေဟိပိ ဘိက္ခဝေ ပဥ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ န အနိဿိတေန ဝတ္ထဗ္ဗံ အာပတ္တိံ နဇာနာတိ အနာပတ္တိံ နဇာနာတိ လဟုကံအာပတ္တိံ နဇာနာတိ ဂရုကံ အာပတ္တိံ နဇာနာတိ ဉဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန န သွာဂတာနိ ဟောန္တိ သုဝိဘတ္တာနိ သုပ္ပဝတ္တာနိ သုဝိနိစ္ဆိတာနိ သုတ္တသော အနုဗျဉ္ဇနသော ဣမေဟိ ခေါ ဘိက္ခဝေ ပဥ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ န အနိဿိတေန ဝတ္ထဗ္ဗံ။

ဟုပညတ်တော်မူသည်။

ငါးဝါမရသေးသော ရဟန်းသည် ဝိနည်းသိက္ခာပုဒ်၌ ရှင်ဉပါလိကဲ့သို့ပင် လိမ္မာသော်လည်း နိသျည်းကင်း၍ မနေအပ်သည်၏ အဖြစ်ကို "ဦနပဉ္စဝဿော ဟောတိ"ဟု ပဥ္စမဝါရတွင် ပညတ်တော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ အပရေဟိပိ၊ တပါးလည်းဖြစ်ကုန်သော။ ပဉ္စဟိ၊ ငါးပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။သမန္နာဂတေန၊ ပြည့်စုံသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အနိဿိတေန၊ နိဿျည်းဆရာကို မမှီဘဲ။ နဝတ္တဗ္ဗံ၊ မနေအပ်။ အာပတ္တိံ၊ အာပတ်သို့ရောက်သည်ကို။ နဇာနာတိ၊ မသိ။ အနာပတ္တိံ၊ အာပတ်သို့ မရောက်သည်ကို။ နဇာနာတိ၊ မသိ။ လဟုကံအာပတ္တိံ။ လဟုကအာပတ်ကို။ နဇာနာတိ၊ မသိ။ ဂရုကံအာပတ္တိံ၊ ဂရုကအာပတ်တို။ နဇာနာတိ၊ မသိ။ အဿ၊ ထိုရဟန်းအား။ ပါတိမောက္ခာနိ၊ နှစ်စောင်သော ပါတိမောက်တို့သည်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ဝါ၊ ပဒဘာဇနီနှင့်တကွ။ သွာဂတာနိ၊ ကောင်းစွာနှုတ်တက်သည်။ သုတ္တသော၊ မဟာဝါ စူဠဝါ ပရိဝါမှ ဆောင်အပ်သော ပါဠိ၏ အစွမ်းအားဖြင့်။ အနုဗျဉ္ဇနသော၊ အဋ္ဌကထာအားဖြင့်။ ဝါ၊ အက္ခရာပုဒ်ဗျည်းဖြင့်။ သုဝိဘတ္တာနိ၊ ကောင်းစွာဝေဘန်အပ်ကုန်သည်။ သုပ္ပဝတ္တာနိ၊ ကောင်းစွာဖြစ်ကုန်သည်။ သုဝိနိစ္ဆိတာနိ၊ ကောင်းစွာဆုံးဖြတ်အပ်ကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဣမေဟိခေါ အင်္ဂေဟိ၊ ဤအင်္ဂါတို့နှင့်။ သမန္နာဂတေန၊ ပြည့်စုံသော။ ဘိက္ခုနာ။ ရဟန်းသည်။ အနိဿိတေန၊ နိဿျည်းဆရာကိုမမှီဘဲ။ နဝတ္တဗ္ဗံ၊ မနေအပ်။

အဓိပ္ပါယ်ကား—အာပတ်ကို မသိသောရဟန်း, အနာပတ္တိကို မသိသောရဟန်း, လဟုက အာပတ်ကို မသိသောရဟန်း, ဂရုကအာပတ်ကို မသိသောရဟန်း, ပါတိမောက်နှစ်စောင်ကို ပဒဘာဇနီနှင့်တကွ နှုတ်တက်မရသော ရဟန်း, ရသော်လည်း ပါဠိအားဖြင့်ရင်း အဋ္ဌကထာအားရင်း ကောင်းစွာမဝေဘန်နိုင် ကောင်းစွာ မဆုံးဖြတ်နိုင်သော ရဟန်းတို့သည် အဝါတရာပင် ရလင့်ကစား နိသျည်းဆရာနှင့်ကင်း၍ ကျောင်းသီး ကျောင်းခြား ပရိဝုဏ်ပြား မနေအပ် ဟူလိုသည်။

တနည်းလည်း—"အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ပဉ္စဝဿာနိ နိဿာယ ဝတ္ထုံ အဗျတ္တေန ယာဝဇီဝံ ဟု" ဟောတော်မူသောကြောင့် ဝိနည်း သိက္ခာပုဒ်၌ လိမ်မာသော လိမ်မာတိုင်း စွမ်းနိုင်သော ရဟန်းသည် ငါးဝါတို့ပတ်လုံး နိသျည်းဆရာ ဥပဇ္ဈာယ် ဆရာကို မှီ၍ နေအပ်၏ ဝိနည်းသိက္ခာ

ပုဒ်၌ မလိမ်မာသော ရဟန်းသည် အသက်ထက်ဆုံး နိသျည်းဆရာ ဥပဇ္ဈာယ် ဆရာကို မှီ၍သာနေအပ်၏ ကျောင်းသီး ကျောင်းခြား ပရိဝုဏ်ပြား မနေအပ် တည်၍ တအရုဏ်မျှကင်း၍ မနေအပ် နေသော် ဒုက္ကဋ် အာပတ် နေ့တိုင်း နေ့တိုင်း သင့်သောဟူ၏ ဤကိုထောက်၍ ကြောက်ကြကုန် အလွယ်မမှတ်လင့်။

နိသျည်း ဆရာ၏ အထံ နိသျည်းယူလိုသော ရဟန်းသည် မိမိထက် သီတင်း သိက္ခာကြီးသော ဆရာကို မရနိုင်လျှင် သီတင်းသိက္ခာငယ်သော နိသျည်းဆရာထံ ပင်သော်လည်း မိမိသည် အဝါခြောက်ဆယ် ရှိသည်မူလည်းဖြစ်စေ အဝါခုနစ် ဆယ် ရှိသည်မူလည်း ဖြစ်စေ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီ၍ "အာစရိ ယော မေ အာဝုသော ဟောဟိ အာယသ္မတော နိဿာယ ဝစ္ဆာမိ" ။အာဝုသော၊ ငါ့ရှင်။ မေ၊ ငါ၏။ အာစရိယော။ ဆရာသည်။ ဟောဟိ၊ ဖြစ်လော့။ အာယသ္မ တော၊ အရှင်ကို။ နိဿာယ၊ မှီ၍။ ဝစ္ဆာမိ၊ ငါနေ၏ ဟုဆို၍ နိသျည်း ယူအပ် ၏။ မိမိသည် သီတင်းသိက္ခာငယ်မူကား "အာစရိယော မေ ဘန္တေ ဟောဟိ အာယသ္မတော နိဿာယ ဝစ္ဆာမိ" ဟု ဆို၍ နိသျည်းယူအပ်၏။ ဥပဇ္ဈာယ်အထံ ၌နေသော ရဟန်းသည်ကား အသီး နိသျည်းမယူပြီ အထက် "ဥပဇ္ဈာယော မေ ဘန္တေဟောဟိ" ဟုဆိုကတည်းက ဥဇ္ဈာယ်ဆရာသည် သာဟု-ဟူ၍ငှင်း လဟု ဟူ၍ငှင်း ဩပါယိကံ-ဟူ၍ငှင်း ပတိရူပံဟူ၍ငှင်း ပါသာဒိကေန သမ္ပာဒေဟိ ဟူ၍ ငှင်း ဤငါးရပ်သော စကားတို့တွင် တရပ်ရပ်ဖြင့် ဝန်ခံတိုင်း နိသျည်းယူခြင်း ကိစ္စပြီး၏။

ဤသို့ယူအပ်သောနိသျည်းသည်နိသျည်းဆရာမှခြောက်ပါးသောအကြောင်း တို့တွင် တပါးပါးသော အကြောင်းကြောင့် ငြိမ်း၏ ဥပဇ္ဈာယ်မှ ငါးပါးသော အကြောင်းတို့တွင် တပါးပါးသော အကြောင်းကြောင့် ငြိမ်း၏ ယူသည့်နိသျည်း ပျက်လေ၏ အသစ်ယူအပ်သည်ဟူလို။ နိသျည်းဆရာမှ ယူသောနိသျည်း ပျက် သည်ခြောက်ပါးကား- နိသျည်းဆရာ အရပ်တပါးသို့ ညအိပ်သွားခဲ့သော်လည်း ပျက်သည် နိသျည်းဆရာ လူထွက်သော်လည်း ပျက်သည် နိသျည်းဆရာ သေ သော်လည်း ပျက်သည် နိသျည်းဆရာ တိတ္ထိဂိုဏ်းသို့ ဝင်သော်လည်း ပျက်သည် နိသျည်းဆရာ နှင်လျှင်လည်း ပျက်သည် မိမိဥပဇ္ဈာယ်နှင့်တွေ့သော် မိမိဥပဇ္ဈာယ်

ကို မြင်သော် မိမိဥပဇ္ဈာယ် အသံကိုကြားသော်လည်း ပျက်သည် ဤသို့ခြောက်ပါးဖြစ်သတည်း။

ဥပဇ္ဈာယ်မှ ပျက်သည် ငါးပါးကား ဥပဇ္ဈာယ် အရပ်တပါးသို့ ညအိပ်သွားခဲ့သော်လည်း ပျက်သည် ဥပဇ္ဈာယ် လူထွက်သော်လည်း ပျက်သည် ဥပဇ္ဈာယ် သေသော်လည်း ပျက်သည် ဥပဇ္ဈာယ် တိတ္ထိဂိုဏ်းသို့ ဝင်သော်လည်း ပျက်သည် ဥပဇ္ဈာယ်နှင်လျှင်ပျက်သည် ဤသို့ ငါးပါးဖြစ်သတည်း။

မိမိသည်နိဿယည်းဆရာ ဥပဇ္ဈာယ် ဆရာထံမှ ညအိပ် အရပ်တပါးသို့ သွားသော်ငင်း နိဿယည်းဆရာ ဥပဇ္ဈာယ်ဆရာ သွားသော်ငင်း ပျက်သည် အသစ်နိဿယည်းယူရပြန်သည် ညပင်မအိပ်သော်လည်း ညအိပ်သွားအံ့ဟူ၍ငင်း တလကြာသွားအံ့ဟူ၍ငင်း မလာပြီဟူ၍ငင်း သွားသည်ရှိသော် ဥပစာသိမ် ပရိဝုဏ်ကို လွန်ကတည်းကပင် ယူသော နိဿယည်းပျက်၏ မသွားလို၍ ထိုနေ့ပြန်လာသော်လည်း မစောင့်ပြီ အသစ်နိဿယည်းယူ၍ ကျင့်ရမည် အမရပုရ မြို့တည်နန်းတည် မင်းတရားလက်ထက် ဉာဏတော ဝိဘင်း ပြန်နိုင်သည် ဆရာတို့ထံ နိဿယည်းယူ၍ ကျင့်ကြရသည် ဒွေမာတိကာ ပြန်နိုင်သော ဆရာတို့မှာ နိဿယည်းလွတ်နေကြရသည် အလှူတော်လည်း နိဿယည်း ဆရာ နိဿယမုစ္စကဆရာ နိဿယည်းခံဆရာ သုံးရပ်သီးသန့်၍ အထိုက်အလျောက် ခံကြရသည်။

သီလဝိသောဓနိပကရဏံ နိဋ္ဌိတံ။

# နိဂုံး

၁ စတုတ္ထာဝ ကတသာမိ၊ နော ကနိဋ္ဌဿ ရာဇိနော။
မဟိဒ္ဓိကဿ ဗောဓေတော၊ ရဋ္ဌာနံ ပဂ္ဂဟေ သုတံ။
ပထမ သကာရ ဝိပုလာ

၂ ရူစိဝတ္တနုဂရေ ပ၊ န္တိမေ နောတတ္တဝါပိယာ။
ကိဋ္ဌာဂါမေ သုဇာတေန၊ သောဏ္ဏဝါရကပဗ္ဗတေ။
ပထမ သကာရ ဝိပုလာ

၃ ပဏ္ဍုဂူဟာသန္နေ တောယ၊ ကူပေ တိဘုမ္မိကာ လယေ။
ဓမ္မပါလဿ သိဿေန၊ ပညဝန္တဿ ဘိက္ခုနော။
ပထမ မကာရ ဝိပုလာ

၄ အာသဘာလောကံ ဉပဇ္ဈံ၊ ကတွာ သီလယုတံ မိရံ။
ကေတာလီသဝဿေန၊ ဉပသမ္ပဒ လာဘိတော။
ပထမ ရကာရ ဝိပုလာ

၅ တမ္ဗဒီပေ စိဋ္ဌတရိ၊ ယံ နိဂမံ မနောရမံ။
ယုဝနေလေန ကာရိတော၊ တသ္မိံ လယေ သုသောဘိတော။
ပထမ ဘကာရ ဝိပုလာ

၆ နဇ္ဇလေက္ခနပူရန္တေ၊ မဟာဝဇူပဝတ္တနေ။
တုရင်ရဲလှကျော်စွာ ကတော၊ သတ္တဘုမ္မိဋ္ဌကေ လယေ။
တတိယ တကာရ ဝိပုလာ

၇ ဏ္ဍမေသု ဒ္ဒီသု လယေသု၊ ဝသန္တေန စ ဘိက္ခုနာ။
ဝိနန္ဒာသဘနာမေန၊ ကတာ သီလဝိသောဓနီ။
ပထမ သကာရ ဝိပုလာ

၈ ဇိနစက္ကေ ပဒ္ဒဂ္ဂဋ္ဌေ၊ ကလိယုဂ္ဂေ ဓဋ္ဌက္ကယေ။
ပတ္တော အဿယုဇေ ဇုဏှော၊ ဗုဓေ ဒွါဒသမေ ဒိနေ။
ပထမ မကာရ ဝိပုလာ

(၈) ၂၀၅-၂၃

၉ ကာလေနေက ပဟာရေကာ၊ ဃဋ္ဋိ စ ပုဏ္ဏပတ္တ စ။
တိပိဇနာ ဒွိပြန္နာ စ၊ ပုဏ္ဏာခရာ မကိန္ဒြမာ။
တတိယ မကာရ ဝိပုလာ

၁၀ သလဂ္ဂ သောကြဗြိဋ္ဌာယံ၊ ဂုရု သိန္ဓေ ဗုဓေရဝိ။
ကန္ဒေ တူလေ ဘူမေသောရိ၊ သုညေ ရာဟု တရမ္မကာ၊
ပဌမ မကာရ ဝိပုလာ

၁၁ သိန္ဓုနုဝင် လဂ္ဂတ္တာ၊ နက္ခတ္တာဆပ္ပ ပတ္တာပုံ။
ပတ္တကံလဂ္ဂက္ကမောဝ၊ တဿာ ဃပါဒပူရိတေ။
တတိယ ရကာရ ဝိပုလာ

၁၂ ဥတြာသဋ္ဌေ မဇ္ဈန္တိကေ၊ အနာယာသေန နိဋ္ဌိတာ။
တံ ပဿန္တု အဗျတ္တာ စ၊ ဗာလာ ဝိနယလက္ခဏေ။
ပဌမ တကာရ ဝိပုလာ

၁၃ ယံ ပတ္တံ ကုသလန္တဿ၊ အာနုဘာဝေန ဘိက္ခဝေါ။
ဝပယန္တု ပါပဓမ္မာ၊ တိသောဘေန္တု သုသီလဝါ။
တတိယ ရကာရ ဝိပုလာ

၁၄ နိစ္စ မညန္တု မေ ဘိက္ခူ၊ ပရိသုဒ္ဓ သုသီလဝ ။
မယမေဝ ဘဝိဿာမ၊ တိဒါဒရံ မဟာဂုဏံ။
ပထျာဝတ္တ

၁၅ ပပ္ပေါမဟံ ပန ခီဏာ၊ သဝါမိတဿ သန္တိကေ။
မေတ္တေယျသတ္ထုနော တေန၊ထောမိတံ ဘိက္ခုသုန္ဒရံ။
ပဌမ သကာရ ဝိပုလာ

၁ မဟိဒ္ဓိကဿ၊ ကြီးမြတ်သော မင်း၏တန်ခိုးနှင့် ပြည့်စုံတော် မူသော။ စတုတ္ထာဝ ကတသာမိနော။ စတုတ္ထအဝတည် မင်းတရား၏။ ကနိဋ္ဌဿ၊ ညီတော်ဖြစ်သော။ မဟိဒ္ဓိကဿ၊ မင်းအပေါင်းတို့သည် ဦးညွတ်အပ်သော

စက်လက္ခဏာရှိသော ကြီးမြတ်သော မင်း၏တန်ခိုးနှင့် ပြည့်စုံတော်မူထသော။ နေ၁၊ ငါတို့၏။ ရာဇိနေ၁၊ မင်းတရား၏။ ဗောခေတော၊ ဘုန်းတော်ပွင့်သော အခါ၌။ ရဋ္ဌာနံ၊ တိုင်းနိုင်ငံသားတို့အား။ သုတံ၊ ထင်ရှားစွာ။ ပဂ္ဂဟော၊ ချီးမြှင့်တော်မူသောအခါ၌။ တနည်းကား။သုတံ-သုတံဝိယ၊ သည်းချေရင်နှစ် သားရင်းစစ်ကဲ့သို့။ ရဋ္ဌာနံ၊ မှူထမ်း ရာထမ်းစသော နိုင်ငံသားတို့အား။ ပဂ္ဂဟော၊ ရွှေသင်္ဂဟတရား နောက်သင်္ဂဟတရားလေးပါး မင်းကျင့်တရားဆယ်ပါး စကြဝတေးမင်းတို့၏ စလေ့စလာတို့ဖြင့် ချီးမြှင့်တော်မူသောအခါ၌။ ။ကတာမှာစပ်။

၂ အနော၁တတ္တဝါပိယာ၊ မပူသောရေရှိသောရပ်ဦးအိုင်ကြီးမှ။ရုစိဝတ္တနုဂ ရေ၊တက်၍ဖြစ်သော မြရောင်ရှိသော ရုစိဝတ္တမြို့၌၊ဝါ၊ရောက်စောက်မြို့၌။ပစ္ဆိမေ၊ အနောက်အရပ်၌။ သောဏ္ဏဝါရကပဗ္ဗတေ-သောဏ္ဏဝါရကပဗ္ဗတဿ၊ ရွှေအင်တောင်၏။ ဝါ၊ ရွှေအင်တောင် စေတီတော်၏။ ပစ္ဆိမေ။ အနောက်ခင်ရိုး၌။ ဝါ၊ တာလေးရာကွာ နောက်မျက်နှာ၌။ ကိဋ္ဌာဂါမေ၊ ရွာတိရွာ၌။ (ရဝါတိကို ပရိယာယ်လဲ၍ ကိဋ္ဌာဟုပါဠိ စီရင်သည်) သုဇာတေန၊ ကောင်းစွာဖြစ်ထသော။ ဘိက္ခုနာမှာစပ်။

၃ ပဏ္ဍုဂူဟာသန္နေ၊ ပဏ္ဍုဂူ၏ အနီးဖြစ်သော။ ဝါ၊ ပဏ္ဍုဂူ၏အနီးဖြစ်သော။ (ယခုအခါ ပန်တင်ကူဟုခေါ်ကြသည်) ။ တောယကူပေ၊နံမော်ရွာ၌။ (ဘာသာလဲ၍ ပါဠိစီရင်သည်။ ရှမ်းဘာသာ။ နံကိုရေ၊ မော်ကိုတွင်း။ မာဂဓ ဘာသာ တောယကိုရေ။ ကူပေကိုတွင်း) ။ ။တိဘုမ္မိကေ၊ဘုံသုံးဆင့်ရှိသော။ အာလယေ၊ ကျောင်း၌။ ဝသန္တဿ၊ နေသော။ ပညဝန္တဿ၊ ပညာရှိသော။ ဘိက္ခုနော-ဘိက္ခုဂုဏသမ္ပန္နဿ။ ဘိက္ခုကျေးဇူးနှင့် ပြည့်စုံတော်မူသော။ ဓမ္မပါလဿ၊ ဓမ္မပါလအမည်တော်ရှိသော မဟာထေရ်၏။ သိဿေန၊ တပည့်တော်ရင်းဖြစ်သော။ ။ဘိက္ခုနာမှာစပ်။

၄ သီလယုတံ၊ သီလနှင့်ပြည့်စုံသော။ ဓီရံ၊ ဉာဏ်တော၁ဝိဘင်းပြုန် ထေရ် မှန် ထေရ်ထူးဖြစ်၍ မှတ်နိုင် ဆောင်နိုင်သော ပညာရှိသော။အာသဘာလောကံ၊ သုံးဆယ့်ကိုးဝါရ ဖြစ်သော အာသဘာလောက အမည်တော်ရှိသော မဟာ

ထေရ်ကို။ ဥပဇ္ဈာကတ္ထာ၊ ဥပဇ္ဈာယ်ပြု၍။ ဥပသမ္ပဒလာဘိတော၊ ပဉ္စင်းအဖြစ်ကို ရသည်မှ။ ကေတာလီသဝဿေန၊ လေးဆဲ့တဝါရဖြစ်သော။ ။ဘိက္ခုနာမှာစပ်။

၅ တမ္ဗဒီပေ၊ တမ္ဗဒိပ်တိုင်း၌။စိတ္တလရိ၊ မန်ကျည်းချောင်းအမည်ရှိသော။ မနောရမံ၊ နှလုံးမွေ့လျော် ပျော်ဘွယ်ရှိသော။ ယံနိဂမံ၊ အကြင်နိဂုံးသည်။ အတ္ထိ၊ ရှိ၏။ တသ္မိံ နိဂမေ၊ ထိုမန်ကျည်းချောင်းအမည်ရှိသော နိဂုံး၌။ ယုဝ နေလေန၊ မောင်မှိုင်းအမည်ရှိသော တကာသည်။ ကာရိတေ၊ ဆောက်လုပ်အပ် သော။ သုသောဘိတေ၊ မုတ်ထွက်လျှေခါးနှင့်တကွ စမုတ်မော်ယွန်း ဘုံငါးဆင့် ရှိသည်ဖြစ်၍ အလွန်တင့်တယ်သော။ အာလယေစ၊ ကျောင်း၌၎င်း။ ။ ဝသန္တေနမှာစပ်။

၆ နင္ဓလေက္ခနပူရန္တေ၊ မြစ်သာမြို့နယ်၌။ မဟာဝဇူပဝတ္တနေ၊ ခြံကြီးကျေ့ အမည်ရှိသော။ ဂါမေ၊ ရွာ၌။ တုရင်ရဲလှကျော်စွာကတော၊ တုရင်ရဲလှကျော်စွာ အမည်ရှိသော တကာမြင်းအုပ်သည် ဆောက်လုပ်လှူအပ်သော။ သတ္တဘုမ္မိ ဌကေ၊ ဘုံခုနစ်ဆင့်ရှိသော အင်္ဂျပြာသာဒ်ဖြင့် တန်းဆာဆင်အပ်သော။ အာ လယေစ၊ ယွန်းဘုံလေးဆင့် မှန်ကင်းဆယ်ပွင့်ရှိသော ကျောင်း၌၎င်း။

၇ ဣမေသု ဒွိသု လယေသု၊ ဤကျောင်း နှစ်ကျောင်းတို့၌။ဝသန္တေန၊ နေသော၊ ဝိနန္ဒာသဘနာမေန၊ ဝိနန္ဒာသဘအမည်ရှိသော။ ဘိက္ခုနာ၊ ရဟန်း သည်။ တနည်းကား။ ဘိက္ခုနာ၊ သံသရာ၌ ဖြစ်သောတရားကို ဘေးဟုရှုလေ့ ရှိသော။ ဝါ၊ ကမ္မဋ္ဌာန်းဘာဝနာကို မပြတ်ရှုလေ့ရှိသော။ ဝါ၊ ဘိက္ခုနာ ဘိက္ခု ဂုဏာသမ္ပန္နေန။ ဘိက္ခုကျေးဇူးနှင့် ပြည့်စုံသော။ ဝိနန္ဒာသဘနာမေန၊ ဝိနန္ဒာ သဘ အမည်ရှိသော တဝန်း တလျှား၏ ဂဏာစရိယ ဂဏပါမောက္ခသည်။ တနည်းကား၊ ဝိနန္ဒာသဘ နာမေန၊ အထူးသဖြင့် နှစ်သက်အပ်သော ရဟန်း ကျေးဇူး အထူးထူးအပြားပြား နှစ်သက်အပ်သော ရဟန်းကျေးဇူး ရှိသည်ဖြစ်၍ အာသဘမြောက်သော အမည်ရှိထသော။ ဝါ၊ အထူးသဖြင့် နှစ်သက်အပ်သော ဂုဏ် အထူးထူးအပြားပြား နှစ်သက်အပ်သော ဂုဏ်ရှိကုန်သော ကျမ်းချဆရာ ဂဏာသဘတို့သည် ညွတ်အပ်ထသော။ ဝါ၊ ညွတ်သော ဒယာမေတ္တာရှိထသော

ဝါ၊ အထူးသဖြင့် နှစ်သက်အပ်သော အာသဘ အထူးထူး အပြားပြား နှစ်သက်အပ်သော အာသဘဟူသော အမည်ရှိထသော။ ဝါ၊ ထူးသော အာသဘ နှစ်သက်အပ်သော အာသဘဖြစ်၍ သူတော်ကောင်းတို့သည် ညွှတ်အပ်ထသော။ ဝါ၊ ညွှတ်သောဂါရဝရှိထသော။ ဝါ၊ ထူးသောညွှတ်ခြင်း အထူးထူးအပြားပြားသောညွှတ်ခြင်း နှစ်သက်အပ်သောညွှတ်ခြင်း မြတ်သောညွှတ်ခြင်း ရှိထသော။ ဝါ၊ ထူးသော အမည် နှစ်သက်အပ်သောအမည် မြတ်သောအမည် ရှိထသော။ ဝါ၊ အမည်ကိုရခြင်းငှါ ထိုက်ထသော။ (မည်ဆန်းကာ အနက်မဟုတ် ပုဒ်ကို ဆင်ခြင်လေ ဉာဏ်ရှိသူ ပုဒ်ကိုသိလေတဲ့။)။ ဘိက္ခုနာ၊ သံသရာကို အာဒီနဝဖြင့် မပြတ်ရှုလေ့ရှိသော တတိယနံမေဘ် ပုဂ္ဂိုလ်သည်။ ကတာ၊ ပြုစီရင်အပ်သော။ သီလဝိသောဓနီ၊ သီလဝိသောဓနီမည်သော ကျမ်းသည်။ ။နိဋ္ဌိတာ မှာစပ်။

၈ ဇိနစက္ကေ၊ မြတ်စွာဘုရား သာသနာတော်သည်။ပဒ္ဒဂ္ဂဋ္ဌေ၊ ၂၃၈၁-သို့။ ပတ္တေ၊ ရောက်သောကာလ၌။ ကလိယုဂ္ဂေ၊ ကောဇာသက္ကရာဇ်သည်။ဓဋ္ဌက္ကယေ၊ ၁၁၉၉-သို့။ ပတ္တေ။ ရောက်သောကာလ၌။ အဿယုဇေ-အဿယုဇ္ဇဿ၊ သီတင်းကျွတ်လ၏။ ဇုဏှေ-ဇုဏှပက္ခေ၊ လဆန်းပက္ခ ဖြစ်သော။ ဒွါဒသမေ၊ ၁၂-ရက်မြောက်ဖြစ်သော။ ဗုဓေဒိနေ၊ ဗုဒ္ဓဟူးနေ့၌။

၉ ကာလေန၊အချိန်အားဖြင့်။ ကေပဟာရေ၊တချက်တီး။ ဝါ၊ တပဟိုရ်။ ကေဃဋိ၊ တနာရီ။ ပုဏ္ဏပတ္တ၊ ပတ်ပြည့်။ တိဗီဇနာ၊ သုံးဗီဇနာ။ ဒွိပြန္နာ၊ နှစ်ပြန်။ ပုဏ္ဏခရာ၊ ခရာပြည့်။ မကိန္ဒုမာ၊ မကာရစန်း။

၁၀ မြိစ္ဆာယံ၊ မြိစ္ဆာရာသီ၌။သလဂ္ဂ သောကြာ၊ လဂ်နှင့်တကွ သောကြာဂြိုဟ်။သိန္ဓေ၊သိန်ရာသီ၌။ ဂုရု၊ ကြာသပတေးဂြိုဟ်။ကန္ဒေ၊ ကန်ရာသီ၌။ဗုဓေရဝိ၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် တနင်္ဂနွေဂြိုဟ်။ တူလေ၊ တူရာသီ၌။ ဘူမေသောရိ၊ အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်။ သုဉေ၊ မိဿရာသီ၌။ ရာဟု၊ ရာဟုဂြိုဟ်။ တရမ္မကာ၊ မကာရတြင်း။

၁၁ သိန္ဓုနဝင်၊ စနေနဝင်း။ လဂ္ဂတ္တနက္ခတ္တဆပ္ပ၊ လင်စီးနက္ခတ်တဆဲ့ခုနစ်လုံး။ ပတ္တပုံ၊ ပတ်ပြည့်။ ပတ္တကံလဂ္ဂက္ကမောဝ၊ တဆယ့်ခုနစ်လုံး ပတ်ပြည့်ထက်

လင်္ဂစီးလျက်လျှင်။ တဿာဿဋ္ဌိယာ၊ ထိုနာရီ၏။ဿပါဒပူရိတေ၊ လေးဘဝါးပြည့်၌။ ဥတြာသင္ဆေမဏ္ဍန္တိကေ၊ ဥတြာသင်္ဂနက္ခတ် မွန်းတည့်၌။ အနာယာသေန၊ ပြုပြင်ခြင်းကင်းသဖြင့်။ နိဋ္ဌိတာ၊ အပြီးသို့ရောက်ပြီ။

၁၂ တံသီလဝိသောဓနိံ၊ ထိုသီလဝိသောဓနီ အမည်ရှိသော ကျမ်းကို။ ဝိနယလက္ခဏော၊ ဝိနည်းလက္ခဏာ၌။ အဗျတ္တာစ၊ မလိမ္မာသည်လည်း ဖြစ်ကုန်သော။ ဗာလာစ၊ မသိသည်လည်း ဖြစ်ကုန်သော။ ဘိက္ခူ၊ လဇ္ဇီရဟန်းကောင်းတို့သည်။ ပဿန္တု၊ ရှုစေကုန်သတည်း။ တနည်းကား အဗျတ္တာ၊ မလိမ္မာကုန်သော။ ဗာလာ၊ မသိကုန်သော။ ဘိက္ခူ၊ လဇ္ဇီရဟန်းကောင်းတို့သည်။ ပဿန္တုစ၊ ရှုလည်းရှုစေကုန်သတည်း။ သိက္ခန္တုစ၊ ကျင့်လည်း ကျင့်စေကုန်သတည်း။

၁၃ ယံကုသလံ၊အကြင်ကျမ်းပြုကုသိုလ်ကို။ မယာ၊ ငါသည်။ ပတ္တံပစိတံ၊ ဆည်းပူးအပ်ပြီ။ တဿကုသလဿ၊ ထိုကျမ်းပြု ကုသိုလ်၏။ အာနုဘာဝေန၊ အာနုဘော်ကြောင့်။ ပါပမ္မာ၊ ယုတ်မာသော သဘောရှိကုန်သော။ ဘိက္ခဝေါ၊ အလဇ္ဇီရဟန်းတို့သည်။ ဝပယန္တု၊ လွင့်စေကုန်သတည်း။ တနည်းကား- ဘိက္ခဝေါ၊ သာသနာတော်၌ နေ့တောက်စုန်းကဲ့သို့ ထင်ထင်ရှားရှား ထွန်းကားကုန်သော အလဇ္ဇီရဟန်းတို့သည်။ သကံ၊ ကုလဒူသကမှု အနေသနအဂ္ဂိယပ်မှုစသော မိမိတို့၏ဥစ္စာကို။ ဝါ၊ ဥစ္စာဖြစ်သော အလေ့အကျက်ကို။ ဝပယန္တု၊ လွင့်စေကုန်သတည်း။ သုသီလဝါ၊ စင်ကြယ်သော သီလရှိကုန်သော လဇ္ဇီရဟန်းကောင်းတို့သည်။ အတိသောဘံ၊ အလွန်တင့်တယ်ခြင်းသို့။ ဝါ၊ ထွန်းကားခြင်းသို့။ ဧန္တု-ဂစ္ဆန္တု၊ ရောက်စေကုန်သတည်း။

၁၄ ဣမေဘိက္ခူ၊ ဤ သီလဝိသောဓနီကျမ်း၌ ညွှန်ပြအပ်သော ရဟန်းတို့သည်။ ပရိသုဒ္ဓသီလဝါ၊ ထက်ဝန်းကျင်မှ စင်ကြယ်သော ကောင်းသော သီလရှိသော ရဟန်းတို့တည်း။မယံပိ၊ ငါတို့သည်လည်း။ ဝေတထာ၊ ထိုရဟန်းမြတ်တို့ အတူ။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတိ၊ ဤသို့။ နိစ္စံ၊ မပြတ်။ မညန္တု၊ အောက်မေ့စေကုန်သတည်း။ ဣဒံပကရဏံ၊ ဤ သီလဝိသောဓနီ ကျမ်းသည်။ အာဒရံ၊ ရိုသေအပ်သော ကျမ်းတည်း။ မဟာဂုဏံ၊ မြတ်သောကျေးဇူးရှိသော

ကျမ်းတည်း။ ဣတိ၊ ဤသို့။ နိစ္စံ၊ အမြဲ။ မညန္တု-မညံကရောန္တု၊ အောက်မေ့ခြင်း ကို ပြုစေကုန်သတည်း။

၁၅ အဟံပန၊ ငါတမူကား။ အမိတဿ၊ မနှိုင်းယှဉ်အပ် မြတ်သော ဘုရား ကျေးဇူးနှင့် ပြည့်စုံတော်မူသော။ မေတ္တေယျသတ္ထုနော၊ မေတ္တေယျဘုရားရှင်၏။ သန္တိကေ၊ အထံတော်၌။ တေန၊ ထိုမေတ္တေယျ ဘုရားရှင်သည်။ ဘိက္ခုသုန္ဒရံ၊ ရဟန်းကောင်းဟူ၍။ ထောမိတံ၊ ချီးမွမ်းအပ်သော။ ခီဏာသဝံ၊ ရဟန္တာအဖြစ် သို့။ ပပ္ပေါမိ၊ ရောက်ရလို၏။

**သီလဝိသောဓနီကျမ်း ပြီး၏။**